ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမကြိုးတန်း

ပုစ္ဆာ + အဖြေစုံ

၂၀၁၂-ခုနှစ်
(ပြည်နယ် + တိုင်းဒေသကြီး- ၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်နှစ်
၂၅၅၆	၁၃၇၄	၂၀၁၂

ပထမကြိုးတန်း ပုစ္ဆာ + အဖြေစုံ (၂၀၁၂)

ဤစာအုပ်၌ -

ပထမကြိုးတန်းဆိုင်ရာ -

၁။ ပြဋ္ဌာန်းချက်များ
၂။ ပြဋ္ဌာန်းကျမ်းစာများ
၃။ ပုစ္ဆာထုတ် စည်းမျဉ်းများ
၄။ ဘာသာစုံ မေးခွန်းများ
၅။ ဘာသာစုံ အဖြေများ
စသည်စသည်ဖြင့် ပို့ချသူ, သင်ယူသူများ နည်းရလောက်အောင်
ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မှ
၂၀၀၄- ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်အသစ်များဖြင့် တင်ပြထားပါသည်။

ဖြန့်ချီရေး

စာပေထိန်းသိမ်းရေးအဖွဲ့၊ ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွာမအနောက်ရပ်ကွက်၊
အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၇၃၀၅၉၃၃၂၂၂၂၊ ၀၁- ၆၄၀၀၇၅၊ ၆၄၆၄၆၄၊ လိုင်းခွဲ- ၂၁၆။

http://www.dhammadownload.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမကြိုးတန်း

ပဒ္ဓာ + အဖြေစုံ

၂၀၁၂-ခုနှစ်
(ပြည်နယ် + တိုင်းဒေသကြီး- ၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်
ကောဇာ
၁၃၇၄

သာသနာ
၂၅၅၆

ခရစ်နှစ်
၂၀၁၂

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း- ၂၀၁၂-ခုနှစ်၊ အောက်တိုဘာလ။

အုပ်ရေ- ၁၀၀၀။

မျက်နှာဖုံး ဒီဇိုင်း နိုင်လင်း (စွယ်တော်)

ကွန်ပျူတာစာစီ စာပေထိန်းသိမ်းရေးအဖွဲ့.
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်။

ထုတ်ဝေသူ- ဦးမြင့်ဦး
ရွှေကျေးစာပေ။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်- ဦးမြင့်ဦး
သိန်းသန်းဦး ပုံနှိပ်တိုက်၊
အမှတ်- ၁၁၉/၁၂၁၊
၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တန်ဖိုး- **၂၂၀၀-ကျပ်။**

ဖြန့်ချိရေး- စာပေထိန်းသိမ်းရေးအဖွဲ့.
ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၇၃၀၅၉၃၃၂။

http://www.dhammadownload.com

ပဏာမ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	က မှ ဂ အထိ
၂။	ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ	ဃ
၃။	ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာများ	ဃ မှ စ အထိ
၄။	ပထမကြီးတန်း ပုစ္ဆာထုတ်စည်းမျဉ်း	ဆ မှ ည အထိ
၅။	ထုတ်ဝေပြီးကျမ်းစာ	ဋ မှ ဌ အထိ
၆။	ပဏာမ	၃
၇။	ဒွေမာတိကာဘာသာ	၁ မှ ၆၈ အထိ
၈။	ဓမ္မပဒဘာသာ	၆၉ မှ ၁၁၄ အထိ
၉။	ကစ္စည်းသဒ္ဒါကြီးဘာသာ	၁၁၄ မှ ၁၈၀ အထိ
၁၀။	အဘိဓမ္မတ္ထသင်္ဂဟဘာသာ	၁၈၁ မှ ၂၄၉ အထိ
၁၁။	အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ	၂၄၉ မှ ၃၁၀ အထိ
၁၂။	ယမိုက်အထက် ၅-ကျမ်းဘာသာ	၃၁၀ မှ ၃၈၂ အထိ
၁၃။	ပဋ္ဌာန်းဘာသာ	၃၈၂ မှ ၄၅၁ အထိ
၁၄။	ဘာသာပြန်ဘာသာ	၄၅၁ မှ ၄၇၅ အထိ

http://www.dhammadownload.com

အရှင်တိလောကာတိဝံသ (အင်းစိန်) ၏

ယမိုက် + ပဌာန်း + ဆန်း + မာတုကထာ DVD- များကို
အသုံးပြုလိုသူများ အတွက်
ရနိုင်မည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

အောက်ယမိုက်	**၇-ချပ်၊**	**အထက်ယမိုက်**	**၈-ချပ်၊**
ပဋ္ဌာန်း	**၈-ချပ်၊**	**ဆန်း**	**၂-ချပ်-**

အသုံးပြုလိုသူများ လွယ်လွယ်ကူကူ အသုံးပြုနိုင်ရန်အတွက်
၁-ချပ် ၆၀၀/ကျပ် နှုန်းဖြင့်၊ အားလုံး ၁-စုံ ၁၅၀၀၀/ကျပ် နှုန်းဖြင့်
ဖြန့်ဝေပေးပါသည်။

ဆက်သွယ်ရန် လိပ်စာများ

စာဝေထိန်းသိမ်းရေးအဖွဲ့-

ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွာမအနောက်ရပ်ကွက်၊
အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၇၃၀၅၉၃၃၂၂၂၂၊ ၀၁-၆၄၀၀၇၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ- ၂၁၆)

ထက္ကဓီတာ ထီလရှင် စာဆင်တိုက်

နန်းဦးမြို့သစ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း- ၀၉-၂၁၃၀၆၀၆၊ ၀၉-၄၇၀၆၃၀၄၉၊ ၀၇၂- ၂၂၀၇၈။

(ဝဋ္ဋ) ဝဆန်ဗီဇီထို ထုတ်လုပ်ရေး

တိုက်အမှတ်- ၈၊ ပထမအထပ်၊ ကျောင်းကုန်းလမ်း၊ ဂွစျေးအနီး၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၇၃၀၈၇၇၇၃၊ ၀၁- ၅၀၄၂၂၂။

http://www.dhammadownload.com

နိဒါန်းအမှာ

စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပဋ္ဌကတ်သင်နည်းစနစ်ကို -

၁။ စာကြီးပေါက်သင်နည်း-

၂။ စာမေးပွဲစနစ်သင်နည်း- ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြား လေ့လာကြသည်၊ သင်ကြားလေ့လာမှု ပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဏာနည်ရွေးချယ်ပွဲ-

၁။ နှုတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက် ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ **ဦးကျည်ပွေ့**- သည် ရေတစ်ခါငုပ် စဉ်းစားခန်း နှုတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ **ကျော်အောင်စံထား ဆရာတော်** နှင့် **ဆရာတော် ဦးဗုဒ္ဓ**- စသော ပုဂ္ဂိုလ်ကျော်များကိုလည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပဋ္ဌကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပဋ္ဌကတ်သင်ကြားရာ၌ အခြေခံလုံလောက်စွာဖြင့် ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော် ဦးသူရိယ၊

၂။ တိပိဋကဓရ မင်းကွန်း အရှင်ဝိစိတ္တသာရာဘိဝံသ- စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဋ္ဌာန်းချက်လည်း မပြည့်စုံ၊ ကောက်နုတ်ချက်ဖြင့် ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com

ပုစ္ဆာအဖြေစုံကျမ်း

စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံစာအုပ်များသည် -

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအာဘော်ကြံဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

အဖြေစုံ ပမာဏ

တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြ ထားပါသည်၊ ယခု ခရစ်နှစ် ၂၀၁၂- ခုနှစ်တွင် တိုင်းဒေသကြီး ၈- တိုင်း၊ ပြည်နယ် ၉- ခု၊ အထူးအောင် ၁- ခု ပေါင်း ၁၈- တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

ပုစ္ဆာလိုအပ်ချက်

ယခု ၂၀၁၂- ခုနှစ် ပထမကြီးတန်းပုစ္ဆာများအနက်-
ကယား၊ ချင်း၊ ရခိုင်၊ ရှမ်း (တောင်, မြောက်, ရှေ့) ဓမ္မပဒပုစ္ဆာများ ရှာဖွေ၍ မရခြင်းကြောင့် ပုစ္ဆာနှင့် အဖြေ၊ ချင်း ဘာသာပြန်ပုစ္ဆာ မတ်ပြနိုင်သည်ကို သည်းခံခွင့်လွှတ်ကြဖို့ရန် မေတ္တာရပ်ခံပါသည်။

စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို မူတည်၍ စီစဉ်ပါသည်၊ ဥပမာ-

၁။ ဝိနယဘာသာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံ၊

၂။ ဓမ္မပဒဘာသာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံ၊

၃။ သဒ္ဒါဘာသာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ်တစ်ခု ချင်း၏ အဖြေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထားပါသည်၊

http://www.dhammadownload.com

တိုင်းဒေသကြီးနှင့် ပြည်နယ် အစဉ်များကို အက္ခရာအစဉ်ဖြင့် ဖော်ပြထားပါသည်၊ **ဥပမာ**–

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး (အနောက်)၊ ပဲခူး (အရှေ့)၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း(တောင်, မြောက်, ရှေ့)၊ ဧရာဝတီ၊ အထူးအောင်– တို့ဖြစ်သည်။

ကျေးဇူးစကား

ဤပထမကြိုးတန်း ပုစ္ဆာအဖြေစုံစာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက်တာဝန်များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်းကူညီပေးကြသော ရွှာမပရိယတ္တိစာသင်တိုက်မှ စာချဂဏဝါစက သာသနဓဇမဟာစရိယ– များဖြစ်ကြ၏–

ဦးကဉ္စန၊ (အုပ်ချုပ်ရေးမှူး)– က အဘိဓာန်+ အလင်္ကာ+ ဆန်းဘာသာ၊

ဦးခေမာစာရ၊ (ပညာရေးမှူး)– က ယမိုက်ဘာသာ, ပဋ္ဌာန်းဘာသာ၊

ဦးသိရိန္ဒာလင်္ကာရ၊ (စာချ)– က အဘိဓမ္မတ္ထသင်္ဂဟဘာသာ၊

ဦးနန္ဒသာမိလင်္ကာရ (စာချ)က ဝိနည်းဘာသာ၊– တို့ကို ကူညီကာ ဖြေဆိုပေးကြပါသည်။

အရှင်ဝိမလာစာရာဘိဝံသ (စာချနာယက) က အမေးနှင့် အဖြေများကို ပရဖတ်ပေးပါသည်။ ဓမ္မပဒဘာသာ ဆိုင်ရာများကို ဖြေဆိုပေး, ကွန်ပျူတာစာစီ, စာရိုက်ပေးသော–

မကုသလဝတီ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ) သကျဓီတာစာသင်တိုက်၊ စစ်ကိုင်းမြို့– ၏ အကူအညီကိုလည်း ရယူပါသည်။

အပြင်အဆင်မှစ၍ မိမိစိတ်ကိုင်းကျဖြစ်အောင် လိုအပ်သ ျှအားလုံးကို စိတ်ရှည် လက်ရှည်နှင့် ကြိုးကြိုးစားစား ကွန်ပျူတာစာစီ, စာရိုက်ပေးသော–

အရှင်နန္ဒမာလာ (ငါနိုးဇုရီ) ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်၊ ရန်ကုန်။

အရှင်နာရဒါလင်္ကာရ (စာချနာယက)ရွှေညောင်ပင်တောရပရိယတ္တိစာသင်တိုက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်– တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည် မစီစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်ပါသည်။

အပြစ်တင်ဝေဖန်ခြင်း, ကဲ့ရဲ့ရွှတ်ချခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် မည်သည့် ကူညီမှုမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုပါသည်။

သီတင်းကျွတ်လဆန်း ၁–ရက်၊ ၁၃၇၄–ခု၊
(၁၆– ၁၀– ၂၀၁၂) အင်္ဂါနေ့။

အရှင်တိလောကာဘိဝံသ (အင်းစိန်)
ရွှာမပရိယတ္တိစာသင်တိုက်။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း ၃- နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် ၁၂- နာရီမှ ညနေ ၃- နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်းအရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

အတန်း	မေးမည့်မေးခွန်း	ဖြေဆိုရမည့် မေးခွန်း
ပထမငယ်တန်း	၆- ပုစ္ဆာ	၆- ပုစ္ဆာ
ပထမလတ်တန်း	၈- ပုစ္ဆာ	၈- ပုစ္ဆာ
ပထမကြီးတန်း	၁၀- ပုစ္ဆာ	၁၀- ပုစ္ဆာ

၃။ တစ်ပုစ္ဆာလျှင် ၁၀- မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀- ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း, သာမဏေ, သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက် အတန်းများကို ဝင်ခွင့်ရှိသည်၊ အထက်အထက် အတန်းများကို အောင်မြင်ပြီးသူသည် အောက်အောက်အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ ၁၃- နှစ်ဖြစ်သည်၊ စာဖြေသော အချိန်တွင် ၁၃- နှစ် တင်းတင်း ပြည့်ရမည်၊ ၁၃- နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေး စာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

http://www.dhammadownload.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ပထမပြန်စာမေးပွဲ ကျမ်းစာများ
ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာ

၁။ ဝိနယ (ဒွေမာတိကာ)

(က) ဒွေမာတိကာပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။
(ခ) ကခ်ါဝိတရဏီအဋ္ဌကထာ- (ကျမ်းအစမှ အဆုံးအထိ) အဓိပ္ပါယ်။
လူနှင့် သီလရှင်များအတွက်-
(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) ဓမ္မပဒ အဋ္ဌကထာ (သုခဝဂ်မှ အဆုံးအထိ) အဓိပ္ပါယ်။

၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး ၈-စောင် ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ်။
(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ အဆုံးအထိ) ရုပ်တွက်၊ အဓိပ္ပါယ်။
(ဂ) ပုစ်စစ် (အစမှ အဆုံးအထိ)နှင့် သုတ်စစ်။

၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉-ပိုင်း ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။
(ခ) ဋီကာကျော် (အစမှ အဆုံးအထိ) အဓိပ္ပါယ်။

http://www.dhammadownload.com

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ်၊ ပုဒ်၊ ပစ္စည်း၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်ခွဲခြင်း၊ လိင်၊ ဝုစ်၊ ကာရန်၊ ဂိုဏ်း၊ ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်)

ကစ္စည်းသဒ္ဒါကြီးကျမ်းရင်းလာ အဓိပ္ပါယ် ၂- ပုဆ်၊
ရူပသိဒ္ဓိကျမ်းလာရုပ်၊ အဓိပ္ပါယ် ၃- ပုဆ်၊
ပုဒ်စစ်၊ သုတ်စစ် ၁- ပုဆ်၊

၃။ အဘိဓမ္မတ္ထသင်္ဂဟ
မေးခွန်းလွှာ-၃

(က) **အဘိဓမ္မတ္ထသင်္ဂဟတစ်ကျမ်းလုံး-**

ပါဠိအာဂုံ ၁- ပုဆ်၊
အနက် ၁- ပုဆ်၊
အဘိဓမ္မတ္ထသင်္ဂဟကျမ်းရင်းလာ သရုပ်အဓိပ္ပါယ် ၄- ပုဆ်၊
ဋီကာကျော်ကျမ်းလာ အဓိပ္ပါယ် ၄- ပုဆ်၊

၄။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်း
မေးခွန်းလွှာ- ၄

(က) **ပါဠိအဘိဓာန်-**

ပါဠိကို မြန်မာပြန်ဆိုစေခြင်း ၁- ပုဆ်၊
မြန်မာကို ပါဠိပြန်ဆိုစေခြင်း ၁- ပုဆ်၊
ကျမ်းရင်း၊ သရုပ်၊ အဓိပ္ပါယ် ၂- ပုဆ်၊

(ခ) **သုဗောဓာလင်္ကာရ (အလင်္ကာတစ်ကျမ်းလုံး)-**

ပါဠိအာဂုံ ၁- ပုဆ်၊
အနက် ၁- ပုဆ်၊
သုဗောဓာလင်္ကာကျမ်းရင်းလာအဓိပ္ပါယ် ၂- ပုဆ်၊
(ဂ) ဆွန်းကျမ်း ပါဠိ၊ အနက်၊ အဓိပ္ပါယ် ၂- ပုဆ်၊

ဂုဏ်ရည်ဖြစ်ပေါ်
ဂါနုဏေ
ဂါဝေပရိ

http://www.dhammadownload.com

၅။ ယမက (အထက် ၅-ကျမ်း)

မေးခွန်းလွှာ - ၅

သခ်ၤါရယမိုက်မှ ၂- ပုစ္ဆာ၊
အနုသယယမိုက်မှ ၂- ပုစ္ဆာ၊
စိတ္တယမိုက်မှ ၂- ပုစ္ဆာ၊
ဓမ္မယမိုက်မှ ၂- ပုစ္ဆာ၊
ဣန္ဒြိယယမိုက်မှ ၂- ပုစ္ဆာ၊

မှတ်ချက်-

ပါဠိဝိဘင်းထုတ် ၃- ပုစ္ဆာ၊
အနက် ၃- ပုစ္ဆာ၊
အရကောက် ၃- ပုစ္ဆာ၊
အဓိပ္ပါယ် ၁- ပုစ္ဆာ၊

၆။ ပဋ္ဌာန်းကုသလတိက်

မေးခွန်းလွှာ - ၆

ပဋ္ဌာန်းကုသလတိက်-
ပါဠိအာဂုံ ၂- ပုစ္ဆာ၊
အနက်ပေး ၁- ပုစ္ဆာ၊
အရကောက် ၅- ပုစ္ဆာ၊
ဂဏ္ဍိအဓိပ္ပါယ် ၂- ပုစ္ဆာ၊

၇။ ဘာသာပြန်

မေးခွန်းလွှာ - ၇

ပါဠိကို မြန်မာပြန်ဆိုစေခြင်း ၃- ပုစ္ဆာ၊
မြန်မာကို ပါဠိပြန်ဆိုစေခြင်း ၃- ပုစ္ဆာ၊
ပါဠိဝေါဟာရများကို ထုတ်ပြ၍ ပါဠိဝါကျ
တည်ဆောက်စေခြင်း ၂- ပုစ္ဆာ၊

http://www.dhammadownload.com

၁၆။ သမိုင်းတာဝန် ကျေပွန်စေ၊

၁၇။ လက်ရွေးစင် ပရိတ်+ ဂါထာ+ မန္တန်၊

၁၈။ ခရီးပန်းတိုင်နှင့်လက်ရွေးစင်ဆောင်းပါးများ အမှတ် ၂၊

၁၉။ အဂုံတွိရ်လက်ဆောင် စာပေအမှတ်စဉ်- ၂၀

စသည့်စသည့် စာအုပ်များကို-

ဖြန့်ချိရေး-

စာပေထိန်းသိမ်းရေးအဖွဲ့ ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွာမအနောက်ရပ်ကွက်၊
အင်းစိန်မြို့ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၇၃၀၅၉၃၃၂၂၂၊ ၀၁- ၆၄၀၀၇၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ- ၂၁၆)

http://www.dhammadownload.com

ပဏာမ

ဗုဒ္ဓံ တိလောကတိလကံ၊ ပဉ္ဉာဗျာကရဏဆေကလောကဂ္ဃံ။
ဝန္ဒိတွာန ကရိဿံ၊ မဟာပထမပဥ္ဉပဉ္ဇိဝါကျံ။

အဟံ– ပထမကြီးတန်းပုစ္ဆာအဖြေလွှာကို သေချာစေ့ငု အများရှုဘို့ ရေးပြုအားထုတ် အကျွန်ုပ်သည်၊ **တိလောကတိလကံ**– သုံးပါးသူကို နတ်နှင့်လူတို့၏ မှန်ကူသဖွယ် ဖြစ်တော်မူပေ ထသော၊ **ပဉ္ဉာဗျာကရဏဆေကလောကဂ္ဃံ**– မေးဖြေအရာ အလွန်လိမ္မာသဖြင့် သုံးဖြာလောက ထက် မြတ်တော်မူပေထသော၊ **ဗုဒ္ဓံ**– သစ္စာလေးလီ ခိုင်နှင်းဆီကို မမှိဆရာ ကိုယ်ချည်းသာလျှင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ **ဝန္ဒိတွာန**– ဦးညွတ်ရိုကျိုး ရှိခိုးပြီး၍၊ **မဟာပထမပဉ္ဉ ပဉ္ဇိဝါကျံ**– ပထမကြီးတန်းပုစ္ဆာ အဖြေဝိဿဇ္ဇနာကို၊ **ကရိဿံ**– ရေးသားတိထွင် ပြုစီရင်ပေအံ့။



http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကချင်ပြည်နယ်)
ပထမကြိမ်တန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်၊ (၂-၄-၂၀၁၂) တနလာနေ့။

၁။ ဘိက္ခုပါတိမောက်လာ မှားယွင်းသော အယူကိုယူသော ရဟန်းကို ရဟန်းကောင်းတို့က ပြောဆိုပုံပြု ပါဠိနှင့် သိက္ခာပုဒ်ကို မကျင့်လိုသော ရဟန်းက ပြောဆိုပုံပြု ပါဠိတို့ကို အသီးသီး ရေးသားပြခဲ့ပါ။

၂။ ဘိက္ခုပါတိမောက် ရတနဝဂ်လာ သိက္ခာပုဒ်တို့တွင် အနုပညတ်သုံးချက်ပါသော သိက္ခာပုဒ်ကိုသာ စနစ်တကျ အနက်ယောဇနာပြခဲ့ပါ။

၃။ ပထမအနိယတသိက္ခာပုဒ်လာ တိက္ကံ့ ဓမ္မာန်-၌ တိက္ကံ့ ဓမ္မာန် အရဖြစ်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲ ဖော်ပြ၍၊ နိသိဒိုင်အခင်းသစ်ပြုလုပ်ရာ၌ လိုက်နာရမည့် အဓိကအချက်ကိုလည်း ကျမ်းရင်းမှီး၍ ဖြေဆိုခဲ့ပါ။

၄။ ဘူတဂါမဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်နှင့် သပ္ပါဏကဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်တို့၏ အထူးကို ရေးသား ဖြေဆို၍၊ နဟာနသိက္ခာပုဒ်အရ ပူသောကာလနှင့် အိုက်သောကာလတို့ကိုလည်း ရက်, လ-တို့ဖြင့် အသီးသီး ပိုင်းခြားပြခဲ့ပါ။

၅။ ဧကဂါမန္တရသိက္ခာပုဒ်ဖြင့် အာပတ်သင့်စေနိုင်သော ဘိက္ခုနီ၏ အပြုအမူတို့ကို ကျမ်းရင်းနှင့်အညီ ဖြေဆို၍၊ ဘိက္ခုနီများ မဆောင်ထားသင့်သော မိန်းမတို့၏ အဆင်တန်ဆာများကိုလည်း ဖော်ပြခဲ့ပါ။

၆။ အောက်ပါ ပုဂ္ဂိုလ်တို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲ ဖော်ပြခဲ့ပါ။
(က) ဆွေးမျိုးမတော်သော ဒါယကာ, ဒါယိကာမတို့ထံမှ သင်္ကန်းကို များစွာတောင်းသော ရဟန်း၊

http://www.dhammadownload.com

(ခ) အလှူရှင် ရည်မှန်းထားသည်ထက် ပိုအောင် သက်နှံးယက်စေသော ရဟန်း၊
(ဂ) မထေရ်ကြီးများအကြား တိုးဝှေ့၍ နေရာယူသော ရဟန်း၊
(ဃ) သံဃာက နှင်ထုတ်ထားသော ရဟန်း၏အယူကို ယူ၍ အတုလိုက်သော ရဟန်းမ၊
(င) မနာမဖျားဘဲ ဗျားရည်ကိုတောင်း၍ လျက်သော ရဟန်းမ။

၇။ သိမ်သမုတ်ရာ၌ အဓိကပြည့်စုံရမည့် အချက်တို့ကို ရေးသား ဖော်ပြပြီးလျှင်၊ သိမ်နိမိတ်ကြားရာ၌ နိမိတ်အဖြစ် အသုံးပြုရသော အရာဝတ္ထု ၈-မျိုးတို့တွင် နိမိတ်လောက်သော တောင်ပို့၏ ပမာဏကိုသာ ဖြေဆိုပြခဲ့ပါ။

၈။ "ဒုဋ္ဌုလ္လဝါစာ"ဟူသည် မည်သို့သော စကားတို့ဖြင့် ပြောဆိုခြင်းကို ဆိုလိုပါသနည်း? ဖြေဆို၍၊ အမှုလကျွေ့ တံ အဓိကရဏ် ဟောတိ-၌ အမှုလကနှင့် အဓိကရဏ်၏ အဓိပ္ပါယ်ကိုလည်း ရေးသား ဖြေဆိုပြခဲ့ပါ။

၉။ သုရာမေရယပါနေ ပါစိတ္တိယံ-၌ သုရာနှင့် မေရယတို့၏ အထူးကို ရေးသား ဖြေဆို၍၊ ယင်းသိက္ခာပုဒ်၏ အင်္ဂါတို့ကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ ဓမ္မိကာနံ ကမ္မာနံ-၌ က ၄-မျိုးတို့တွင် အပလောကနကံ၏ အဓိပ္ပါယ်ကိုသာ ဖြေဆို၍၊ အမာလွှမ်းသင်္ကန်း၏ အဓိပ္ပါယ်ကိုလည်း ရေးသားပြခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ မာယသ္မာ ဇဝံ အဝစ ။ပ။ ပဋိသေဝတော အန္တရာယာယ။
နှ တာဝါဟံ အာဝုသော ဇတသ္မိ သိက္ခာပဒေ သိက္ခိဿာမိ၊ ယာဝ နအည့ဲ ဘိက္ခုံ ဗျတ္တံ ဝိနယဓရံ ပဋိပုစ္ဆာမိ။

၂။ (ဝိကာလဂါမပဝေသန သိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **တိဏ္ဏံ ဓမ္မာနံ အရ**
မေထုနဓမ္မသိက္ခာပုဒ်အရ ပါရာဇိကာအာပတ်၊
ကာယသံသဂ္ဂသိက္ခာပုဒ်အရ သံဃာဒိသေသအာပတ်၊
အစေလကဝဂ် ရဟော ပဋိစ္ဆန္နသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်တို့ကိုယူ။

http://www.dhammadownload.com

အဓိကအချက်

အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား၏ လက်သန်းထွာပမာဏဖြစ်သော အရပ်ကို ဖြတ်ယူ၍ အဆင်းပျက်အောင်ပြုခြင်းငှါ၊ အခင်းသစ်၌ ရောစပ်၍ ပြုလုပ်ရမည်။

၄။ ဘူတဂါမဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်ကို ခန္ဓကကိုယ်ပြင်ပ၌ သုံးဆောင်ခြင်း၏ အစွမ်းဖြင့် ဟောတော်မူ၍၊ သပ္ပါဏကဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်ကိုမူ ပိုးကောင်ရှိသောရေကို သောက်ခြင်းစသော ခန္ဓကကိုယ်အတွင်း သုံးဆောင်ခြင်း၏ အစွမ်းဖြင့် ဟောတော်မူပါသည်။

ပူသောကာလ

နွေဥတု၏ အဆုံးတစ်လခွဲဖြစ်သော နယုန်လဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိသည် ပူသောကာလမည်၏။

အိုက်သောကာလ

မိုးဥတု၏ အစတစ်လဖြစ်သော ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိသည် အိုက်သောကာလမည်၏။

၅။ **ဘိက္ခုနီ၏ အပြုအမူ**

တစ်ယောက်တည်း ရွာတစ်ပါးသို့ သွားခြင်း၊
တစ်ယောက်တည်း ညဉ့်၌ အဖော်နှင့်ခွဲ၍ နေခြင်း
ခရီးသွားစဉ် တစ်ယောက်တည်း ဂိုဏ်းမှ ချန်နေရစ်ခြင်းတို့ဖြစ်သည်။

တန်ဆာများ

ခါးကြိုးတန်ဆာ၊ ဦးခေါင်းသို့ ကပ်ရောက်ထိုက်သော တန်ဆာစသည်တို့ဖြစ်သည်။

၆။ (က) အညာတကဝိညတ္တိသိက္ခာပုဒ်, တတ္တုတ္တရိသိက္ခာပုဒ်တို့အရ ဖြစ်သင့်သလို နိဿဂ္ဂိယပါစိတ် သင့်နိုင်သည်။
(ခ) မဟာပေသကာရသိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်၊
(ဂ) အနုပခဇ္ဇသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်၊
(ဃ) ဥက္ခိတ္တာနုဝတ္တိကာသိက္ခာပုဒ်အရ အတုလိုက်ရုံမျှကြောင့် ဒုက္ကဋ်အာပတ်၊ သမနုဘာသနကံပြုပါလျက် အယူကို မစွန့်လျှင် ပါရာဇိကအာပတ်။
(င) သပ္ပိဝိညာပနသိက္ခာပုဒ်အရ ပါဠိဒေသနီအာပတ်။

http://www.dhammadownload.com

၇။ **အဓိကပြည့်စုံရမည့် အချက်**

နိမိတ်၏ ပြည့်စုံခြင်း၊
ပရိသတ်၏ ပြည့်စုံခြင်း၊
ကမ္မဝါစာ၏ ပြည့်စုံခြင်း– တို့ဖြစ်သည်။

နိမိတ်လောက်သော တောင်ပို့

အောက်ထစ်ဆုံးအားဖြင့် သိမ်သမုတ်သောနေ့၌ ပေါက်သော လက်ရှစ်သစ်မြင့် လျက် နွားချိုပမာဏရှိသော တောင်ပို့သည် နိမိတ်လောက်၏။ ထို့အောက်ငယ်လျှင် မလောက်။

၈။ **ဒုဋ္ဌုလ္လဝါစာ ဟူသည်**

ဝစ္စမဂ်, ပဿာဝမဂ်မေထုန်နှင့် စပ်ယှဉ်သောစကားတို့ဖြင့် ပြောဆိုခြင်းကို ဆိုလိုသည်။

အမူလက– ဒိဋ္ဌမူလစသည်တို့၏ မရှိသောကြောင့် အမူလကမည်၏။

အဓိကရဏ– သမထတို့သည် ငြိမ်းစေအပ်သောကြောင့် အဓိကရဏမည်၏။

၉။ **သုရာနှင့်မေရယတို့ အထူး**

မုန့်မှုန့်စသည်တို့ဖြင့် ပြုအပ်သော သေရည်သည် သုရာမည်၏။
ပန်းပွင့်စသည်တို့ဖြင့် ပြုအပ်သော အရက်သည် မေရယမည်၏။ ဤသို့ထူးပါသည်။

အင်္ဂါ

၁။ သေရည် အရက်ဖြစ်ခြင်း၊
၂။ သောက်ခြင်းအားဖြင့် ၂– ပါး။

၁၀။ **အပလောကနကံ**

ညီညွတ်သောသံဃာ၏ ခွင့်ပြုချက်ဖြင့် ထိုထိုဝတ္ထုကို ပြောကြားပြီး သံဃာတော်များ နှစ်သက်ပါသလား– ဟု သုံးကြိမ်မေးမြန်းသိစေပြီး ပြုအပ်သောကံကို အပလောကနကံ ဟုခေါ်သည်။

အမာလွှမ်းသင်္ကန်း

ချက်အောက် ပုဆစ်ဒူးဝန်းနှစ်ဘက်အထက်၌ ယားနာ, သွေးစုနာ, အရည်ယိုသော အနာ, အိုင်းအနာတို့ကို ဖုံးလွှမ်းခြင်းအကျိုးငှါ ခွင့်ပြုအပ်သောသင်္ကန်းကို အမာလွှမ်း သင်္ကန်းဟုခေါ်သည်။

http://www.dhammadownload.com

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကယားပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၁)ရက်၊ (၂-၄-၂၀၁၂) တနလာနေ့။

၁။ မာတုဂါမနှင့်အတူ ဆိတ်ကွယ်ရာ နေရာ၌ နေထိုင်ခြင်းကို ပြုသော ရဟန်း၏ အပြစ်ပြသိက္ခာပုဒ်နှင့် ကောင်းပါပြီဟု ဝန်ခံပြီး အဓိကရဏ်းကို ငြိမ်းလည်း မငြိမ်း ငြိမ်းစေဖို့ရာလည်း ကြောင့်ကြမစိုက်သော ရဟန်းမ၏ အပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။

၂။ (က) ထေယျသတ္ထမှန်းသိလျက် ချိန်းချက်၍ ခရီးအတူသွားသော ရဟန်း၏ အပြစ်ပြ သိက္ခာပုဒ်၊
(ခ) သြဝါဒူပသက်မနသိက္ခာပုဒ်တို့ကို သဒ္ဒါနည်းကျ အတ္ထယောဇနာပြခဲ့ပါ။

၃။ အခင်းသစ်ပြုလုပ်လိုသော ရဟန်း၏ အခင်းလုပ်ထုံး, လုပ်နည်းများကို ဒွေဘာဂသိက္ခာပုဒ်နှင့်အညီ ထုတ်နုတ်ရေးသားပြီးလျှင်၊ ရဟန်းတစ်ပါးက မိမိလက်ဖြင့် ခဲဖွယ်, ဘောဇဉ် မပေးကောင်းသော ပုဂ္ဂိုလ်များကိုလည်း ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ရေးပြခဲ့ပါ။

၄။ သိက္ခာပုဒ်လာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံလိုသော ရဟန်းတော်သည် မည်သည့် အချက်တို့ကို ပြုလုပ်ရပါသနည်း ပါဠိသာဓကထောက်၍ ဖြေဆိုပြီးလျှင်၊ ရဟန်းမများ တရားမစွဲကောင်းသော ပုဂ္ဂိုလ်များကိုလည်း ဖော်ပြခဲ့ပါ။

၅။ ဘိက္ခုနီပါတိမောက်လာ ကျဉ်းမြောင်းသော အရပ်ဌာနများကို ရေး၍၊ ဗေဒင်ကို သင်ယူ/ပို့ချသော ရဟန်းမ၏ အပြစ်ပြသိက္ခာပုဒ် အမည်တို့ကို ရေးပြီးလျှင်၊ ဝါကျွတ်တိုင်း ရဟန်းမများ ဖိတ်မန်ရမည့် အကြောင်းအရာ ၃-ပါးကိုလည်း ရေးပြပါ။

၆။ ဥပဇ္ဈာယ်လုပ်လိုသော ဘိက္ခုနီမ၏ ပြည့်စုံရမည့် အရည်အချင်းတို့ကို ဖော်ပြ၍၊ အောက်ပါ ရဟန်း/ရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကိုလည်း သိက္ခာပုဒ်သာဓက ပြကာ ဆုံးဖြတ်ပြခဲ့ပါ။
(က) အကပ်မခံဘဲ ဆွမ်းဘုဉ်းပေးသော ရဟန်း၊
(ခ) ခါးထောက်လျက် ဟန်ပါပါ မြို့တွင်းသို့ သွားသော ရဟန်း၊
(ဂ) ကိုယ်ကိုထု၍ ငိုသော ရဟန်းမ။

http://www.dhammadownload.com

၇။ ဧကရတ္တမွိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ-၌ "တိစီဝရ" အရကို ဖော်ပြ၍ အဘယ်သို့သော သာယာခြင်းကို ဥပနိဿတ်တဲ့ ဝါ သာဒိယေယျ-ဟု ခေါ်ပါသနည်း ကခ်ဳိအလိုကျ ရှင်းပြခဲ့ပါ။

၈။ အနုပခဇ္ဇသိက္ခာပုဒ်လာ ဇာန-အရ၌ သီတင်းကြီး, ဂိလာနစသော ရဟန်းတို့အား အဘယ်ကြောင့် မထစေထိုက်ပါသနည်း ရေး၍၊ ကြောက်မက်ဖွယ်ရာ အရုပ်ကိုပြ၍ ခြောက်လှန့်ရာ၌ အခြောက်ခံရသူ မကြောက်က အာပတ်သင့်ပါမည်လော ဖြေဆိုပြီးလျှင်၊ လူ, သာမဏေအား ခြောက်လှန့်က အဘယ်အာပတ်သင့်ပါမည်နည်း ကခ်ဳိအလိုကျ ဆုံးဖြတ်ပြခဲ့ပါ။

၉။ တူလောနဒွသိက္ခာပုဒ်၌ ကခ်ဳိကျမ်းလာ ပြဆိုသော ရဟန်းတော်များအား အပ်စပ်သည့် ခေါင်းအုံးပမာဏကို ဖော်ပြ၍၊ အာပတ္တာဓိကရဏ်း ငြိမ်းစေနိုင်သော သမထများနှင့် တိဏဝတ္ထာရက သမထဖြင့် မငြိမ်းနိုင်သော အာပတ်များကိုလည်း ဖော်ပြပါ။

၁၀။ စောရီမကို ရဟန်းခံပေးရာ၌ အဘယ်အခါတွင် အဘယ်အာပတ်သင့်သည်ကို ရေး၍၊ ဂိဟိဝေယျာဝစ္စ၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

၂။ ကယား ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ ဘိက္ခု-ရဟော နိသဇ္ဇသိက္ခာပုဒ်နှင့် ဘိက္ခုနီ အဓိကရဏသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ (က) (ထေယျသတ္ထသိက္ခာပုဒ်ကို အနက်ရေးလေ။)
(ခ) (ထင်ရှားပြီ။)

၃။ **အခင်းလုပ်ထုံးလုပ်နည်း**

သက်သက်မည်းနက်သော သိုးမွေးနှစ်ဖို့၊ ဖြူသောသိုးမွေး သုံးခုမြောက် ၁-ဖို့၊ ကြောင်သော သိုးမွေး လေးခုမြောက် တစ်ဖို့တို့ကို ယူ၍ ပြုလုပ်ရမည်။

ခဲဖွယ်, ဘောဇဉ်မပေးကောင်းသောပုဂ္ဂိုလ်များ

အစေလက- အဝတ်မဝတ်သောတက္ကတွန်း၊
ပရိဗ္ဗာဇက-ပရဗိုဇ်ရဟန်း၊ ပရိဗ္ဗာဇိကာ-ပရိဗိုဇ်မ-တို့ဖြစ်သည်။

http://www.dhammadownload.com

၄။ **ပြုလုပ်ရမည့်အချက်**

သိအောင် ပြုရမည်၊ မသိလျှင် မေးရမည်၊ မေးပြီးနောက် အခေါ်ကခေါ်က် အခါခါ ကြုံစည်ရမည်။

ပါဠိသာဓက– သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတမ္ဗံ ပရိပုစ္ဆိတမ္ဗံ ပရိပဉှိတမ္ဗံ၊ အယံ တတ္ထ သာမီစိ။

တရားမစွဲကောင်းသော ပုဂ္ဂိုလ်များ

အိမ်ရှင်ယောကျ်ား, အိမ်ရှင်ယောကျ်ား၏သား, ကျွန်, အမှုလုပ်သမား, ပရိဗိုဇ်ရဟန်း တို့ ဖြစ်သည်။

၅။ **ကျဉ်းမြောင်းသောအရပ်ဌာနများ**– ပဿာဝမဂ်နှင့် လက်ကတီးကြားတို့ဖြစ်သည်။

သိက္ခာပုဒ်အမည်

ကိရဏ္ဍာနဝိဇ္ဇာပရိယာပုဏာနသိက္ခာပဒ, တိရဏ္ဍာနဝိဇ္ဇာဝါစနသိက္ခာပဒတို့ဖြစ်သည်။

အကြောင်းအရာ ၃–ပါး– မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းတို့ဖြစ်သည်။

၆။ **ပြည့်စုံရမည့် အရည်အချင်း**– ၁၂–ပါပြည့်ခြင်း၊ သမ္မုတိရခြင်း–တို့ဖြစ်သည်။

(က) ဒန္တပေါနသိက္ခာပုဒ်ကိုထောက်၍ သုဒ္ဓပါစိတ်၊

(ခ) ခမ္ဘကတသိက္ခာပုဒ်ကိုထောက်၍ ဒုက္ကဋ်၊

(ဂ) ရောဒနသိက္ခာပုဒ်ကိုထောက်၍ သုဒ္ဓပါစိတ်၊

၇။ **တိစီဝရအရ**

တိစီဝရိတ်အဓိဋ္ဌာန်တင်နည်းဖြင့် အဓိဋ္ဌာန်တင်အပ်ကုန်သော သင်္ကန်းကြီးစသည် တို့တွင် တစ်ထည်ထည်ကိုယူပါ။

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ–ခေါ်ပုံ

"ဤရွှေငွေသည် အရှင်ဘုရားအတွက် ဖြစ်ပါစေ"ဟု မျက်မှောက်၌တည်သော ရွှေငွေကို ဖြစ်စေ, "ဤမည်သောအရပ်၌ရှိသော ကျွန်ုပ်၏ ရွှေငွေသည် အရှင်ဘုရားအတွက် ဖြစ်ပါစေ"ဟု မျက်ကွယ်၌ရှိသော ရွှေငွေကိုဖြစ်စေ၊ အရှင်ဘုရားအတွက်ဟု ပြောဆို၍ စကားသက်သက်ဖြင့်လည်းကောင်း, လက်အမူအရာဖြင့်လည်းကောင်း, စွန့်လွှတ်အပ်သည်ကို ကိုယ်နှုတ်တို့ဖြင့် မပယ်ဘဲ စိတ်ဖြင့်လက်ခံ သာယာခြင်းကို ဥပနိက္ခိတ္တ သာဒိယေယျ–ဟု ခေါ်ပါသည်။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၈။ သီတင်းကြီးရဟန်းကို မိမိထက်ကြီးသောကြောင့် မထစေထိုက်၊
ဂိလာနရဟန်းကို မကျွမ်းမာသူဖြစ်သောကြောင့် မထစေထိုက်၊
သံဃာက ပေးအပ်သူကို ဘဏ္ဍာစိုး, ဓမ္မကထိက, ဂဏဝါစက, အာစရိယ–တို့အား ကျေးဇူးများခြင်း, ဂုဏ်ထူးရှိခြင်းကို မှတ်သား၍ အမြဲနေခြင်းငှါ ကျောင်းကိုမှတ်သားကာ သမုတ်ပြီးပေးအပ်သောကြောင့် မထစေထိုက်။

သင့်/ မသင့်

အခြောက်ခံရသူသည် ကြောက်သည်ဖြစ်စေ, မကြောက်သည်ဖြစ်စေ, ခြောက်သောရဟန်းအား သုဒ္ဓပါစိတ်အာပတ်သင့်ပါသည်။

လူ, သာမဏေအား ခြောက်လှန့်ပါက ဒုက္ကဋ်အာပတ်သင့်ပါသည်။

၉။ **အပ်စပ်သည့် ခေါင်းအုံးပမာဏ**

အနံအားဖြင့် ထောင့်သုံးထောင့်တို့တွင် နှစ်ထောင့်တို့၏အကြားသည် တစ်ထွာလက်လေးသစ်ရှိ၍ အလယ်၌ တစ်တောင် တောင်ဆုပ်ပမာဏရှိလျှင်လည်းကောင်း, အလျားအားဖြင့် တစ်ထွာဖြစ်စေ နှစ်တောင်ဖြစ်စေ ပမာဏရှိသောလျှင်လည်းကောင်း ရဟန်းတို့အား အပ်စပ်သည်။

အာပတ္တာဓိကရဏ်းငြိမ်းစေနိုင်သော သမထများ

သမ္မုခါဝိနယသမထ, ပဋိညာတကရဏသမထ, တိဏဝတ္ထာရကသမထ–တို့ဖြစ်ပါသည်။

မငြိမ်းစေနိုင်သော အာပတ်များမှာ

ပါရာဇိကအာပတ်, သံဃာဒိသေသအာပတ်, ဂိဟိပဋိသံယုတ္တအာပတ်တို့ဖြစ်ပါသည်။

၁၀။ **အာပတ်သင့်ပုံ**

ဂိုဏ်းရှာခြင်း, ကမ္မဝါစာဆရာရှာခြင်း, သပိတ်သင်္ကန်းရှာခြင်း, သိမ်သမုတ်ခြင်းတို့၌လည်းကောင်း, ဥတ္တာအဆုံး၌လည်းကောင်း ဒုက္ကဋ်၊ ကမ္မဝါစာ နှစ်ကြိမ်အဆုံး၌ ထုလ္လစ္စည်း, ကမ္မဝါစာသုံးကြိမ်အဆုံး၌ သံဃာဒိသေသ်။

ဂိဟိဝေယျာဝစ္စ၏ အဓိပ္ပါယ်

ယာဂု, ဆွမ်း, အဖျော်, ခဲဖွယ်–စသည်တို့ကို ကူညီဝိုင်းဝန်း၍ ကျိုချက်ပြုလုပ်ပေးခြင်းဟူသော လူတို့၏ အမှုကိစ္စကို ဂိဟိဝေယျာဝစ္စဟု ခေါ်သည်။

http://www.dhammadownload.com

၃ ။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်၊ (၂-၄-၂၀၁၂) တနလ်ာနေ့

၁။ ကျောင်းတိုက်အတွင်း၌ ဒါယကာ၊ ဒါယိကာမတို့ မေ့ကျန်ခဲ့သော ဩ, ငွေ, ရတနာပစ္စည်းနှင့်ပတ်သက်၍ ရဟန်းတော်များ ကျင့်ရမည့်ဝတ္တရားပြ သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ အဓိကရဏ်းများငြိမ်းအောင် တာဝန်ယူပြီးဖြစ်ပါလျက် တစ်စုံတစ်ရာအန္တရာယ်မရှိဘဲ မိမိလည်း မပြုလုပ်, သူတစ်ပါးကိုလည်း မပြုလုပ်ခိုင်းသော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို အနက်ရေးခဲ့ပါ။

၃။ အဘယ်အမှုမျိုးကို ပြုလုပ်နေသော ရဟန်းကို "ကုလဒူသကရဟန်း" ဟု ခေါ်ပါသနည်း? ဖြေဆို၍၊ ကုလဒူသကအမှုများကိုလည်း သိသာရုံမျှ ထုတ်ပြပြီးလျှင်၊ ၎င်းအမှုများကို ပြုလုပ်ခြင်းကြောင့် မည်သည့် အပြစ်သင့်ပါသနည်း? ဖြေဆိုခဲ့ပါ။

၄။ တောရကျောင်းနေရဟန်းဒုတ်များသည် မိမိပိုင် တိစီဝရိတ်သင်္ကန်းကို ရွှာတွင်း၌ ထားနိုင်ခြင်း အင်္ဂါများကို ပါဠိ+မြန်မာ နှစ်ဘာသာ ဖြေဆို၍၊ ဩဝါဒဝဂ်လာ သံဝိဓာနသိက္ခာပုဒ်နှင့် သပ္ပါဏကဝဂ်လာ သံဝိဓာနသိက္ခာပုဒ် နှစ်ခုတို့၏ အထူးကိုလည်း ဖြေဆိုခဲ့ပါ။

၅။ ဥဏ္ဏသမယ, ပရိဠာဟသမယ အခါတို့ကို ပိုင်းခြားပြ၍၊ အာမကဓညသိက္ခာပုဒ်လာ စပါးစိမ်းနှင့်ပတ်သက်၍ ဘိက္ခုနီမများ မပြုလုပ်သင့်သော ကိစ္စတို့ကိုလည်း ကျမ်းရင်းလာ အတိုင်း ထုတ်ပြခဲ့ပါ။

၆။ နွေရာသီအားလပ်ချိန်မှာ စိတ်ပြေလက်ပျောက် ပြည်သူဥယျာဉ်သို့ သွားရောက်ကြည့်ရှုသောရဟန်း, ရဟန်းမများ မည်သည့်အပြစ်သင့်ပါသနည်း? သာဓကပြ ဆုံးဖြတ်၍၊ ဘိက္ခုနီမများ သီးခြားဒေသနာပြောကြားထိုက်သော ပစ္စည်းတို့ကိုလည်း ထုတ်ပြခဲ့ပါ။

၇။ ဒန္တပေါနသိက္ခာပုဒ်လာ အဒိန္နာ-အရကို ကောက်ပြ၍၊ ဥယျာဓိက, ဗလဂ္ဂ, သေနာဗျူဟတို့၏ အဓိပ္ပါယ်ကိုလည်း ကခ်ဴအလိုကျ အသီးသီး ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၈။ ဓမ္မိကာနံ ကမ္မာနံ-၌ အဘယ်ကံမျိုးကို "ဓမ္မိကကံ" ဟု ခေါ်ပါသနည်း? ဖြေဆို၍ အပလောကနကံ ပြုရမည့်ဌာနများကိုလည်း ညွှန်ကြားခဲ့ပါ။

၉။ အောက်ပါ (က၊ ခ၊ ဂ) တို့ကို ကခ်ါအလိုက္ခ အသီးသီး အဓိပ္ပါယ်ဖွင့်ဆိုရေးသားခဲ့ပါ။
(က) စီဝရသင်္ကန်းမနီယ၊ (ခ) အာဝသထစီဝရ၊ (ဂ) ပသာခ။

၁၀။ အောက်ပါ ရဟန်း, ရဟန်းမများ သင့်ရောက်သောအပြစ်တို့ကို သိကွာပုဒ်အမည်နှင့်တကွ တွဲစပ် ဖြေဆိုပါ။
(က) ဆွေမျိုးမတော်သော ဘိက္ခုနီမလက်ထဲ၌ သင်္ကန်းအလှူခံသော ရဟန်း၊
(ခ) ဆွေမျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းပေးသော ရဟန်း၊
(ဂ) တရားသဖြင့် ငြိမ်းပြီးသော အဓိကရဏ်းကို နောက်ထပ်ကံပြုဖို့ရန် အယူခံဝင်သော ရဟန်း၊
(ဃ) ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ ဆွမ်းဘုဉ်းပေးသော ရဟန်းမ၊
(င) ဆွမ်းစားသော ရဟန်းအား ယပ်ခတ်၍ ပြုစုသော ရဟန်းမ။

၃။ ကရင်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ရတနသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဘိက္ခုနီအဓိကရဏသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **ကုလဒူသကရဟန်း**

ပန်းပေးခြင်းစသည်တို့ဖြင့် လူတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းအမှုကို ပြုနေသော ရဟန်းကို ကုလဒူသကရဟန်းဟု ခေါ်သည်။

ကုလဒူသကအမှု

ပန်းပေးခြင်း, သစ်သီးပေးခြင်း, ရေချိုးဆပ်ပြာမှုန့်ပေးခြင်း, မြေညက်ပေးခြင်း, ဝါးပေးခြင်း, ဒန်ပူပေးခြင်း, ခြေဖြင့်သွားခြင်း, ဆေးကုခြင်းအားဖြင့် ၈-ပါးရှိ၏။

၎င်းအမှုကို ပြုလုပ်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။

http://www.dhammadownload.com

၄။ **သင်္ကန်းထားနိုင်ခြင်းအင်္ဂါ**

ဥပဝသ– ပုရိမဝါကျွတ်သူဖြစ်ခြင်း၊
ကတ္တိကပုဏ္ဏမ– တန်ဆောင်မုန်းလဖြစ်ခြင်း၊
အရညကသေနာသန– လေးအပြန်ငါးရာဝေးသော တောကျောင်းဖြစ်ခြင်း၊
သာသင်္သမ္မတသပဋိဘယ– သာသင်္သပဋိဘယဖြစ်ခြင်း– တို့ဖြစ်သည်။

သိက္ခာပုဒ်နှစ်ခုအထူး

သြဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်၌ ဘိက္ခုနီနှင့်အတူ တိုင်ပင်၍ ခရီးအတူသွားခြင်း ဖြစ်၏။

သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်၌ မာတုဂါမနှင့် အတူတိုင်ပင်၍ ခရီးအတူသွားခြင်း ဖြစ်ပါသည်။ ဤသို့ထူးပါသည်။

၅။ ဥဏ္ဏသမယ, ပရိဠာဟသမယ– (ကချင် ၄–၍)

မပြုလုပ်သင့်သော ကိစ္စများ

ဘိက္ခုနီသည် စပါးစိမ်းကို ကိုယ်တိုင်တောင်းခြင်း သူတစ်ပါးကို တောင်းစေခြင်း ကိုယ်တိုင်လျှော်ခြင်း သူတစ်ပါးကို လျှော်စေခြင်း ကိုယ်တိုင်ထောင်းခြင်း သူတစ်ပါးကို ထောင်းစေခြင်း ကိုယ်တိုင်ချက်ခြင်း သူတစ်ပါးကို ချက်စေခြင်းတို့ကို မပြုလုပ်ကောင်းပါ။

၆။ ယာ ပန ဘိက္ခုနီ ရာဇာဂါရံ ဝါ စိတ္တာဂါရံ ဝါ အာရာမံ ဝါ ဥယျာနံ ဝါ ပေါက္ခရဏိံ ဝါ ဒဿနာယ ဂစ္ဆေယျ ပါစိတ္တိယံ– ကိုထောက်၍ ရဟန်းမအား သုဒ္ဓပါစိတ်အာပတ်၊ ရဟန်းအား ဒုက္ကဋ်အာပတ်သင့်ပါသည်။

ပစ္စည်းသရုပ်– ထောပတ်၊ ဆီ ပျာ၊ တင်လဲ၊ ငါး၊ အသား၊ နို့ရည်၊ နို့ခဲမုံး– တို့ဖြစ်သည်။

၇။ **အဒိန္နအရ**

ကာယ, ကာယပဋိဗဒ္ဓတစ်မျိုးမျိုးဖြင့် အကပ်ခံရသောရဟန်း၏ ဟတ္ထပါသိ၌ တည်၍ ကာယ, ကာယပဋိဗဒ္ဓ, နိဂ္ဂိယသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မပေးအပ်, မကပ်အပ်, အကပ်မခံအပ်သော အာဟာရကို အဒိန္နအရ ယူရပါသည်။

ဥယျောဓိက–

တက်၍ တက်၍ စစ်ထိုးရာ ပြင်းစွာပုတ်ခတ်ရာအရပ်သည် ဥယျောဓိကမည်၏။

ဗလဂ္ဂ– စစ်သည်အစုကို ရေတွက်ရာ အရပ်သည် ဗလဂ္ဂမည်၏။

http://www.dhammadownload.com

သေနာဗျူဟ-

စစ်တပ်စုဝေးတည်နေပုံအထူး(၀၇)စစ်ဆင်ခြင်းသည် သေနာဗျူဟာမည်၏။

၈။ ဓမ္မ, ဝိနယ, သတ္ထုသာသနဖြင့် ပြုအပ်သော အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ-ဟူသော ကံလေးပါးတို့ကို ဓမ္မိကကံ-ဟုခေါ်သည်။

အပလောကနကံ၏ ပြုရမည့် ဌာနများ

သြသာရဏဌာန, နိဿရဏဌာန, ဘဏ္ဍုကမ္မဌာန, ဗြဟ္မဒဏ္ဍဌာန, ကမ္မလက္ခဏဌာန-တို့ဖြစ်သည်။

၉။ (က) အခြားသောရဟန်းမ၏ ဥစ္စာကို မပန်ပြောဘဲ ယူအပ်သည်ဖြစ်၍ တစ်ဖန်ပြန်ပေးထိုက်သော သင်္ကန်းငါးထည်တို့တွင် တစ်ထည်ထည်ကို စီဝရသင်္ကန်မနိယ-ဟုခေါ်သည်။

(ခ) ဥတုလာသော ဘိက္ခုနီမတို့ သုံးစွဲပါကုန်-ဟု လျှောက်ထား၍ လှူအပ်သော သင်္ကန်းကို အာဝသထစီဝရဟု ခေါ်သည်။

(ဂ) သစ်ပင်၏ သစ်ခက်တို့သည် ကွဲပြားဖြာထွက်သွားသကဲ့သို့ ချက်အောက် ပုဆစ်ဒူးဝန်း နှစ်ဖက်တို့၏ အထက်အရပ်မှ ပေါင်နှစ်ဖက်တို့ ကွဲပြားသွားသောကြောင့် ထိုချက်အောက် ပုဆစ်ဒူးဝန်းနှစ်ဖက်တို့၏ အထက်အရပ်ကို ပသာခဟု ခေါ်ပါသည်။

၁၀။ (က) စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ခ) စီဝရဒါနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) ဥက္ကောဋနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဃ) ကဗဋာဝစ္ဆဒကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(င) ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်၊ (၂-၄-၂၀၁၂) တနလင်္ဂနေ့။

၁။ ဘိက္ခုနီပါတိမောက်, သံဃာဒိသေသ်လာ ၅-ခုမြောက် သိက္ခာပုဒ်ကို ပါဠိမှနိဒါန်းအောင် ရေးသားပြပါ။

http://www.dhammadownload.com

၂။ ဘိက္ခုပါတိမောက် မဟာပေသကာရသိက္ခာပုဒ်၌ ရဟန်း၏ စီမံအခြင်းအရာကို ပြဆိုသော ပါဠိတို့ကိုသာ တိကျစွာ အနက်ရေးသားပြပါ။

၃။ ဘိက္ခုပါတိမောက် သံဃာဒိသေသ်၌ ဩတိဏ္ဏသဒ္ဒါပါသော သိက္ခာပုဒ်များကို အမည်မျှသာ ရေး၍၊ လွှင်တီးခေါင်၌ ပစ်မထားကောင်းသော သံယိကပစ္စည်းများကိုလည်း မြန်မာဘာသာဖြင့် ရေးသား ဖော်ပြပါ။

၄။ ရဟန်းတော်များ နဟာနသိက္ခာပုဒ်အရ ရေချိုးနိုင်ရာအခါတို့ကို မြန်မာဘာသာဖြင့် ဖော်ပြ၍၊ နိသီဒိုင်အခင်း, အမာလွှမ်းအခင်းတို့၏ အလျား/အနံတို့လည်း မြတ်စွာဘုရား၏ အထွာတော်ဖြင့် ဖော်ထုတ်ပြပါ။

၅။ ဘိက္ခုနီပါတိမောက်လာ ရဟန်းမများနှင့်သာ သက်ဆိုင်သော ယာဝတတိယက သံဃာဒိသေသ်သိက္ခာပုဒ်တို့ကို အမည်မျှသာ ဖော်ပြ၍၊ ရဟန်းမများ ပါဠိဒေသနီ သင့်စေနိုင်သော ဝတ္ထုတို့ကိုလည်း အစဉ်ကျအောင် ရေတွက်ပြပါ။

၆။ အောက်ပါ ရဟန်းတော်တို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်နှင့်တကွ ဖော်ပြပါ။

(က) ဝိကာလအခါ ဘောဇဉ်စားသော ရဟန်း၊
(ခ) ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို သိလျက် ဖုံးလွှမ်းသော ရဟန်း၊
(ဂ) ဆွမ်းကို ဟိုဟိုဒီဒီ ကြည့်လျှက် စားသော ရဟန်း၊
(ဃ) ကြက်သွန်ဖြူစားသော ရဟန်းမ၊
(င) လူတို့၏ အမှုကြီးငယ်ကို လုပ်ဆောင်ပေးသော ရဟန်းမ။

၇။ စတုဝဂ္ဂသံဃာ, ဒသဝဂ္ဂသံဃာတို့ ပြုနိုင်သော ကံများကို ကခ်ါနှင့်အညီ ဖော်ထုတ်ပြ၍၊ သတ္တဘ္ဘန္တရ သိမ်၏ အဓိပ္ပါယ်ကိုလည်း ကခ်ါအလိုကျ ဖြေဆိုပြပါ။

၈။ ဘိက္ခုပါတိမောက် တတိယပါရာဇိကလာ မနုဿဝိဂ္ဂဟအဓိပ္ပါယ်ကို ရေးသား၍၊ ဘေဒါနုဝတ္တက သိက္ခာပုဒ်၌ ဧကော ဝါ ဒွေ ဝါ တယော ဝါ–ဟုဆိုရခြင်း အကြောင်းကိုလည်း ရေးပြပါ။

၉။ ဘိက္ခုပါတိမောက် ဒုတိယသေနာသနသိက္ခာပုဒ် အဖွင့်၌ပါသော သေယျအခင်းအမျိုးအစားတို့ကို ပါဠိ+မြန်မာ နှစ်ဘာသာ တွဲစပ် ဖော်ပြပါ။

http://www.dhammadownload.com

၁၀။ အဒိန္နံ မုခဒ္ဒါရံ အာဟာရံ အာဟာရေယျ-၌ အာဟာရ အရတို့ကို ကောက်ပြ၍၊ ဘိက္ခုနီပါတိမောက် သမ္မာဓလောမ သိက္ခာပုဒ်လာ သမ္မာဓ အရတို့ကိုလည်း ရေးသားပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဘောဇနပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ ကဲ့ဒဲ့ ခေါ် အာဝုသော ။ပ။ ကိုဒ္ဓိမတ္တံ့ အနုပဒဇ္ဇေယျာမ-ဟူသောပါဠိကို အနက်ရေးလေ။

၃။ ကာယသံသဂ္ဂသိက္ခာပဒ၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပဒ၊ အတ္တကာမပါရိစရိယသိက္ခာပဒ-တို့ဖြစ်သည်။

သံယိကပစ္စည်းများ- ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, ခတ်အခင်းတို့ ဖြစ်ကြသည်။

၄။ ပူသောအခါ, အိုက်သောအခါ, မကျန်းမာသောအခါ, အမှုလုပ်သောအခါ, အဝွန်ရှည်သောခရီးသို့ သွားသောအခါ, မြူနှင့်တကွလေပြင်းထ၍ မိုးကျသောအခါတို့ဖြစ်သည်။

နိသိဒိုင်အခင်းပမာဏ

မြတ်စွာဘုရားအထွာတော်ဖြင့် အလျား ၂-ထွာ၊ အနံ ၁-ထွာခွဲ

အမာလွှမ်းအခင်းပမာဏ

မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ၄-ထွာ၊ အနံ ၂-ထွာတို့ ဖြစ်ကြသည်။

၅။ **သိက္ခာပုဒ်အမည်**

သိက္ခံ ပစ္စာစိက္ခဏသိက္ခာပဒ၊ အဓိကရဏ ကုပိတသိက္ခာပဒ၊
ပါပသမာစာရပဌမသိက္ခာပဒ၊ ပါပသမာစာရ ဒုတိယသိက္ခာပဒ၊
ပါဠိဒေသနီယဝတ္ထု- (ကရင် ၆-ရှု)

၆။ (က) ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ခ) ဒုဋ္ဌုလ္လသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) ပတ္တသညီ ဘုဥ္ဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊
(ဃ) လသုဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

http://www.dhammadownload.com

၇။ စတုဝဂ္ဂသံယာသည် ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံ- တို့မှတပါး ကြွင်းသော သံဃကံအာလုံးကို ပြုနိုင်ပါသည်၊ ဒသဝဂ္ဂသံယာသည် အဗ္ဘာနကံ- မှတပါး ကြွင်းသော သံယာ ကံအားလုံးကို ပြုနိုင်ပါသည်။

သတ္တဗ္ဘန္တရသိမ်

ရွာမရှိသော တောဌ ပတ်ဝန်းကျင် အဗ္ဘန္တရ ၇- ခုတို့သည် သတ္တဗ္ဘန္တရသိမ်မည်၏။

၈။ **မနုဿဝိဂ္ဂဟ**

ကလလရေကြည်မှစ၍ အသက်ရှင်ဆဲဖြစ်သော လူဇာတ်ရှိသောသူကို ဆိုလိုသည်။

ဧကော ဝါ ဒွေ ဝါ တယော ဝါ

၃- ပါးထက်ပိုသော ရဟန်းတို့သည် ကမ္မာရဟပုဂ္ဂိုလ်များ မဟုတ်ကြသောကြောင့် ဧကော ဝါ ဒွေ ဝါ တယော ဝါ- ဟု ဆိုသည်။

၉။ **သေယျာသရုပ်**

ဘိသိ- ဘုံလျှိ၊ စိမိလိကာ- အဝတ်ကြမ်း၊ ဥတ္တရတ္ထရဏ- အပေါ်လွှမ်းအခင်း၊ ဘူမတ္ထရဏ- မြေအခင်း၊ တဋ္ဋိကာ- ဖျာကြမ်း၊ စမ္မခဏ္ဍာ- သားရေပိုင်း၊ နိသီဒန- နိသီဒိုင်၊ ပစ္စတ္ထရဏ- သီးခြားအခင်း၊ တိဏသန္ထာရ- မြက်အခင်း၊ ပဏ္ဏသန္ထာရ- သစ်ရွက်အခင်း တို့ဖြစ်သည်။

၁၀။ **အာဟာရအရ**

ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက ၄- မျိုးတို့ဖြစ်သည်။

သမ္မာဓအရ- လက်ကတီးကြားနှင့် ကျင်ငယ်စွန့်ရာအရပ်တို့ကိုယူပါ။

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ
၁၃၇၃- ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၂၆- ၄- ၂၀၁၂) တနလ်္ဂာနေ့

၁။ အောက်ပါ သိက္ခာပုဒ်တို့ကို ပါဠိမှန်ကန်စွာ ရေးခဲ့ပါ-
(က) ဘိက္ခုပါတိမောက် စီဝရအစ္ဆိန္နသိက္ခာပုဒ်၊
(ခ) ဘိက္ခုနီပါတိမောက် ဓောရီဝုဋ္ဌာပိကာသိက္ခာပုဒ်။

http://www.dhammadownload.com

၂။ အောက်ပါ သိက္ခာပုဒ်တို့ကို နိဿဉ်းကျကျ အနက်ပေးခဲ့ပါ–
(က) ဘိက္ခုပါတိမောက် ဒုဗ္ဘလသိက္ခာပုဒ်၊
(ခ) ဘိက္ခုနီပါတိမောက် ဒုတိယိကဉ္ဇယျောဇန သိက္ခာပုဒ်။

၃။ ငါးဖွဲ့မပြည့်သေးဘဲ သပိတ်သစ်တောင်းမိသောရဟန်း၏ လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ်နှင့် ပင့်ဖိတ်၍ မုန့်ကို နှစ်သပိတ်, သုံးသပိတ် အလှူခံလာသော ရဟန်း၏ လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ်တို့ကို ဖြေဆိုပါ။

၄။ လခွဲအတွင်း၌ ရဟန်းတို့ကို ရေချိုးခွင့်ရှိသောအခါများကို ဖော်ပြ၍၊ အပ်စပ်သော မိုးရေခံသင်္ကန်း၏ ပမာဏကိုလည်း မြတ်စွာဘုရား၏ အထွာတော်ဖြင့် ဖော်ပြခဲ့ပါ။

၅။ သေခိယသိက္ခာပုဒ် ၇၅–ခုတို့ကို အောက်ပါအုပ်စု ၅–မျိုးတို့ဖြင့် သခ္ခ်ာမျှ ခွဲခြား ဖြေဆိုပါ။
(က) သင်္ကန်းဝတ်ရုံမှု သက်သက်ဆိုင်ရာ သိက္ခာပုဒ်၊
(ခ) သွားလာနေထိုင်မှုဆိုင်ရာ သိက္ခာပုဒ်၊
(ဂ) အစားအသောက်နှင့်ဆက်စပ်သမျှ သိက္ခာပုဒ်၊
(ဃ) တရားဟောပြောမှုဆိုင်ရာ သိက္ခာပုဒ်၊
(င) ခန္ဓာကိုယ်မှ အညစ်အကြေးစွန့်ပစ်မှုဆိုင်ရာ သိက္ခာပုဒ်။

၆။ အောက်ပါ ဘိက္ခု, ဘိက္ခုနီတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့် တွဲစပ်ဖော်ပြပါ–
(က) မာတုဂါမ၏ ဦးခေါင်းကို ခြေဖြင့် တို့ထိသောရဟန်း၊
(ခ) သင်္ကန်းပျောက်၍ ဖိတ်ကြားထားလျက် ဆွေမျိုးမတော်သူထံမှ သင်္ကန်းတစ်စုံထက်ပို၍ အလှူခံသော ရဟန်း၊
(ဂ) သံဃာက နှင်ထုတ်ထားသော ဘိက္ခုနီကို သံဃာအား မပန်ကြားဘဲ သံဃာ့ဘောင်သို့ ပြန်သွင်းသော ရဟန်းမ၊
(ဃ) အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သပိတ်ကို သိုမှီးသော ရဟန်းမ၊
(င) ဝါတွင်းကာလ၌ ညအိပ်ခရီးထွက်သော ရဟန်းမ။

၇။ သမ္မုတိသံဃာ ၅–မျိုးတို့ကို ၎င်းသံဃာတို့ ပြုလုပ်နိုင်သောကံတို့ဖြင့် တွဲစပ်ဖော်ပြပါ။

http://www.dhammadownload.com

၈။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ ဟတ္ထ, ဝေဏိ, အင်္ဂ အရတို့ကို ကခ်ီအလိုကျ ဖော်ပြ၍ ယင်း သိက္ခာပုဒ်၏ အင်္ဂါတို့ကိုလည်း ရေးခဲ့ပါ။

၉။ ဥဇ္ဈာသို့ ကထိနေ ဟူသော စကားရပ်၌ အဘယ်သို့ပြုသည်ကို ကထိန်နုတ်သည်ဟု ခေါ်ကြောင်း ဖြေဆို၍၊ ကထိန်နုတ်ခြင်း မာတိကာ ၈-ပါးတို့ကိုလည်း မြန်မာဘာသာဖြင့် ရေးသား ဖြေဆိုပါ။

၁၀။ အဘယ် မုသာဝါဒဖြင့် ပြောဆိုလျှင် အဘယ်အာပတ်သင့်ကြောင်း ကခ်ီအလိုကျ ခွဲခြားပြ၍၊ မုသာဝါဒ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်သောပုဂ္ဂိုလ်များကိုလည်း ဖော်ပြခဲ့ပါ။

၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁။ (ပါဠိလွယ်ပြီ။)

၂။ (အနက်လွယ်ပြီ။)

၃။ ရဟန်းပရိသတ်၌ နိဿဂ္ဂိသပိတ်ကို စွန့်ရခြင်း၊ ထိုစွန့်အပ်ပြီးသော သပိတ်ကို မထေရ်ကြီးမှစ၍ ဆင့်ကာ ဆင့်ကာ ယူစေရခြင်း၊ မယူချင်၍ ကျန်နေသောသပိတ်ကိုမှ ထိုရဟန်းအား ကွဲသည်တိုင်အောင် ဆောင်ရမည်ဟု ပြော၍ ပေးရမည်။

မုန့်အလှူခံရဟန်း၏ ကျင့်ဝတ်

ထိုခံယူရာအရပ်မှ ထုတ်ဆောင်၍ ရဟန်းတို့နှင့်အတူ ဝေဖန်၍ စားရမည်။

၄။ **ရေချိုးခွင့်ရှိသောအခါ-** (ချင်း ၄-ရွှ)

မိုးရေခံသင်္ကန်းပမာဏ

မြတ်စွာဘုရားအထွာတော်ဖြင့် အလျား ၆-ထွာ၊ အနံ ၂-ထွာခွဲ။

၅။ (က) ၄-ပုဒ်၊
(ခ) ၂၄-ပုဒ်၊
(ဂ) ၃၀-ပုဒ်၊
(ဃ) ၁၆-ပုဒ်၊
(င) ၃-ပုဒ်။

http://www.dhammadownload.com

၆။ (က) ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
(ခ) တတုတ္တရိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်၊
(ဂ) ဥက္ခိတ္တကာနုဝတ္တသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
(ဃ) ပတ္တသန္နိစယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(င) အန္တောဂဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

၇။ စတုဝဂ္ဂသံဃာသည် ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံ– တို့မှတပါး ကြွင်းသော သံဃကံအားလုံးကို ပြုနိုင်ပါသည်။

ပဉ္စဝဂ္ဂသံဃာသည် မဇ္ဈိမဇနပုဒ်၌ ဥပသမ္ပဒကံနှင့်အဗ္ဘာနကံတို့မှတပါး ကြွင်းသော သံဃကံအားလုံးကို ပြုနိုင်ပါသည်။

ဒသဝဂ္ဂသံဃာသည် အဗ္ဘာနကံမှတပါး ကြွင်းသော သံဃကံအားလုံးကို ပြုနိုင်ပါသည်။

ဝီသတိဝဂ္ဂသံဃာနှင့်အတိရေကဝီသတိဝဂ္ဂသံဃာတို့သည် သံဃကံအားလုံးကို ပြုနိုင်ပါသည်။

၈။ **ဟတ္ထ, ဝေဏိ, အင်္ဂ– အရ**

တတောင်ဆစ်မှစ၍ လက်သီးဖျားတိုင်အောင် ဟတ္ထအရယူရ၏။

ထုံးဖွဲ့သည်ဖြစ်စေ, မထုံးဖွဲ့သည်ဖြစ်စေ ဆံပင်သက်သက်တို့ဖြင့်လည်းကောင်း, အဆင်းအမျိုးမျိုးရှိသော ချည်၊ ပန်းမျိုးစုံ၊ ငွေပန်း၊ ရွှေကြိုး၊ ပုလဲသွယ် စသည်တို့တွင် တစ်ပါးပါးနှင့် ရောသောဆံပင်တို့ဖြင့် ပြုလုပ်ထားသော ဆံပင်အစည်းကို ဝေဏိအရယူရပါသည်။

(တစ်နည်း) ဝေဏိသဒ္ဒါဖြင့် အမွှေးတို့နှင့်တကွ ဆံပင်အမျှင်တို့ကိုလည်း ယူရပါသည်။
ဟတ္ထ, ဝေဏိမှကြွင်းသော အင်္ဂါကြီးငယ်တစ်ကိုယ်လုံးကို အင်္ဂအရယူရပါသည်။

အင်္ဂါများ

လူမိန်းမဖြစ်ခြင်း၊ မိန်းမဟု အမှတ်ရှိခြင်း၊ ကာယသံသဂ္ဂရာဂရှိခြင်း၊
ထိုကာယသံသဂ္ဂရာဂဖြင့် လုလ့ွပြုခြင်း၊ လက်ကို ကိုင်ခြင်းစသည်ကို ပြုခြင်းတို့ဖြစ်ပါသည်။

၉။ ဥဗ္ဘတသို့ ကထိနေ– ဟူသောစကားရပ်၌ ကထိန်ခင်းထားသဖြင့် ရရှိနေသော အကျိုးအာနိသင်များကို ရုပ်သိမ်းလိုက်ခြင်းကို ကထိန်နှုတ်သည်ဟု ခေါ်သည်။
မှတ်ချက်။ ။ကခ်ါအဋ္ဌကထာ၌ တိုက်ရိုက်မပါ။ ပါတိမောက်ဘာသာဋီကာရှုဖြေထားသည်။

http://www.dhammadownload.com

ကထိန်နတ်ခြင်းမာတိကာ ၈-ပါး

ဖဲသွားခြင်းအဆုံးရှိသော နတ်ခြင်း၊
သင်္ကန်းပြီးဆုံးခြင်း အဆုံးရှိသောနတ်ခြင်း၊
သင်္ကန်းလျှာအဝတ် ပျောက်ဆုံးခြင်းအဆုံးရှိသော နတ်ခြင်း၊
ကထိန်နှုတ်ကြသတဲ့ဟု မှာကြားခြင်းအဆုံးရှိသော နတ်ခြင်း၊
အာသာပြတ်စဲခြင်းရှိသော နတ်ခြင်း၊
ဥပစာရသိမ်အပြင်၌ သင်္ကန်းကာလကို လွန်ခြင်းရှိသော နတ်ခြင်း၊
အတူတကွနတ်ခြင်းရှိသော နှုတ်ခြင်း- တို့ဖြစ်ပါသည်။

၁၀။ **အာပတ်သင့်ပုံ**

ဥတ္တရိမနုဿကို ပြောဆိုခြင်းငှါ မုသားပြောလျှင် ပါရာဇိကအာပတ်သင့်၏။
အမှုလကပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်းငှါ မုသားပြောလျှင် သံဃာဒိသေသအာပတ်သင့်၏။
အမှုလကသံဃာဒိသေသအာပတ်ဖြင့် စွပ်စွဲခြင်းငှါ မုသားပြောလျှင် ပါစိတ်အာပတ်သင့်၏။
အာစာရဝိပတ္တိဖြင့် စွပ်စွဲခြင်းငှါ မုသားပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏။
သိရှိနားလည်သူအား ပရိယာယ်ဖြင့် ဥတ္တရိမနုဿဓမ္မကို မုသားပြောလျှင် ထုလ္လစ္စည်းအာပတ်သင့်၏။ မသိသူအားပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏။

အနာပတ္တိပုဂ္ဂိုလ်များ

မစူးစမ်းဘဲ မုသားပြောမိသူ၊
အခြားစကားကို ပြောမည်ဟု ဆင်ခြင်ပြီး အခြားတစ်ပါးကို ပြောမိသူ၊
ဥမ္မတ္တကရဟန်းတို့ဖြစ်ပါသည်။

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်၊ (၂-၄-၂၀၁၂) တနင်္လာနေ့။

၁။ ရဟောနိသဇ္ဇ, ရဟောပဋိစ္ဆန္န သိက္ခာပုဒ်တို့နှင့် တစ်ထပ်တည်းတူသော်လည်း အကြောင်းဝတ္ထုဖြစ်ပေါ်လာခြင်း၏ အစွမ်းဖြင့် သီးခြားပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။

http://www.dhammadownload.com

၂။ ဆတ္တုပါဟနဝဂ်လာ ဆုပ်နယ်, ပွတ်သပ်ခြင်းကြောင့် အပြစ်ဖြစ်ပုံပြ သိက္ခာပုဒ်တို့ကို အနက်ယောဇနာပြပါ။

၃။ သုံးကြိမ်တောင်း ခြောက်ကြိမ်ရပ်သော်လည်း သင်္ကန်းမရရှိပါက ဆက်လက်ပြုလုပ်ရမည့် အစီအစဉ်များကို ရေးသား ဖြေဆို၍၊ နိသိဒ္ဒိုင်အခင်းအား ပြုလုပ်ပုံကိုလည်း ရေးသား ဖြေဆိုခဲ့ပါ။

၄။ ပဒသော ဓမ္မံ ဝါစေယျ–ဟူသော ပါဠိတော်၌ ပဒအရ, ဓမ္မအရတို့ကို ထုဘ်ပြ၍၊ ဓမ္မိကာနံ ကမ္မာနံ ဆန္ဒံ–ဟူသော ပါဠိတော်၌ ဓမ္မိကကမ္မအရကိုလည်း ထုတ်ပြခဲ့ပါ။

၅။ ရဟန်းအား ဘိက္ခုနီမှန့် တိုင်ပင်၍ သွားကောင်းသောခရီးတို့ကို ဖော်ပြ၍၊ ဘိက္ခုနီမှန့် နှီးနှော၍ မနေသင့်သော ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ အောက်ပါ ရဟန်း/ရဟန်းမတို့၏ အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။
(က) ညအခါတွင် ငါးမုန့်ကြော်နှင့် စည်ဘီယာ သောက်သော ရဟန်း၊
(ခ) သင်္ကန်းကို ပင့်ပြီး ကိုယ်နှင့် လက်တို့ကို လှုပ်ရမ်း၍ ရွာတွင်း၌ သွားသော ရဟန်း၊
(ဂ) လေးကံသ, ၁၆–အသပြာ ထိုက်သော အရုံထက်ပိုလွန်၍ ပေါ့သောအရုံကို ပြုလုပ်သော ရဟန်းမ၊
(ဃ) ခွင့်မတောင်းဘဲ ရဟန်းကို ပြဿနာမေးသော ရဟန်းမ။

၇။ ဘိက္ခုနီပရိပါစိတာဆွမ်း၏ အဓိပ္ပါယ်ကို ရေးသား ဖြေဆို၍၊ အဘယ်ပုဂ္ဂိုလ်ကို ဘုတ္တာဝီ (စားပြီးသူ)ဟု ခေါ်ပုံကို အဓိပ္ပါယ် ပေါ်လွင်အောင် ရေးသားခဲ့ပါ။

၈။ ကဏ္ဍကသိက္ခာပုဒ်လာ နာသနအပြားနှင့် အဓိပ္ပါယ်တို့ကို ရေးသား ဖြေဆို၍၊ ယူရမည့် နာသနကိုလည်း ကောက်ပြခဲ့ပါ။

၉။ သုပ္ပဋိစ္ဆန္နဖြစ်အောင် အဘယ်ကဲ့သို့ ဖုံးလွှမ်း၍ သွားခြင်းနှင့် ထိုင်ခြင်းတို့ကို ဖြေဆိုခဲ့ပါ။

၁၀။ ဘိက္ခုနှင့် ဘိက္ခုနီပါတိမောက်နှစ်ခုတို့၏ ထူးခြားမှုကို ရေးသား၍၊ ဆန္ဒသော–၌ ဆန္ဒအရကို ဘိက္ခုနီပထမပါရာဇိကသိက္ခာပုဒ်အလို ကောက်ပြပြီးလျှင်၊ ဗလက္ကာရဖြင့် အဖျက်ဆီးခံရသော ဘိက္ခုနီမများ ပါရာဇိကကျ/ မကျ စိစစ်၍ ဆုံးဖြတ်ပြခဲ့ပါ။

http://www.dhammadownload.com

၆။ တနင်္သာရိတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဒုတိယအနိယတသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဘိက္ခုနီ ဥပဓွါပနသိက္ခာပုဒ်၊ သိက္ခာမာနဥပဓွါပနသိက္ခာပုဒ်၊ သာမဏေရီဥပဓွါပနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ သင်္ကန်းဘိုးဆောင်ယူခဲ့ရာ မင်း၏အမတ်စသည်တို့အထဲသို့ ဒါယကာတို့ သင်တို့ ပို့အပ်သော သင်္ကန်းဘိုးသည် ရည်စူးရာရဟန်းအား တစ်စုံတစ်ခုသောအကျိုးသည် မပြီးစီးဧပါ၊ ဒါယကာတို့ မိမိတို့ဥစ္စာကို တောင်းကြပါ။ သင်ဒကာတို့သည် မိမိတို့ဥစ္စာကို မပျက်စီးစေကြပါလင့်-ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေလွှတ်ရမည်။

နိသီဒိုင်အခင်း ပြုလုပ်ပုံ- အခင်းဟောင်း၏ ထက်ဝန်းကျင်နံပါးတဖက်မှ ဘုရားရှင်၏ တစ်ထွာပမာဏကို ဖြတ်၍ အခင်းသစ်၌ ထည့်သွင်းပြုလုပ်ရပါမည်။

၄။ **ပဒအရ-** ပဒ၊ ပဒအနုပဒ၊ အနွက္ခရ၊ အနုဗျဉ္ဇနတို့ဖြစ်ပါသည်။

ဓမ္မအရ

သင်္ဂါယနာသုံးတန်သို့ မတင်အပ်သော ရာဇဝါဒ၊ တိက္ခိန္ဒြိယ၊ စတုပရိဝတ္တန၊ နန္ဒောပနန္ဒ၊ ကုလုမွသုတ်၊ မဂ္ဂကထာ-စသောဓမ္မကိုလည်းကောင်း၊ သင်္ဂါယနာသုံးတန်သို့ တင်အပ်သော တိပိဋကဓမ္မကိုလည်းကောင်း ယူရပါသည်။

ဓမ္မိကကမ္မအရ

ဓမ္မဝိနယ သတ္ထုသာသနဖြင့် ပြုအပ်သော အပလောကနကံ၊ ဥတ္တိကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံ-ဟူသော ကံလေးပါးတို့ကို ရပါသည်။

၅။ ခရီးသည်ကုန်သည်အပေါင်းနှင့် အတူသွားသောခရီး၊
ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်သောခရီး၊
ဘေးဘျမ်းနှင့်တကွဖြစ်သောခရီး-တို့ဖြစ်ပါသည်။
နှီးနှော၍ မနေသင့်သောပုဂ္ဂိုလ်များ- သူကြွယ်၊ သူကြွယ်၏သားတို့ဖြစ်ပါသည်။

၆။ (က) ဝိကာလဘောဇနသိက္ခာပုဒ်, သုရာပါနသိက္ခာပုဒ်တို့ဖြင့် သုဒ္ဓပါစိတ်၊

http://www.dhammadownload.com

(ခ) သုသံဝုတသိက္ခာပုဒ်၊ ကာယပွစာလကသိက္ခာပုဒ်တို့ဖြင့် ဒုက္ကဋ်၊
(ဂ) ဂရုပါဝုရဏသိက္ခာပုဒ်ဖြင့် နိဿဂ်ိပ်စိတ်၊
(ဃ) ပဉ္စာပုစ္ဆနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

၇။ ရဟန်း၏လည်းကောင်း၊ ဘိက္ခုနီ၏လည်းကောင်း ဉာတကပဝါရိတမဟုတ်သော လူတို့၏အထံ၌ ရဟန်း၏ ဂုဏ်ကျေးဇူးကို ထင်ရှားပြ၍ အရှင်အားလျှူပါ။ အရှင်အတွက် ပြုလုပ်ပါဟု ဘိက္ခုနီမသည် စီမံအပ်သောဆွမ်းကို ဘိက္ခုပါရိပါစိတ်ဆွမ်းဟု ခေါ်ပါသည်။

ဘုတ္တာဝီအဓိပ္ပါယ်

ဘောဇဉ်ငါးမျိုးတို့၏ မုံညင်းစေ့ပမာဏရှိသော ဘောဇဉ်ကို စားပြီးသောရဟန်းကို ဘုတ္တာဝီဟုခေါ်ပါသည်။

၈။ **နာသနအပြားနှင့် အဓိပ္ပါယ်**

အာပတ်ကို မရှုခြင်း၊ မကုစားခြင်း၊ မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ခြင်းသည် သံဝါသနာသနမည်၏။

"ဤသင်္ကန်းသည် နာသေတမ္မော မေတ္တိယဿ ဘိက္ခုနိ နာသေထ" ဟူသော အသွင်ကိုဖျက်၍ လူထွက်စေခြင်းသည် လိင်္ဂနာသနမည်၏။

ယနေ့မှစ၍ မြတ်စွာဘုရားကို ဆရာဟု မည်သွန်သင့်ဟု ဒဏ်ပေးခြင်းဖြင့် ဖျက်ဆီးခြင်းသည် ဒဏ္ဍကမ္မနာသနမည်၏။

ယူရမည့် နာသန– ဒဏ္ဍကမ္မနာသနကို ယူရပါသည်။

၉။ အနာပတ်သီးကိုတပ်၍ အလျားအနားပင်စွန်းဖြင့် လည်ပင်းကို ဖုံးလွှမ်းပြီး အနားနှစ်ဖက်တို့ကို အညီအမျှပြု၍ လိမ့်ကာ လက်ဘောင်ဝတ်တိုင်အောင် ဖုံးလွှမ်း၍ သွားခြင်းမျိုးကို "သုပ္ပဋိစ္ဆန္န" သွားခြင်းဟု ခေါ်ပါသည်။

လည်မျိုတွင်းမှ ဦးခေါင်းကိုလည်းကောင်း၊ လက်ဘောင်ဝတ်မှ အပြင်လက်ဝဲကို လည်းကောင်း ခြေသလုံးကြွက်သားမှစ၍ ခြေထောက်တို့ကိုလည်းကောင်း ဖွင့်ပြီး ကြွင်းသောတကိုယ်လုံးကို ဖုံး၍ သုပ္ပဋိစ္ဆန္နဖြစ်အောင် ထိုင်ရပါမည်။

၁၀။ "ဘန္တေ အယျေ" စသည်တို့၏ အစွမ်းအားဖြင့် သဒ္ဒါအသုံးအနှုံးမျှသာလည်းကောင်း၊ လိင်အထူးမျှသာလည်းကောင်း ထူးပါသည်။

ဆန္နအရ – မေထုနရာဂနှင့်ယှဉ်သော ဆန္နကိုယူရပါသည်။

http://www.dhammadownload.com

ပါရာဇိကကျ/မကျ

မေထုနရာဂပဋိသံယုတ္တဆန္ဒမရှိခဲ့လျှင် ဗလက္ကာရဖြင့် ဖျက်ဆီးခံရသော ဘိက္ခုနီမများ ပါရာဇိကမကျပါ။

၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ (၂၆- ၃-၂၀၁၂) တနလာနေ့။

၁။ (က) ဘိက္ခုပါတိမောက် ဝိဘာရကာရသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သုဒ္ဓပါစိတ်လာ သိက္ခာပုဒ်။
(ခ) ဘိက္ခုနီမတစ်ဦးတည်း သွား၊ နေထိုင်၊ ချန်၊ မပြုရန် ပညတ်ထားသော သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။-

၂။ (က) မဟာပေသကာရဃက်ကန်းသည်ကြီး အထံ၌ သင်္ကန်းကောင်းကိုလိုသော ရဟန်း၏ အလွန်စီမံပုံပြပါဦ။
(ခ) စိတ္တာဂါရဝဂ်လာ ဘိက္ခုနီမသည် သွား၍ကြည့်က အပြစ်ရမည့်နေရာများကို ပြသော သိက္ခာပုဒ်တို့ကို အနက်ရေးသားခဲ့ပါ။

၃။ ပတ္တကလ္လတို့တွင် ဥပေါသထ၊ ဘိက္ခု၊ ကမ္မ- အရတို့ကို ကျမ်းရင်းအနက်နှင့်အညီ ဖြေဆို၍၊ အဘယ်စိတ်ဖြင့် အဘယ်ပုဂ္ဂိုလ်ကို/၏ အဘယ်တို့ကို ပြုမူခြင်းကြောင့် မနာဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် အပြစ်သင့်ရသည်ကို ဖြေဆိုပြီး၊ ကာယသံသဂ္ဂသိက္ခာပုဒ်၌ ကာယသံသဂ္ဂ ပြုမူပုံကိုလည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၄။ အပြစ်ကင်းသော သိုးမွေးအခင်းသစ်တစ်ထည်ကို ပြုစီမံပြ၍၊ ကမ္ဘာကြီး ပူနွေးလာပြီ ဖြစ်ရာ ဥဏှသမယ၊ ပရိဠာဟသမယကာလတို့ကို ဝိနယဒေသနာအမြင်ဖြင့် တိကျစွာ ကောက်ပြပြီး၊ ဝိနည်းဖြစ်ပါလျက် ဝိနယသဒ္ဒါမပါသော အဓိကရဏ်ငြိမ်းအေးကြောင်း ဥပဒေတို့ကို အဓိပ္ပါယ်ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

၅။ ဥက္ခိတ္တာနုဝတ္တိကာဘိက္ခုနီဟူသည် အဘယ်သို့သော ဘိက္ခုနီဖြစ်သည်ကို ကျမ်းရင်းနှင့်အညီ ဖြေဆိုပြီး၊ (က) ဘိက္ခုနီမသည် တရားရုံး၌ တရားရင်ဆိုင် မပြုင်ကောင်းသော

http://www.dhammadownload.com

ပုဂ္ဂိုလ်များကိုလည်းကောင်း၊ (ခ) ထိုပုဂ္ဂိုလ်များနှင့် တရားပြိုင်မိသော် ဘိက္ခုနီအတွက် အပြစ်ကင်းရန် ကုစားပုံကိုလည်းကောင်း မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၆။ သံယိကပရိက္ခာရ, မဟာဇနိကပရိက္ခာရ, ပုဂ္ဂလိကပရိက္ခာရအရတို့ကို နိဿဂ္ဂိနှင့်အညီ ကောက်ပြပြီး၊ ဒုတိယိကဥယျောဇန သိက္ခာပုဒ်၌ အပြစ်သင့်ရောက်နိုင်သော နေရာများကို ပါဠိ + မြန်မာ တွဲစပ်ဖြေဆို၍ အိမ်ထောင်သည်ဖြစ်ဘူးသော ဘိက္ခုနီပြုလိုသော သိက္ခမာန် အတွက် အင်္ဂါရပ်များကို ဖြေဆိုခဲ့ပါ။

၇။ သိမ်အောင်မြင်ကြောင်း နိမိတ်တို့တွင် ဝနနိမိတ် - အရကိုလည်းကောင်း၊ ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်လာ သမုဒါစရေယျ - ပါဠိဖြင့် ပြောဆိုပုံ သဘောအဓိပ္ပါယ်ကိုလည်းကောင်း ကခ်ီနှင့်အညီ ဖြေဆိုခဲ့ပါ။

၈။ ဣတ္ထိယာ ဝါ ပုရိသမတိ ပုရိသဿ ဝါ ဣတ္ထိယမတိ - ၌ ပုရိသဿ ဝါ ဣတ္ထိယမတိ - ၏ ဆိုလိုရင်း အဓိပ္ပါယ်နှင့် သမဂ္ဂဿ သံဃဿ - ၌ စိတ်နှင့်လည်းကောင်း ကိုယ်နှင့်လည်းကောင်း မကင်းသောသံဃာဟု ဖွင့်ဆိုရာ အဘယ့်ကြောင့် စိတ်နှင့်မကင်းသည် ကိုယ်နှင့်မကင်းသည် ဖြစ်ရသည်ကို ကခ်ီနှင့်အညီ ဖြေဆိုပါ။

၉။ နိဋ္ဌိတစီဝရသ္မိ - ၌ သင်္ကန်းကိစ္စ ပြီးစီးခြင်းဟူသည် အဘယ်သို့ဖြစ်သည်ကိုလည်းကောင်း၊ သုတ္တဝိဉ္ဇတ္တိသိက္ခာပုဒ်၌ နိဿဂ္ဂိယံ - ဝယ် အာပတ်သင့်ပုံ အဆင့်ဆင့်ကိုလည်းကောင်း ကခ်ီအာဘော်ကျ ဖြေဆိုခဲ့ပါ။

၁၀။ ဒုတိယသဟသေယျသိက္ခာပုဒ်၌ ပါစိတ်မလောက်သဖြင့် ဒုက္ကဋ်သာ ဖြစ်နိုင်သော ဝတ္ထု တို့ကိုလည်းကောင်း၊ ကဏ္ဏာပ္ပဋိဿဒိသင်္ကန်းဟူသည် အဘယ်သင်္ကန်းမျိုး ဖြစ်သည်ကို လည်းကောင်း ကခ်ီနှင့်အညီ ဖြေဆိုပြပါ။

၇။ ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း (အဖြေ)
ပထမကြိမ်တန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) မဟာလွကဝိဟာရသိက္ခာပုဒ်၊
(ခ) ဧကဂါမန္တရဂမနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

http://www.dhammadownload.com

၂။ (က) ဣဒံ ခေါ် အာဝုသော ။ပ။ အနုပဒဇ္ဈေယျာမ– အထိ၊
(ခ) ရာဇာဂါရသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

၃။ **ဥပေါသထအရ–** စာတုဒ္ဒသီဥပုသ်၊ ပန္နရသီဥပုသ်၊ သာမဂ္ဂီဥပုသ်နေ့တို့တွင် တစ်နေ့နေ့ကို ယူရပါသည်။
ဘိက္ခုအရ– အနည်းဆုံး ပကတတ်ရဟန်းလေးပါးကို ယူရပါသည်။
ကမ္မအရ– သုတ္တာဒ္ဒေသသံဃဥပုသ်ကံကို ယူရပါသည်။
သတ္တဝါဟုသိသော သညာနှင့်တကွ သေစေလိုသောစိတ်ဖြင့် လူဇာတ်ရှိသော ပုဂ္ဂိုလ်ကို ဇီဝိတိန္ဒြေမှခွင်းခြင်း၊ သေချင်သူအလွယ်ရအောင် လက်နက်ရှာ၍ ပို့ထားခြင်း၊ သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်း၊ သေဖို့ရာနည်းလမ်းကို ပြခြင်းတို့ကို ပြုမူခြင်းကြောင့် မနုဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် အပြစ်သင့်ရပါသည်။

ပြုမူပုံများ

ကိုယ်လက်နှိုးနှောခြင်းသို့ ရောက်ခြင်း၊
လက်ကိုကိုင်ခြင်း၊
ဆံထုံးကိုကိုင်ခြင်း၊
တစ်ပါးပါးသော အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်းတို့ဖြစ်ပါသည်။

၄။ **ပြုစီမံပုံ**

အပြစ်ကင်းသော သိုးမွေးတစ်ထည်ကို ပြုလိုလျှင် သိုးမွေးအနက်နှစ်ဖို့၊ ဖြူသော သိုးမွေးတစ်ဖို့၊ ကြောင်သောသိုးမွေးတစ်ဖို့ ပါဝင်စေလျက် ပြုလုပ်ရပါမည်။
ဥဏ္ဍသမယ– နယုန်လဆန်းတစ်ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ၁–လခွဲ။
ပရိဉ္ဉာဟသမယ– ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိ ၁–လ။

အဓိကရဏ်းငြိမ်းအေးကြောင်း ဥပဒေများ

ဝန်ခံခြင်းအား လျော်စွာပြုခြင်း ဆုံးဖြတ်ခြင်းသည် ပဋိညာတကရဏသမထမည်၏။
များရာသို့လိုက်၍ ပြုထိုက်သောအမူအရာသည် ယေဘုယျသိကာသမထမည်၏။
အထူးယုတ်မာသောရဟန်းအား ပြုထိုက်သောအမူအရာသည် တဿပါပိသိကာသမထမည်၏။
ဥတ်တို့ဖြင့် ဖုံးထားအပ်သော ကျင်ကြီးကျင်ငယ်နှင့်တူသောကြောင့် တိဏဝတ္ထာရကသမထမည်၏။

http://www.dhammadownload.com

၅။ နင်ထုတ်ထားသော ဥက္ခိတ္တကရဟန်း၏ အယူဝါဒကို ယူသောအားဖြင့် နောက်လိုက်လုပ်သော ရဟန်းမကို ဥက္ခိတ္တာနဝတ္တိကဘိက္ခုနီဟု ခေါ်ပါသည်။

(က) သူကြွယ်၊ သူကြွယ်၏သား၊ ကျွန်၊ ကျွန်အမှုလုပ်သူ၊ ပရိဗိုဇ်ရဟန်းတို့ဖြစ်ပါသည်။

(ခ) ဘိက္ခုကဲ့သို့ ပရိဝတ်မနေဘဲ ဥဘတောသံဃာ၌ တပက္ခ ၁၅-ရက်ပတ်လုံး မာနတ်ကျင့်ရခြင်း၊

မာနတ်ကျင့်ပြီးသော် နှစ်ကျိပ်ဂိုဏ်းရှိသော ဘိက္ခုနီသံဃာ၌ အဗ္ဘာန်သွင်းရခြင်းတို့ဖြစ်ပါသည်။

၆။ သံယိကပရိက္ခာရ - ဘိက္ခုနီသံဃား စွန့်လွှုအပ်သော အပ်စပ်သောဘဏ္ဍာကို ရပါသည်။

မဟာဇနိကပရိက္ခာရ- ဘိက္ခုနီဂိုဏ်းအား စွန့်လွှုအပ်သော ပရိက္ခရာကို ရပါသည်။

ပဂ္ဂလိကပရိက္ခာရ- ဘိက္ခုနီတစ်ပါးအား စွန့်လွှုအပ်သော ပရိက္ခရာကို ရပါသည်။

အပြစ်သင့်ရောက်နိုင်သောနေရာများ

ရထိကာယ- ရထားသွားလောက်ထုတ်ချင်းပေါက်သောလမ်းနေရာ၊

ဗျူဟ- ထုတ်ချင်းမပေါက်သောလမ်းနေရာ၊

သိယ်ဉက- လမ်းဆုံလမ်းခွနေရာ၊

အင်္ဂါရုပ်များ

မွေးဖွားသည်မှစ၍ ၁၂-နှစ်ပြည့်ခြင်း၊ ၂-နှစ်တိတိ သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ရခြင်း၊ သံဃာထံမှ ဥဒ္ဒါနသမ္မုတိကို ရခြင်းတို့ဖြစ်ပါသည်။

၇။ **ဝနနိမိတ်အရ**

အတွင်း၌ အနှစ်ရှိသောသစ်ပင်, အတွင်း၌ အနှစ်ရှိသောသစ်ပင်တို့နှင့် ရောနှောသော သစ်ပင်, ၄-ပင်, ၅-ပင်မျှရှိသော သစ်တောကိုပါသည်။

ပြောဆိုပုံ အဓိပ္ပါယ်

ဥတ္တရိမနုဿဓမ္မကို မိမိ၌ဆောင်ကပ်သည်ကိုပြု၍ ကိုယ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်နှုတ်နှစ်ပါးစုံဖြင့်သော်လည်းကောင်း နားလည်သော လူဇာတ်ရှိသောသူအား ပြောဆိုခြင်းဖြစ်ပါသည်။

၈။ **ဆိုလိုရင်းအဓိပ္ပါယ်**

မိန်းမ၏အလိုကို ယောကျ်ားအားပြောကြားသောရဟန်းသည် ထိုယောကျ်ားကို အမြဲ

http://www.dhammadownload.com

လင် ဖြစ်စေလိုသောကြောင့်လည်းကောင်း, ခဏလင် ဖြစ်စေလိုသောကြောင့်လည်း ကောင်း ပြောကြားခြင်းဖြစ်၏။ ဤသို့အဓိပ္ပါယ် ရပါသည်။

စိတ်နှင့်မကင်းသည် ကိုယ်နှင့်မကင်းသည်ဖြစ်ရပုံ

တူသောသံဝါသရှိသော သံဃာသည် တူသောစိတ်ရှိသောကြောင့် စိတ်နှင့်မကင်း သည် ဖြစ်ရပါသည်။ တစ်သိမ်ထည်း၌ တည်သောသံဃာသည် ကိုယ်အားဖြင့် ညီညွတ်မှု ကို ပေးခြင်းကြောင့် ကိုယ်နှင့်မကင်းဖြစ်ရပါသည်။

၉။ အပ်ချုပ်မှုပြီးဆုံးခြင်းဖြင့်သော်လည်းကောင်း၊ ပျောက်ခြင်း, ပျက်ခြင်း, မီးလောင် ခြင်း, သင်္ကန်း၌ဖြစ်သော အာသာပြတ်စဲခြင်း ဤလေးမျိုးတို့တွင် တစ်မျိုးမျိုးသော အခြင်း အရာ ဖြင့်သော်လည်းကောင်း သင်္ကန်းပြီးဆုံးခြင်းကို "နိဋ္ဌိတစီဝရသို့" ဟုခေါ်ပါသည်။

အာပတ်သင့်ပုံ အဆင့်ဆင့်

သင်္ကန်းယက်ခြင်းအကျိုးငှါ လိပ်ကိုပြင်ဆင်ခြင်း, လက်ခတ်ကို ပြင်ဆင်ခြင်းစသော ယက်ကန်းသည်တို့၏ လုံ့လပယောဂတိုင်း၌ ဒုက္ကဋ်အာပတ်သင့်ပါသည်။

ရလာလျှင်ကား နိဿဂ္ဂိယပါစိတ်အာပတ်သင့်ပါသည်။

၁၀။ မျက်စိဖြင့်မြင်အပ်သော ရုပ်သွင်သဏ္ဌာန်ရှိကုန်သော (လူယောင်ဆောင်ထား ကုန်သော) ဘီးလူးမ, ပြိတ္တာမ, ပဏ္ဍာတ်, မေထုနဝတ္ထုဖြစ်သော တိရစ္ဆာန်မတို့ ဖြစ်ပါသည်။

ကဏ္ဏာပ္ပဋိစ္ဆာဒိကသင်္ကန်း

ချက်အောက် ပုဆစ်ဒူးဝန်း ၂-ဘက်အထက်၌ပေါက်သော ယားနာ, သွေးစုနာ, အ ရည်ယိုသောအနာ, အိုင်းအနာ-တို့ကို ဖုံးလွှမ်းခြင်းအကျိုးငှါ ခွင့်ပြုတော်မူအပ်သော သင်္ကန်းကို "ကဏ္ဏာပ္ပဋိစ္ဆာဒိကသင်္ကန်း" ဟုခေါ်ပါသည်။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ (၂၆-၃-၂၀၁၂) တနလာနေ့။

၁။ အသာဓာရဏသိက္ခာပုဒ်တို့တွင်-
(က) သံဃာဒိသေသ် အာပတ်လေးချက် တစ်ပြိုင်နက် သင့်နိုင်သော သံဃာဒိသေသ် သိက္ခာပုဒ်၊
(ခ) ယာဝတတိယက သုဒ္ဓပါစိတ်အာပတ် ပြသော သိက္ခာပုဒ်တို့ကို ပါဠိရေးပြပါ။

http://www.dhammadownload.com

၂။ (က) ရဟန်းတော်များ သိလျက် ပြုလျှင်/ ဘုဉ်းပေးလျှင် အာပတ်သင့်၏ စသည်ဖြင့် ပညတ်ထားသော သိက္ခာပုဒ်များမှ အလယ်ပုဒ်၊
(ခ) ရဟန်းမအတွက်သာ ခွင့်ပြုသော သင်္ကန်းနှင့်စပ်၍ ပညတ်ထားသော သိက္ခာပုဒ်တို့ကို အနက်ရေးပြပါ။

၃။ (က) အဘယ်ကို "ပဒီပ"ဟု ခေါ်သည်ကို ရှင်းပြ၍၊
(ခ) အပျို့နှင့် အအိုတို့ ဘိက္ခုနီမ ဖြစ်ဖို့ရန် လိုအပ်သော အသက် အပိုင်းအခြားတို့ကို အထောက်ပြ ဖော်ပြပါ။

၄။ အောက်ပါ ဘိက္ခု/ ဘိက္ခုနီတို့အား အပြစ်ရှိ/မရှိ သိက္ခာပုဒ် အမည်ပြ၍ ဆုံးဖြတ်ပါ။
(က) သူတစ်ပါးကို ခလုတ်ဖွင့်ခိုင်း၍ ရုပ်မြင်သံကြား ကြည့်သောသူ၊
(ခ) ဆိတ်ကွယ်ရာ၌ လိင်မတူသော လူနှင့် နှစ်ယောက်တည်း နေသောသူ၊
(ဂ) တစ်ဆယ့်နှစ်တောင် အတွင်းသာ ကြားလောက်ရုံ စကားပြောသောသူ၊
(ဃ) မျောက်ဆက်ကပ်သော ငှက်ပျောသီးကို စားသော ရဟန်း၊
(င) သံဃာ့ထံ ဥပုသ်မေးသွားသော ရဟန်းမ။

၅။ (က) ရဟန်းတော်များ လူ, သာမဏေတို့အား မပြောကြားသင့်သောအရာ၊
(ခ) အဝသုတ ဖြစ်ကြသော ယောကျ်ားနှင့် ရဟန်းမတို့ မကိုင်တွယ်အပ်သော အရာတို့ကို ဖော်ပြပါ။

၆။ ကျောင်းကြီးဆောက်လိုသော ဆရာတော်များ အပြစ်ကြီး အပြစ်ငယ်တို့မှ လွတ်ရန် ပြုလုပ်ဖွယ်တို့နှင့်၊ ဘိက္ခုနီမများ ဝါကျွတ်ပြီးနောက် ပြုလုပ်ဖွယ်တို့ကို ရေးသားပါ။

၇။ အရှက်မရှိ၍ အာပတ်သင့်ရာ၌ အရှက်မရှိပုံကို ဖြေပြီး၊ ဝါကျွတ်ခါနီးမှ ဝတ်သော ရဟန်းသစ်သည် ကထိန်အနုမောဒနာ ပြုသော်၊ ကထိန်အာနိသင် ရ/မရနှင့်၊ ငှင်းရဟန်းကို အဘယ်သို့ ခေါ်သည်ကို ဖြေဆိုပါ။

၈။ ရဟန်းတို့ ငြင်းပယ်အပ်သော သင်္ကန်းဖိုးကို ပြည့်စုံစွာ ဖော်ပြ၍၊ သတ္တာဟကာလိကကို အကပ်ိယကုဋ္ဌိ၌ ထားသင့်ဟုဆိုရာ အဘယ်ကို အကပ်ိယကုဋ္ဌိဟု ခေါ်ပါသနည်း ဖြေပါ။

၉။ ဘိက္ခုနီမသည် (က)မေထုန်မှီဝဲရာ၊ (ခ)မေထုန်မှီဝဲခံရရာ၌ ပါရာဇိကဟု ဆုံးဖြတ်နိုင်သော

http://www.dhammadownload.com

မှီဝဲခြင်းတို့ကို ခွဲခြား ဖြေဆို၍၊ အဘယ်သို့သော သင်္ကန်းသည် ရည်ရွယ်၍ လှူအပ်သော သင်္ကန်းဖြစ်ပါသနည်း ဖြေဆိုပါ။

၁၀။ စပါးအစိမ်းကို တောင်းစားရာ၌ အာပတ်သင့်ပုံ အဆင့်ဆင့်ကိုဖြေဆိုပြီး၊ ဥပဇ္ဈာယ်မကို အစဉ်လိုက်၍ မလုပ်ကျွေးပုံကိုလည်း ဖြေပါ။

၈။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဇကဂါမန္တရဂမနသိက္ခာပုဒ်၊
(ခ) သံသဋ္ဌသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ (က) ဥက္ကောဋနသိက္ခာပုဒ်၊
(ခ) အာဝသထစီဝရသိက္ခာပုဒ်၊ အသံကစ္စိကာသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

၃။ (က) ဆီမီးကို ဥပလက္ခဏနည်းအားဖြင့် မှတ်၍ ပြခြင်းဖြစ်သောကြောင့် အရောင်အလင်း အားလုံးကိုပင် ပဒီပ-ဟု ခေါ်သည်။
(ခ) အပျိုစင်များမှာ ပဌမ, ဒုတိယ, တတိယ ကုမာရီဘူတသိက္ခာပုဒ်တို့ကို ထောက်၍ အသက် ၂၀-ပြည့်မှ ဘိက္ခုနီမ ပြုခွင့်ရှိသည်။
အအိုများမှာ ပဌမ, ဒုတိယ, တတိယဂိဟိဂတသိက္ခာပုဒ်တို့ကို ထောက်၍ ၁၂-ပြည့် လျှင် ဘိက္ခုနီမ ပြုခွင့်ရှိသည်။

၄။ (က) နစ္စဂီတသိက္ခာပုဒ်အရ အပြစ်ရှိသည်။
(ခ) ရဟောနိသဇ္ဇသိက္ခာပုဒ်အရ အပြစ်ရှိသည်။
(ဂ) အပ္ပသဒ္ဒသိက္ခာပုဒ်အရ အပြစ်မရှိပါ။
(ဃ) ဒန္တပေါဏသိက္ခာပုဒ်အရ အပြစ်မရှိပါ။
(င) ဩဝါဒူပသက်္ကမနသိက္ခာပုဒ်အရ အပြစ်မရှိပါ။

၅။ (က) ဥတ္တရိမနုဿဓမ္မ၊ ရဟန်းတစ်ပါး၏ ရုန့်ရင်းသောအာပတ်၊
(ခ) ညှပ်ရိုးနှစ်ဖက်၏အောက် ပုဆစ်ဒူးဝန်း ၂-ဖက်၏အထက်၊
လက်, သင်္ကန်း၏ အနားစွန်း။

http://www.dhammadownload.com

မှတ်ချက်။ ။ပုစ္ဆာအနေအထားအရ သိက္ခာပုဒ်ပါဦရှိသည့်အတိုင်း ဖြေဆိုလိုက်သည်၊ စင်စစ်ကား ခန္ဓာကိုယ်တစ်ခုလုံးကိုပင် မကိုင်တွယ်အပ်ပါ။

၆။ **ပြုလုပ်ဖွယ်ရာများ**- ကျောင်းနေရာ ကြားဇစခြင်းငှါ ရဟန်းတို့ကို ပင့်ဖိတ်ရမည်။ (ပင့်ဖိတ်သောရဟန်းတို့သည် အနာရဏ္ဍ, သပရိက္ကာမနဖြစ်သော ကျောင်းနေရာကို ညွှန်ပြရမည်၊)

ကျောင်းဆောက်မည့်ရဟန်းသည် ထိုရဟန်းတို့ ညွှန်ပြအပ်သော အနာရဏ္ဍ, သပရိက္ကာမနဖြစ်သောအရပ်၌ ကျောင်းဆောက်ရမည်။

ဘိက္ခုနီမတို့၏ ပြုလုပ်ဖွယ်ရာများ

အောက်ထစ်ဆုံးအားဖြင့် ၆-ယူဇနာ ၅-ယူဇနာတိုင်အောင် ခရီးသွားရခြင်း၊ ဥဘတောသံဃာ၌ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းတို့ဖြင့် ဖိတ်မန်ရခြင်းတို့ဖြစ်သည်။

၇။ **အရှက်မရှိပုံ**

မအပ်သည်၏အဖြစ်ကို သိလျက်ပင် နင်းခြေ၍ ကျူးလွန်မှုကို ပြုခြင်းသည် အရှက်မရှိသည်မည်၏။

ကထိန်အာနိသင်ရ/မရ- မရပါ။ ဂဏပူရဏာရဟန်းဟုခေါ်သည်။

၈။ **သင်္ကန်းဖိုး**

သုဝဏ္ဏ, ရဇတ, ကဟာပဏ, မာသက-ဟုဆိုအပ်သော နိဿဂ္ဂိယဝတ္ထု။ မုတ္တာ, မဏိ, ဝေဠုရိယ-စသော ဒုက္ကဋဝတ္ထုတို့ဖြစ်ပါသည်။

အကပ္ပိယကုဋိ

သံဃာ၏ဥစ္စာ, ရဟန်း၏ ဥစ္စာဖြစ်သော နေဖို့အတွက် ပြုအပ်သော ကျောင်းသည် အကပ္ပိယကုဋိမည်၏။

၉။ (က) မိမိ၏ မဂ် ၃-ပါးတို့တွင် တစ်ပါးပါး၏ ပကတိလေ မတွေ့ထိအပ်သော စိုသောအရပ်၌ အောက်ထစ်ဆုံး နှမ်းစေ့မျှသောအရပ်ကို ရာဂရှိလျက် သွင်းစေပါက ပါရာဇိကာပတ်ဟု ဆုံးဖြတ်နိုင်သည်။

(ခ) မေထုန်မှီဝဲခံရရာ၌ သူတစ်ပါး၏ သွင်းခြင်း, ဝင်ခြင်း, ရပ်တန့်ခြင်း, နှုတ်ခြင်းတို့တွင် တစ်ပါးပါးကို သာယာပါက ပါရာဇိကဟု ဆုံးဖြတ်နိုင်သည်။

http://www.dhammadownload.com

ရည်ရွယ်၍ လှူအပ်သောသင်္ကန်း

လာလာသမျှပုဂ္ဂိုလ်တို့ ဝေဘန်ပါကုန်ဟု ဆို၍လည်းကောင်း၊ ဤသင်္ကန်းကို ဝိုင်းအားလှူပါ၏။ ဤသင်္ကန်းကို အရှင်ဘုရားအား လှူပါ၏ဟု ဆို၍လည်းကောင်း လှူလိုသည့်အတွက် ခြေရင်း၌ ထား၍သော်လည်းကောင်း၊ လှူအပ်သောသင်္ကန်းသည် "ရည်ရွယ်၍ လှူအပ်သောသင်္ကန်း"မည်၏။

၁၀။ အာပတ်သင့်ပုံ အဆင့်ဆင့်

တောင်းမှုနှင့်စားမှုသာ လိုရင်းဖြစ်သောကြောင့် ကိုယ်ကိုင်တောင်း၍ အခြားသူကို လှော်ခြင်းစသည်တို့ကို ပြုစေ၍လည်းကောင်း၊ အခြားသူကို တောင်းစေ၍ ကိုယ်တိုင် လှော်ခြင်းစသည်တို့ကို ပြု၍လည်းကောင်း ခံယူရာအခါမှစ၍ သွားတို့ဖြင့် ခဲစားသည့်တိုင်အောင် ရှေ့ပယောဂတို့၌ ဒုက္ကဋ်အာပတ်သင့်၍ စားမျိုကိုင်း စားမျိုတိုင်း ပါစိတ်အာပတ်သင့်သည်။

မလုပ်ကျေးပုံ

ဆပ်ပြာမှုန့်ဖြင့်လည်းကောင်း, မြေညက်ဖြင့်လည်းကောင်း, တံပူဖြင့်လည်းကောင်း, မျက်နှာသစ်ရေဖြင့်လည်းကောင်း ဤသို့ ထိုထိုပြုဖွယ်ဖြင့် မလုပ်ကျေးမှုကို ဆိုလိုသည်။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မကွေးတိုင်းဒေသကြီး)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း(၄)ရက်၊ (၂၆- ၃-၂၀၁၂) တနလာနေ့။

၁။ ရဟန်းတို့သည် သိက္ခာပုဒ်ဖြင့် ပြောဆို ဆုံးမအပ်သည်ရှိသော် " နံ တာဝါဟံ" စသော စကားကို ပြောဆိုသော ရဟန်းအား အပြစ်သင့်ပုံပြု သိက္ခာပဒပါဠိကို ရေးခဲ့ပါ။

၂။ ရဟန်းမနှင့် သင်္ကန်းချင်း လဲလှယ်ပြီးနောက် "ဟန္ဒာယျော တုယ္ဟံ စီဝရံ" စသော စကားကို ပြောဆို၍ လုယက်သော ရဟန်းမအား အပြစ်သင့်ပုံပြု သိက္ခာပဒ ပါဠိကို အနက်ပေးခဲ့ပါ။

၃။ ရဟန်းကောင်းတို့က ဘေဒါနဝတ္ထုက ရဟန်းတို့အား ပြောဆိုပုံပါဠိကို မြန်မာပြန်ဆိုပြီး၊ ရဟန်း၏ ဝှက်မထားကောင်းသော ဥစ္စာတို့ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။

http://www.dhammadownload.com

၄။ "ဂါမန္တရဗွိ အညတြ သမယာ"၌ သမယအရာကို ဖြေဆိုပြီး၊ လက်ဆောင်ပေးရန် ရိက္ခာ ပြုရန် စီမံအပ်သော ပူဝ, မန္ထ-တို့ဖြင့် ဖိတ်မန်ရာ၌ (က) ခံယူနိုင်သည့် အရေအတွက်၊ (ခ) ခံယူပြီးနောက် ပြုလုပ်ရမည့် ကိစ္စတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ သေခိယလာ ဂိလာနမဟုတ်သော ရဟန်းတော်တို့ မိမိအကျိုးငှါ တောင်းမစားကောင်း သောအရာနှင့် ပါဠိဒေသနီယလာ ဂိလာနမဟုတ်သော ရဟန်းမတို့ တောင်းမစားကောင်း သော အရာတို့ကို ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၆။ အောက်ပါရဟန်း/ရဟန်းမတို့အား သင့်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ ဖော်ပြပါ။
(က) သိုးမွေးအမည်းချည်း အခင်းပြုသောရဟန်း၊
(ခ) ပမာဏထက်ကျော်လွန်၍ နိသီဒိုင်ပြုသောရဟန်း၊
(ဂ) လျှာထုတ်၍ ဆွမ်းဘဉ်းပေးသောရဟန်း၊
(ဃ) ချည်ငင်သောရဟန်းမ၊
(င) တစ်ယောက်တည်း အခြားတစ်ရွာသို့ သွားသောရဟန်းမ။

၇။ ကံနှင့်စပ်၍ သမ္မုတိသံဃာအပြားကို ရေတွက်ပြီး၊ ဥ ဟ္တိဒေါသတို့ကိုလည်း ဖော်ပြခဲ့ပါ။

၈။ ဖခင်၏ စကားဖြင့် သွား၍ ကွာရှင်းပြီးသောမိခင်ကို ဖခင်အားပြုစုလုပ်ကျွေးရန် ပြောဆိုပြီး ပြန်မဆောင်သော ရဟန်းအား အဘယ်အာပတ်သင့်သည်ကို ဖြေဆိုပြီး၊ ပုရာဏစီဝရ-အရ အဘယ်သင်္ကန်းမျိုးကို သင်္ကန်းအဟောင်းဟု ခေါ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

၉။ ဘူတာရောစန သိက္ခာပုဒ်လာ အာပတ်မှ ကင်းလွတ်ခွင့် ရှိသောပုဂ္ဂိုလ်တို့၌ အဘယ်ကြောင့် ဥမ္မတ္တက စသည်ကို မယူရသည်ကို ဖြေဆို၍၊ ပဝါရိသ်သင့်ခြင်း၏ အကြောင်းအင်္ဂါတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ ကာယသံသဂ္ဂရာဂ မရှိသောယောကျ်ား၏ ပါရာဇိကခေတ်၌ သုံးသပ်သည်ကို သာယာသော ရဟန်းမအား အဘယ်အာပတ်သင့်သည်ကို ဖြေဆို၍၊ ပသာခေ ဇာတ်-၌ ပသာခ-အရကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၉။ မကွေးတိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (သဟမွိကသိက္ခာပုဒ်ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (စီဝရပရိဝတ္တနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **ရဟန်းကောင်းတို့က ပြောဆိုပုံ**

အရှင်တို့ ဤသို့မပြောကြကုန်လင့်၊ ဤရဟန်းသည် ဓမ္မဝါဒီ, ဝိနယဝါဒီရဟန်း မဟုတ်၊ အရှင်တို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်လင့်၊ အရှင်တို့၏စိတ်သည် သံဃာနှင့် ညီညွတ်လော့၊ ညီညွတ်သောသံဃာသည် လွန်စွာဝမ်းမြောက်သည်, ဆန့်ကျင် ဘက်မပြောရသည် ပါတိမောက်အတူပြုခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏။

ရဟန်း၏ ဥစ္စာ

ပတ္တ- သပိတ်၊ စီဝရ- သင်္ကန်း၊ နိသီဒန- နှိသီဒိုင်၊ ကာယဗန္ဓန- ခါးပန်းကြိုး၊ သူစိယရ- အပ်ဗူး- တို့ဖြစ်ပါသည်။

၄။ ကုန်သည်နှင့်အတူတကွ သွားသောအခါ၊
လမ်းသည် ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သောအခါ၊
လမ်းသည် ဘေးဘျက်နှင့်တကွ ဖြစ်သောအခါတို့ဖြစ်ပါသည်။
(က) ၂- သပိတ်၊ ၃- သပိတ်၊
(ခ) ထိုခံယူရာအရပ်မှ ထုတ်ဆောင်၍ သံဃာနှင့်အတူတကွ သုံးဆောင်ရမည်။

၅။ **တောင်းမစားကောင်းသော အရာ-** ပဲဟင်း၊ ထမင်း
ရဟန်းမတို့ တောင်းမစားအပ်သောအရာ- (ကရင် ၆- ရှု)

၆။ (က) သုဒ္ဓကာဠကသိက္ခာပုဒ်ဖြင့် နိသဂ္ဂိယပါစိတ်၊
(ခ) နိသီဒနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) ဇိဂ္ဂါနိစ္ဆာရကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(ဃ) သုတ္တကန္တနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) ဧကဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ၊

၇။ စတုဝဂ္ဂသံဃာ၊ ပဉ္စဝဂ္ဂသံဃာ၊ ဒသဝဂ္ဂသံဃာ၊ ဝီသတိဝဂ္ဂသံဃာ၊ အတိရေက ဝီသတိဝဂ္ဂသံဃာ- တို့ ဖြစ်ပါသည်။

ဥတ္တိဒေါသ

ဝတ္ထုကို မသုံးသပ်ခြင်း၊ သံဃာကို မသုံးသပ်ခြင်း၊ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊ ဥတ်ကို မသုံးသပ်ခြင်း၊ ကမ္မဝါစာနောက်မှ ဥတ်ကိုထားခြင်းဟု ဥတ္တိဒေါသ ၅- ပါးရှိပါသည်။

http://www.dhammadownload.com

၈။ **သင့်သော အာပတ်-** ထုလ္လစ္စည်းအာပတ်၊

ပုရာဏစီဝရ

ဆိုးပြီး, ကပ္ပဗိန္နဲထိုးပြီး၍ တစ်ကြိမ်မျှဝတ်ရုံဘူးသော သင်္ကန်းသည်လည်းကောင်း, အောက်ထစ်ဆုံးအားဖြင့် သုံးစွဲသည့်အနေအားဖြင့် ပုခုံးဦးခေါင်းထိပ်၌ တင်၍ ခရီးသွားဖူးသောသင်္ကန်းသည်လည်းကောင်း၊

ခေါင်းအုံးပြုလုပ်၍ အိပ်ဖူးသော သင်္ကန်းသည်လည်းကောင်း ပုရာဏစီဝရ-သင်္ကန်းဟောင်းဟု ခေါ်သည်။

၉။ အရိယာပုဂ္ဂိုလ်တို့အား ရှုးသွပ်ခြင်းစသော အဖြစ်မရှိသောကြောင့်လည်းကောင်း, စျာန်ရဟုဂ္ဂိုလ်တို့သည် ရှုးသွပ်ခြင်းစသည်ဖြစ်လျှင် စျာန်မှ လျော်ကျသောကြောင့်လည်းကောင်း ဥမ္မတ္တကစသည်ကို မယူရ။

ပရိဝါသ်အင်္ဂ ၇

စားဆဲဖြစ်ခြင်း၊ ဘောဇဉ် ၅-ပါးတို့တွင် တစ်ပါးပါးဖြစ်ခြင်း၊ ဟတ္ထပါသ်၌ တည်ခြင်း၊ ရှေ့ရှုဆောင်ခြင်း၊ ပယ်မြစ်ခြင်းတို့ ဖြစ်ပါသည်။

၁၀။ **သင့်ရောက်သောအာပတ်-** ထုလ္လစ္စည်းအာပတ်သင့်သည်။

ပသာခအရ- (ကရင် ၉-ရှ)

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မန္တလေးတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက်၊ (၂၆- ၄-၂၀၁၂) တနလာနေ့။

၁။ အောက်ပါရဟန်း, ရဟန်းမတို့အား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးပါ။
(က) ရဟန်း၏ အနီး၌ သိက္ခာပုဒ်ကို ကဲ့ရဲ့သောရဟန်း။
(ခ) စပါးစိမ်းကို ကိုယ်တိုင် ချက်ပြုတ်၍ စားသောရဟန်းမ။

၂။ အောက်ပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။
(က) ရဟန်းတစ်ပါးကို ယုံမှားသံသယဖြစ်အောင် ပြောဆိုသောရဟန်း။
(ခ) မိမိတစ်ပါးတည်းသာ လှူအပ်သောပစ္စည်းမှ အခြားပစ္စည်းကို လဲစေသောရဟန်းမ။

http://www.dhammadownload.com

၃။ မိုးရေခဲသင်္ကန်း မရှာမီးရော, မဝတ်ရုံကောင်းရော ရက်, လမျှားနှင့်၊ ပူသောအခါ, အိုက်သော အခါဟု သတ်မှတ်ထားသော ရက်, လများကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

၄။ သပ္ပါဏာကဝဂ်၌ သိလျက်သားနှင့် လွန်ကျူးပါမှ သင့်ရောက်နိုင်သော သိက္ခာပုဒ်တို့၏ အမည်များကို ပြည့်စုံစွာ ဖော်ပြ၍၊ ရဟန်းသာမဏေများ ဆွမ်းခံယူရာ၌ လိုက်နာရမည့် ဝိနည်းစည်းကမ်းများကိုလည်း အစဉ်တကျ ဖော်ပြခဲ့ပါ။

၅။ ဥက္ခိတ္တာနုဝတ္တိကာရဟန်းမအား ရဟန်းကောင်းမတို့က ပြောဆိုဆုံးမရမည့် စကားရပ်နှင့်၊ နာမည်ပျက်ဖြင့် သီတင်းပုံ့နေသော ရဟန်းမတို့အား ပြောဆိုဆုံးမရမည့် စကားရပ်တို့ကိုလည်း ရေးသားခဲ့ပါ။

၆။ သံဃာကို မပန်ကြားဘဲ ရဟန်းမတစ်ဦးသည် ယောကျ်ားတစ်ဦးအား မိမိအနာနှင့် ပတ်သက်၍ ပြုလုပ်ခိုင်းရန် မသင့်သော ကိစ္စရပ်များကို ဖော်ပြ၍၊ ရဟန်းမဘောင်သို့ တက်ရောက်လိုသည့် အပျိုစင် သာမဏေမတို့အား ပြည့်စုံရမည့် အင်္ဂါအချက်အလက်တို့ကိုလည်း ရေးသားခဲ့ပါ။

၇။ စေတီတော် ဘက်စုံပြုပြင် မွမ်းမံဖို့ရန် ရွှေငွေအလှူခံသောရဟန်းအား နိဿဂ္ဂိယိစတ် အာပတ် သင့်/မသင့် အကြောင်းပြ ဖြေဆို၍၊ သေယျ ကပ္ပေယျ-၌ "သေယျ"၏ သရုပ်ကိုလည်း ပြည့်စုံစွာ ထုတ်ပြခဲ့ပါ။

၈။ နိသီဒိုင်ဟူသည် အဘယ်သို့သော ပရိက္ခရာ၏ အမည်ဖြစ်သည်ကို ကခ်ါနှင့်အညီ ဖြေဆို၍၊ ပရိမဏ္ဍလသိက္ခာပုဒ်ဖြင့် အပြစ်မှ ကင်းလွတ်ခွင့်ရသော ပုဂ္ဂိုလ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၉။ ဥက္ခိတ္တာနုဝတ္တိကာရဟန်းမ၏ အပြစ်သင့်ရောက်ရာအခါကို တိကျစွာ ဖော်ပြ၍၊ ဇောဂါမန္တရဂမနသိက္ခာပုဒ်၏ အနုပညတ်တို့ကို ထုတ်ပြပြီးလျှင်၊ ဘိက္ခုနီ နိဿဂ္ဂိယိစတ်၌ သာဓာရဏ, အသာဓာရဏသိက္ခာပုဒ်တို့ကို သချိုက်မျှ ထုတ်ပြခဲ့ပါ။

၁၀။ အမျိုး၌ ဝန်တိုခြင်းရှိသော ရဟန်းမအား အဘယ်သို့သော အင်္ဂါရပ်နှင့် ပြည့်စုံမှ အပြစ်သင့်ရောက်သည်ကို ဖြေဆို၍၊ ပါရိဝါသိကဆန္ဒဒါနေန-၌ "ပရိသပါရိဝါသိယ"မည်ပုံကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com

၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) (ဝိလေခန သိက္ခာပုဒ်ကို ပါဠိရေးပါ။)
(ခ) (အာမကဓညသိက္ခာပုဒ်ကို ပါဠိရေးပါ။)

၂။ (က) (သဟဓမ္မိကဝဂ်၊ သင်္ဃာဒိသေသ သိက္ခာပုဒ်၊)
(ခ) (ပုဂ္ဂလိက စေတာပန သိက္ခာတို့ကို အနက်ရေးလေ။)

၃။ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ လာမည့်နယုန်လပြည့်နေ့အထိ ၇-လသည် မိုးရေခံသင်္ကန်းကို မရှာမိုးရက်လမည်၏။

တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ နယုန်လကွယ်နေ့အထိ ၇-လခွဲသည် မိုးရေခံသင်္ကန်းကို မဝတ်ရုံကောင်းရာ ရက်,လမည်၏။

ပူသောအခါ,အိုက်သောအခါ- (ကရင် ၄-ရွှ)

၄။ သပ္ပါဏကသိက္ခာပုဒ်၊ ဥက္ကောဋနသိက္ခာပုဒ်၊ ဒုဋ္ဌုလ္လသိက္ခာပုဒ်၊ ဥိနဝီသတိဝဿသိက္ခာပုဒ်၊ ထေယျသတ္ထသိက္ခာပုဒ်၊ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၊ ကဏ္ဏက သိက္ခာပုဒ် တို့ဖြစ်ပါသည်။

စည်းကမ်းချက်များ

ဆွမ်းကို ရိုရိုသေသေခံယူရမည်၊
သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ခံယူရမည်၊
ဆွမ်း၏ လေးဖို့တစ်ဖို့မျှ ပဲဟင်းရှိရုံသာ ဆွမ်းကို ခံယူရမည်၊
သပိတ်၏အတွင်း အနားရေးနှင့် ညီမျှသော ခဲဘွယ်ဘောဇဉ်ရှိရုံသာ ခံယူရမည်။

၅။ **ပြောဆိုဆုံးမရမည့်စကားရပ်**

ရှင်မ ဤရဟန်းသည် သမဂ္ဂသံဃာက ဓမ္မဝိနယနှင့်အညီ ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထားပြီးဖြစ်သည်၊ သံဃာဂိုဏ်း၊ ပုဂ္ဂိုလ်နှင့် ကံကို မလေးစားသူလည်း ဖြစ်သည်၊ သံဃာအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် စီမံကုစားထားသူလည်းမဟုတ်၊ ကံကြီးကံငယ် ကိစ္စတို့၌ သူ့ကို သံဃာက အပေါင်းအသင်းမလုပ်၊ ထို့ကြောင့် ရှင်မသည် ဤရဟန်းသို့ အတုမလိုက်သင့်-ဟု ပြောဆိုရပါမည်။

ရဟန်းမတို့အား ပြောဆိုဆုံးမရမည့်စကားရပ်

ရှင်မတို့ ရှင်မတို့သည် ယုတ်မာသော အကျင့်ရှိကြကုန်၏၊ ယုတ်မာသော ကျော်

http://www.dhammadownload.com

စောသံရှိကြကုန်၏။ ယုတ်မာသော အသက်မွေးမှုရှိကြကုန်၏။ ဘိက္ခုနီသံဃာကို ညှင်းဆဲတတ်ကုန်၏။ အချင်းချင်း၏ ဝဇ္ဇပုဋ္ဌာဒီကအာပတ်ကို ဖုံးလွှမ်းကြကုန်၏။

ရှင်မတို့သည် လူတို့မှ ကင်းရှင်းကြပါကုန်၊ ညီမတို့၏ ကင်းရှင်းခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်းပါ၏- ဟု ပြောဆိုရပါမည်။

၆။ **မနိုင်းသင့်သောကိစ္စများ**

ဖောက်ခြင်း, ခွဲခြင်း, ဖန်ရေဆေးခြင်း, ဆေးလိမ်းပေးခြင်း, ကြပ်စည်းပေးခြင်း, ကြပ်စည်းကို ဖြေပေးခြင်းတို့ဖြစ်ပါသည်။

အင်္ဂါအချက်အလက်

၁။ အဃက် ၂၀- ပြည့်ခြင်း၊

၂။ သိက္ခာပုဒ် ၆- ပါးကို နှစ်နှစ်ပတ်လုံး ကျင့်ပြီးခြင်း၊

၃။ သံဃာမှ ဝုဋ္ဌာနသမ္မုတိရခြင်း။

၇။ စေတီအတွက် ရွှေငွေအလှူခံသောရဟန်းအား နိဿဂ္ဂိယပါ။ ဒုက္ကဋ်သင့်ပါသည်။

အကြောင်း- မိမိအတွက် အလှူခံမှသာ နိဿဂ္ဂိယပါစိတ်သင့်သောကြောင့်။

သေယျသရူပ- ထိုင်ခြင်း, အိပ်ခြင်း(၂)မျိုးတို့ကို ရပါသည်။

၈။ သန္ဓတနှင့်တူအောင် ဖြန့်ခင်း၍ အနံအစွန်းတစ်ခုဌ ဘုရားအထွာဖြင့် တစ်ထွာရှိသော အရပ်ကို နှစ်နေရာတို့ဌ ခွဲ၍ ပြုအပ်သော အမြိတ်အဆာရှိသော ပရိက္ခရာကို နိသီဒိုင်- ဟု ခေါ်ပါသည်။

အပြစ်ကင်းလွတ်ခွင့်ရသောပုဂ္ဂိုလ်များ

၁။ စေတနာမပါဘဲ ဝတ်မိသောရဟန်း၊

၂။ သတိမရှိဘဲ ဝတ်မိသောရဟန်း၊

၃။ မသိနားမလည်၍ ဝတ်မိသောရဟန်း၊

၄။ ဂိလာနရဟန်း၊

၅။ ဘေးရန်တို့ကြောင့် ဝတ်မိသောရဟန်း၊

၆။ ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

၉။ **အပြစ်သင့်ရောက်ရာအခါ-** တတိယသမနုဘာသနကမ္မဝါစာအဆုံး၌ အပြစ်သင့်သည်။

http://www.dhammadownload.com

အနုပညတ်များ

ဧကော ဝါ နဒီပါရံ ဂစ္ဆေယျ။ ကော ဝါ ရတ္တိံ ဝိပ္ပဝသေယျ။ ဧကော ဝါ ဂဏမှာ ဩဟီယေယျ။

ဘိက္ခုနီနိဿဂ္ဂိယပါစိတ်၌

သာဓာရဏသိက္ခာပုဒ် ၁၈-ပုဒ်၊
အသာဓာရဏသိက္ခာပုဒ် ၁၂-ပုဒ်ရှိသည်။

၁၀။ **အင်္ဂ ၅**

၁။ ဘိက္ခုနီတို့အား လာဘ်မရစေလိုခြင်း။

၂။ အမျိုး၏ အထံ၌ ဘိက္ခုနီတို့၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။

ဘိက္ခုနီတို့၏အထံ၌ အမျိုး၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း-ဟူသော အင်္ဂ ၂-ပါးနှင့် ပြည့်စုံမှ အပြစ်သင့်သည်။

ပရိဿပါရိဝါသိယ

တစ်ခုတစ်ခုသောကိစ္စကြောင့် ရဟန်းများ စည်းဝေးချိန်၌ မိုးတက်လာသည်ဖြစ်၍လည်းကောင်း၊ လူများတိုးဝှေ့သွားလာစေအပ်သည်ဖြစ်၍လည်းကောင်း၊ လူများ လှုပ်မိုးလာကုန်သောကြောင့်လည်းကောင်း ရဟန်းတို့သည် ကံပြုလိုသောဆန္ဒကို မစွန့်ဘဲ ထသွားရခြင်းမျိုးသည် ပရိဿပါရိဝါသိယမည်၏။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မွန်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၂၆-၄-၂၀၁၂) တနလာနေ့

၁။ အောက်ဖော်ပြပါ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။
(က) မဟာနာမ်မင်းကို အကြောင်းပြု၍ ပညတ်တော်မူသော သိက္ခာပုဒ်။
(ခ) ဆောင်းရာသီခြံုထည်တောင်းခံသူ ဘိက္ခုနီမ လိုက်နာရန် ကျင့်ဝတ်ပြသိက္ခာပုဒ်။

၂။ ခရီးလမ်းဆုံ, လမ်းမ၌ ယောကျ်ားနှင့် ရပ်လျက် စကားတွတ်ထိုးသော ဘိက္ခုနီအား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ အကြောင်းကိစ္စနှင့် စပ်တပ်သို့သွားသော ရဟန်း စစ်တပ်၌ နေထိုင်ခွင့်ရသော ညဉ့် နှင့် ထိုသို့ နေထိုင်စဉ် မသွားကောင်းသော ကန့်သတ်နယ်မြေများတို့ကိုလည်း ပြည့်စုံအောင် ဖြေဆိုပါ။

http://www.dhammadownload.com

၄။ မိုးရေခဲသင်္ကန်း၏ အလျား+ အနံ ပမာဏနှင့် မြတ်စွာဘုရားသင်္ကန်းတော်၏ အလျား+ အနံပမာဏတို့ကို မြတ်စွာဘုရား+ မဖျိုမပုရိသတို့၏ အတိုင်းအထွာအားဖြင့် တိကျစွာ ညွှန်ပြပါ။

၅။ ဘိက္ခုနီသံဃာဒိသိသ် (၃) ခုမြောက်သိက္ခာပုဒ်၏ အနုပညတ်တို့ကို ဖော်ပြ၍၊ ခက်မဲ့ပေါက်သောအနာကို ယောကျ်ားနှင့် တစ်ယောက်ချင်းချင်း တိုးတိုးတိတ်တိတ် စေခိုင်းချက်များကို ပြည့်စုံအောင် ရေးသားပါ။

၆။ အောက်ပါ ရဟန်း/ရဟန်းမတို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲ ပြခဲ့ပါ။

(က) သစ်ပင်ခုတ်သောရဟန်း၊

(ခ) အကပ်မခံဘဲ ဆွမ်းစားသောရဟန်း၊

(ဂ) တခြား ရဟန်းများစကားကို ခိုးနားထောင်သောရဟန်း၊

(ဃ) လူဒါယကာတို့နှင့် တရားရင်ဆိုင် အပြိုင်ကျဲသော ရဟန်းမ၊

(င) ရင်ဘတ်စည်တီး ငိုကြီးချက်မချသော ရဟန်းမ။

၇။ သိကြားမင်းနှင့် ဆင်းရဲသားလူယောကျ်ား ဘယ်သူကသာ၍ မြင့်မြတ်သည်ကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ **ဥတ္တရိမနုဿဓမ္မ**- ၏ အဓိပ္ပါယ်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။

၈။ ကွာရှင်းပြတ်စဲပြီးသော မိခင်+ ဖခင်တို့ကို ပြန်ပေါင်းထုပ်ပေးသော သားရဟန်းတော်မှာ သံဃာဒိသိသ် အာပတ်သင့်/မသင့် သုံးသပ်ဆုံးဖြတ်၍၊ **မဟာလွကဝိဟာရ**- ၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

၉။ ဘူတာရောစနသိက္ခာပုဒ်၏ အနာပတ္တိဝါရ၌ ဥမ္မတ္တကာ စသောပုဂ္ဂိုလ်တို့ကို မယူရခြင်းအကြောင်းကို စိစစ်ဖြေဆို၍၊ **"အနုဒ္ဒါပနီယ"** ပုဂ္ဂိုလ်သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၁၀။ **ပူဂ** နှင့် **သေကိ** တို့၏ အဓိပ္ပါယ်ကို ရေး၍၊ လသုဏသိက္ခာပုဒ်အရ မစားကောင်းသော ကြက်သွန်ဖြူနှင့် စားကောင်းသော ကြက်သွန်ဖြူအမျိုးအစားကို ခွဲခြားဖော်ပြပါ။

http://www.dhammadownload.com

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) (မဟာနာမသိက္ခာပုဒ်)
(ခ) (ဂရုပါဝုရဏသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ဒုတိယိက ဥယျောဇနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **နေထိုင်ခွင့်ရသော ညဉ့်-** ၂-ညဉ့်၊ ၃-ညဉ့်

ကန့်သတ်နယ်မြေများ

တက်၍ တက်၍ ထိုးပစ်ရာအရပ်၊ ရဲမက်ဗိုလ်ပါ ရေတွက်ရာအရပ်၊ စစ်ဆင်ရာအရပ်၊ ဆင်တပ် မြင်းတပ် ရထားတပ် လက်နက်စွဲသော ရဲမက်တပ်ကို ကြည့်ရှုရာအရပ်။

၄။ **မိုးရေခံသင်္ကန်းပမာဏ**

မြတ်စွာဘုရားအထွာတော်ဖြင့် အလျား ၆-ထွာ၊ အနံ ၂-ထွာခွဲ၊
မဇ္ဈိမပုရိသအထွာတော်ဖြင့် အလျား ၁၈-ထွာ၊ အနံ ၇-ထွာခွဲ။

မြတ်စွာဘုရား သင်္ကန်းတော်ပမာဏ

မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျား ၉-ထွာ၊ အနံ ၆-ထွာ၊
မဇ္ဈိမပုရိသအထွာတော်ဖြင့် အလျား ၂၇-ထွာ၊ အနံ ၁၈-ထွာ။

၅။ **အနုပညတ်**

ဧကော ဝါ နဒီပါရံ ဂစ္ဆေယျ။ ဧကော ဝါ ရတ္တိံ ဝိပ္ပဝသေယျ။ ဧကော ဝါ ဂဏမှာ ဩဟီယေယျ။

စေခိုင်းချက်များ- (မန္တလေး ၆-ရွာ)

၆။ (က) ဘူတဂါမသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ခ) ဒန္တပေါဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) ဥပဿုတိသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) ဥဿယဝါဒိကသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
(င) ရောဒနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၇။ လူယောကျ်ားက မြတ်ပါသည်။

http://www.dhammadownload.com

အကြောင်းကား- သိကြားမင်းသည် ရဟန်းခံခွင့်မရ၊ လူယောကျ်ားသည် ရဟန်းခံခွင့် ရသောကြောင့်တည်း။

ဥတ္တရိမနုဿဓမ္မ

သာမန်ပုထုဇဉ်လူများထက် သာလွန်သော စျာယီနှင့်အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ထင်ရှားရှိသော စျာန်, မဂ်, ဖိုလ်တရားများကို ဥတ္တရိမနုဿဓမ္မ-ဟု ခေါ်သည်။

၈။ **အာပတ်သင့်/မသင့်**

ဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်ဆောင်ခြင်း-ဟူသော အင်္ဂါ ၃-ပါးနှင့်ညီပါက သံဃာဒိသေသအာပတ်သင့်သည်။

ထိုသုံးပါးတို့ကွင် တစ်ပါးပါးချုတ်ယွင်းပါက သံဃာဒိသေသအာပတ်မသင့်ပါ။

မဟာလွကဝိဟာရ၏ အဓိပ္ပါယ်

ကျောင်းရှင်ဒါယကာရှိသည်၏အဖြစ်ဖြင့် သညာစိကာကုဋီထက် မြင့်မြတ်သောကြောင့် လည်းကောင်း, ကျောင်းနေရာကို ညွှန်ပြစေ၍ ပမာဏလွန်အောင်ပြုကောင်းသောအားဖြင့် ပမာဏကြီးသောကြောင့်လည်းကောင်း မဟာလွကဝိဟာရ-ဟုခေါ်သည်။

၉။ **မယူရခြင်းအကြောင်း-** (မကွေး ၉-၅)

အနုဒ္ဒာပနီယပုဂ္ဂိုလ်များ- ဂိလာန, သီတင်းကြီး, သံဃာကပေးအပ်သူတို့ဖြစ်ပါသည်။

၁၀။ တရားရှိသော ဗုဒ္ဓသာသနာကို ဆည်းကပ်ကိုးကွယ်သူအပေါင်းသည် ပူဇော်မည်ပါသည်။

နံ့သာကုန်သည်အပေါင်း အထည်ကုန်သည်အပေါင်းစသည်တို့သည် သေဏီမည်ပါသည်။

မစားကောင်းသော ကြက်သွန်ဖြူများ

မဂဓတိုင်း၌ဖြစ်သော အစိမ်းဖြစ်သော အမြှောင်များသော ကြက်သွန်ဖြူသည် မစားကောင်းပါ။

စားကောင်းသော ကြက်သွန်ဖြူ

တစ်မြောင်သာရှိသောကြက်သွန်ဖြူ၊
နှစ်မြောင်သာရှိသော ကြက်သွန်နီ၊
သုံးမြောင်ရှိသော ကြက်သွန်စိမ်းနှင့် ကြက်သွန်မြိတ်တို့ကို စားကောင်းပါသည်။

http://www.dhammadownload.com

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရခိုင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်၊ (၂-၄-၂၀၁၂) တနလာနေ့။

၁။ အောက်ပါ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။
(က) သဒ္ဓါတရားအားကြီးပြီး ဥစ္စာနည်းပါးသောအမျိုးကို ငဲ့ကွက်လျက် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်၊
(ခ) ဘိက္ခုနီအသာမာရဏာ သုဒ္ဓပါစိတ်လာ ခဲစားမှုနှင့်စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ်၊

၂။ သုတ်, အဘိဓမ္မာဋ္ဌသာ ကျမ်းကျင်၍ ဝိနည်းဋ္ဌ မကျမ်းကျင်သောရဟန်းကို အကြောင်းပြု၍ ပညတ်အပ်သောသိက္ခာပုဒ်ဋ္ဌ ရဟန်းကောင်းတို့က ပြောဆိုပုံစကားရပ်နှင့် ဘိက္ခုနီအသာမာရဏာ သုဒ္ဓပါစိတ်လာ စက္ကာကာဠိဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်တို့တွင် လေးခုမြောက်သိက္ခာပုဒ်တို့ကို အနက်မှန်မှန်ပေးပြခဲ့ပါ။

၃။ ရဟန္တာပုဂ္ဂိုလ်တို့သော်မှ မပြုလုပ်ကောင်းသောအပြုအမူများနှင့် အနိယတသိက္ခာပုဒ်တို့လာ "ရဟ"အရတို့ကိုပါဠိထောက် ကောက်ပြပြီး၊ မိုးမလုံသောမကျောပ်ဝယ် မသိမ်းဘဲ မထားကောင်းသော သံဃိကပစ္စည်းများကိုလည်း သိက္ခာပုဒ်ထောက် ကောက်ပြခဲ့ပါ။

၄။ ပျောက်သောသင်္ကန်းရှိသောရဟန်းအား အညာတကဒကာတစ်ဦးက သင်္ကန်းဖြင့်ဖိတ်ရာ မည်မျှခံယူရမည်ကို ပါဠိထောက် ဖြေဆို၍၊ အခင်းသစ်ပြုလုပ်ရာဋ္ဌ ထည့်ရမည့်သိုးမွေးပမာဏတို့ကိုလည်း ဖြေဆိုပြီး၊ ရူပိယသံဝေါဟာရ, ကယဝိက္ကယသိက္ခာပုဒ်တို့ဋ္ဌပါသော နာနပ္ပကာရအရတို့ကိုလည်း ကောက်ပြပါ။

၅။ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်ဋ္ဌပါသော သမ္မုတိသည် အဘယ်ရဟန်းတို့အား ပေးအပ်သော သမ္မုတိဖြစ်ပါသနည်း ဖြေဆို၍၊ စီဝရသင်္ကန်မနီယံ ဓာရေယျ-ဋ္ဌ စီဝရနှင့် စီဝရသင်္ကန်မနီယသဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

၆။ အောက်ပါရဟန်း/ရဟန်းမတို့အား အပြစ်သင့်/မသင့်ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။
(က) မိမိ၏ အပ်သောဝတ္ထုနှင့် မိခင်၏ အပ်သောဝတ္ထုကို လဲလှယ်သောရဟန်း၊
(ခ) ဆင်စွယ်ကို ခါးပန်းသီးပြုလုပ်သောရဟန်း၊

http://www.dhammadownload.com

(ဂ) မျောက်ကဲ့သို့ ပါးစောင်၌ထား၍ သစ်သီးစားသောရဟန်း၊
(ဃ) ပရိဗိုဇ်မအား မိမိလက်ဖြင့် ရေ, ဒန်ပူကို ပေးသောရဟန်းမ၊
(င) ကျန်းမာပါလျက် ကြာရွက်ဆောင်း၍ ရပ်ရွာထဲသွားသောရဟန်းမ၊

၇။ နိဋ္ဌတစီဝရ၏ အဓိပ္ပါယ်ကို ရေး၍၊ ပမာဏနှင့်ယှဉ်သော ဒုကုဋ္ဌ၏ အဓိဋ္ဌာန်တင်ပုံနှစ်မျိုးနှင့် သင်္ကန်းကိုးထည်တို့တွင် အဓိဋ္ဌာန်တင်ခွင့်, ဝိကပ္ပနာပြုခွင့်ရသော သင်္ကန်းတို့ကိုလည်း ကခ်ါအလိုကျ ဖြေဆိုပါ။

၈။ ပထမ, ဒုတိယသဟသေယျသိက္ခာပုဒ်တို့၌ မတူညီသောအင်္ဂါရုပ်တို့ကို ဖော်ပြ၍၊ အပ္ပဟရိဟေ ဌိတေန, ဟရိတေ ဆဋ္ဌေယျ-တို့၌ပါသော "ဟရိတ"အရ ကောက်ပြပြီး၊ ကောသိယသိက္ခာပုဒ်၌ နိဒါန်း၊ မုသာဝါဒသိက္ခာပုဒ်၌ ပုဂ္ဂိုလ်၊ စတုတ္ထပါဠိဒေသနီယသိက္ခာပုဒ်၌ ဝတ္ထုတို့ကိုလည်း ဖြေဆိုပါ။

၉။ ဥဒကဒန္တပေါနာ-ဟူသော အနုပညတ်ထည့်ဆိုရကျိုးနှင့် မဟာဝိကဋ္ဌလေးမျိုးတို့တွင် ကခ်ါလာ နှစ်မျိုးကို ဖြေဆို၍၊ ကျောင်းတိုက်တွင်းမေ့ကျန်ခဲ့သော ဒါယကာတို့၏ ရွှေငွေတို့ကို သိမ်းဆည်းရာ၌ အပြစ်ရှိပုံ/အပြစ်လွတ်ပုံတို့ကိုလည်း ဖြေဆိုပါ။

၁၀။ တူလောနဒ္ဓသိက္ခာပုဒ်လာ အပ်သောခေါင်းအုံး၏ ပမာဏကို ဖော်ပြ၍၊ ပစ္ဆာဘတ္တံ ကုလာနိ၌ ပစ္ဆာဘတ္တအရနှင့် ဂဏပရိဘောဇနသိက္ခာပုဒ်၌ ဆဲရေးပုံတို့ကိုလည်း ဖြေဆိုပါ။

၁၂။ ရခိုင်ပြည်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) (တတိယပါဠိဒေသနီသိက္ခာပုဒ်၊)
(ခ) (ပဝါရိတသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (တဿ တေ အာဝုသော အလာဘာ-စသော စကားနှင့် ခီယနမွေသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ **မပြုလုပ်ကောင်းသော အပြုအမူများ**

မိန်းမ၏ အလိုကို ယောကျ်ားအားလည်းကောင်း၊ ယောကျ်ား၏ အလိုကို မိန်းမအားလည်းကောင်း သွားရောက် မပြောကောင်း။

http://www.dhammadownload.com

ရဟအရများ

ပထမအနိယတသိက္ခာပုဒ်၌ ပဋိစ္ဆန္နေ အာသနေ အလံ ကမ္မနိယေ-ကိုထောက်၍ စက္ခုရဟကိုယူ။

ဒုတိယအနိယတသိက္ခာပုဒ်၌ န ဟေဝ ခေါ ပန ပဋိစ္ဆန္နံ အာသနံ ဟောတိ၊ နာလံ ကမ္မနိယံ အလဉ္စ ခေါ ဟောတိ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသိတုံ-ကို ထောက်၍ သောတရဟကိုယူ။

သံယိကပစ္စည်းများ

ပထမသေနာသနသိက္ခာပုဒ်ကိုထောက်၍ ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, ခတ်အခင်းတို့ ဖြစ်သည်။

၄။ သန္တရုတ္တရုပရမံ တေန ဘိက္ခုနာ တတော စီဝရံ သာဒိတဗ္ဗံ-ကိုထောက်၍ သင်းပိုင်နှင့်တကွ ကိုယ်ဝတ် အပိုင်းအခြားရှိသော သင်္ကန်းကို ယူရသည်။

သိုးမွေးပမာဏ

အမည်းသက်သက် သိုးမွေး ၂-ဆ၊ ဖြူသောသိုးမွေး ၁-ဆ၊ ကြောင်သောသိုးမွေး ၁-ဆတို့ဖြစ်သည်။

နာနပွကာရအရ

ရူပိယသံဝေါဟာရသိက္ခာပုဒ်၌ တန်ဆာပြုလုပ်အပ်ပြီးသော ရွှေ, ငွေ၊ မပြုလုပ်အပ်သေးသော ရွှေ, ငွေ စသည်ဖြားသော အကပ္ပိယဝတ္ထုကို ယူရပါသည်။

ကာယဝိကွယသိက္ခာပုဒ်၌ သင်္ကန်းစသော ကပ္ပိယဘဏ္ဍာကို ယူရပါသည်။

၅။ ဒုဋ္ဌုလ္လရောစနသိက္ခာပုဒ်၌ပါသော သမ္မုတိသည် အမြဲအာပတ်သင့်သော ရဟန်းအားပေးအပ်သော သမ္မုတိဖြစ်သည်။

စီဝရအရ- သင်္ကန်း ၅-ထည်တို့ကွင် တစ်ထည်ထည်ကို ယူ။

စီဝရသင်္ကန်မနိယအဓိပ္ပါယ်

အခြားသော ရဟန်းမ၏ ဥစ္စာကို မပန်ပြောဘဲ ယူအပ်သည်ဖြစ်၍ တဖန် ပြန်ပေးထိုက်သော သင်္ကန်း ၅-ထည်တို့တွင် တစ်ထည်ထည်ကို စီဝရသင်္ကန်မနိယဟုခေါ်သည်။

၆။ (က) ကယဝိကွယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊

(ခ) သူစိယရသိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊

(ဂ) အဝဂ္ဍကာရကသိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊

http://www.dhammadownload.com

(ဃ) ဘောဇနဒါနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊
(င) ဆတ္တုပါဟနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။

၇။ စီဝရနိဒ္ဒာနဖြစ်ကြောင်း အခြင်းအရာ ၅-ပါးတို့တွင် အမှတ်မထား တစ်ပါးပါးသော အခြင်းအရာအားဖြင့် သင်္ကန်းကိစ္စပြီးဆုံးပြီးဖြစ်သော သင်္ကန်းကို နိဿိတစီဝရဟုခေါ်သည်။

ဒုကုဋ္ဌသင်္ကန်း၏ အဓိဋ္ဌာန်တင်ပုံ

၁။ အဟောင်းဖြစ်သော ဒုကုဋ္ဌသင်္ကန်းကြီးကို "ဣမံ သဃ်ာဋိ ပစ္စုဒ္ဓရာမိ" ဤသင်္ကန်းကြီးကို ပစ္စုဒ္ဓိရ်ပြုပါ၏။ အဓိဋ္ဌာန်ချပါ၏။ (စွန့်ပါ၏)ဟု ပစ္စုဒ္ဓိရ်ပြုပြီး စွန့်ပြီးနောက် အသစ်ဖြစ်သော သင်္ကန်းသစ်ကြီးကို လက်ဖြင့် ကိုင်ကာ ဣမံ သဃ်ာဋိ အဓိဋ္ဌာမိ-ဤသင်္ကန်းကြီးကို အဓိဋ္ဌာန်တင်ပါ၏ဟူ၍ စိတ်ဖြင့် နှလုံးသွင်းမှုပြုပြီး ကိုယ်၏ ထူးခြားသော အမူအရာကိုပြုလျက် ကိုယ်ဖြင့်သော်လည်း အဓိဋ္ဌာန်တင်ရပါမည်။

၂။ နှုတ်မြွက်မှုပြု၍ နှုတ်ဖြင့်သော်လည်း အဓိဋ္ဌာန် တင်ရပါမည်။

အဓိဋ္ဌာန်တင်, ဝိကပ္ပနာပြုခွင့်ရသော သင်္ကန်း

မိုးရေခံသင်္ကန်း, အမာလ္ဘမ်းသင်္ကန်းတို့ကို အဓိဋ္ဌာန်, ဝိကပ္ပနာ ၂-မျိုးလုံး ပြုနိုင်သည်၊ ကျန်သင်္ကန်း ၇-မျိုးကို အဓိဋ္ဌာန်တင်မှသာ ပြုနိုင်သည်။

၈။ ပထမသဟသေယျသိက္ခာပုဒ်၌ လူ, သာမဏေနှင့် အတူအိပ်၍ အာပတ်သင့်သည်၊
ဒုတိယသဟသေယျသိက္ခာပုဒ်၌ မာတုဂါမနှင့်အတူ အိပ်၍ အာပတ်သင့်သည်၊
ပထမသဟသေယျသိက္ခာပုဒ်တွင် ၄-ညဉ့်မြောက် နေဝင်ချိန်၌ အာပတ်သင့်သည်၊
ဒုတိယသဟသေယျသိက္ခာပုဒ်တွင် ပထမညဉ့်၌ပင် အာပတ်သင့်သည်။

အပွဟရိတေဒ္ဓ ဟရိတအရ

စပါးမျိုး ၇-ပါးစသည် အပြားရှိသော ကောက်, ပဲနောက်, ပဲကြီး, နှမ်း, ပဲပိစပ် (ကုလားပဲ), ဗူး, ဖရုံ,စသည်အပြားရှိသော ပဲတို့ကို ယူရပါသည်။

ကျောင်းတည်မည့် လယ်၌စိုက်ပျိုးအပ်ပြီးဖြစ်၍ မပြည့်စုံသေး (အပင်မပေါက်သေး) သော, မိုးကျလျှင် အပင်ပေါက်မည်ဖြစ်သော ကောက်ပဲသီးနှံကိုလည်း ဟရိတအရ၌ ထည့်သွင်း ယူရပါမည်။

ဟရိတေ ဆဋ္ဌေယျ-၌ ဟရိတအရ

အမှတ်မထား တစ်ပါးပါးသော စိုက်ပျိုးအပ်သည်ဖြစ်၍ စိမ်းစိုသော လယ်ကိုလည်းကောင်း၊ အုန်းခြံစသော အာရာမ်ကိုလည်းကောင်း ဟရိတအရယူရပါသည်။

http://www.dhammadownload.com

နိဒါန်း- အာဠဝီပြည်၊
ပုဂ္ဂိုလ်- သာကီဝင်မင်းသား အရှင်ဟတ္ထက၊
ဝတ္ထု- အရံအတွင်း၌ ခိုးသူ, ဓားပြတို့ နေသည်ကို မပြောခြင်း။

၉။ ရေနှင့် ဒန်ပူတို့သည် အာဟာရ မဟုတ်သော်လည်း ရေ၌ အာဟာရဟူသော အမှတ် သညာဖြင့်လည်းကောင်း၊ ဒန်ပူ၌ ဣန်ဒနပူကို ခံတွင်းပေါက်သို့ ဆောင်အပ်၏ဟူသော အမှတ်သညာဖြင့်လည်းကောင်း၊ အာဟာရဟု မှတ်ထင်ပြီး ကုက္ကုစ္စဖြစ်ကုန်သော ရဟန်းတို့၏ ကုက္ကုစ္စကို ပယ်ဖျောက်ခြင်း အကျိုးရှိပါသည်။

မဟာဝိဂင် ကခံ ၁လာ ၂-မျိုး- ၁။ သံစိမ်းပြာ၊ ၂။ မြေညက်။

အပြစ်ရှိပုံ အပြစ်လွတ်ပုံ

ဘဏ္ဍာစိုး အနေအားဖြင့် သိမ်းဆည်းလျှင် အပြစ်ရှိပါသည်၊ မိမိ ဥစ္စာပြု၍ သိမ်းထားလျှင် အပြစ်လွတ်သည်။

၁၀။ အနံအားဖြင့် ထောင့် ၃-ထောင့်တို့တွင် နှစ်ထောင့်တို့၏ အကြားသည် တစ်ထွာ လက်လေးသစ်ရှိ၍ အလယ်၌ တစ်ထောင့်တောင်ဆုပ် ပမာဏရှိလျင်လည်းကောင်း၊ အလျားအားဖြင့် တစ်ထွာဖြစ်စေ နှစ်ထွာဖြစ်စေ ပမာဏရှိလျင်လည်းကောင်း ကျိုခေါင်းအုံးမျိုးသည် ဦးခေါင်းပမာဏရှိသော ခေါင်းအုံးမည်၏။

ပစ္ဆာဘတ္တ အရ- မွန်းတည့်အချိန် လွန်ပြီးသည်မှ နေဝင်သည့်တိုင်အောင်ယူ။

ကျိန်ဆဲပုံ

ဤရဟန်းမတို့သည် နားမလည်ကုန်၊ မထက်မြက်ကုန်၊ ကဲ့ကိုလည်းကောင်း၊ ကဲ့၏ အပြစ်ကိုလည်းကောင်း၊ ကဲ့၏ ပြည့်စုံခြင်းကိုလည်းကောင်း၊ ကဲ့၏ ပျက်စီးခြင်းကိုလည်းကောင်း၊ မသိကြကုန်ဟု မျက်မှောက် မျက်ကွယ် နှစ်သွယ်သော အရပ်၌ ခြိမ်းခြောက်ခြင်း အားဖြင့် ကျိန်ဆဲပါသည်။

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၂၆-၃-၂၀၁၂) တနလ်ာနေ့

၁။ လဟုကအာပတ်ဖြစ်ပါလျက် ရဟန်းတော်များ သီးခြားဒေသနာကြားရသောအာပတ်ကို ပြဆိုသော သိက္ခာပုဒ်တို့တွင် ဒုတိယမြောက် သိက္ခာပုဒ်ကို ပါဠိရေးပါ။

http://www.dhammadownload.com

၂။ ဘိက္ခုနီမများ ရေသနဉ်သင်္ကန်းချုပ်လုပ်ပုံနှင့် ပတ်သက်၍ ပညတ်ချက် ထုတ်ထားသော သိက္ခာပုဒ်ကို အနက်ယောဇနာပြပါ။

၃။ ပါရာဇိကလေးပါးလုံးသင့်မှ ပါရာဇိကကျ၏ဟု ဆိုလာလျှင် အရှင်မြတ်တို့အနေဖြင့် လက်ခံသင့်/လက်မခံသင့် သာဓကဖြင့် ဆုံးဖြတ်ပြ၍၊ သမဂ္ဂသံဃာဖြစ်ရခြင်း၏ အကျိုးတရားများကို ရေးပြီးလျှင်၊ ဘုရားရှင်၏ ပရိသတ်ကြီးပွားကြောင်းကိုလည်း ပါတိမောက်လာသည့် အတိုင်း ဖြေဆိုပါ။

၄။ အနိယတသိက္ခာပုဒ်တို့၌ပါသော သံဃာဒိသေသေန ဝါ–၌ ယူရမည့် သံဃာဒိသေသ် အာပတ်ကို သိက္ခာပုဒ်နှင့်တကွ တွဲစပ်ပြ၍၊ ဖယောင်းတိုင်ထွန်း၍ ဘုရားမီးပူဇော်သော ရဟန်းအား ဇောတိသိက္ခာပုဒ်ဖြင့် အာပတ်သင့်နိုင်/ မသင့်နိုင် သာပြကာ ဆုံးဖြတ်ပါ။

၅။ ဘိက္ခုနီမတို့ ဝါကျွတ်လျှင် ပြုလုပ်ရမည့် လုပ်ငန်းကိစ္စတို့ကို သိက္ခာပုဒ်နှင့်တကွ တွဲစပ်ဖော်ပြ၍၊ အပျိုစင်ဖြစ်သော သိက္ခမာန်ကို ရဟန်းခံပေးရာ၌ ဆရာ, တပည့်မတို့ ပြည့်စုံရမည့် အင်္ဂါရုပ်များကိုလည်း ရှင်းလင်းပြပါ။

၆။ အောက်ပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်နှင့်တကွ တွဲစပ် ဖော်ပြပါ။

(က) မိမိအား အထင်ကြီးလို၍ ဈာန်မဂ်ဖိုလ်မရဘဲ ဈာန်မဂ်ဖိုလ်ရပြီဟု လိမ်ညာပြောသော ရဟန်း၊

(ခ) ကိုယ်တိုင် ချည်တောင်း၍ သင်္ကန်းရက်ခိုင်းသောရဟန်း၊

(ဂ) သမ္မုတိမရဘဲ ရဟန်းမတို့ကို ဆုံးမသော ရဟန်း၊

(ဃ) လူမှုကိစ္စတို့ကို ပြုလုပ်ပေးသော ရဟန်းမ၊

(င) မနာမဖျားဘဲ ဖိနပ်စီးသော ရဟန်းမ။

၇။ ပဒသောဓမ္မသိက္ခာပုဒ်၌ ဓမ္မအရကို ကောက်ပြ၍၊ ဓမ္မဒေသနာ သိက္ခာပုဒ်ဝယ် အညတြ ဝိညူနာ ပုရိသဝိဂ္ဂဟေန–၌ ခွင့်ပြုသော ပုရိသနှင့် တားမြစ်သော ပုရိသကို ခွဲခြားကောက်ပြပြီး၊ ဒုဋ္ဌုလ္လ အာပတ္တိ–၌ ဒုဋ္ဌုလ္လအပြားနှင့် ဤ၌ ယူရမည့် ဒုဋ္ဌုလ္လကိုလည်း ထုတ်ပြပါ။

၈။ ကာဏမာတုသိက္ခာပုဒ်၌ ပူဝနှင့် မန္တ တို့၏ ထူးခြားဟန်ကို ဖော်ပြ၍၊ သဘောဇနသိက္ခာ

http://www.dhammadownload.com

ပုဒ်၌ အဘယ်ကို သဘောဇနဟု ခေါ်ပါသနည်း? ရှင်းပြပြီးလျှင်၊ သုရာနှင့် မေရယတို့၏ အထူးကိုလည်း ကခ်ါအလိုက္ပ ရှင်းပြပါ။

၉။ အဓိကရဏသမထ၏ အဓိပ္ပါယ်ကို ရှင်းပြ၍၊ အဓိကရဏသရုပ်ကို ထုတ်ပြပြီးလျှင်၊ ဘိက္ခုနီ ပါရာဇိက၌ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုမ္မလ္ပံ အနာဝိကတွာ-ဟု ဟောတော်မမူရခြင်းအကြောင်းကိုလည်း ကခ်ါအလိုက္ပ ရှင်းပြပါ။

၁၀။ သဃ်ာဒိစာရ၏ အဓိပ္ပါယ်ကို ရှင်းပြ၍၊ အာသန္နိနှင့် ပလ္လင်္ကတို့၏ အထူးကို ရေးပြီးလျှင်၊ အာဝသထစီဝရ၏ သဘောသဘာဝကိုလည်း ကခ်ါဆရာ အလိုက္ပ ရေးသားပြပါ။

၁၃။ ရန်ကုန်တိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဒုတိယ ပါဋိဒေသနီယသိက္ခာပုဒ်ကို ပါဋိရေးလေ။)

၂။ (ဥဒကသာဋိကသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **လက်ခံသင့်/လက်မခံသင့် ဆုံးဖြတ်ပုံ**

ပါရာဇိကလေးပါးလုံးသင့်မှ ပါရာဇိကကျ၏ဟု ဆိုလာလျှင် လက်မခံသင့်ပါ။

သာဓက– ယေသံ ဘိက္ခု အညတရံ ဝါ အညတရံ ဝါ အာပတ္တိံ ဇာ နဿတိ ဘိက္ခူဟိ သဒ္ဓိံ သံဝါသံ ယထာ ပုရေ၊ တထာ ပစ္ဆာ၊ ပါရာဇိကော ဟောတိ အသံဝါသော။

အကျိုးတရားများ

လွန်စွာဝမ်းမြောက်ခြင်း၊ ဆန့်ကျင်ဘက်မပြောရခြင်း၊ ပါတိမောက် အတူပြုရခြင်း၊ ချမ်းသာစွာနေရခြင်းတို့ဖြစ်ပါသည်။

ပရိသတ်ကြီးပွါးကြောင်း

အချင်းချင်းပြောဆိုဆုံးမခြင်း၊ အချင်းချင်း အာပတ်မှ ထစေခြင်းတို့ဖြစ်ပါသည်။

၄။ **ယူရမည့်အာပတ်နှင့် သိက္ခာပုဒ်**

ပထမအနိယတသိက္ခာပုဒ်၌ ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသအာပတ်၊

ဒုတိယအနိယတသိက္ခာပုဒ်၌ ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်တို့ဖြင့် သံဃာဒိသေသ်အာပတ်၊

http://www.dhammadownload.com

အာပတ်သင့်နိုင်/မသင့်နိုင်

ဘုရားမီးပူဇော်သောရဟန်းအား ဇောတိသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ပါ။

သာဓက- ဝိသိဗ္ဗနာပေက္ခော ဇောတိ သမာဒဟေယျ ဝါ သမာဒဟာပေယျ ဝါ အညတြ တထာရူပပစ္စယာ။

၅။ **လုပ်ငန်းကိစ္စများ-** (ပဲခူးအရှေ့ ၆-၇)
ပြည့်စုံရမည့် အင်္ဂါရပ်များ- (မန္တလေး ၆-၇)

၆။ (က) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
(ခ) သုတ္တဝိဥတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ဂ) ဩဝါဒသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) ဆတ္တုပါဟနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ **ဓမ္မအရ**

သင်္ဂါယနာသုံးတန်သို့ မတင်အပ်သော ရာဇောဝါဒ, တိက္ခဖြိုယ, စတုပရိဝတ္တန, နန္ဒောပနန္ဒ, ကုလုမ္ဗသုတ်, မဂ္ဂကထာစသော ဓမ္မကိုလည်းကောင်း။

သင်္ဂါယနာသုံးတန်သို့ တင်အပ်သော တိပိဋကဓမ္မကိုလည်းကောင်း ယူရပါသည်။

ခွင့်ပြုသောပုရိသ- တတ်သိနားလည်သောယောကျ်ားပုဂ္ဂိုလ်ကို ယူရပါသည်။

တားမြစ်သောပုရိသ- လူယောင်ဆောင်ထားသော ဘီလူး, ပြိတ္တာ, နဂါး, ဂဠုန်စသော တိရစ္ဆာန်အထီးများကို ယူရပါသည်။

ဒုဋ္ဌုလ္လအပြား- ပါရာဇိကအာပတ်, သံဃာဒိသေသ်အာပတ်ဟူ၍ နှစ်မျိုးရှိသည်။

လိုအပ်သော ဒုဋ္ဌုလ္လ- သံဃာဒိသေသ်။

၈။ လက်ဆောင်အကျိုးငှါ စီရင်အပ်သော အတိရသကမုန့်, လဋ္ဌုမုန့်, မုန့်ကြွပ်ကျစ်, မုန့်ခဲဘွယ် တစ်မျိုးမျိုးကို ပူဝဟု ခေါ်ပါသည်။

လမ်းစာရိက္ခာအကျိုးငှါ စီရင်အပ်ကုန်သော မုန့်မှုန့်, နှမ်း၊ ဆန်စသည်တို့ကို မန္ထ ဟု ခေါ်ပါသည်။ ကျွဲသို့ထူးပါသည်။

သဘောဇန

ဇနီး, ခင်ပွန်းနှစ်ယောက်ရှိသောအိမ်ကို သဘောဇနဟု ခေါ်ပါသည်။

http://www.dhammadownload.com

(တစ်နည်း) ရာဂထကြွေသော သုံးဆောင်ခံစားအပ်သော မိန်းမ, ယောကျ်ားရှိသောအိမ်ကို သဘောဇနဟု ခေါ်ပါသည်။

သုရာနှင့်မေရယအထူး- (ကချင် ၉-ရှ)

၉။ **အဓိကရဏသမထအဓိပ္ပါယ်**

အဓိကရဏ်းကို ငြိမ်းစေတတ်သောကြောင့် အဓိကရဏသမထဟုခေါ်ပါသည်။

အဓိကရဏသရုပ် ဝိဝါဒါဓိကရဏ၊ အနုဝါဒါဓိကရဏ၊ အာပတ္တာဓိကရဏ၊ ကိစ္စာဓိကရဏ၊

ဟောတော်မမူရခြင်းအကြောင်း

ဘိက္ခုနီမများအား သိက္ခာချခြင်းမည်သည်မရှိသောကြောင့် သိက္ခံ အပစ္စက္ခာယ-စသည်ကို မဟောရခြင်းဖြစ်ပါသည်။

၁၀။ **သဃ်ာဒိစာရအဓိပ္ပါယ်**

တိစီဝရိတ်, ရေသနပ်, ရင်စည်းတဘက်ဟူသော သင်္ကန်းငါးထည်တို့သည် သုံးစွဲခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း၊ နေလှန်းခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း ချုပ်စပ်အပ်သောကြောင့် သဃ်ာဒိမည်၏။

ဤသင်္ကန်းငါးထည်တို့ကို လဲလှယ်ခြင်းကို သဃ်ာဒိစာရဟု ခေါ်ပါသည်။

အာသန္နိနှင့်ပလ္လင်္ကအထူး

လက်ရုစ်သစ်ထက်လွန်သော ပမာဏရှိသော ခြေလေးချောင်းရှိသော ခုံအမြင့်ကို အာသန္နိဟု ခေါ်ပါသည်။

ပြောင်းလွှေ့၍ ရနိုင်သော သားရဲရုပ်ဖြင့် ပြုအပ်သော ပလ္လင်ကို ပလ္လင်္ကဟု ခေါ်ပါသည်။ ဤသို့ ထူးပါသည်။

အာဝသထစီဝရ၏ သဘောသဘာဝ

ဥတုလာသောဘိက္ခုနီမတို့ သုံးစွဲပါကုန်ဟု လျှောက်ထား၍ လှူအပ်သောသင်္ကန်းကို အာဝသထစီဝရဟု ခေါ်ပါသည်။

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၁) ရက်၊ (၂-၄-၂၀၁၂) တနလ်ာနေ့

၁။ မနက်ဖြန်ခါ ဆွမ်းဘဉ်းပေးဖို့ရန် ပင့်လျှောက်မှုကို လက်ခံထားပြီးပါလျက် မပန်မကြား

http://www.dhammadownload.com

အခြားသောအိမ်တို့၌ လှည့်လည်သွားလာနေသော ရဟန်းအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိဝေးပြပါ။

၂။ (က) မောဟနသိက္ခာပုဒ်လာ မောဟက်တင်ပုံပြဝါကျ။
(ခ) ဘိက္ခုနီ အာရာမဝဂ်လာ အပဝါရဏာသိက္ခာပုဒ်တို့ကို အနက်ရေးပြပါ။

၃။ (က) ဒုဗ္ဗစရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုဆုံးမပုံပြစကားရပ်၊
(ခ) ဆွေမျိုးမတော်သော ဒါယကာများထံ သင်္ကန်းတောင်းနိုင်ရာအခါတို့ကို မြန်မာဘာသာ သက်သက်ဖြင့်သာ ဖြေဆိုခဲ့ပါ။

၄။ ဘိက္ခုနီမနှင့်တိုင်ပင်၍ ခရီးသွားကောင်းရာအခါများကို မြန်မာဘာသာဖြင့် ဖော်ပြ၍၊ ပဏီတဘောဇနသိက္ခာပုဒ်လာ ပဏီတဘောဇဉ်သရုပ်တို့တွင် ရှေ့ ၇-မျိုးကိုသာ ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖြေဆိုပြပါ။

၅။ အာဝသထစီဝရ, အာဝသထဝိဟာရတို့၏ အထူးကို ရေးပြ၍၊ ဘိက္ခုနီမများ ၁၅-ရက်တစ်ကြိမ် ဘိက္ခုသံဃာထံမှ တောင့်တရမည့် တရားနှစ်ပါးတို့ကိုလည်း ဖြေဆိုပြပါ။

၆။ "သုဏာတု မေ ဘန္တေ သံဃော"၌ ကံ၏ အစွမ်းအားဖြင့်ပြားသော သံဃာအမျိုးအစားများကို ယင်းတို့ ပြုနိုင်ခွင့်ရှိသော ကံနှင့်တကွ ဖြေဆိုပြပါ။

၇။ "ယာဝတီဟံ ဇာနံ ပဋိဘာဒေတိ" ဝယ် ဖုံးလွှမ်းခြင်းလက္ခဏာများကို ကခ်ဴဆရာအလိုက်ကျ မြန်မာသက်သက်မျှသာ ဖြေဆိုပြပါ။

၈။ ကမ္မပွဋိဗာဟနသိက္ခာပုဒ်လာ "ဓမ္မိကာနံ ကမ္မာနံ" ဝယ် ဓမ္မိကကံ အပြားလေးပါးကို အဓိပ္ပါယ်နှင့်တကွ ပြည့်စုံစွာ ဖြေဆိုပြပါ။

၉။ ဘိက္ခုနီ နစ္စဂိတသိက္ခာပုဒ်၌ နစ္စ, ဂီတ, ဝါဒိတ အရတို့ကို ကောက်ပြ၍၊ ဘိက္ခုနီမများ သင်္ကန်းမစည်း အချည်းနှီး ရေချိုးကောင်းရာအခါများကိုလည်း ဖြေဆိုပြပါ။

၁၀။ အောက်ပါ ရဟန်း/ရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်များကို ဖြေဆိုပြပါ။
(က) တိရစ္ဆာန်၏ အသက်ကို သတ်သောရဟန်း၊
(ခ) ချောချောလှလှ ဥစ္စာစောင့်မ၏ လက်ကို ကိုင်တွယ်သာယာသောရဟန်း၊

http://www.dhammadownload.com

(ဂ) သီတင်းသုံးဖော်အား ခြောက်လှန့်သောရဟန်း၊
(ဃ) အကြောင်းမရှိဘဲ သာမဏေအား ရိုက်သောရဟန်း၊
(င) ရဟန်းရှိသော အာရာမ်ထဲသို့ မပန်ကြားဘဲ ဝင်သောရဟန်းမ။

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (စာရိတ္တသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (က) တဿ တေ အာဝုသော အလာဘာ-စသောပါဠိ၊
(ခ) အပဝါရဏာသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

၃။ (က) ငှါရှင် မိမိကိုယ်ကို မပြောဆိုထိုက်သည်ကို မပြုသင့်၊ ပြောဆိုထိုက်သည်ကိုသာ ပြုပါလော့၊ အရှင်သည်လည်း ရဟန်းတို့ကို သိက္ခာပုဒ်ဖြင့် ပြောဆိုပါလော့၊ ရဟန်းတို့ သည်လည်း အရှင်အား သိက္ခာပုဒ်ဖြင့် ပြောဆိုလတ့၊ ဤသို့ အချင်းချင်း ပြောဆို ဆုံးမခြင်း၊ အာပတ်မှ ထစေခြင်းဖြင့် ထိုမြတ်စွာဘုရား၏ ပရိသတ်ကြီးပွါးပါလိမ့်မည်။
(ခ) လုပ္ပူအပ်သောသင်္ကန်းရှိသောအခါ၊ ပျောက်ပျက်သော သင်္ကန်းရှိသောအခါတို့ ဖြစ်ပါသည်။

၄။ ကုန်သည်နှင့်တကွသွားသောအခါ၊
လမ်းသည် ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သောအခါ၊
ဘေးရန်အန္တရာယ်နှင့် တကွဖြစ်သောအခါ။

ပဏီတဘောဇဉ်သရုပ်

သပ္ပိ- ထောပတ်၊ နဝနီတ- ဆီဦး၊ တေလ- ဆီ၊ မဓု-ပျား၊ ဖာဏိတ-တင်လဲ၊ မစ္ဆ-ငါး၊ မံသ-အသား၊

၅။ **အာဝသထစီဝရ-** (ရန်ကုန် ၁၀-၍)
အာဝသထဝိဟာရ- တံခါးတပ်ပြီးသော ကျောင်းကို အာဝသထဝိဟာရဟုခေါ်သည်။

၆။ **သံယာအမျိုးအစားနှင့် ပြုနိုင်သော ကံ-** (စစ်ကိုင်း ၇-၍)

http://www.dhammadownload.com

၇။ **ဖုံးလွှမ်းခြင်းလက္ခဏာ**

အာပတ်သင့်ခြင်း၊ အာပတ်သင့်၏ဟု အမှတ်ရှိခြင်း၊ ပကတတ်ရဟန်းဖြစ်ခြင်း၊ ပကတတ်ရဟန်းဟု အမှတ်ရှိခြင်း၊ အန္တရာယ်မရှိခြင်း၊ အန္တရာယ်မရှိဟု အမှတ်ရှိခြင်း၊ ဒေသနာကြားခြင်းငှါ စွမ်းနိုင်ခြင်း၊ စွမ်းနိုင်၏ဟု အမှတ်ရှိခြင်း၊ ဖုံးထားလိုခြင်း၊ ဖုံးထားခြင်း တို့ဖြစ်ပါသည်။

၈။ **ဓမ္မိကက်**

ညီညွတ်သောသံဃာ၏ ခွင့်ပြုချက်ဖြင့် ထိုထိုဝတ္ထုကို ပြောကြားပြီး "သံဃာတော်များ နှစ်သက်ပါသလား" ဟု သုံးကြိမ်မေးမြန်းသိစေပြီး ပြုသောက်ကို အပလောနကက်ဟု ခေါ်ပါသည်။

ညီညွတ်သောသံဃာတော်၏ ခွင့်ပြုချက်ဖြင့်ပင် ဥတ်တစ်ကြိမ်တည်းဖြင့် ပြုအပ်သော က်ကို ဥတ္တိက်ဟု ခေါ်ပါသည်။

ဥတ်တစ်ကြိမ် ကမ္မဝါစာတစ်ကြိမ်ဖြင့် ပြုအပ်သောက်ကို ဥတ္တိဒုတိယက်ဟု ခေါ်ပါသည်။

ဥတ်တစ်ကြိမ် ကမ္မဝါစာသုံးကြိမ်တို့ဖြင့် ပြုအပ်သောက်ကို ဥတ္တိစတုတ္ထက်ဟု ခေါ်ပါသည်။

၉။ **နစ္စအရ**– အောက်ထစ်ဆုံးအားဖြင့် ဒေါင်းကခြင်းကိုလည်းယူ၊
ဂီတအရ– အောက်ထစ်ဆုံးအားဖြင့် ဓမ္မကထိကတို့၏ သီချင်းသံကိုလည်းယူ၊
ဝါဒိတအရ– အောက်ထစ်ဆုံးအားဖြင့် ရေထည့်စရာ စည်တီးသံကိုလည်းယူ၊

သင်္ကန်းမပါ ရေချိုးကောင်းရာအခါများ

ရေသနုပ်သင်္ကန်း လုယူခံရသောအခါ၊
ရေသနုပ်သင်္ကန်း ပျောက်ပျက်သွားသောအခါ၊
သူခိုးဘေးစသော ဘေးအန္တရာယ်ရှိသောအခါ– တို့ဖြစ်ပါသည်။

၁၀။ (က) သုဒ္ဓပါစိတ်အာပတ်၊
(ခ) ထုလ္လစ္စည်းအာပတ်၊
(ဂ) ရဟန်းအား ခြောက်လှန့်လျှင် သုဒ္ဓပါစိတ်၊ သာမဏေအား ခြောက်လှန့်လျှင် ဒုက္ကဋ်၊
(ဃ) ဒုက္ကဋ်အာပတ်၊
(င) သုဒ္ဓပါစိတ်အာပတ်။

http://www.dhammadownload.com

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရုံးပြည်နယ်/မြောက်ပိုင်း)
ပထမကြီးတန်း။ ။ဒွေမာတိကာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်၊ (၂-၄-၂၀၁၂) တနလာနေ့။

၁။ သူခိုး သူဝှက် လုယက်မှု ထူပြောသော တောရကျင်း၌ နေထိုင်ရသော ရဟန်းတော်များအတွက် ဒါယကာ ဒါယိကာမများက ကြိုတင်မလျှောက်ထားဘဲ ကျောင်းတိုက်အတွင်းသို့ လာရောက်လှူဒါန်းသော ခဲဖွယ်ဘောဇဉ်များကို ကိုယ်တိုင်အာဂပ်ခံ၍ ဘဉ်းပေးသုံးဆောင်သော ရဟန်းတော်များအား သင့်ရောက်သည့် အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ယောကျ်ားတစ်ယောက်က ချစ်၍ လှူဒါန်းသောဆွမ်းကို ခံယူဘုဉ်းပေးသော ရဟန်းမအား အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

၃။ တတိယပါရာဇိကသိက္ခာပုဒ်လာ သူတစ်ပါးအသက်ကို သေအောင်ပြုလုပ်ရာ၌ သေစေပုံ (သတ်နည်း)များကို အဓိပ္ပါယ်နှင့်တကွ ရှင်းပြ၍၊ ဒုဋ္ဌဒေါသသိက္ခာပုဒ် အမူလကေန-၌ အမူလက အရကို တိကျစွာ ဖော်ပြခဲ့ပါ။

၄။ သဟဓမ္မိကသိက္ခာပုဒ်၌ သိက္ခာပုဒ်ကို ကျင့်လိုသော ရဟန်းများ ပြုကျင့်ရမည့် ဝတ္တရာများကို ဖော်ပြ၍၊ ဝိလေခနသိက္ခာပုဒ်၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းဟူသည် အဘယ်သို့ပြောဆိုမှ သိက္ခာပုဒ်ကို ကဲ့ရဲ့ရာ ရောက်ပါသနည်း ရှင်းလင်း ဖြေဆိုခဲ့ပါ။

၅။ ဝါကျွတ်ပြီးသော ဘိက္ခုနီမများအဖို့ ခရီးသွားရမည့် အတိုင်းအတာပမာဏကို ဖြေဆို၍၊ ဘိက္ခုနီမများကိုယ်တိုင် ခဲဖွယ်မပေးကောင်းသော ပုဂ္ဂိုလ်တို့ကို ဖော်ပြကာ၊ သိက္ခမာန်ကို ရဟန်းပြုပေးလိုသော ဘိက္ခုနီမများ၏ ကျင့်ဝတ်တို့ကိုလည်း ကျမ်းရင်းလာသည့်အတိုင်း ဖြေဆိုပါ။

၆။ အောက်ပါရဟန်း/ရဟန်းမများအား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်ထောက်၍ ဆုံးဖြတ်ခဲ့ပါ။
(က) သိုးမွေးကို ကိုယ်တိုင်သုံးယူဇနာထက် သယ်ဆောင်သောရဟန်း။
(ခ) ရဟန်းမနှင့် အပျော်တမ်းလှေစီးသော ရဟန်း။
(ဂ) ခုတင်တစ်ခုတည်း၌ ရဟန်းမအချင်းချင်း အတူအိပ်သော ရဟန်းမ။
(ဃ) ရင်လွှမ်းတဘက်မပါဘဲ ရွာတွင်းသို့ဝင်သော ရဟန်းမ။

http://www.dhammadownload.com

၇။ **တိစီဝရေန ဝိပ္ပဝသေယျ** ဟု ဟောတော်မူသောကြောင့် သင်္ကန်းသုံးထည်လုံးနှင့် ကင်းမှ သာလျှင် ဝိပ္ပဝါသမည်၍ အာပတ်သင့်နိုင်ပါသလော၊ ကခ်ီအဖွင့်နှင့်အညီ ဖြေဆိုပြီးလျှင်၊ ရာဇသိက္ခာပုဒ်အရ အာပတ်မှ ကင်းလွတ်ခွင့်ရှိသော ပုဂ္ဂိုလ်တို့ကိုလည်း ပြည့်စုံအောင် ဖြေဆိုခဲ့ပါ။

၈။ **ပဒသော ဓမ္မံ ဝါစေယျ**- ၌ **ဓမ္မ**- အရကို ကုန်စင်အောင် ဖြေဆိုပြီးလျှင်၊ အာမိသသိက္ခာပုဒ်လာ အာမိသ- အရကိုလည်း ကခ်ီလာသည့်အတိုင်း ရေးပြခဲ့ပါ။

၉။ "သမ္မဇာနမုသာဝါဒေ ပါစိတ္တိယံ" အရ သမ္မဇာနမုသာဝါဒကြောင့် ပါစိတ်အာပတ် ဖြစ်သင့်လျက် ဒုက္ကဋ်အာပတ် ဖြစ်ရသည်မှာ အဘယ်ကြောင့်ပါနည်း ဖြေဆိုပြီးလျှင်၊ သတ္တဝါတစ်ယောက်ကို သေအောင်ရိုက်နှက်ရာ ရိုက်နှက်စဉ်က မသေဘဲ နောက်မှ ထိုဒဏ်ရာဖြင့် သေဆုံးမှုကိစ္စ၌ ကံထိုက်ရာ ကာလကိုလည်း ညွှန်ပြပါ။

၁၀။ အောင်သွယ်ရာ၌ လင်, မယား ဖြစ်မှ/ မဖြစ်မှုသည် ပဓာနကျပါသလော အဘယ်ကပဓာနကျပါသနည်း ဖြေဆိုပြီးလျှင်၊ သံဃဘေဒကသိက္ခာပုဒ်၌ အာပတ်သင့်ပုံ အဆင့်ဆင့်ကိုလည်း ရှင်းလင်းထင်ရှားစွာ ရေးခဲ့ပါ။

ရှမ်းပြည်နယ် / မြောက်ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (စတုတ္ထပါဠိဒေဿနီယသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဘောဇနပန်ဋ္ဌမာဏ ပဌမသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ- ကိုယ်တိုင်ဖြစ်စေ,စေခိုင်း၍ဖြစ်စေ သတ်ခိုင်းခြင်း။
သတ္တဟာရကံဝါသ ပရိယေသေယျ သေချင်သူ အလွယ်တကူရအောင် လက်နက်ရှာ၍ ပို့ထားခြင်း။
မရဏဝဏ္ဏံ သံဝဏ္ဏေယျ- သေရခြင်း၌ ကျေးဇူးရှိပုံကို ထင်ရှားပြခြင်း ချီးမွမ်းခြင်း။
မရဏာယ ဝါ သမာဒပေယျ- သေဘို့ရာ နည်းလည်းပြ ပြုလုပ်သင်ပေးခြင်းတို့ဖြစ်သည်။
အမူလကအရ- ပါရာဇိကအာပတ်ကို ယူရပါသည်။

၄။ **ပြုကျင့်ရမည့်ဝတ္တရား**- (ကယား ၄-၍)

http://www.dhammadownload.com

သိက္ခာပုဒ်ကို ကဲ့ရဲ့ရာရောက်ပုံ

ရွတ်အံ့သရဖျာယ်အပ်ကုန်သော ခုဒ္ဒါနုခုဒ္ဒကဖြစ်ကုန်သော ဤသိက္ခာပုဒ်တို့သည် ကုက္ကုစ္စအကျိုးငှါ၊ နှလုံးအရေးအကြောင်းဖြစ်ခြင်းငှါ အလွန်အကဲဖြစ်ကုန်၏- ဟု ပြောဆိုမှ သိက္ခာပုဒ်ကို ကဲ့ရဲ့ရာရောက်ပါသည်။

၅။ **အတိုင်းအတာပမာဏ**

အောက်ထစ်ဆုံးအားဖြင့် ၆- ယူဇနာ ၅- ယူဇနာတိုင်တိုင် သွားရမည်။

ခဲဘွယ်မပေးကောင်းသောပုဂ္ဂိုလ်များ

အိမ်နေသူလူ၊ ပရိဗိုဇ်ယောကျ်ား၊ ပရိဗိုဇ်မိန်းတို့ဖြစ်သည်။

ဘိက္ခုနီမများ၏ ကျင့်ဝတ်- တစ်နှစ်ခြား တစ်ပါးသာ ရဟန်းခံခွင့်ရှိသည်။

၆။ (က) ဇဋိကလောမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ခ) နာဝါဘိရုဟနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) ဇကမဋ္ဌတုဝဋ္ဋနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) အသဲကစိုကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

၇။ **တိစီဝရေန ဝိပ္ပဝသေယျ- အရ**

သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်နှင့်ကင်း၍ နေလျှင်လည်း ဝိပ္ပဝါသမည်၍ အာပတ်သင့်နိုင်ပါသည်။

အာပတ်မှ ကင်းလွတ်ခွင့်ရှိသောပုဂ္ဂိုလ်များ

အပိုမတောင်းဘဲ ရအပ်သောသင်္ကန်းကို ခံယူသောရဟန်း၊
အလှူရှင်တို့က တောင်း၍ ပေးလှူအပ်သောသင်္ကန်းကို ခံယူသောရဟန်း၊
ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

၈။ **ဓမ္မအရ-** (ရန်ကုန် ၇- ၍)
အာမိသအရ- သင်္ကန်းစသည်တို့တွင် တစ်မျိုးမျိုးကို ယူရပါသည်။

၉။ **ဒုက္ကဋ်အာပတ်သင့်ရခြင်းအကြောင်း**

မုသာဝါဒလက္ခဏာမရှိ၊ ဝစီဒ္ဝါရဌ် ပြုသင့်သောအမှုကို မပြုခြင်း အကိရိယသမုဋ္ဌာန် ဖြစ်သောကြောင့် ဒုက္ကဋ်အာပတ်သာ ဖြစ်ရပါသည်။

http://www.dhammadownload.com

ကံထိုက်ရာကာလ

ရိုက်နှက်စဉ်က သေသည်ဖြစ်စေ, မသေဘဲနောက်မှ ထိုဒဏ်ရာဖြင့် သေသည်ဖြစ်စေ ရိုက်နှက်ကာမျှဉ်ပင် ပါရာဇိကကျပါသည်။

၁၀။ **ပဓာနကျပုံ**

မယားဖြစ်မှ မဖြစ်မှသည် ပဓာနမကျပါ။ အောင်သွယ်ခြင်းကြောင့် အာပတ်သင့်ရာ၌ လက်ခံခြင်း စုံစမ်းခြင်း ပြန်ဆောင်ခြင်း အင်္ဂါ ၃- ချက်ပြည့်မှသည်သာ ပဓာနကျပါသည်။

အာပတ်သင့်ပုံ အဆင့်ဆင့်

ဥတ်ပြီးဆုံးသည့်တိုင်အောင် မစွန့်လျှင် ဒုက္ကဋ်အာပတ်၊
ကမ္မဝါစာ ၂- ကြိမ်ပြီးဆုံး သည့်တိုင်အောင် မစွန့်လျှင် ထုလ္လစ္စည်းအာပတ် ၂- ချက်၊
ယသ နက္ခမတိ၊ သော ဘာသေယျ- ၌ ယျ- အက္ခရာဟူသော တတိယကမ္မဝါစာ ပြီးဆုံး သည့်တိုင်အောင် မစွန့်လျှင် သံဃာဒိသေသအာပတ်သင့်ပါသည်။

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ ဝိနယဘာသာ
၁၃၇၃- ခုနှစ်၊ နွေဦးတန်ခူးလဆန်း (၁၁) ရက်၊ (၂- ၄- ၂၀၁၂) တနလာနေ့

၁။ သူတစ်ပါး၏ "ဂရုကအာပတ်"ကို သိလျက် ဖုံးထားပေးသော ဘိက္ခု, ဘိက္ခုနီတို့အား သင့်ရောက်မည့် အပြစ်များပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြပါ။

၂။ အခြားရဟန်းတို့က ဝိနည်းသိက္ခာပုဒ်များဖြင့် ညွှန်ပြဆုံးမပြောဆိုပါလျက် နားမထောင်ဘဲ မိမိပြောလိုသည်ကိုသာ ပြောဆိုခြင်းကြောင့် အပြစ်ရောက်ပုံ သိက္ခာပုဒ်ကို ကျင့်သုံးဖွယ်ရာ ဝတ္တရားများပါမကျန် ကုန်စင်အောင် အနက်ပေးပြပါ။

၃။ သံဃာဒိသေသ စတုတ္ထသိက္ခာပုဒ်၌ "ဝက္ခဲ့ ဘာသေယျ"၏ အဓိပ္ပါယ်ကို ကျမ်းရင်းလာ အတိုင်း ရေးသား၍၊ သင်္ကန်းဖိုးငွေ လာလှူဒါန်းသည့်အခါ ရဟန်းတော်များ မည်သို့ ပြောဆိုသင့်ပါသနည်း? ရာဇသိက္ခာပုဒ်လာအတိုင်း ပါဠိ+ မြန်မာ နှစ်ဘာသာဖြင့် ရေးသား ပြခဲ့ပါ။

၄။ "နမော တဿ . . ."ပါဠိကို သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်ရာ၌ လူတို့နှင့်သံပြိုင်ဆိုသော ရဟန်းတို့အား "ပဒေသောဓမ္မသိက္ခာပုဒ်"အရ အပြစ်ရှိ, မရှိ

http://www.dhammadownload.com

အကြောင်းပြ ဆုံးဖြတ်၍၊ ရဟန်းတော်များ မပြုကောင်းသော "အပ်ကျည်သရုပ်"တို့ကို လည်း ဖော်ပြခဲ့ပါ။

၅။ "ဥနဝိသတိဝဿသိက္ခာပုဒ်"နှင့် "ထေယျသတ္ထသိက္ခာပုဒ်"တို့၌ပါသော "ဇာနံ" ပုဒ်တို့၏ အထူးကို ဖြေဆို၍၊ ရဟန်းမများ ကျင်ငယ်မစွန့်ကောင်းသော အရပ်များကိုလည်း သိက္ခာပုဒ်ထောက် ညွှန်ပြပါ။

၆။ အောက်ပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ ဖြေဆိုပါ။

(က) ရောင်းဝယ်၍ စီးပွါးရေးလုပ်သော ရဟန်း၊
(ခ) သေရည်သေရက် သောက်သောရဟန်း၊
(ဂ) သံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲသော ရဟန်း၊
(ဃ) ဝါစ်ယောက်တည်း မြစ်တစ်ဖက်ကမ်းသို့ သွားသောရဟန်းမ၊
(င) နံ့သာရည်ဖြင့် ရေချိုးသော ရဟန်းမ။

၇။ စတုတ္ထပါရာဇိကလာ "မနုဿဓမ္မ" အရ, "ဥတ္တရိမနုဿ"အရ, "ဥတ္တရိမနုဿဓမ္မ" အရ တို့ကိုကောက်ပြ၍ "ဩဘာသေယျ" အရ ပြောဆိုပုံအခြင်းအရာများကိုလည်း ကခ်ါလာ အတိုင်း ဖြေဆိုခဲ့ပါ။

၈။ ပရိဝါသ်ဆောက်တည်ပြီး မာနတ်ကျင့်ရာ၌ မာနတ်ကျင့်ပုံအစီအစဉ်ကို ကခ်ါလာအတိုင်း ဖြေဆို၍၊ နိဿဂ္ဂိယိစတ် ကောသိယဝဂ်လာ "နာနပ္ပကာရ" ပုဒ်တို့၏ အထူးကိုလည်း ရေးပြပါ။

၉။ ရဟန်းတော်များ ခဲဖွယ်ဘောဇဉ်တို့ကို အကပ်ခံရာ၌ ကပ်သူနှင့် နှစ်တောင့်ထွာ ဟတ္ထပါသ် တိုင်းတာပုံကို ဗဟုသုတဖြစ်ဖွယ် ရေးသားပြ၍၊ "ဂိလာန" ဟု အကြောင်းပြပြီး ရဟန်း, သာမဏေများ ခါးတောင်းကြိုက်၍ ဝတ်ကောင်းပါသလော သဘာဝယုတ္တိပြ၍ ဆုံးဖြတ်ပါ။

၁၀။ (က) ဘိက္ခုနီ သံဃာဒိသေသ်လာ"နဒီ ပါရံ ဂစ္ဆေယျ" ၌ "နဒီ" အရ၊ (ခ) ပါစိတ်လာ "ရတ္တာန္ဓကာရ အပ္ပဒီပေ" ၌ "ဒီပ" အရ, "သာမိကော အနာပုစ္ဆာ ပက္ကမေယျ"၌ "သာမိက" အရတို့ကို ကခ်ါလာအတိုင်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ဝိနယဘာသာ

၁။ (ဒုဋ္ဌုလ္လသိက္ခာပုဒ်နှင့် ဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (သဟဓမ္မိကသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **ဝဏ္ဏ ဘာသေယျ-၏ အဓိပ္ပါယ်**

သီလရှိ, ကောင်းသောသဘောရှိ, မြတ်သောအကျင့်ရှိသော ငါကဲ့သို့သောသူကို မေထုန်အကျင့်ဖြင့် ပြုစုလုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်းတကာတို့ထက် အမြတ်ဆုံး ဖြစ်သည်။

ပြောဆိုပုံ

န ခေါ မယံ အာဝုသော စီဝရစေတာပန္နံ ပဋိဂ္ဂဏှာမ-ငါရှင်တမန် ငါတို့သည် သင်္ကန်းဖိုးကို မခံယူပါကုန်၊

စီဝရဉ္စ ခေါ မယံ ပဋိဂ္ဂဏှာမ ကာလေန ကပ္ပိယံ- ငါတို့သည် သင့်လျော်သောအခါ၌ အပ်စပ်သောသင်္ကန်းကိုသာ ခံယူကုန်၏။

၄။ **အပြစ်ရှိ/မရှိ-** အပြစ်မရှိပါ။

အကြောင်း- ပို့ချမှုသဘောမဟုတ်သောကြောင့် အာပတ်မသင့်ပါ။

အပ်ကျည်သရုပ်- အဋ္ဌမယ၊ ဒန္တမယ၊ ဝိသာဏမယ-တို့ဖြစ်ပါသည်။

၅။ **ဏာန်-နှစ်ပုဒ်တို့၏အထူး**

ဥနဝီသတိဝဿသိက္ခာပုဒ်၌ အသက်နှစ်ဆယ်မပြည့်သည်ကို သိခြင်းဖြစ်၏။

ထေယျသတ္ထသိက္ခာပုဒ်၌ ခိုးသူကုန်သည်မှန်းသိခြင် းဖြစ်၏။ ဤသို့ထူးပါသည်။

ကျင်ငယ်မစွန့်ကောင်းသောအရပ်များ

ဥဒကေဥစ္စာရသိက္ခာပုဒ်ကိုထောက်၍ သုံးဆောင်ကောင်းသောရေရှိရာအရပ်၊

ဟရိတေဥစ္စာရသိက္ခာပုဒ်ကိုထောက်၍ စိမ်းစိုသော မြက်သစ်ပင်ရှိရာအရပ်၊

ပဌမဥစ္စာရဆဋ္ဌနသိက္ခာပုဒ်ကိုထောက်၍ နံရံတစ်ဖက်, တံတိုင်းတစ်ဖက်အရပ်၊

ဒုတိယဥစ္စာရဆဋ္ဌနသိက္ခာပုဒ်ကိုထောက်၍ စိမ်းစိုသောကောက်ပဲသီးနှံရှိရာအရပ်တို့ မြန်မာ့ဓလေ့သည်။

http://www.dhammadownload.com

၆။ (က) ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ခ) သုရာပါနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) အမူလကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) ဧကဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
(င) ဂန္ဓဝဏ္ဏကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

၇။ **မနုဿဓမ္မအရ**- ကုသလကမ္မပထတရားဆယ်ပါး၊
ဥတ္တရိမနုဿအရ- ဈာယီ, အရိယာပုဂ္ဂိုလ်၊
ဥတ္တရိမနုဿဓမ္မအရ- ဈာန်မဂ်ဖိုလ်တရားများဖြစ်ပါသည်။

သြဘာသေယျအရ

ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, တောင်းခြင်း, ရှေ့ရှုတောင်းခြင်း, မေးခြင်း, တဖန်မေးခြင်း, ပြောကြားခြင်း, ဆုံးမခြင်းစသည်တို့ဖြစ်ပါသည်။

၈။ **မာနတ်ကျင့်ပုံအစီအစဉ်**

မာနတ်ကျင့်သောရဟန်းသည် ဝတ်ကိုချုပြီးနောက် နံနက်မိုးသောက်သောအခါ၌ ဆောက်တည်ခြင်းငှါ သွားအုံ့၊ အယုတ်ဆုံးအားဖြင့် ရဟန်းလေးပါးတို့နှင့်တကွ ကျောင်းတိုက်အကာအရံ သို့မဟုတ် အကာအရံထိုက်ရာအရပ်မှ ခဲနှစ်ကျကျော်လွန်သောအရပ်သို့ သွား၍ "မာနတ္တဲ့ သမာဒိယာမိ"ဟု ဆောက်တည်ပြီး ထိုအဖော်ရဟန်းတို့အား မာနတ်ကြားရပါမည်။ ထို့နောက် အဖော်ရဟန်းတို့သည် ပြန်သွားလျှင် ကျောင်းတိုက်သို့ လိုက်သွားပြီး အရင်ဆုံးတွေ့သော ရဟန်းထံ မာနတ်ကြား၍ ချရပါမည်။ ပြန်မသွားကြလျှင် ထိုရဟန်းတို့အထံ၌ မာနတ်ကြား၍ ချရပါမည်။

နာနပ္ပကာရပုဒ်တို့၏အထူး

ရူပိယသံဝေါဟာရသိက္ခာပုဒ်၌ တန်ဆာပြုလုပ်အပ်ပြီးသော ရွှေငွေ၊ မပြုလုပ်အပ်သေးသော ရွှေငွေစသည်ပြားသော အကပ်ပိယဝတ္ထုကို ယူရပါမည်။

ကယဝိက္ကယသိက္ခာပုဒ်၌ သင်္ကန်းစသော ကပ်ပိယဘဏ္ဍာကို ယူရပါမည်၊ ဤသို့ထူးပါသည်။

၉။ **တိုင်းတာပုံ**

ထိုင်နေသောရဟန်း၏ တင်ပါးနောက်အစွန်းမှလည်းကောင်း၊ ရပ်နေသောရဟန်း၏ ဖနောင့်အစွန်းမှလည်းကောင်း၊ လျောင်းနေသောရဟန်း၏ ထိုဘက်နံပါးအစွန်းမှ

http://www.dhammadownload.com

လည်းကောင်း ကပ်သောဒါယကာသည် ထိုင်နေသည်ဖြစ်စေ ရပ်နေသည်ဖြစ်စေ လျောင်းနေသည်ဖြစ်စေ ဆန့်တန်းသောလက်မှတပါး အနီးဆုံးကိုယ်အင်္ဂါ၏ ဤဘက် အစွန်းဖြင့် တိုင်းတာပိုင်းခြားအပ်သော နှစ်တောင့်ထွာကို ဟတ္ထပါသိမ်ဟုခေါ်ပါသည်။

ခါးတောင်းကြိုက် ဝတ်မကောင်းကြောင်း

ဂိလာနဟု အကြောင်းပြပြီး ရဟန်းသာမဏေများ ခါးတောင်းကြိုက်၍ မဝတ်ကောင်းပါ။

၁၀။ (က) နဒီပါရဂမနဝိဘင်း၌ ပါဠိဟောတော်မူအပ်သည့် လက္ခဏာနှင့်ပြည့်စုံသော မြစ်ကိုယူ။
(ခ) လရောင် နေရောင် မီးရောင်တို့တွင် တစ်မျိုးမျိုးကိုယူ၊
သာမိကအရ- ထိုအိမ်၌ တတ်သိနားလည်သော လူတစ်ယောက်ယောက်ကိုယူ။

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ ဝိနယဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄) ရက်၊ (၂၆- ၃-၂၀၁၂) တနလ်ာနေ့

၁။ ကိလေသာများနှင့် ရောယှက်၍ ပေးကမ်းလျှဒါန်းသော ယောကျ်ားတစ်ယောက်၏လက်မှ ခဲ့ဖွယ်ဘောဇဉ်များကို ခံယူစားသုံးဖို့ တိုက်တွန်းသော ဘိက္ခုနီမအား ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ မေထုနပဋိသေဝနတရားတို့သည် နတ်ရွာ, နိဗ္ဗာန်, စျာန်မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုနိုင်ကုန်၏ဟု မြတ်ဗုဒ္ဓက ဟောထားပါလျက် အန္တရာယ်မပြုနိုင်ကြောင်း ဆန့်ကျင်ဘက်ပြု၍ ကြေညာနေသော ရဟန်းအား ရဟန်းကောင်းတို့က ပြန်လည်ပြောဆိုပုံပြ ဝိနယပါဠိကို အနက်မှန်မှန် သမ္မန်ပြပါ။

၃။ သာသနာတစ်ခေတ် သမိုင်းတွင်ရစ်ခဲ့သော ဆရာဒေဝဒတ်၏ နောက်လိုက်ရဟန်းများအား ရဟန်းကောင်းတို့က ပြောဆိုပုံစကားရပ် ပါဠိကို မြန်မာဘာသာဖြင့် ဖော်ပြ၍၊ အောက်ပါတို့ကိုလည်း အတိအကျ ညွှန်ပြခဲ့ပါ။
(က) သင်္ကန်းခြောက်မျိုး၊ (ခ) သင်္ကန်းကိုးထည်။

၄။ ပဏီတဘောဇနာနိ-၌ ဘောဇနအရတို့ကို တိကျစွာကောက်ပြ၍၊ ဒိယမော မာသော သေသော ဂိမှာနန္တိ-၌ ဒိယမုမာသ- အရကို ညွှန်ပြပြီးလျှင်၊ သပ္ပါဏကဝဂ် သဠိစ္စသိက္ခာပုဒ်နှင့် သပ္ပါဏကသိက္ခာပုဒ်တို့၌ ပါသော ပါဏ- အရတို့၏ ထူးခြားပုံကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၅။ ဝိနည်းသိက္ခာပုဒ်တို့ကို ကျင့်သုံးရာ၌ အသက်အရွယ် ကြီးငယ်အလိုက် ခွဲခြားကျင့်သုံးပိုင်ခွင့် ရှိ/မရှိကို ဘိက္ခုပါတိမောက် ပါဠိသာဓက ဖော်ပြဆုံးဖြတ်၍၊ ဘိက္ခုနီသံဃာဒိသေသ်တို့တွင် ယာဝတတိယကာ သိက္ခာပုဒ်များကိုသာ ရေတွက်ဖော်ပြခဲ့ပါ။

၆။ ဘိက္ခုနီမများ ဥပဇ္ဈာယ်ဆရာမ, လုပ်လိုလျှင် လိုအပ်သော အရည်အချင်းများကို သိက္ခာပုဒ်ထောက်ပြဖြေဆို၍၊ သာသနာ့ဝန်ထမ်းရဟန်းနှင့် ရဟန်းမများသည် မနာမဖျားဘဲ ဆိုက်ကားစီးကောင်း/ မစီးကောင်းကိုလည်း အထောက်သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

၇။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ "ဩတိဏ္ဏ" နှင့် "ဝိပရိဏာတစိတ္တ" တို့၏ အဓိပ္ပါယ်ကို ကခ်ါလာသည့်အတိုင်း ဖြေ၍၊ အနိယတသိက္ခာပုဒ်၌ "သဒ္ဒေယျဝစသာ" အရ အဘယ်သို့သော ဥပါသိကာမကို ယူရပါမည်နည်း? ဖြေဆိုခဲ့ပါ။

၈။ အောက်ပါ ဝေါဟာရတို့၏ အဓိပ္ပါယ်များကို ကခ်ါလာသည့်အတိုင်း ဖွင့်ဆိုရေးသားခဲ့ပါ။
(က) ပုရာဏစီဝရ၊ (ခ) ရာဇသိက္ခာပုဒ်လာ စီဝရစေတာပန္န၊
(ဂ) အတိရေကပတ္တ၊ (ဃ) အစ္ဆေကစီဝရ။

၉။ ဒုတိယသဟသေယျ သိက္ခာပုဒ်၌လာသော မာတုဂါမအရကို (က) ပါစိတ်ဝတ္ထု၊ (ခ) ဒုက္ကဋ်ဝတ္ထုအားဖြင့် ခွဲခြားပြ၍၊ ပဝါရိတ်သင့်ကြောင့် အင်္ဂါ ငါးပါးကိုလည်း ကခ်ါအလိုကျ ဖြေဆိုခဲ့ပါ။

၁၀။ သောကာဝါသသိက္ခာမာန်၏ အဓိပ္ပါယ်ကို ကခ်ါအလိုကျ ပြည့်စုံစွာ ရှင်းလင်းဖြေဆိုခဲ့ပါ။

၁၇။ ဧရာဝတီတိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဘောဇနပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ မာ ယသ္မာ ဇဝံ အဝစ ။ပ။ ပဋိသေဝတော အန္တရာယာယ– ဟူသောပါဠိကို အနက်ရေးလေ။

၃။ **ပြောဆိုပုံစကားရပ်–** (မကွေး ၃–၅)
(က) ခုံချည်သက်နိုး
ဝါချည်သက်နိုး

http://www.dhammadownload.com

လျှော်တေသက်နှံး
ကမ္မလာချည်သက်နှံး
ပိုက်ဆံလျှော်ချည်သက်နှံး
ခေါ်မစသည် ချည်ငါးမျိုးကို ရောၫ် ရက်အပ်သောသက်နှံး

(ခ) သင်းပိုင်၊ ကိုယ်ရုံ၊ ဒုက္ခဋ္ဌ၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ ပရိက္ခာရစောဋ္ဌ၊ နိသီဒိုင်၊ မိုးရေခံသက်နှံး၊ အမာလွှမ်းသက်နှံး- တို့ဖြစ်ပါသည်။

၄။ **ဘောဇနအရ-** သြဒန၊ သတ္တု၊ ကုမ္မာသ- တို့ကိုယူ။

ဒိသမုမာသအရ- နယုန်လဆန်း ၁- ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ၁- လခွဲကိုယူ။

ပါဏ- နှစ်ခုအထူး

သဋ္ဌိစွသိက္ခာပုဒ်၌ ပါဏအရ တိရစ္ဆာန်သတ္တဝါအားလုံးရ၍၊ သပ္ပါဏကသိက္ခာပုဒ်၌ ပါဏအရ ရေကိုသောက်ခြင်း ချိုးခြင်းစသည်တို့ကြောင့် သေလောက်သော ပိုးကောင်ငယ်လေးများကို ရပါသည်။ ဤသို့ထူးပါသည်။

၅။ **ခွဲခြားကျင့်သုံးပိုင်ခွင့်ရှိ/မရှိ**

ခွဲခြားကျင့်သုံးပိုင်ခွင့်မရှိပါ။

သာဓက- တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ။

သိက္ခာပုဒ်များ

သိက္ခံ ပစ္စာစိက္ခဏာသိက္ခာပဒ၊ အဓိကရဏကုပိတသိက္ခာပဒ၊ ပါပသမာစာရပဋမသိက္ခာပဒ၊ ပါပသမာစာရဒုတိယသိက္ခာပဒ- အားဖြင့် အသာဓာရဏအရ သိက္ခာပုဒ်လေးပုဒ်။

သံဃဘေဒကသိက္ခာပဒ၊ ဘေဒါနုဝတ္တကသိက္ခာပဒ၊ ဒုဗ္ဗစသိက္ခာပဒ၊ ကုလဒူသကသိက္ခာပဒ- အားဖြင့် သာဓာရဏသိက္ခာပုဒ်လေးပုဒ်။

ဤသို့လျှင် ယာဝတတိယကသိက္ခာပုဒ် ၈- ပုဒ်ရှိသည်။

၆။ **လိုအပ်သောအရည်အချင်း**

ဥိနဒ္ဒါဒသဝဿသိက္ခာပုဒ်ကိုထောက်၍ ၁၂- ဝါပြည့်ရခြင်း၊
ပရိပုဏ္ဏဒွါဒသဝဿသိက္ခာပုဒ်ကိုထောက်၍ သမ္မုတိရခြင်း၊
မနာမဖျားဘဲ ဆိုက်ကားမစီးကောင်းပါ။

သာဓက- ယာ ပန ဘိက္ခုနီ အဂိလာနာ ယာနေန ယာယေယျ ပါစိတ္တိယံ။

http://www.dhammadownload.com

၇။ ဩတိက္ကာ, ဝိပရိဏာတစိတ္တတို့၏ အဓိပ္ပါယ်

ဘီလူးစသည်တို့သည် သတ္တဝါတို့အတွင်းသို့ သက်ရောက်သကဲ့သို့ အတွင်း၌ဖြစ်သော ရာဂသည် သက်ရောက်ခြင်းကို ဩတိက္ကာဟုခေါ်ပါသည်။

(တစ်နည်း) သတ္တဝါတို့သည် တွင်းစသည်တို့သို့ ကျရောက်ကုန်သကဲ့သို့ ဟုတ်မှန်သော သဘောကို မဆင်ခြင်သောကြောင့် တပ်မက်ဖွယ်ကောင်းသောအာရုံ၌ တပ်မက်သည့်အတွက် မိမိကိုယ်တိုင် ရာဂသို့ ကျရောက်ခြင်းကို ဩတိက္ကာဟုခေါ်ပါသည်။

စင်ကြယ်သော ဘဝင်အစဉ်ဟုဆိုအပ်သော ပကတိသဘောကို စွန့်၍ တစ်မျိုးတစ်ဖုံ ပြောင်းလဲပြီး ကာယသံသဂ္ဂရာဂ၏ အစွမ်းအားဖြင့် တည်သောစိတ်ကို ဝိပရိဏာတစိတ်ဟုခေါ်ပါသည်။

သဒ္ဒေယျဝစသာအရ

ယုံကြည်ထိုက်သောစကားရှိသော အရိယာဥပါသိကာကိုယူ။

၈။ (က) (မကွေး ၈-ရှ)

(ခ) ငွေစသော အကပ်ပိုယဝတ္ထုသည် စီဝရစေတာပန္နာ၊

(ဂ) အဓိဋ္ဌာန်ဝိကပ္ပနာ မပြုအပ်သေးသော သပိတ်ကို အတိရေကပတ္တာ၊

(ဃ) ခရီးသွားမည့်သူ၊ မကျန်းမာသူ၊ ကိုယ်ဝန်ရှိသူ၊ သဒ္ဓါတရားအသစ်ဖြစ်ပေါ်လာသူတို့တွင် တစ်ယောက်ယောက်က ဝဿဝါသိကံ ဒဿာမိ-ဟုလျှောက်ထား၍ လှူအပ်သောသင်္ကန်းကို အစွေ့ကစီဝရဟုခေါ်ပါသည်။

၉။ (က) အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌ မွေးဖွားသောလူမိန်းမကိုယူ။

(ခ) မျက်စိဖြင့် မြင်နိုင်သော ဘီလူးမ, ပြိတ္တာမ, ပဏ္ဍာကဿ, မေထုန်မှီဝဲလောက်သော တိရစ္ဆာန်မတို့ကိုယူ၊

ပဝါရိတ်သင့်ကြောင့်အင် ၇- (မကွေး ၉-ရှ)

၁၀။ သောကာဝါသသိက္ခာမာန်

အချိန်းအချက်ပြုပြီး မသွားသည်ဖြစ်၍ ယောကျ်ားတို့၏ စိတ်အတွင်းသို့ ဝမ်းနည်းခြင်းသောကကို သွင်းတတ်သောကြောင့် သောကာဝါသဟုခေါ်ပါသည်။

(တစ်နည်း) အိမ်ရှင်တို့သည် အိမ်ထဲသို့ဝင်ကုန်သကဲ့သို့ ယောကျ်ားနှင့် ပေါင်းဆုံခွင့်မရသည်ဖြစ်၍ ဝမ်းနည်းခြင်းသောကသို့ ဝင်တတ်သောကြောင့် သောကာဝါသ-ဟုခေါ်ပါသည်။

http://www.dhammadownload.com

၁၈။ ပထမပြန် အထူးအောင် ရွှေးချယ်ရေး စာမေးပွဲ
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၄-ခုနှစ်၊ ပထမဝါဆိုလဆန်း (၂)ရက်၊ (၂၀- ၆-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ ရာဂပူးယှဉ် ချစ်စိတ်ဝင်၍ ဘိက္ခုနီမအား ယောက်ျားလေးက ခဲဘွယ်ဘောဇဉ်လှူဒါန်းရာ "သင်က ရာဂစိတ်မရှိ ပြီးတာဘဲ၊ အလှူခံပြီး ဘဉ်းပေးပါ"ဟု တိုက်တွန်းသောရဟန်းမ အား အာပတ်သင့်ရောက်ပုံပြ ဝိနယဥပဒေသ သိက္ခာပဒကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၂။ ဘိက္ခုနီ သုဒ္ဓပါစိတ် တုဝဋ္ဋဝဂ်လာ သုံးကြိမ်တိုင်အောင် ပြောဆိုပါလျက် အယူကို မစွန့်သော ရဟန်းမအား သင့်ရောက်သော အာပတ်ပြ သိက္ခာပုဒ်တော်ကို နိဿယကျကျ အနက်ပေး ခဲ့ပါ။

၃။ "ယာ မာဒိသံ သီလဝန္တံ, ကလျာဏဓမ္မံ ဗြဟ္မစာရိ"ဉ် အဘယ်ရဟန်းမျိုးကို သီလဝန္တ, ကလျာဏဓမ္မ, ဗြဟ္မစာရီပုဂ္ဂိုလ်ခေါ်သည်ကို ဖော်ပြ၍၊ အတ္တကာမပါရိစရိယသိက္ခာပုဒ်၌ "မာတုဂါမဿ သန္တိကေ"ဝယ် မာတုဂါမ-အရ သန္တိကေ-အရတို့ကို ခွဲခြားဖော်ပြပါ။

၄။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ "အမူလကေန ပါရာဇိကေန"၌ အမူလကအဓိပ္ပါယ်နှင့် ပါရာဇိက အရ ယူသင့်,မယူသင့်သော ပါရာဇိကတို့ကို ခွဲခြားဖော်ပြ၍၊ "အမူလကဥ္စေဝ တံ အဓိကရဏံ"၌ ယူရမည့် အဓိကရဏကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

၅။ ခေတ်ကာလအားလျော်စွာ စားဖွယ်သောက်ဖွယ် အသွယ်သွယ်ကို ရေခဲသေတ္တာဖြင့် သိမ်း ဆည်းထားလေ့ရှိကြရာ (က) မည်သို့ထားလျှင် သန့်စင်ဖြစ်သည်၊ (ခ) သန့်စင်လွတ်အောင် မည်သို့ ထားသင့်သည်ဟု ခွဲခြားဖော်ပြပါ။

၆။ ဥနဝီသတိဝဿသိက္ခာပုဒ်အရ အသက် ၂၀-ရေတွက်ပုံကို ဖော်ပြ၍၊ အသက်(၂၀)မပြည့်ဘဲ ပြည့်သည်အထင်ဖြင့် ရဟန်းခံသူအား သဂ္ဃန္တရာယ် မဂ္ဂန္တရာယ် ဖြစ်,မဖြစ် ဆုံးဖြတ်ပြီးလျှင်၊ "ငါ အသက် ၂၀-မပြည့်ဘဲ ရဟန်းခံခဲ့သည်"ဟု သိလျှင် မည်သို့ပြုကျင့်ရမည် ကိုလည်း ဖော်ပြပါ။

၇။ သံဃဥပုသ်ပြုရာ၌ ပါတိမောက်ပြသောရဟန်း၏ ကိစ္စနှင့် ပါတိမောက်ကို နာယူသော ရဟန်းတို့၏ ကိစ္စတို့ကို ခွဲခြား ဖော်ပြ၍၊ "တံ သဗ္ဗေဝ သန္တာ သာဓုကံ သုဏောမ မနသိ

http://www.dhammadownload.com

ကရောမ"၌ အဘယ့်ကြောင့် "သုဏောထ မနသိ ကရောထ"ဟု မဆိုသည်ကိုလည်း ရှင်းပြပါ။

၈။ "ဗုဒ္ဓံ ပစ္စက္ခာမိ"ဟူသော ခေတ်ပုဒ်ကို ပါဠိဘာသာမှ တစ်ပါးသောဘာသာဖြင့် ဆို၍ သိက္ခာချလျှင် သိက္ခာကျ/မကျ အကြောင်းပြ ဖြေဆို၍၊ သေချင်နေသူအား "အလှူရေစက် လက်နှင့်မကွာ နေကြသူတွက် နတ်ပြည်လောက်တော့ အပြောပေါ့"ဟု ပရိယာယ်ဖြင့် သေချင်အောင်ပြောလျှင် ပါရာဇိကကျ/မကျ အကြောင်းပြ ဆုံးဖြတ်ပါ။

၉။ ကျောင်းတွင်းရှိ စေတီတော်ကို ပွဲလမ်းသဘင်ဖြင့် ပူဇော်လိုပါသည်ဟု လျှောက်ထားရာ "ကောင်းသားပဲ"ဟု လက်ခံသော ရဟန်းနှင့် ရဟန်းမတို့အား သင့်ရောက်သောအာပတ်ကို ဝိနယဉပဒေသနှင့်အညီ ဖော်ပြ၍၊ နစ္စဂိတသိက္ခာပုဒ်အရ အာပတ်သင့်ရန် အကြောင်းအင်္ဂါရပ်တို့ကိုလည်း ကခ်ဳံလာသည့်အတိုင်း ဖော်ပြပါ။

၁၀။ ဘိက္ခုနီ သုဒ္ဓပါစိတ် သဃ်ဘင်္ဒစာရသိက္ခာပုဒ်၌ အဘယ့်ကြောင့် အဘယ်သင်္ကန်းကို သဃ်ဘင်္ဒခေါ်သည်ကို ဖော်ပြ၍၊ ယင်းသိက္ခာပုဒ်ကို ပညတ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၁၈။ အထူးအောင် (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဘောဇနပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (သံသဋ္ဌသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **သီလဝန္တ**- ပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်သော ရဟန်းကို သီလဝန္တပုဂ္ဂိုလ်ဟုခေါ်သည်။

ဗြဟ္မစာရီ- မေထုန်အကျင့်မှ ရှောင်ကြဉ်သော ရဟန်းကို ဗြဟ္မစာရီဟုခေါ်ပါသည်။

ကလျာဏဓမ္မ- ပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်ခြင်း, မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း ၂-မျိုးတို့ဖြင့် ကောင်းသောအကျင့်ရှိသော ရဟန်းကို ကလျာဏဓမ္မဟုခေါ်ပါသည်။

http://www.dhammadownload.com

မာတုဂါမအရ

ရှန့်ရင်းသောစကား, မရှန့်ရင်းသောစကားကို ခွဲခြားနားလည်သော မိန်းမကို ယူရပါသည်။

သန္ဓိကေအရ- ရဟန်း၏စကားကို မာတုဂါမကြားလောက်ရာအရပ်ကို ယူရပါသည်။

၄။ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း၏ အကြောင်းရင်း မူလများဖြစ်သည့် မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း, သံသယဖြစ်ခြင်းတို့ မရှိသောကြောင့် ပါရာဇိကအာပတ်ကို အမူလကဟုခေါ်သည်။

ယူသင့်သောပါရာဇိက

ပါရာဇိက ၂၄-ပါးရှိသည့်အနက် ရဟန်းအား သင့်လျော်လျောက်ပတ်သော ပါရာဇိက ၁၉-ပါးတို့ကို ယူရပါသည်။

မယူသင့်သောပါရာဇိက

ဘိက္ခုနီတို့၏ အသာမာရဏာပါရာဇိက ၄-ပါး၊ လူအဝတ်ကိုဝတ်သော ဘိက္ခုနီဟူသော ပါရာဇိက ၅-ပါးကို မယူရပါ။

ယူရမည့်အဓိကရဏ- ပါရာဇိကဟုဆိုအပ်သော အာပတ္တာဓိကရဏ်းကို ယူရပါသည်။

၅။ (က) စားဦးမည်ဟု ငဲ့ကွက်ခြင်းနှင့်တကွ (ဝါ) မစွန့်လွှတ်ဘဲ သိမ့်သိမ်းဆည်းထားလျှင် သန္ဓိဓိဖြစ်သည်။

(ခ) စားဦးမည်ဟု ငဲ့ကွက်မှုမရှိဘဲ လူ, သာမဏေတို့အား ပေးစွန့်ထားသင့်သည်။

၆။ **အသက် ၂၀-ရေတွက်ပုံ-** ပဋိသန္ဓေတည်သည်မှ စ၍ ရေတွက်ရပါသည်။

ဆုံးဖြတ်ပုံ

မိမိ အသက် ၂၀ မပြည့်၍ ရဟန်းစင်စစ်မဖြစ်ခဲ့ကြောင်း မသိသေးသမျှ သဂ္ဃန္တရာယ်, မဂ္ဂန္တရာယ်မဖြစ်ပါ။ ထိုသို့မဖြစ်ပါသော်လည်း သိလျှင်ကား ထပ်၍ ရဟန်းခံရပါမည်၊ သိလျက်ထပ်၍ ရဟန်းမခံလျှင်အား သဂ္ဃန္တရာယ်, မဂ္ဂန္တရာယ်ဖြစ်ပါသည်။

ပြုကျင့်ပုံ

ငါ အသက် ၂၀-မပြည့်ဘဲ ရဟန်းခံခဲ့သည်ဟု သိလျှင် တဖန်ထပ်၍ ရဟန်းခံရပါမည်။

၇။ ပါတိမောက်ပြခြင်း ကိစ္စဖြစ်သည်။

http://www.dhammadownload.com

သံဃာ, ဂိုဏ်း ညီညွတ်သဖြင့် ပုဂ္ဂိုလ်တစ်ပါးက ပါတိမောက်ရွတ်ပြခြင်းသည် သံဃာ အားလုံး ပါတိမောက်ရွတ်ပြီး ဖြစ်ခြင်းကြောင့်။

သုဏောထ မနသိ ကရောထ-ဟု မဆိုရခြင်းအကြောင်း

သုဏောထ မနသိ ကရောထ-ဟုဆိုလျှင် ထိုစကားသည် သံဃော ဥပေါသထံ ကရေယျ-ဟူသောစကားနှင့်မညီ ဥပုသ်ပြုခြင်းသည် ညီညွတ်သော သံဃာ၏ ဥပုသ် ပြုခြင်းဖြစ်၏၊ ပါတိမောက်ပြသောရဟန်းသည်လည်း သံဃာ၌ အကျုံးဝင်သည်၊ ဤသို့လျှင် ပါတိမောက်ပြသောရဟန်းသည် သံဃာ၌ အကျုံးဝင်သောကြောင့် သုဏောထ မနသိ ကရောထ-ဟု မဆိုရခြင်းဖြစ်ပါသည်။

၈။ (မည်သည့်ဘာသာဖြင့် ဖြစ်စေ) နှုတ်မြွက်မှု ဝါစာပယောဂကြောင့်သာ သိက္ခာချမှု အထ မြောက်သည်၊ ထို့ကြောင့် သိက္ခာကျပါသည်။

ပါရာဇိကကျ/မကျ

သံဝဏ္ဏေယျ-သေခြင်း၏ဂုဏ်ကျေးဇူးကို ထင်ရှားပြအံ့ဟု ဆိုသောကြောင့် ပရိယာယ်ဖြင့် သေချင်အောင် ပြောလျှင်လည်း ပါရာဇိကကျသည်။

၉။ ရဟန်းအား ဒုက္ကဋ်အာပတ်သင့်ပါသည်။
ရဟန်းမအား သုဒ္ဓပါစိတ်အာပတ်သင့်ပါသည်။

အင်္ဂ ၅

က-ခြင်းစသည်တို့တွင် တစ်မျိုးမျိုးဖြစ်ခြင်း၊ ခွင့်ပြုအပ်သော အကြောင်းကို ကြဉ်၍ သွားခြင်း၊ မြင်ခြင်း(သို့မဟုတ်)ကြားခြင်းအားဖြင့် အင်္ဂါ ၃-ပါးဖြစ်သည်။

၁၀။ သုံးဆောင်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း, နေလှန်းခြင်း၏ အစွမ်းဖြင့်လည်း ကောင်း ချုပ်စပ်အပ်သော အနက်သဘောကြောင့် တိစီဝရိတ်, ရေသနုပ်, ရင်စည်းတဘက် တို့ကို သယ်ဆောင်-ဟုခေါ်သည်။

ပညတ်ရခြင်းအကြောင်း

သင်္ကန်းကြီးကို ချထား၍ သင်းပိုင်နှင့်တကွ ကိုယ်ရုံဖြင့် ဇနပုဒ်လှည့်လည်ခြင်းသို့ ဖဲသွားခြင်းဟူသော အကြောင်းကြောင့် ပညတ်ရပါသည်။

http://www.dhammadownload.com

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကချင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်၊ (၂- ၄-၂၀၁၂) တနလ်ာနေ့

၁။ ဂေါဃာတကဝတ္ထုလာ ဇီဝိတဘတ် ဆွမ်းအလှူပွဲ၌ ပထမအကြိမ် အနုမောဒနာပြု ဟောကြားအပ်သည့် ဂါထာတို့ကို အနက်ယောဇနာခဲ့ပါ။

၂။ မခွဲရက် မခွါရက်နိုင်အောင် ချစ်နေကြသည့် သုံးယောက်သော မိသားစုကို အကြောင်းပြု၍ ဟောကြားအပ်သော တယောဇနပဗ္ဗဇိတဝတ္ထုလာ ဂါထာတို့ကို ပါဠိသက်သက် ရေးပါ။

၃။ သုခဝဂ်ကို ရွှ၍ အောက်ဖော်ပြပါ အမည်တို့ကို ဖြေဆိုပါ။
(က) အားကြီးသော ရောဂါ၊ (ခ) အားကြီးသော ဆင်းရဲ၊ (ဂ) အကောင်းဆုံး လာဘ်၊
(ဃ) အကောင်းဆုံး ဥစ္စာ၊ (င) အကောင်းဆုံး ဆွေမျိုး။

၄။ မဟာမောဂ္ဂလ္လာနပဥ္စဝတ္ထုလာ နတ်ပြည်သို့ ရောက်ခြင်း၏ အကြောင်းသရုပ်တို့ကို ထုတ်ပြ၍၊ အဘယ်သို့သော သူကို "ဓမ္မဓရဟုဂ္ဂိုလ်" ခေါ်ပါသနည်း? ဇကုဒါနတ္ထေရဒီဃာသဝဝတ္ထုကို ရွှ၍ ဖြေဆိုပါ။

၅။ မြတ်စွာဘုရားသည် ပေါဠိလမထေရ်အား ဟောကြားအပ်သော ပညာကြီးကြောင်း, ပညာနည်းကြောင်းကို မြန်မာစကားပြေဖြင့် ဖြေဆို၍၊ သူတစ်ပါး မယားကို ပြစ်မှားသူတို့ တွေ့ကြုံရမည့် ဆင်းရဲကြောင်းသရုပ်ကို ခေမကသူဌေးသား ဝတ္ထုလာအတိုင်း ဖြေဆိုပါ။

၆။ မာရဝတ္ထု၌ မြတ်စွာဟောကြားတော်မူအပ်သော ချမ်းသာခြင်းများကို မြန်မာမှုပြု၍ ဖြေဆိုပါ။

၇။ ရောဟိနီမင်းသမီး စုတေ၍ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်စဉ် နတ်သားလေးယောက်တို့နှင့် သိကြားမင်းကြီး၏ ရောဟိနီမင်းသမီးအပေါ် ခံစားချက် အသီးသီးတို့ကို ဖြေဆိုပါ။

၈။ ကပိလငါး၏ ခန္ဓာကိုယ်၌ ရွှေအဆင်းကဲ့သို့ဖြစ်ခြင်း, ခံတွင်းမှ အပုပ်နံထွက်ခြင်း၏ အကြောင်းတို့ကို ဖြေဆို၍၊ ကပိလငါးကို ဖမ်းယူကြသော တံငါးသည်ငါးရာတို့သည် မည်သည့်လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ကြသည်ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com

၉။ ကောကာလိကရဟန်းသည် အဂ္ဂသာဝကကြီးများကို ဆဲရေး ရေရွတ်ခြင်းကြောင့် မျက်မှောက်ဘဝ၌ ဆင်းရဲဒုက္ခ ခံရပုံကို ဖြေဆိုပါ။

၁၀။ ပိလိန္ဒဝစ္ဆမထေရ်ကို နတ်တို့ ချစ်ခင် နှစ်သက်ခြင်း၏ အကြောင်းကို ဖြေဆို၍၊ ဇောတိက သူဌေးအလောင်း ညီအကို နှစ်ယောက်တို့သည် ပစ္စေကဗုဒ္ဓါအား ကြံလှူဒါန်း၍ ဆုတောင်းကြပုံ အသီးသီးကို ဖြေဆိုပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

မှတ်ချက် - ဓမ္မပဒအဖြေတွင် ကျမ်းညွှန်းဂါထာနံပါတ်များသည် အဋ္ဌကထာစာအုပ်လာ ဂါထာနံပါတ်များဖြစ်သည်။

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ (က) ဆာလောင်မွတ်သိပ်သောရောဂါ၊
(ခ) ခန္ဓာငါးပါးသဒ်ါရတရား၊
(ဂ) အနာရောဂါကင်းခြင်း၊
(ဃ) ရောင့်ရဲတင်းတိမ်ခြင်း၊ (ဂါထာ- ၂၀၃)
(င) အကျွမ်းဝင်ခြင်း။ (ဂါထာ- ၂၀၄)

၄။ နတ်ပြည်ရောက်ခြင်း၏ အကြောင်းသရုပ်
- မှန်ကန်သောစကားကို ပြောဆိုခြင်း၊
- အမျက်မထွက်ခြင်း၊
- တောင်းလာသည်ရှိသော် အနည်းငယ်ကိုလည်း ပေးလှူခြင်း တို့ ဖြစ်ကြပါသည်။ (ဂါထာ- ၂၂၄)

ဓမ္မဓရပုဂ္ဂိုလ်

စကားများများ ပြောဆိုကာမျှဖြင့် ဓမ္မဓရပုဂ္ဂိုလ် မဖြစ်ပါ၊ အနည်းငယ်သော တရားစကားကို ကြားနာ၍ နာမကာယဖြင့် သစ္စာလေးပါး မြင်သူနှင့် ပြင်းထန်သော ဝီရိယဖြင့် တရားကို မမေ့မလျော့ အားထုတ်သောသူသည်သာ 'ဓမ္မဓရပုဂ္ဂိုလ်' ဖြစ်ပါသည်။ (ဂါထာ- ၂၅၉)

http://www.dhammadownload.com

၅။ ကမ္မဋ္ဌာန်းအာရုံ၌ သင့်သောအားဖြင့် နှလုံးသွင်းမှုကြောင့် ပညာကြီးပါသည်၊
ကမ္မဋ္ဌာန်းအာရုံ၌ မသင့်သောအားဖြင့် နှလုံးသွင်းမှုကြောင့် ပညာနည်းပါသည်။
(ဂါထာ– ၂၀၂)

ဆင်းရဲကြောင်းသရုပ်

- မကောင်းမှုကို ရခြင်း၊
- အလိုရှိတိုင်း မအိပ်ရခြင်း (အချိန်အနည်းငယ်သာအိပ်ရခြင်း)
- ကဲ့ရဲ့ခံရခြင်း၊
- ငရဲသို့ ရောက်ခြင်း တို့ဖြစ်ကြပါသည်။ (ဂါထာ– ၃၀၉)

၆။ **ချမ်းသာခြင်း ၁၂- မျိုး**

- အမှုကိစ္စဖြစ်သည်ရှိသော် အဆွေခင်ပွန်းရှိမှ ချမ်းသာခြင်း၊
- ရရသမျှဖြင့် နှစ်သက်ရောင့်ရဲခြင်းသည် ချမ်းသာခြင်း၊
- အသက်ကုန်ခါနီး၌ ကောင်းမှုကုသိုလ်ရှိမှ ချမ်းသာခြင်း၊
- ခပ်သိမ်းသော ဆင်းရဲကို ပယ်ခြင်းသည် ချမ်းသာခြင်း၊
- အမိကို လုပ်ကျွေးခြင်း၊
- အဖကို လုပ်ကျွေးခြင်း၊
- ရဟန်းတို့အား လှူဒါန်းခြင်း၊
- (ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သာဝကဟူသော) ဗြဟ္မဏတို့အား လှူဒါန်းခြင်းသည် ချမ်းသာခြင်း၊
- အိုသည့်တိုင်အောင် ချမ်းသာစေနိုင်သော သီလရှိခြင်း၊
- သဒ္ဓါတရားတည်ခြင်း၊
- လောကီ, လောကုတ္တရာပညာကို ရခြင်း၊
- မကောင်းမှုတို့ကို မပြုခြင်း။ (ဂါထာ– ၃၃၁ မှ ၃၃၃)

၇။ **ခံစားချက် အသီးသီး**

- ပထမနတ်သား၏စိတ်သည် စစ်မြေပြင်မှ စည်ကြီးကဲ့သို့ ကောင်းစွာ တည်တံ့ခြင်းငှါ မစွမ်းနိုင်၊
- ဒုတိယနတ်သား၏စိတ်သည် တောင်ပေါ်မှ စီးဆင်းလာသော မြစ်ရေကဲ့သို့ လျင်မြန်စွာ ဖြစ်ပါသည်၊

http://www.dhammadownload.com

- တတိယနတ်သား၏ မျက်လုံးတို့သည် နတ်သမီးကို မြင်သောအခါမှစ၍ ပုဇွန်လုံး၏ မျက်စိတို့ကဲ့သို့ အပြင်ဘက်သို့ ထွက်ကုန်ပါသည်၊
- စတုတ္ထနတ်သား၏စိတ်သည် စေတီ၌ စိုက်ထောင်အပ်သော တံခွန်ကဲ့သို့ မတုန်မလှုပ် တည်တံ့နေခြင်းငှါ မစွမ်းနိုင်၊
- သိကြားမင်း၏စိတ်သည် " နတ်သမီးကိုရလျှင် အသက်ရှင်အံ့၊ မရခဲ့သော် သေရတော့အံ့ " ဟူသော ခံစားချက်များ အသီးသီး ဖြစ်ကြပါသည်။

(ဓမ္မ ၌- ၂၊ ၁၉၄ စ။)

၈။ ရွှေရောင်အဆင်းလှပခြင်း

ကပိလငါးကြီးသည် အတိတ်ဘဝ ကပိလရဟန်းဖြစ်စဉ် နေ့ညဥ့်ပတ်လုံး မြတ်စွာဘုရား၏ စကားတော်ကို ပို့ချခြင်း၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုခဲ့သော ကောင်းမှုကံကြောင့် ရွှေရောင်အဆင်းလှပခြင်းတို့ ဖြစ်ကြပါသည်။

အပုပ်နံ့ထွက်ခြင်းအကြောင်း

ကပိလမည်သောငါးကြီးသည် ရှေးအတိတ်ဘဝ ကပိလရဟန်းဖြစ်စဉ် ရဟန်းတို့အား ဆဲရေး ရေရွတ်ခဲ့သောကံကြောင့် ခံတွင်းမှ အပုပ်နံ့ထွက်ရခြင်း ဖြစ်ပါသည်။

ကပိလငါးကြီးကို ဖမ်းယူကြသော တံငါသည် ငါးရာတို့သည် ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်ကြကုန်၍ ဒုက္ခ၏အဆုံးကိုပြုတတ်သော အရဟတ္တဖိုလ်ကို တောင့်တကြကုန်လျက် မြတ်စွာဘုရား၏အထံ၌ ရဟန်းပြုကြပြီး မကြာမီပင် ဒုက္ခ၏အဆုံးကို မျက်မှောက်ပြုကာ မြတ်စွာဘုရားနှင့်အတူ အာနေဉ္ဇစျာန်ဖြင့် နေခြင်းဟူသော သမာပတ်တရားကို သုံးဆောင်ခြင်းတည်းဟူသော လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ကြပါသည်။

(ဓမ္မ ၌- ၂၊ ၃၃၁)

၉။ မျက်မှောက်ဘဝ၌ ဆင်းရဲဒုက္ခခံရပုံ

ဘုရားရှင် မျက်မှောက်တော်မှ ဖဲသွား၍ မကြာမီ ဇေတဝန်ကျောင်းတော်မှ အထွက် တံခါးမုခ်၌ ကောကာလိကရဟန်းအား မုန်ညှင်းစေ့ပမာဏမှစ၍ ပဲနောက်စေ့, ပဲစင်းငုံစေ့, ဇီးသီးစေ့, သျှစ်သျှားသီး, ဥသျှစ်သီး, ဝါးမျှစ်ဖျားပမာဏတိုင်အောင်သော အိုင်းအမာတို့ပေါက်ပြီး ထိုအနာတို့မှ သွေး, ပြည်တို့ ယိုစီးလျက် ငှက်ပျောရွက်တို့၌ အိပ်ကာ ဝေဒနာကို ခံစားရ၏၊ ထိုဝေဒနာဖြင့်ပင် သေလွန်ခြင်းကို ပြုရလေ၏။

(မြန်မာပြန် ပဌမတွဲ ၈၈)

http://www.dhammadownload.com

၁၀။ **နတ်တို့ချစ်ခင်ခြင်းအကြောင်း**

ပိလိန္ဒဝစ္ဆမထေရ်လောင်းလျှာသည် ရှေးအတိတ်ဘဝ စကြာဝတေးမင်းဖြစ်စဉ် သီလဆောက်တည်စေမှုကြောင့် နတ်ဖြစ်ကြကုန်သော နတ်တို့သည် မထေရ်ကိုမှီ၍ မိမိတို့ နတ်စည်းစိမ်ရရှိခြင်းကို သိမြင်သောကြောင့် မထေရ်ကို ချစ်မြတ်နိုးကြပါသည်။

(မြန်မာပြန် ပဌမတွဲ ၂၄၄)

ဆုတောင်းကြပုံ အသီးသီး

ညီငယ်သူကြွယ်သည် " ကြံရည်လျှုရခြင်း၏ အကျိုးဆက်ကြောင့် လူ, နတ်စည်းစိမ်တို့ကို ခံစားရကာ အဆုံးဘဝ၌ အရှင်ပစ္စေကဗုဒ္ဓါတို့ ရောက်အပ်သော တရားထူးသို့ ရောက်ရပါလို၏ " ဟု ဆုတောင်းပါသည်။

အကိုသူကြွယ်သည် " ကြံရည်လျှုရသော ကောင်းမှုကြောင့် အရှင်ပစ္စေက ဗုဒ္ဓါတို့ မျက်မှောက်ပြုအပ်သော တရားထူးကိုသာ ရရပါလို၏ " ဟု ဆုတောင်းပါသည်။

(ဓမ္မ ၅- ၂၊ ၄၃၂)

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကရင်ပြည်နယ်)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်၊ (၂-၄-၂၀၁၂) တနလာနေ့

၁။ အောက်ပါဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

(က) မရှိလေးပါးကို ပြဆိုထားသော သုခဝဂ်၊ အညတရကုလဒါရိကာဝတ္ထု။

(ခ) ဓမ္မပီတိ အရသာကို သောက်သုံးလျှင် ပူပန်ခြင်းကင်းကြောင်း ပြဆိုထားသော သုခဝဂ်၊ တိသဿထွေရဝတ္ထု။

၂။ သူတစ်ပါး၏ အပြစ်ကို မြင်လွယ်ပြီး မိမိ၏အပြစ်ကိုကား မြင်နိုင်ခဲကြောင်း ဟောကြားထားသော မလဝဂ်၊ မေဏ္ဍကသေဋ္ဌိဝတ္ထုဂါထာပါဠိကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ မြတ်ဗုဒ္ဓဟောကြားထားသော အမြတ်တရားလေးပါးကို ပသေနဒီကောသလဝတ္ထုမှ ထုတ်ဆောင်ပြပြီးလျှင်၊ ကောဓဝဂ်၊ ဥတ္တရာဥပါသိကာဝတ္ထုမှ အောင်ရာအောင်ကြောင်း တရားတို့ကိုလည်း ရေးသားခဲ့ပါ။

၄။ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ကို မုနိ-ဟု ခေါ်ဆိုနိုင်ပါသနည်း? ဓမ္မဋ္ဌဝဂ်၊ တိတ္ထိယဝတ္ထုမှ ထုတ်ဆောင်၍ ပြည့်စုံစွာ ရေးသားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၅။ ပျင်းရိသောပုဂ္ဂိုလ်သည် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရနိုင်/မရနိုင် ဝတ္ထုသာဓကပြည့်စုံစွာဖြင့် ရေးသားဖြေဆိုပြီးလျှင်၊ မဂ္ဂဝင် ပဋ္ဌာစာရာဝတ္ထုဥ ဟောကြားထားသော "မရှိခြင်းလေးမျိုး" ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၆။ နာဂဝင်၊ မာရဝတ္ထုဥ ဟောကြားထားသော ချမ်းသာခြင်း ၁၂-မျိုးကို မှန်ကန်စွာ ရေးသားဖြေဆိုခဲ့ပါ။

၇။ ရောဟိနီမြစ်အလယ် ကောင်းကင်ထက်၌ ဆွေတော်မျိုးတော်တို့အား ရေနှင့်မင်း, မင်းနှင့် ဘုရားရှင်တို့၏ ခြားနားချက်ကို ပမာပြု၍ ဟောကြားတော်မူသော မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားတော်ကို အဌကထာလာအတိုင်း အကျဉ်းချုပ် ရေးခဲ့ပါ။

၈။ ပစ္စေကဗုဒ္ဓါတို့ သမာပတ်ဝင်စားနေစဉ်အတွင်း မွတ်သိပ်မှု မဖြစ်ရခြင်းအကြောင်းကို ဖော်ပြ၍၊ ခုနစ်နှစ်သားအရွယ် ရဟန္တာသာမဏေငယ်က ပေါဠိလမထေရ်ကြီးအား ညွှန်ပြသော ကမ္မဋ္ဌာန်းနည်းကိုလည်း အကျဉ်းမျှ ဖြေဆိုခဲ့ပါ။

၉။ "မရှိစကား, မကြားရပါလို၏" ဟု ဆုတောင်းသောပုဂ္ဂိုလ်၊ ဆုပေးသောမထေရ်မြတ်၏ အမည် တို့ကို ဖော်ပြ၍၊ ဇောတိက, ဇဋိလ, မေဏ္ဍက သူဌေးကြီးတို့၏ ဇာတိမြို့အမည်တို့ကိုလည်း ရွာဖွေတင်ပြခဲ့ပါ။

၁၀။ မြတ်စွာဘုရားသည် ခပ်သိမ်းသောနေ့, ညဉ့်ပတ်လုံး တန်ခိုးဖြင့် တောက်ပတော်မူ၏-ဟူရာ၌မည်သည့်တန်ခိုးများဖြင့်, မည်သည်တို့ကို, သာလွန်တောက်ပတော်မူကြောင်း ရှင်းလင်း ဖြေဆိုခဲ့ပါ။

၂။ ကရင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ထင်ရှားပြီ၊ (ခ) ထင်ရှားပြီ။

၂။ ထင်ရှားပြီ။

၃။ အမြတ်တရား (၄) ပါး

- အနာရောဂါကင်းခြင်းသည် အမြတ်ဆုံးလာဘ်၊

http://www.dhammadownload.com

- တင်းတိမ်ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာ၊
- အကျွမ်းဝင်သောသူသည် အမြတ်ဆုံးဆွေမျိုး၊
- နိဗ္ဗာန်သည် အမြတ်ဆုံး ချမ်းသာ တို့ ဖြစ်ကြပါသည်။ (ဂါထာ– ၂၀၄)

အောင်ရာအောင်ကြောင်း (၄) ပါး

- အမျက်ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် အောင်နိုင်ရာ၏၊
- မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်နိုင်ရာ၏၊
- နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏၊
- မဟုတ်မမှန် ပြောဆိုသောသူကို မှန်ကန်သောစကားဖြင့် အောင်နိုင်ရာ၏။

(ဂါထာ– ၂၂၃)

၄။ ချိန်ခွင်ကို ကိုင်သောသူသည် ပိုလွန်သောဥစ္စာကို ပယ်ရှား၍ ယုတ်လျော့သော ဥစ္စာကို ထည့်သွင်းသကဲ့သို့ သီလစသော ကုသိုလ်အမြတ်တရားတို့ကို ယူ၍ မကောင်းမှု အကုသိုလ်တို့ကို ကြဉ်ရှောင်ကာ အဇ္ဈတ္တခန္ဓာ, ဗဟိဒ္ဓခန္ဓာ နှစ်ပါးကိုသိသော ပညာရှိ ပုဂ္ဂိုလ်ကို 'မုနိ' ဟု ခေါ်ဆိုနိုင်ပါသည်။ (ဂါထာ– ၂၆၈၊ ၂၆၉)

၅။ 'ထက္ကြလုံ့လပြုသင့်သောအခါ၌ ထက္ကြမူမရှိဘဲ ပျိုမြစ်နုထွား ခွန်အားနှင့် ပြည့်စုံပါသော်လည်း ဝီရိယမရှိဘဲ ဆုတ်နစ်သော စိတ်အကြံရှိသော ပျင်းရိသူသည် မင်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်' ဟူသော ပဓာနကမ္မိကတိဿတ္ထေရဝတ္ထုလာ ဘုရားဟော သာဓကကို ထောက်၍ ပျင်းရိသူသည် မင်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ပါ။ (ဂါထာ– ၂၈၀)

မရှိတရား (၄) မျိုး

- သား, သမီးတို့ မရှိခြင်း၊
- မိဘတို့ မရှိခြင်း၊
- သွေးသားတော်စပ်သူတို့ မရှိခြင်း၊
- ဆွေမျိုး မရှိခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ– ၂၈၈)

၆။ (ကချင်ပြည်နယ် နံပါတ် ၆-ကို ရှု။)

၇။ ဘုရားရှင်သည် ဆွေမျိုးတို့ကို ' ရေသည် အဖိုးအနည်းငယ်မျှသာ ထိုက်တန်၍ မင်းတို့သည်ကား အဖိုးအတိုင်းမသိ ထိုက်တန်၏၊ အဖိုးအနည်းငယ်မျှ ထိုက်တန်သော ရေကိုအမှီပြု၍ အဖိုးအတိုင်းမသိထိုက်တန်သော မင်းတို့ကို သေကျေပျက်စီးအောင်

http://www.dhammadownload.com

ပျက်စီးခြင်းငှါ သင်တို့အား မသင့်လျော် မလျောက်ပတ်၊ အသင်မင်းတို့သည် ငါးပါး ကုန်သော ရန်သူတို့နှင့် အတူတကွ ပေါင်းသင်းနေရကုန်၏။ ငါဘုရားကား ရန်သူ မရှိမူ၍ နေရ၏၊ အသင်မင်းတို့သည် ကိလေသာဖြင့် ကျင်နာကုန်သည်ဖြစ်၍ နေရ ကုန်၏၊ ငါဘုရားသည်ကား ကိလေသာဖြင့် မနာကျင်ဘဲ နေရ၏၊ သင်မင်းတို့သည် ကာမဂုဏ် ငါးပါးကို ရှာမှီးခြင်းဖြင့် လုံ့လပြုကုန်သည်ဖြစ်၍ နေကြကုန်၏၊ ငါဘုရားသည်ကား လုံ့လမပြုမူ၍ နေတော်မူ၏ ' ဟု ဟောတော်မူပါသည်။ (ဓမ္မ ၌– ၂၊ ၁၆၆)

၈။ ပစ္စေကဗုဒ္ဓါတို့ သမာပတ်ဝင်စားနေစဉ်အတွင်း သမာပတ်၏ အစွမ်း ကြောင့် မွတ်သိပ်မှု မဖြစ်ပါ။ (ဓမ္မ ၌– ၂၊ ၂၃၄)

ညွှန်ပြသော ကမ္မဋ္ဌာန်းနည်း

ရဟန္တာကိုရင်ငယ်သည် ပေါဠိလမထေရ်ကြီးအား ' အရှင်ဘုရားတို့သည် တောင်ပို့တစ်ခုၨ အပေါက်ခြောက်ပေါက်ရှိ၏၊ တစ်ပေါက်တစ်ခုဖြင့် ဖွတ်ဝင်သွားသည် ရှိသော် ဖွတ်ကိုဖမ်း ယူလိုသူသည် ဝင်ပေါက်မှ တပါးသောအပေါက် ငါးခုတို့ကိုပိတ်၍ ဝင်ပေါက်တစ်ခုတည်းဖြင့်သာလျှင် ဖွတ်ကိုဖမ်းယူရသကဲ့သို့ အရှင်ဘုရားတို့သည် ဒွါရ ခြောက်ပါးတို့၌ ဖြစ်ပေါ် တတ်ကုန်သော အာရုံတို့တွင် ငါးဒွါရကိုပိတ်၍ မနောဒွါရ၌သာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုကို ဖြစ်စေပါကုန်လော့' ဟု ကမ္မဋ္ဌာန်းပေးပါသည်။(ဓမ္မ ၌–၂၊ ၂၆၃)

၉။ **ဆုတောင်းသောပုဂ္ဂိုလ်-**

အရှင်အနုရုဒ္ဓါလောင်းလျာ အန္ဓဘာရမြက်ရိတ်သမား၊

ဆုပေးသောအရှင်မြတ်- ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ၊ (ဓမ္မ ၌– ၂၊ ၃၈၃)

ဇောတိကသူဋ္ဌေး၏ ဇာတိမြို့- ရာဇဂြိုလ်ပြည်၊ (ဓမ္မ ၌– ၂၊ ၄၃၆)

ဇဋိလသူဋ္ဌေး၏ ဇာတိမြို့- ဗာရာဏသီပြည်၊ (ဓမ္မ ၌– ၂၊ ၄၄၀)

မေဏ္ဍကသူဋ္ဌေး၏ ဇာတိမြို့- ဘဒ္ဒိယမြို့။ (ဓမ္မ ၌– ၂၊ ၄၄၂)

၁၀။ မြတ်စွာဘုရားသည် သီလတန်းခိုးဖြင့် သီလကင်းမဲ့ခြင်းကိုလည်းကောင်း, ဘုန်း တန်ခိုးဖြင့် ဂုဏ်မဲ့ခြင်းကိုလည်းကောင်း, ပညာတန်ခိုးဖြင့် ပညာမဲ့ခြင်းကိုလည်းကောင်း, ကောင်းမှုမရှိသူကို ကောင်းမှု၏တန်ခိုးဖြင့် မတရားသူကို တရားတန်ခိုးဖြင့် ကုန်ခန်းစေ၍ သာလွန်တောက်ပပါသည်။ (ဓမ္မ ၌– ၂၊ ၃၉၆ / ၃၉၇)

http://www.dhammadownload.com

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၂၆- ၃-၂၀၁၂) တနလာနေ့

၁။ ရထားထိန်းနှင့် ကြိုးကိုင်ခွဲခြားပြဆိုသော ဂါထာနှင့်, မီးကို ပူဖော်သော ပုဏ္ဏားကဲ့သို့ ဆရာကို ပူဖော်ပုံပြဂါထာတို့ကို ပါဠိမှု ရေးသားခဲ့ပါ။

၂။ သံသရာဝဲကို လွန်မြောက်သော ရဟန်းကို ပြဆိုသည့်ဂါထာကို အနက်ယောဇနာခဲ့ပါ။

၃။ အပြင်းထန်ဆုံးမီး၊ အဆင်းရဲဆုံးတရား၊ အဆိုးရွားဆုံးရောဂါ၊ အလွန်ကဲဆုံးလာဘ်၊ အကောင်းဆုံး ဆွေမျိုးတို့ကို ဖြေဆိုခြင်း၊ သောကမရှိသော ပုဂ္ဂိုလ်များကိုလည်း ဖော်ပြခဲ့ပါ။

၄။ အသက်မွေးလွယ်သူတို့၏ အကျင့်များကို ရေးသား၍၊ ခြေရာမရှိသောအရပ်၊ သာသနာပဋိဋ္ဌမရှိသော ပုဂ္ဂိုလ်၊ မမြဲသောတရား၊ မတုန်လှုပ်သော ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ အောက်ပါတို့၏ ဥပမာများကို ရေးသားခဲ့ပါ။
(က) တဏှာနုသယကို မဖြတ်လျှင် ပဋိသန္ဓေဆင်းရဲ အဖန်ဖန်ဖြစ်၏။
(ခ) သတ္တဝါတို့သည် အလိုရမ္မက်ကြောင့် အပြစ်ရှိကုန်၏။
(ဂ) အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ မလိမ်းကျံ။

၆။ အန္တိမဖြစ်သော ခန္ဓာကိုယ်ပိုင်ရှင်၏ ဂုဏ်များကို ဖော်ပြ၍၊ ငြိမ်သက်သောရဟန်း၏ ဂုဏ်များကိုလည်း ရေးသားခဲ့ပါ။

၇။ အပဋိဗန္ဓစိတ္တ၊ ဥဒ္ဓံသောတတို့၏ အဓိပ္ပါယ်တို့ကို ရေး၍၊ ပုဏ္ဏာကျွန်မ မြတ်စွာဘုရားကို မြင်၍ ကြဲစည်ပုံကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၈။ မြတ်စွာဘုရားအထံသို့ လာသော ဥပါသကာ ငါးယောက်တို့၏ နေထိုင်ပုံ အခြင်းအရာများကို ဖော်ပြလျက်၊ ဆဗ္ဗင်္ဂီရဟန်းတို့၏ ဆွမ်းစားဇရပ်ကို နှောင့်ယှက်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

၉။ ရဟန်းငါးရာတို့တွင် ဇေတဝန်ကျောင်းတော်၌ နေရစ်ခဲ့သော မိတ်ဆွေရဟန်း ကြဲစည်ပုံကို ရေးသား၍၊ သုန္ဒရီပရိဗိုဇ်မကို သတ်သော တိတ္ထိတို့အား ကောသလမင်းပေးသော အပြစ်များကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၁၀။ အောက်ပါတို့၏ အရကို တိကျစွာ ကောက်ပြခဲ့ပါ။
(က) ကောကာလိကရဟန်း ကျရောက်သောငရဲ၊
(ခ) သဒ္ဓါမိမုတ္တအရာဌ် ဧတဒဂ်ရသော ရဟန်း၊
(ဂ) စျာယီ တပတိ ဗြဟ္မဏော-ဌ် ဗြဟ္မဏအရ ရဟန်း၊
(ဃ) အက္ကောသကဘာရဒွါဇပုက္ကူး၏ အစ်ကို၏ မယား၊
(င) ၄-လလုံးလုံး တစ်ဂါထာကို ရအောင် မကျက်နိုင်သော ရဟန်း။

၃။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၂၂၂ နှင့် ဂါထာ ၃၉၂။)

၂။ (ဂါထာ ၃၇၀။)

၃။ အပြင်းထန်ဆုံးမီး- တဏှာရာဂ၊ (ဂါထာ- ၂၄၃)
အဆင်းရဲဆုံးတရား- ခန္ဓာငါးပါး သဒ်္ဓါရတရား၊
အဆိုးရွားဆုံးရောဂါ- ဆာလောင်မွတ်သိပ်ခြင်း၊
အလွန်ကဲဆုံးလာဘ်- အနာရောဂါကင်းခြင်း၊
အကောင်းဆုံးဆွေမျိုး- အကျွမ်းဝင်သောသူ။ (ဂါထာ- ၂၀၃ ၊ ၂၀၄)

သောကမရှိသောပုဂ္ဂိုလ်များ

- ကာမဂုဏ်ကို မြတ်နိုးခြင်းမှ လွတ်သောပုဂ္ဂိုလ်၊
- ချစ်မြတ်နိုးခြင်းမှ လွတ်သောပုဂ္ဂိုလ်၊
- မွေ့လျော်ခြင်းမှ လွတ်သောပုဂ္ဂိုလ်၊
- ကာမဂုဏ်မှ လွတ်သောပုဂ္ဂိုလ်၊
- တဏှာမှ လွတ်သောပုဂ္ဂိုလ် တို့ ဖြစ်ကြပါသည်။ (ဂါထာ- ၂၁၂ မှ ၂၁၆)

၄။ **အသက်မွေးလွယ်သူတို့၏ အကျင့်များ**

- ကျီးနှင့်တူစွာကျင့်ခြင်း၊
- သူတစ်ပါးဂုဏ်ကို ဖျက်ဆီးခြင်း၊
- သူတစ်ပါးပြုသည်ကို မိမိပြုယောင်လုပ်၍ ကျင့်ခြင်း၊

http://www.dhammadownload.com

- ကြမ်းကြုတ်ခြင်း၊
- ညစ်ညူးသောအကျင့်ကို ကျင့်ခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ– ၂၄၄)

ခြေရာမရှိသောအရပ်- ကောင်းကင်၊
သာသနာပဋိဂ္ဂါလ်- မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်ရဟန်း၊
မမြဲသောတရား- သင်္ခါရတရား၊
မတုန်လှုပ်သောပုဂ္ဂိုလ်- သံသရာချုံထွင်တတ်သော တဏှာ, မာန, ဒိဋ္ဌိတရား တို့မှ ကင်းကုန်သော ဘုရားရှင်။ (ဓမ္မ ၄– ၂၊ ၂၄၀)

၅။ (က) ခိုင်မြဲသော ရေသောက်မြစ်ငါးခုကို မဖျက်ဆီးပဲ ပင်စည်ကိုသာ ဖြတ်သည်ရှိသော် သစ်ပင်သည် နောက်ထပ်တဖန် ပေါက်သကဲ့သို့ ဖြစ်ပါသည်။ (ဂါထာ– ၃၃၈)

(ခ) လယ်ယာတို့သည် မြက်ပေါင်းတို့ကြောင့် အပြစ်ရှိကုန်သကဲ့သို့ ဖြစ်ပါသည်။ (ဂါထာ– ၃၅၉)

(ဂ) ကြာရှက်၌ ရေပေါက်သည် မတည်တံ့နိုင်၊ အပ်ဖျားဌ မုန်ညင်းစေ့သည် မတည်တံ့နိုင်သကဲ့သို့ ဖြစ်ပါသည်။ (ဂါထာ– ၄၀၁)

၆။ **အန္တိမပုဂ္ဂိုလ်၏ ဂုဏ်များ**

- ရဟန်းကိစ္စပြီးစီးခြင်း၊
- ထိတ်လန့်မှု မရှိခြင်း၊
- ကင်းသောတဏှာရှိခြင်း၊
- ကင်းသော ကိလေသာရှိခြင်း၊
- ဘုံသုံးပါးဌရှိသော ရာဂစသော ငြောင့်တံသင်းတို့ကို ဖြတ်ပြီးခြင်း၊
- စွဲလန်းမှု မရှိခြင်း၊
- နိရုတ္တိတို့ဌ ကျွမ်းကျင်ခြင်း၊
- အက္ခရာတို့၏ အပေါင်းအစုနှင့် ရှေ့နောက်အက္ခရာတို့ကို သိခြင်း တို့ဖြစ်ကြပါသည်။ (ဂါထာ– ၃၅၁၊ ၃၅၂)

ငြိမ်သက်သောရဟန်း၏ ဂုဏ်များ

- ငြိမ်သက်သော ကိုယ်ရှိခြင်း၊
- ငြိမ်သက်သော နှုတ်ရှိခြင်း၊
- ငြိမ်သက်သော စိတ်ရှိခြင်း၊

http://www.dhammadownload.com

- ကိုယ်, နှုတ်, စိတ်တို့ကို ကောင်းစွာ ထားခြင်း၊
- ပျို့အန်ပြီးသော လောကီအာမိသရှိခြင်း တို့ဖြစ်ကြပါသည်။ (၇၊၈၁–၃၇၀)

၇။ အနာဂါမိမဂ်၏အစွမ်းဖြင့် ကာမဂုဏ်တို့၌ ကပ်ငြိသောစိတ်မရှိခြင်းကို 'အပ္ပဋိဗဒ္ဓစိတ္တ' 'ဟု ခေါ်ပါသည်။

အဝိဟာဘုံတို့၌ဖြစ်ကာ ထိုဘုံမှစ၍ ပဋိသန္ဓေ၏အစွမ်းဖြင့် အကနိဋ္ဌာဘုံသို့ သွားရောက်သောရဟန်းကို 'ဥဒ္ဓံသောတ' ဟု ခေါ်ပါသည်။ (ဓမ္မ ၄–၂၊ ၁၈၃)

ပုဏ္ဏကျွန်မလေး၏ စိတ်အကြံအစည်

"အခြားသောနေ့တို့၌ မြတ်စွာဘုရားကို မြင်ပါသော်လည်း ငါ့အား လျှုဖွယ်ပစ္စည်းမရှိ၊ လျှုဖွယ်ပစ္စည်းရှိပါသော်လည်း မြတ်စွာဘုရားကို မမြင်၊ ယခု ငါ့မှာ လျှုဖွယ်ပစ္စည်းလည်း ရှိ၏၊ မြတ်စွာဘုရားသည်လည်း မျက်မှောက်၌ ဖြစ်၏၊ ဤမုန့်ကို ခေါင်းပါး၏, မွန်မြတ်၏ ဟု မကြံစည်ဘဲ အလှူခံငြားအံ့၊ ငါသည် မုန့်ကို ပေးလှူရာ၏" ဟု ကြံပါသည်။ (ဓမ္မ ၄–၂၊ ၂၀၇)

၈။ ဘဝငါးရာပတ်လုံး မွေ့နဂါးမျိုး၌ ဖြစ်ခဲ့ဖူးသောဥပါသကာသည် ထိုင်လျက် ငိုက်မြည်းနေပါသည်၊

ဘဝငါးရာပတ်လုံး တီကောင်မျိုး၌ ဖြစ်ခဲ့ဖူးသော ဥပါသကာသည် လက်ချောင်းဖြင့် မြေကြီး၌ ရေးခြစ်လျက် ထိုင်နေပါသည်၊

ဘဝငါးရာပတ်လုံး မျောက်မျိုး၌ ဖြစ်ခဲ့ဖူးသော ဥပါသကာသည် သစ်ပင်တစ်ပင်ကို လှုပ်လျက် ထိုင်နေပါသည်၊

ဘဝငါးရာပတ်လုံး နက္ခတ်ဆရာဖြစ်ခဲ့ဖူးသော ဥပါသကာသည် ကောင်းကင်ကို မော့ကြည့်လျက် ထိုင်နေပါသည်၊

ဘဝငါးရာပတ်လုံး ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့ဖူးသော ဥပါသကာသည် တရားတော်ကို ရိုသေစွာနာယူလျက် ထိုင်နေပါသည်။ (ဓမ္မ ၄–၂၊ ၂၃၀)

ဆဗ္ဗဂ္ဂီရဟန်းတို့ နှောင့်ယှက်ကြပုံ

ဆဗ္ဗဂ္ဂီရဟန်းတို့သည် " ငါတို့သာလျှင် လိမ္မာထက်မြက် စွမ်းဆောင်နိုင်ကြကုန်၏၊ ပညာရှိကုန်၏၊ ဤရဟန်းငယ်တို့ကို ရိုက်နှက်ပုတ်ခတ်ပြီးလျှင် ဦးခေါင်း၌ အမှိုက်ကို ကြဖြန့်၍ နှင်ထုတ်ကုန်အံ့ " ဟု ပြောဆိုကာ ရဟန်းငယ်တို့ကို ကျောက်ကုန်း၌

http://www.dhammadownload.com

ကိုင်၍ အမှိုက်ကို ကြဖြန့်ကုန်လျက် ဆွမ်းစားဇရပ်ဝယ် အနှောင့်အယှက်ပြုကြကုန်၏။
(ဓမ္မ ၌- ၂၊ ၂၄၂)

၉။ **မိတ်ဆွေရဟန်း ကြံစည်ပုံ**

ဇေတဝန်ကျောင်းတော်၌ နေရစ်ခဲ့သော မိတ်ဆွေရဟန်းသည် " ယခုရောက်လာသော ဤအာဂန္တုကရဟန်းတို့နှင့် ပဋိသန္ထာရကို ပြုတော်မူသော မြတ်စွာဘုရား၏ ခံတွင်းတော်ကား မဆန့်၊ ငါကား မဂ်, ဖိုလ်မရှိခြင်းကြောင့် ငါ့ကို စကားပြောဆိုတော်မမူ၊ ယနေ့ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားကို ငါနှင့်အတူတကွ စကားပြောဆိုစေအံ့ " ဟု ကြံစည်ပါသည်။ (ဓမ္မ ၌- ၂၊ ၂၅၅)

တိတ္ထိတို့အား ကောသလမင်း ပေးသောအပြစ်များ

ကောသလမင်းသည် တိတ္ထိတို့အား " ရဟန်းဂေါတမ၏ အပြစ်ကို တင်လိုကုန်သော ငါတို့သည် သုန္ဒရီကို စေခိုင်းသတ်စေအပ်ကုန်၏၊ ရဟန်းဂေါတမ၏ တပည့်တို့မှာ အပြစ်မရှိ၊ ငါတို့သည်သာ အပြစ်ရှိ၏ " ဟု ပြောဆိုလှည့်လည်စေခိုင်းခြင်းဟူသော ဒဏ်နှင့် ပုရိသဝဓဒဏ် တို့ကို ပေးပါသည်။ (ဓမ္မ ၌- ၂၊ ၂၉၈)

၁၀။ (က) ပဒုမငရဲ၊ (ဓမ္မ ၌- ၂၊ ၃၆၃)
(ခ) ဝက္ကလိမထေရ်၊ (ဓမ္မ ၌- ၂၊ ၃၈၂)
(ဂ) ကာဠဒါဃီမထေရ်၊ (ဓမ္မ ၌- ၂၊ ၃၉၆)
(ဃ) ဓနဉ္စာနီ၊ (ဓမ္မ ၌- ၂၊ ၄၀၇)
(င) စူဠပန္ထက။ (ဓမ္မ ၌- ၂၊၄၁၉)

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၁) ရက်၊ (၂- ၄- ၂၀၁၂) တနလင်္ဂနေ့

၁။ ကောဓဝဂ်, အညတရဘိက္ခုဝတ္ထုဦးလာသော ဂါထာနှင့် မလဝဂ်, အညတရဖြာဟ္မဏဝတ္ထုလာ ဂါထာတို့ကို ပါဠိရေးခဲ့ပါ။

ပိယဝဂ်, အညတရဖြာဟ္မဏဝတ္ထုလာ ဂါထာကို အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com

၃။ ကမ္ဘာကြီး၌ လူချင်း, အသွင်သဏ္ဌာန်ချင်းတူကြသော်လည်း အတူမရှိသော အရာများကို ဗုဒ္ဓဟောကြား (က) အတူမရှိသောအရာလေးမျိုး၊ (ခ) လွန်ကဲသောအရာလေးမျိုးတို့ကို ဖြေဆိုခဲ့ပါ။

၄။ အပျိုလေးတွေ ကြိုက်အောင် ပီယဆေးကိုဆောင်- ဟု အချစ်နှလုံးသားရှိသူတိုင်း ပြောဆို တတ်ကြရာ "နတ်လူချစ်မွေး ပီယဆေး ၄- မျိုးကို ပိယဝဂ်, ပဠသတဒါရကဝတ္ထုကို မှီး၍ ဗုဒ္ဓနည်းလမ်းကျ ပါဠိသာဓကပြု၍ ဖြေဆိုပါ။

၅။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဠိတော်ကိုမျှော်၍ ရေးခဲ့ပါ-
(က) တရားသူကြီး အစစ်မဟုတ်သူ၊ (ခ) တရားသူကြီးအစစ်ဟုတ်သူ၊
(ဂ) မဂ္ဂဝင်အရ အရိယာမင်္ဂကို မရနိုင်သူ။

၆။ အရာဌာနအားလျော်စွာ ချမ်းသာကြောင်းတရားများ လောက၌ ရှိလေရာဝယ် နာဂဝင်, မာရဝတ္ထုလာ ၃- ဂါထာအရ ချမ်းသာကြောင်းတရားများကို ရေးပြပါ။

၇။ သာကေတမြို့သား ပုဏ္ဏားလင်မယားနှစ်ယောက်တို့၏ အသုဘပို့ဆောင်ကြရာ၌ (က) ဘုရားရှင်အား လူတို့ လျှောက်ထားသော စကား၊ (ခ) ယင်းလူတို့အား ဘုရားရှင်က ပြန်လည် မိန့်ကြားသောစကား၊ (ဂ) ယင်းတရားစကားတော်ကို နာကြားရသဖြင့် ကျွတ်တမ်း ဝင်ကြသည့်ပုဂ္ဂိုလ်များကို ရေးခဲ့ပါ။

၈။ ချမ်းသာကြီးပွား၍ ဘဝမေ့ကာ ကျေးဇူးရှင်ကို စော်ကားသော သီရိမာအပေါ်၌ အမုန်း မဖက်အပြုံးမပျက်သည့် မေတ္တာရှင်မလေး မယ်ဥတ္တရာ၏ စိတ်ထားနှလုံးသားလှပုံကို ဥတ္တရာဥပါသိကာဝတ္ထုအဖွင့်နှင့်အညီ ပြည့်စုံအောင် ရေးခဲ့ပါ။

၉။ **ခဏော ဝေါ မာ ဥပစ္စဂါ**- ၌ ခဏသရုပ်ကို ထုတ်ပြ၍၊ ခဏကိုလွန်ပုံနှင့် အကျိုးအပြစ် များကိုလည်း သမ္မဟုလဘိက္ခုဝတ္ထုအဖွင့်ကို ရှုမျှော်၍ ရေးခဲ့ပါ။

၁၀။ ကုဟကရသေ့အား ဖွတ်မင်းက ပြောဆိုသောစကားတို့ကို မှတ်သားဖွယ်ရာဖြစ်အောင် ရေးပြ၍၊ သာသနာ့သမိုင်းတွင် အသက် ၇- နှစ်အရွယ် ရဟန္တာဖြစ်သွားကြသည့် သာသနာ့အာဇာနည် သာမဏေကျော်တို့၏ အမည်နာမများကိုလည်း အားကျအတုယူရ အောင် ဖော်ပြပါ။

http://www.dhammadownload.com

၄။ တနင်္သာရီတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ (က) - ရာဂနှင့်တူသောမီး၊
- ဒေါသနှင့်တူသော အပြစ်၊
- ခန္ဓာနှင့်တူသော ဆင်းရဲ၊
- နိဗ္ဗာန်နှင့်တူသော ချမ်းသာ တို့ ဖြစ်ကြပါသည်။ (ဂါထာ– ၂၀၂)

(ခ) ကရင်ပြည်နယ် နံပါတ် (၃) ရှု။

၄။ **ဝိယဆေး ၄- ပါး**
- စတုပါရိသုဒ္ဓိသီလနှင့် မဂ်ဖိုလ်နှင့်ယှဉ်သော မှန်သောဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊
- လောကုတ္တရာတရား ကိုးပါးဥ်တည်ခြင်း၊
- သစ္စာလေးပါးကို သိခြင်း၊
- မိမိအမှုဖြစ်သော သိက္ခာသုံးပါးကို ပြုခြင်း တို့ဖြစ်ကြပါသည်။ (ဂါထာ– ၂၁၆)

၅။ (က) ဆုံးဖြတ်သင့် ဆုံးဖြတ်ထိုက်သော အမှုသဘောကို ချွတ်ယွင်းသော အားဖြင့် မဟုတ်မမှန် ဆုံးဖြတ်သူသည် တရားသူကြီး အစစ်မဟုတ်သူ ဖြစ်ပါသည်။

(ခ) ဟုတ်မှန်သောအကြောင်း, မဟုတ်မမှန်သောအကြောင်း နှစ်ပါးစုံကို စိစစ်ဆုံးဖြတ်၍ မချွတ်မယွင်း ဟုတ်မှန်သောအားဖြင့် ညီညီမျှမျှ တရားသဖြင့် သူတစ်ပါးတို့ကို အနိုင်အနှုံးသို့ ရောက်စေသော တရားကိုစောင့်ရှောက်ထိန်းသိမ်းသော ပညာရှိသည် တရားသူကြီးအစစ် ဖြစ်ပါသည်။ (ဂါထာ– ၂၅၆၊ ၂၅၇)

(ဂ) ကရင်ပြည်နယ် နံပါတ် (၅) ရှု။

၆။ (ကချင်ပြည်နယ် နံပါတ် ၆-ရှု။)

၇။ (က) လူတို့သည် ဘုရားရှင်အား " မြတ်စွာဘုရား- အရှင်ဘုရားတို့၏

http://www.dhammadownload.com

မိဘနှစ်ပါးတို့ သေလွန်ခြင်းကို ပြုကုန်ပြီ၊ စိုးရိမ်ကြံစည်ခြင်းကို မပြုကြကုန်လင့် " ဟု လျှောက်ထားပါသည်။

(ခ) ယင်းလူတို့အား ဘုရားရှင်သည် " လူ့အသက်သည် တိုလှ၏၊ အနှစ်တစ်ရာအောက်၌လည်း သေလွန်၏၊ အနှစ်တစ်ရာကို ကျော်လွန်၍ အသက်ရှည်သော သူသဘည်လည်း အိုမင်းခြင်းဖြင့်ပင် သေလွန်ရ၏ " ဟု မိန့်တော်မူပါသည်။

(ဂ) ယင်းတရားစကားတော်ကို နာကြားရသဖြင့် ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တို့ ကျွတ်တမ်းဝင်ကြပါသည်။ (ဓမ္မ ၄- ၂၊ ၂၀၆)

၈။ မေတ္တာရှင်မလေး မယ်ဥတ္တရာသည် သီရိမာအပေါ်၌ " ဤစကြာဝဠာတိုက်အဝန်းသည် အလွန်ကျဉ်းမြောင်းသေး၏၊ အထက်ငြဟ္မာပြည်သည် အလွန်နိမ့်သေး၏၊ ငါ၏သူငယ်ချင်းမဖြစ်သော သီရိမာ၏ ဂုဏ်ကျေးဇူးသည်သာလျှင် ထို့ထက်ကြီးကျယ်မြင့်မြတ်၏၊ ငါသည် သီရိမာကို အမှီပြု၍ လှူဒါန်းခြင်း, တရားနာခြင်း တို့ကို ရပေပြီ၊ ငါသည် သီရိမာအပေါ်၌ အမျက်ထွက်ခဲ့သော် ထောပတ်ဆီပူသည် ငါ့ကို ပူလောင်ပါစေသတည်း၊ အမျက်မထွက်ခဲ့သော် ငါ့ကို မပူလောင်ပါစေသတည်း " ဟု မေတ္တာဖြင့် ဖြန့်ပါသည်။ (ဓမ္မ ၄- ၂၊ ၂၀၂)

၉။ **ခဏသရုပ်**

- ဘုရားပွင့်ရာခဏ၊
- မဖျိမဒေသ၌ ဖြစ်ရခြင်းခဏ၊
- သမ္မာဒိဋ္ဌိကို ရခြင်းခဏ၊
- အာယတန ခြောက်ပါး မချို့တဲ့ခြင်းခဏ တို့ ဖြစ်ကြပါသည်။ (ဓမ္မ ၄- ၂၊ ၃၀၄)

ခဏကို လွန်ပုံနှင့် အကျိုးအပြစ်များ

ခဏကို ကျော်လွန်သူတို့ကို ဗုဒ္ဓပွါဒခဏစသော ခဏတို့ကလည်း ကျော်လွန်၏၊ ခဏကို ကျော်လွန်သူတို့သည် ငရဲ၌ ကျရောက်ကုန်၍ ပူဆွေးကြရကုန်၏။

(ဓမ္မ ၄- ၂၊ ၃၀၅)

၁၀။ **ကုဟကရသေ့အား ဖွတ်မင်းပြောသောစကား**

ဖွတ်မင်းသည် ကုဟကရသေ့အား " စောင့်စည်းမှုမရှိသောသင့်ကို ရဟန်းဟုမှတ်ထင်လျက် ဆည်းကပ်ခဲ့၏၊ ရဟန်းမဟုတ်သူသည် တုတ်ဖြင့် ပုတ်ခတ်သကဲ့သို့

http://www.dhammadownload.com

သင်သည် ငါ့ကို တုတ်ဖြင့် ပုတ်ခတ်၏၊ သင့်အား ဆဲကျစ်, သစ်နက်ရေတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း?၊ သင်၏ ကိုယ်တွင်းသည် အဆိပ်ပြည့်သည့်ဗူး, မစင်ပြည့်သောတွင်း, မြွေဆိုးပြည့်သောတောင်ပို့ပမာ ကိလေသာထူထဲ ပြည့်ကျပ်၏။ အပဖြစ်သောကိုယ်သည် ဆင်, မြင်းတို့၏ မစင်တုံးပမာ ပေပြစ်၏၊ ငါသည် အသူတရာနက်သော တောင်ပို့ထဲသို့ ဝင်တော့အံ့၊ သင့်မှာရှိသော ဆီ, ဆား, ပိတ်ချင်းတို့သည် ငါ့အား မလျောက်ပတ်တော့" ဟု ပြောပါသည်။ (ဓမ္မ ၄- ၂၊ ၄၀၃)

အသက် (၇) နှစ်အရွယ် ရဟန္တာသာမဏေကျော်များ

- သံကိစ္စသာမဏေ၊
- ပဏ္ဍိတသာမဏေ၊
- သောပါကသာမဏေ၊
- ရေဝတသာမဏေ တို့ ဖြစ်ကြပါသည်။ (ဓမ္မ ၄- ၂၊ ၄၁၆)

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း)

ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠို, အဋ္ဌကထာဘာသာ

ခုဂုဒ-ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ (၂၆- ၃- ၂၀၁၂) တနလာနေ့။

၁။ ဖော်ပြပါ ဂါထာတို့ကို ပါဠိသက်သက် ဖြေဆိုပါ။

(က) မှီရာကျွန်းနှင့်တူသော ကောင်းမှုပြုသဖြင့် သုဒ္ဓါဝါသဘုံသို့ ရောက်၏ဟု ဟောသော ဂါထာ၊

(ခ) ဟိမဝန္တာတောင်သည် အဝေးဌ် တည်သော်လည်း ထင်ရှားသကဲ့သို့ သူတော် ကောင်းတို့သည် ထင်ရှား၏ဟု ဟောသောဂါထာ။

(ဂ) မကောင်းမှုကို မပြုခြင်းကြောင့် မြတ်ပုံ, ကောင်းမှုကို ပြုခြင်းကြောင်း မြတ်ပုံပြ ဂါထာ။

၂။ ဖော်ပြပါ ဂါထာများကို အနက်မှန်မှန် ပေးပြပါ။

(က) အမျက်ထွက်သူ, နမြောဝန်တိုသူ စသူတို့ကို အောင်နိုင်ပုံပြဂါထာ၊

(ခ) ယုတ်သော အမှုရှိကုန်သည်ဖြစ်၍ တမလွန်ဘဝ ငရဲခံရခြင်း တူပုံပြ ဂါထာ။

၃။ ဆင်းရဲတို့ မကျရောက်နိုင်သော ပုဂ္ဂိုလ်ကို ဖော်ပြ၍။ အဘယ်ကဲ့သို့ ကျင့်လျင် အာသဝေါ တရား ချုပ်ခြင်းသို့ ရောက်ပါသနည်း ကောဓဝဂ်လာအတိုင်း ဖြေဆိုပါ။

http://www.dhammadownload.com

၄။ သာဓုရှုပ-ဟု မခေါ်ဆိုထိုက်သောပုဂ္ဂိုလ်/ခေါ်ဆိုထိုက်သောပုဂ္ဂိုလ်တို့ကို ဓမ္မဒ္ဒဝဂ်လာ သမ္မဟုလဝတ္ထုကိုမှီး၍ ဖြေပါ။

၅။ ဆင်းရဲကင်းသော ရဟန္တာအရှင်မြတ်ဖြစ်နိုင်ရန် ပယ်သတ်ရမည့် တရား ၄-ပါးတို့ကို ဥပမာနှင့်တကွ ဖြေဆိုပြီး၊ အမြတ်ဆုံးသော အရသာ မွေ့လျော်ခြင်းတို့ကိုလည်း ဖြေဆိုပါ။

၆။ လယ်သမားတို့သည် မြက်, ပေါင်းတို့ကြောင့် အပြစ်ဖြစ်ကုန်သည်ဟု ဆိုလျှင် သတ္တဝါတို့သည် အဘယ်တရားတို့ကြောင့် အပြစ်ဖြစ်နေရပါသနည်း အကုံရဝတ္ထုနှင့်အညီ ဖြေဆို၍၊ အဘယ်သို့သော ရဟန်းကို "ဥပသန္တ" ငြိမ်သက်သော ရဟန်းကို ဆိုပါသနည်း? သန္တကာယဝတ္ထုနှင့် အညီ ဖြေဆိုပါ။

၇။ ဥတ္တရာအမျိုးသမီး၏ သီရိမာအပေါ် မေတ္တာဖြန့်ပုံကို ရေး၍၊ နတ်ပြည်သို့ ရောက်ကြောင်း တရားတို့ကိုလည်း ဖြေဆိုပါ။

၈။ လောက၌ ကဲ့ရဲ့ ချီးမွမ်းခြင်းတို့မှ လွတ်မြောက်သောသူ မရှိဟု အတုလဒါယကာအား ဘုရားရှင် မိန့်ဆိုတော်မူပုံကို ဖြေဆိုပြီး၊ နွားသတ် ယောက်ျား၏ သားအား ဘုရားရှင် အနုမောဒနာတရား ဟောပုံကိုလည်း ဖြေဆိုပါ။

၉။ မေဏ္ဍကသူဌေး လျောင်းလျာဘဝက ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူဒါန်းရာ၌ ဆုတောင်းပုံတို့ကို ပြည့်စုံအောင် ဖြေဆိုပါ။

၁၀။ ဓမ္မပဒ, မဂ္ဂဝဂ်, မဟာလတ္ထေရဝတ္ထု၌ ခုတ်ထွင် ရှင်းလင်းရမည့် အရာနှင့် မခုတ်ထွင် မရှင်းလင်းရမည့် အရာတို့ကို ဖော်ပြ၍၊ ခုတ်ထွင်ရှင်းလင်းရမည့် တောကို မရှင်းလင်း မခုတ်ထွင်ခြင်းကြောင့် မည်သည့် ဘေးအန္တရာယ်များ ဖြစ်နိုင်ပါသနည်း။

၅။ ပဲခူးတိုင်းဒေသကြီး/အနောက်ပိုင်း (အဖြေ)
ပထမကြိမ်တန်း ။ ။ ဓမ္မပဒပါဠို, အဋ္ဌကထာဘာသာ

၁။ (က) ဂါထာ- ၂၃၆။ (ခ) ဂါထာ- ၃၀၄။ (ဂ) ဂါထာ- ၃၁၄။

၂။ (က) ဂါထာ- ၂၂၃။ (ခ) ဂါထာ- ၃၀၆။

http://www.dhammadownload.com

၃။ **ဆင်းရဲတို့ မကျရောက်နိုင်သောပုဂ္ဂိုလ်**

အမျက်ဒေါသ မာန်မာနကို ပယ်စွန့်၍ သံယောဇဉ်အားလုံးတို့ကို ကျော်လွန်ကာ နာမ်, ရုပ်၌ မငြိတွယ် မကြောင့်ကြသောပုဂ္ဂိုလ်သို့ ဆင်းရဲတို့ မကျရောက်နိုင်ပါ။

(ဂါထာ– ၂၂၁)

အာသဝေါတရား ချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့်

အမြဲနိုးကြား၍ နေ့ညဥ့်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကာ နိဗ္ဗာန်သို့ စိတ်ညွတ်နေလျှင် အာသဝေါတရားတို့ ချုပ်ခြင်းသို့ ရောက်ပါသည်။ (ဂါထာ– ၂၂၆)

၄။ ငြူစူ၍ ဝန်တို စဉ်းလဲတတ်သောပုဂ္ဂိုလ်ကို စကားပြောလည်း ကောင်း, အဆင်းလှပကာမျှဖြင့်လည်း 'သာဓုရူပပုဂ္ဂိုလ်' ဟု မခေါ်ဆိုထိုက်ပါ။

ငြူစူခြင်း, ဝန်တိုခြင်း, စဉ်းလဲခြင်းတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ပယ်ဖြတ်ပြီး အမြစ်ပါ နုတ်ပယ်ပြီးကာ ကိလေသာအပြစ်ကို ထွေးအန်အပ်ပြီးသော ပညာရှိကိုသာ " သာဓုရူပပုဂ္ဂိုလ် " ဟု ခေါ်ဆိုထိုက်ပါသည်။ (ဂါထာ– ၂၂၂၊ ၂၂၃)

၅။ **ပယ်သတ်ရမည့် တရား ၄- ပါး**

- အမိန္ဒ်တူသော တဏှာ၊
- အဖန္ဒ်တူသော မာန၊
- မင်း, ပုဏ္ဏားနှစ်ယောက်နှင့်တူသော သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ၊
- ကျားရဲနှင့်တူသော ဝိစိကိစ္ဆာနိဝရဏာ တို့ ဖြစ်ကြပါသည်။ (ဂါထာ– ၂၂၄)

အမြတ်ဆုံးအရသာသည် တရားအရသာဖြစ်ပါသည်၊

အမြတ်ဆုံးမွေ့လျော်ခြင်းသည် တရားသဖြင့် မွေ့လျော်ခြင်းတို့ ဖြစ်ကြပါသည်။

(ဂါထာ– ၃၅၄)

၆။ သတ္တဝါတို့သည် ရာဂ, ဒေါသ, မောဟ, ဣစ္ဆာဟူသော တရားတို့ကြောင့် အပြစ်ဖြစ်နေရပါသည်။ (ဂါထာ– ၃၅၆ မှ ၃၅၉)

ငြိမ်သက်သောရဟန်း

ကိုယ်, နှုတ်, စိတ်တို့ ကောင်းစွာငြိမ်သက်လျက် ကောင်းစွာထားအပ်သော ကိုယ်, နှုတ်, စိတ်ရှိသော ကာမဂုဏ်ကို ထွေးအန်ပြီးသောရဟန်းကို 'ဥပသန္တ' ငြိမ်သက်သောရဟန်း ဟု ဆိုပါသည်။ (ဂါထာ– ၃၆၈)

http://www.dhammadownload.com

၇။ တနလ်ာရီတိုင်း နံပါတ် (၈) ရှု။
ကချင်ပြည်နယ် နံပါတ် (၄) ရှု။

၈။ **ဘုရားရှင် မိန့်ဆိုတော်မူပုံ**

ဘုရားရှင်သည် အတုလဒါယကာအား ' အတုလ- ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသည် ရှေးအခါကပင် ဖြစ်၏၊ ယခုမှ ဖြစ်သည်မဟုတ်၊ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏၊ စကားများသူကိုလည်း ကဲ့ရဲ့ကုန်၏၊ လောက၌ အကဲ့ရဲ့ မခံရသူ (ကဲ့ရဲ့မှုမှ လွတ်သူ) **မည်သည်** မရှိ၊ အမြဲ ကဲ့ရဲ့ခံရသူ အမြဲ ချီးမွမ်းခံရသူတို့သည် လောက၌ ရှေးကလည်း မရှိခဲ့၊ နောင်လည်း ရှိလိမ့်မည် မဟုတ်၊ ယခုလည်း မရှိ ' ဟု မိန့်တော်မူပါသည်။

(၀၊၈၁– ၂၂၇၊ ၂၂၈)

ဘုရားရှင် အနုမောဒနာတရားဟောပုံ

မင်းသည် မိမိ၏ခံတွင်းပမာဏဖြင့် ထမင်းကိုခူး၍ သားကိုပေးသကဲ့သို့ မြတ်စွာဘုရားသည် အထက်မင်္ဂ၏အစွမ်းဖြင့် တရားကို ဟောတော်မူပါသည်။

(၀မူ ၄–၂၊ ၂၁၆)

၉။ **ဆွမ်းလှူရာ၌ ဆုတောင်းပုံ**

မေဏ္ဍကသူဌေးလောင်းလျာသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူပြီး နောက် 'ဖြစ်တိုင်းဖြစ်တိုင်းသောဘဝတို့၌ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းကို မတွေ့မမြင်ရပါစေသတည်း၊ ဤအခါမှစ၍ အလုံးစုံသော ဇမ္ဗူဒီပ်၌နေကုန်သော သူတို့အား မျိုးစေ့ထမင်းကို ပေးစွမ်းနိုင်ပါစေသတည်း၊ မိမိလက်ဖြင့် အမှုကိုပြုလုပ်၍ အသက်မွေးမြူခြင်းကို မပြုရပါလို၏၊ နှစ်ရာဝါးဆယ်သော ကျီကြတို့ကို သုတ်သင်ရှင်းလင်းစေ၍ ဦးခေါင်းဆေးကြောပြီးလျှင် ကျီကြတို့၏ တံခါး၌နေ၍ အထက်သို့ မော့ကြည့်သောခဏ၌သာလျှင် နီသောအဆင်းရှိသော သလေးမိုးရွာသွန်း၍ အလုံးစုံသော ကျီကြတို့ ပြည့်ပါစေသတည်း၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌လည်း ဤမယား, ဤသား, ဤချွေးမ, ဤကျေးကျွန်သည်သာ ဖြစ်ပါစေသတည်း' ဟု ဆုတောင်းပါသည်။

(၀မူ ၄–၂၊ ၂၃၅)

၁၀။ ခုတ်ထွင်ရှင်းလင်းရမည့်အရာသည် တဏှာတည်းဟူသော ကိလေသာ ဖြစ်ပါသည်၊
မခုတ်ထွင် မရှင်းလင်းရမည့်အရာသည် ပကတိသစ်ပင်တော ဖြစ်ပါသည်၊

http://www.dhammadownload.com

ခုတ်ထွင်ရှင်းလင်းရမည့်တောကို မရှင်းလင်းပါက ပကတိတောမှ ခြေသေ့စသော ဘေးအန္တရာယ်များ ဖြစ်ပေါ်သကဲ့သို့ ကိလေသာတောမှ ဇာတိစသော ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ (၈မူ ၄-၂၊ ၂၆၅)

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ (၂၆- ၃-၂၀၁၂) တနလ်္ဂာနေ့။

၁။ "လက်ခြေကို စောင့်စည်းခြင်းစသည်တို့နှင့် ပြည့်စုံသူကို ရဟန်းဟူ၍ ဆိုကုန်၏" ဟု ပြဆိုသော ဂါထာကို ပါဠိရေးပါ။

၂။ (က) သူတော်ကောင်းနှင့်သူယုတ်မာတို့၏ ဘုရားကို မြင်ရရာ၌ ဥပမာဖြင့်ပြသော ဂါထာ၊
(ခ) "ဘဝသံသရာ တစ်ဖက်ကမ်းသို့ ရောက်လိုသူတို့သည် ရှေ့, နောက်, လယ်ကို လွှတ်ရမည်" ဟု ပြဆိုသော ဂါထာတို့ကို အနက်ယောဇနာပါ။

၃။ (က) တဏှာမှ လွတ်သောသူအား မရှိသောတရား၊
(ခ) အာသဝချုပ်ငြိမ်းသော ပုဂ္ဂိုလ်တို့ကို ပါဠိတော်လာအတိုင်း ရေးပါ။

၄။ (က) မရှိတရား လေးပါး၊
(ခ) အမြတ်ဆုံးတရား လေးပါးတို့ကို ပါဠိတော်လာအတိုင်း ရေးပါ။

၅။ အပြစ်နှင့် စပ်လျဉ်း၍ ဒုဂ္ဂတိ, သုဂတိသို့ ရောက်နိုင်ပုံကို ဖြေဆို၍၊ ပညာမဲ့သူ၏ အပြစ်တို့ကိုလည်း ဖြေဆိုပါ။

၆။ အကျိုးများစေခြင်းငှါ လျှုသင့်သော ပုဂ္ဂိုလ်လေးယောက်တို့ကို ဖော်ပြ၍၊ ဗြာဟ္မဏအခေါ်ခံထိုက်/ အခေါ်မခံထိုက်သော ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြပါ။

၇။ ရောဟိနီနတ်သမီးကို စတင်တွေ့မြင်ကြသော နတ်သားလေးယောက်တို့တွင် ပထမ, တတိယနတ်သားတို့၏ ထွက်ဆိုသော စကားတို့ကို ဖော်ပြ၍၊ ပညာရှိတို့သည် ကံသုံးပါးတို့ဖြင့် စောင့်စည်းပုံတို့ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com

၈။ တဏှာမြစ်နှင့်တူသော မြစ်မရှိပုံကို ဥပမာဆောင်၍ ရှင်းပြကာ၊ အန္တရာယ် နှ ဗုဇ္ဈတိ-၌ အသက်အန္တရာယ်၏ မသိနိုင်ရာ ဌာနတို့ကိုလည်း ပါဠိ/မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

၉။ တိုက်ကြီးကြီးနှင့် နေရသူတို့သည် ချမ်းသာစွာ နေရခြင်း ဟုတ်/မဟုတ် ဖြေဆို၍၊ သာနသာမဏော၏ မိခင်ဟောင်း ဘီလူးမကို ဘီလူးတို့ လေးစားပုံကိုလည်း ဖော်ပြပါ။

၁၀။ "ရဟန်းအား ဆွမ်းလှူပါလော့" ဟု ပြောဆိုတိုက်တွန်းရုံမျှဖြင့် ရရှိနိုင်သော အကျိုးတို့ကို ဖော်ပြ၍၊ ဇောတိကသူဌေး ပိုင်ဆိုင်သော အကြီးဆုံး ရွှေအိုး၏ ပမာဏနှင့် ကြုံပင်၏ ပုံသဏ္ဌာန်တို့ကိုလည်း ဖော်ပြပါ။

၆။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၃၆၂။)

၂။ (က) ဂါထာ- ၃၀၄၊ (ခ) ဂါထာ- ၃၄၈။

၃။ (က) စိုးရိမ်ခြင်းသောကနှင့် ကြောက်လန့်ခြင်း ဘေးတို့ ဖြစ်ကြပါသည်။
(ဂါထာ– ၂၁၆)

(ခ) အမြဲနိုးကြားကြကုန်၍ နေ့ည၌ပတ်လုံး သိက္ခာသုံးပါးတို့ကို ဖြည့်ကျင့်ကြကုန်လျက် နိဗ္ဗာန်သို့ စွဲမြဲစွာ သက်ဝင်သောသူတို့အား အာသဝေါတရားတို့ ချုပ်ငြိမ်းပါသည်။ (ဂါထာ– ၂၂၆)

၄။ (က) တနလ်ာရီတိုင်း နံပါတ် (၃) ရှု။
(ခ) ကရင်ပြည်နယ် နံပါတ် (၃) ရှု။

၅။ မိစ္ဆာအယူရှိသူသည် အပြစ်မဟုတ်သည်၌ အပြစ်ဟုရှု၍ အပြစ်၌ အပြစ်မဟုတ်ဟု ရှုသောကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ရပါသည်။

သမ္မာအယူရှိသူသည် အပြစ်ကို အပြစ်အားဖြင့်ရှု၍ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု ရှုသောကြောင့် သုဂတိဘဝသို့ ရောက်ရပါသည်။ (ဂါထာ–၃၁၈၊ ၃၁၉)

http://www.dhammadownload.com

ပညာမဲ့သူ၏ အပြစ်

စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏၊ နိဗ္ဗာန်တည်းဟူသော တစ်ဘက်ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်စီးနိုင်၊ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းကြောင့် သူတစ်ပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်စီးတတ်၏။ (ဂါထာ–၃၅၅)

၆။ **လျှုသင့်သော ပုဂ္ဂိုလ် ၄- ယောက်**

- ရာဂကင်းသူ၊
- ဒေါသကင်းသူ၊
- မောဟကင်းသူ၊
- အလိုရမ္မက်ကင်းသူ တို့ ဖြစ်ကြပါသည်။ (ဂါထာ–၃၅၆မှ ၃၅၉)

အမျိုးလေးပါးတို့တွင် တစ်မျိုးမျိုး၌ဖြစ်ကာ ပုဏ္ဏားမ၏ ဝမ်းတိုက်၌ဖြစ်သော ဖိစီးနှိပ်စက်တတ်သော ရာဂစသည်တို့နှင့် တကွဖြစ်သူကို 'ဗြာဟ္မဏ' ဟု မခေါ်ဆိုထိုက်၊

ဖိစီးနှိပ်စက်တတ်သော ရာဂစသည်တို့မရှိသော ဥပါဒါန်တို့ဖြင့် စွဲလန်းခြင်း မရှိသူကို 'ဗြာဟ္မဏ' ဟု ခေါ်ဆိုထိုက်ပါသည်။ (ဂါထာ–၃၉၆)

၇။ (ကချင်ပြည်နယ် နံပါတ် ၇- ရှု။)

ကံသုံးပါးတို့ဖြင့် စောင့်စည်းပုံ

ပညာရှိတို့သည် သူ့အသက်သတ်ခြင်း စသည်တို့ကို ကိုယ်ဖြင့် မပြုမူ၍ မဟုတ်မမှန်ဆိုခြင်း စသည်တို့ကို နှုတ်ဖြင့် မဆိုမူ၍ သူတစ်ပါးစည်းစိမ်ကို ရှေးရှုတပ်သော အားဖြင့် ကြံစည်ခြင်းစသည်တို့ကို စိတ်ဖြင့် မကြံစည်မူ၍ စောင့်စည်းပါသည်။

(စမု ၄–၂၊ ၂၁၂)

၈။ ဂင်္ဂါမြစ်အစရှိသော မြစ်တို့၏ ပြည့်သောကာလ, ယုတ်လျော့သောကာလ, ခန်းခြောက်သောကာလတို့သည် ထင်ရှားပါသော်လည်း တဏှာ၏ ပြည့်သောကာလ, ခန်းခြောက်သောကာလမည်သည် မရှိ၊ အမြဲယုတ်လျော့ခြင်းသည်သာလျှင် ထင်ရှားသည် ဖြစ်၍ ပြည့်ရန် ခဲယဉ်းသောကြောင့် တဏှာမြစ်နှင့်တူသော မြစ်မရှိပါ။ (စမု ၄–၂၊ ၂၃၁)

အသက်အန္တရာယ်၏ မသိနိုင်ရာဌာနများ

ကာလ- အခါ၊ ဒေသ- အရပ်ဒေသ၊ ဝယ- အရွယ် တို့ ဖြစ်ကြပါသည်။

(စမု ၄–၂၊ ၂၆၉)

http://www.dhammadownload.com

၉။ နိဗ္ဗာန်ချမ်းသာထက် သာလွန်သော အခြားသော ချမ်းသာမည်သည် မရှိ၊ နိဗ္ဗာန်သည်သာ အရာအားလုံးထက် မြတ်သော ချမ်းသာဖြစ်သောကြောင့် တိုက်ကြီးကြီး နှင့်နေရပါသော်လည်း နိဗ္ဗာန်ချမ်းသာကိုမျှ မရနိုင်သေးလျှင် ချမ်းသာစွာ နေရခြင်း မဟုတ်ပါ။ (၇၊ ၈၊ ၂၀၂)

မိခင်ဟောင်းဘီလူးမကို ဘီလူးတို့ လေးစားပုံ

ဘီလူးတို့သည် တရားနာရန် စည်းဝေးသောအခါ စသည်တို့၌ ဘီလူးမအား "သာနုမယ်တော်ပေတည်း" ဟု ကြဲ၍ နေရာဦး, ရေဦး, ထမင်းဦး တို့ကို ပေးကြကုန်၏၊ တန်ခိုးကြီးသော ဘီလူးတို့သည်ပင် ထိုဘီလူးမကို မြင်လျှင် လမ်းဖယ်ပေးကုန်, နေရာမှ ထပေးကုန်၍ လေးစားသမှု ပြုကြပါသည်။ (ဓမ္မ ၄-၂၊ ၃၁၇)

၁၀။ ရရှိနိုင်သော အကျိုး

"ရဟန်းအား ဆွမ်းလှူပါလော့" ဟု ပြောဆိုတိုက်တွန်းမှု၏ အကျိုးကြောင့် အပုတ္တကသူဌေးလောင်းလျာသည် ခုနှစ်ကြိမ်တိုင်တိုင် နတ်ပြည်၌ ဖြစ်၍ ထိုကောင်းမှု၏ အကျိုးအကြွင်းကျန်ကြောင့် သာဝတ္ထိပြည်၌ ခုနှစ်ကြိမ်တိုင်တိုင် သူဌေးအဖြစ်ကို ရရှိခြင်းဟူသော အကျိုးတို့ကို ရရှိပါသည်။ (ဓမ္မ ၄-၂၊ ၃၅၅)

အကြီးဆုံးရွှေအိုးသည် တစ်ယူဇနာ ပမာဏရှိပါသည်။

ထန်းပင်ပျို၏ လုံးပတ်ပမာဏရှိသော ရွှေကြဲပင်တို့၏ အရွက်တို့သည် ပတ္တမြား ဖြင့် ပြီးကုန်၏၊ ပင်စည်တို့သည် ရွှေဖြင့် ပြီးကုန်၏။ (ဓမ္မ ၄-၂၊ ၄၃၇)

၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မကွေးတိုင်းဒေသကြီး) ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၂၆-၄-၂၀၁၂) တနင်္လာနေ့

၁။ ကိုယ့်အပြစ်ကိုယ်မမြင် သူတစ်ပါးကို အပြစ်တင်ချင်သူများ သတိထားနိုင်စေရန် ဝေဖန်ဟောကြားထားသည့် မေဏ္ဍကသေဋ္ဌိဝတ္ထု ဂါထာပါဠိကို ရေးခဲ့ပါ။

၂။ အလှကလျာ သီရိမာကို ပီတိဖြာအောင် ဟောပြတော်မူထားသည့် ကောဓဂဝ် ဥတ္တရာ ဥပါသိကာ ဝတ္ထုဂါထာကို အနက်ရေးခဲ့ပါ။

http://www.dhammadownload.com

၃။ အမြဲမပြတ် ညွှတ်တွားဆည်းကပ်သင့်သော ပုဂ္ဂိုလ်မှာ ပြည့်စုံရာသော ဂုဏ်အင်္ဂါ အရည်အချင်းတို့ကို သုခဝဂ် သက္ကဝတ္ထုလာ ဂါထာနှင့်အညီ ထုတ်နုတ်ဖော်ပြခဲ့ပါ။

၄။ သောကကင်းဝေး နေနိုင်ရေးအတွက် သောကဖြစ်ခြင်း၏ အရင်းအမြစ် အကြောင်းတရား တို့ကို ပိယဝဂ်လာ ဒေသနာတော်များအရ စုစည်းတင်ပြခဲ့ပါ။

၅။ မင်္ဂလိတရားကို ရရှိလိုသူများ ရှောင်ရှားရမည့် အမူအကျင့်တို့ကို ပဓာနကမ္မဋ္ဌာနိက တိဿထွေရဝတ္ထုဒေသနာတော်အရ ဖော်ပြခဲ့ပါ။

၆။ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူများ ရရှိနိုင်သော မကောင်းကျိုး ဆိုးပြစ်တို့ကို ခေမက သေဋ္ဌိပုတ္တဝတ္ထု ဒေသနာတော်များအရ ဖော်ပြခဲ့ပါ။

၇။ မာတရံ ပိတရံ ဟန္တွာ-စသော ဂါထာ၌ "မာတု၊ ပိတု၊ ရာဇ၊ ရဋ္ဌ၊ အနုစရ" တို့၏ အဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၈။ တဏှာ မပြတ်သမျှ ဘဝဇာတ် မသိမ်းနိုင်သေးကြောင်း ထုံးဟောင်းစဉ်လာအဖြစ် သူကရ ပေါတိကာ ဝက်မလေး၏ ရှေးဘဝဖြစ်စဉ်ကို စုံလင်စွာ ဖော်ပြခဲ့ပါ။

၉။ မျက်လုံးလေးတစ်ဖက်ကို ဝေ့ကြည့်လိုက်ရုံဖြင့် စောင့်စည်းမှုမရှိလျှင် ပါလာနိုင်သော အဆိုးတရားငါးမျိုးနှင့် စောင့်စည်းမှုရှိလျှင် ပါလာနိုင်သော အကောင်းတရားငါးမျိုးတို့ကို ပဉ္စဘိက္ခုဝတ္ထုအဖွင့်လာသည့်အတိုင်း ထုတ်နုတ် တင်ပြခဲ့ပါ။

၁၀။ မဟာပဏာဒတိ ဂေါတမီထေရီမနှင့် စပ်လျဉ်း၍ (က) မည်သည့်တရားကို လက်ခံ၍ ရဟန်းမအဖြစ်သို့ ရောက်ခဲ့ပါသနည်း၊ (ခ) အခြားရဟန်းမတို့က အဘယ့်ကြောင့် ဥပုသ်အတူ မပြုလိုကြပါသနည်း၊ (ဂ) ရဟန်းမ ပြုပေးသည့် ဆရာကား မည်သူပါနည်း၊ (ဃ) ဥပဇ္ဈာယ်ကား မည်သူပါနည်း အသီးသီး ဖော်ပြခဲ့ပါ။

၇။ မကွေးတိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ ထင်ရှားပြီ။

http://www.dhammadownload.com

၃။ **ဂုဏ်အင်္ဂါအရည်အချင်းများ**

- တည်ကြည်ခြင်း၊
- ပညာရှိခြင်း၊
- အကြားအမြင်များခြင်း၊
- မင်္ဂ, ဖိုလ်တည်းဟူသော ဝန်ကိုဆောင်ခြင်း၊
- သီလ ဓုတင် ဖြူစင်သော အကျင့်ရှိခြင်း၊
- ကိလေသာတို့မှ ဝေးကွာခြင်း တို့ ဖြစ်ကြပါသည်။ (ဂါထာ– ၂၀၈)

၄။ **သောကဖြစ်ခြင်း၏ အရင်းအမြစ် အကြောင်းတရားများ**

- ကာမဂုဏ်ကို မြတ်နိုးခြင်း၊
- ချစ်မြတ်နိုးခြင်း၊
- မွေ့လျော်ခြင်း၊
- ဝတ္ထုကာမ, ကိလေသာကာမ၊
- တဏှာ တို့ ဖြစ်ကြပါသည်။ (ဂါထာ– ၂၂၁ မှ ၂၁၆)

၅။ (ကရင်ပြည်နယ် နံပါတ် ၅-ရှု။)

၆။ (ကချင်ပြည်နယ် နံပါတ် ၅-ရှု။)

၇။ " တဏှာသည် သတ္တဝါတို့ကို ဖြစ်စေ၏ " ဟု ဟောတော်မူသောကြောင့် ဘုံသုံးပါးတို့၌ သတ္တဝါကို ဖြစ်စေတတ်သောတဏှာသည် " အမိ " မည်၏၊

" ငါသည် ဤမင်း, ဤအမတ်၏ သားတည်း " ဟု အဖကို မှီ၍ ငါဟူသော မာနဖြစ်ခြင်းကြောင့် ငါဟူသောမာနသည် " အဖ " မည်၏၊

လူအပေါင်းသည် မင်းသို့ ချဉ်းကပ်ကုန်သကဲ့သို့ အလုံးစုံသော အယူတို့သည်လည်း သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိသို့ ကပ်ရောက်ကုန်သောကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးသည် "မင်းနှစ်ပါး" မည်၏။

တစ်ဆယ့်နှစ်ပါးသော အာယတနသည် ကျယ်ပြန့်အောင် ချဲ့ထွင်တတ်သောကြောင့် "တိုင်းပြည်" နှင့်တူ၏၊ ထိုအာယတနလျှင် မှီရာရှိသော နှစ်သက်စုံမက်တတ်သော နန္ဒိရာဂသည် အခွန်သိမ်းအမတ်မည်၏။ (ဓမ္မ ၄–၂၊ ၂၈၃၊ ၂၈၄)

http://www.dhammadownload.com

၈။ **" ဝက်မငယ်၏ ဘဝ ဖြစ်စဉ် "**

လူဘဝ၌ဖြစ်၍ သေသောအခါ ကြက်မဖြစ်ကာ ထိုကြက်မဘဝမှ သေသောအခါ ရာဇဂြိုလ်မြို့၌ မင်းသမီးဖြစ်၏၊ ထိုမင်းသမီးဘဝ၌ ပဌမစျာန်ရသောကြောင့် သေသောအခါ ပဌမစျာန်ဘုံ၌ဖြစ်ကာ ထို့နောက် သူဌေးမျိုး၌ ဖြစ်ပြန်၏၊ သူဌေးမျိုးမှ သေသောအခါ ဝက်မဖြစ်ပါသည်။ (၈မူ ၄–၂၊ ၃၃၂၊ ၃၃၃)

၉။ **အဆိုးတရား ၅- မျိုး**

- မယုံကြည်ခြင်း၊
- သည်းမခံခြင်း၊
- ပျင်းရိခြင်း၊
- သတိလွတ်ခြင်း၊
- မသိခြင်း တို့ ဖြစ်ကြပါသည်။

အကောင်းတရား ၅- မျိုး

- ယုံကြည်ခြင်း၊
- သည်းခံခြင်း၊
- လုံ့လ၊
- အောက်မေ့ခြင်း၊
- သိခြင်း တို့ဖြစ်ကြပါသည်။ (၈မူ ၄–၂၊ ၃၅၉)

၁၀။ (က) ဂရုမမ်တရား ချစ်ပါးကို လက်ခံ၍ ရဟန်းမအဖြစ်သို့ ရောက်ခဲ့ပါသည်၊

(ခ) အခြားရဟန်းမတို့က 'မဟာပဇာပတိဂေါတမီ၏ ဆရာဥပဇ္ဈာယ်တို့သည် မထင်ရှားကြကုန်၊ မိမိလက်ဖြင့်သာ သင်္ကန်းတို့ကို ယူငင်ဝတ်ဆင်၏' ဟူသောစကားကို ပြောဆိုကြကုန်လျက် ကုက္ကုစ္စဖြစ်သောကြောင့် မဟာပဇာပတိဂေါတမီနှင့်အတူ ဥပုသ်မပြုလိုကြပါ။

(ဂ) မြတ်စွာဘုရားရှင် ဖြစ်ပါသည်။

(ဃ) မြတ်စွာဘုရားရှင် ဖြစ်ပါသည်။ (၈မူ ၄–၂၊ ၄၀၀)

http://www.dhammadownload.com

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ ဓမ္မပါဠိအဋ္ဌကထာဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက်၊ (၂၆- ၃- ၂၀၁၂) တနင်္လာနေ့

၁။ အောက်ပါ ဂါထာတို့ကို ပါဠိသက်သက်ရေးခဲ့ပါ။
(က) လောကဌ အမြတ်ဆုံးသော ရထားထိန်းဟု ခေါ်ဆိုနိုင်ပုံကို ပြသောဂါထာ။
(ခ) ကိုယ်, နှုတ်, စိတ် သုံးပါးလုံးကို သုတ်သင်သောပုဂ္ဂိုလ်သည် အဋ္ဌင်္ဂိကမဂ်ကို ပြီးစေနိုင်၏ဟု ပြသောဂါထာ။

၂။ အောက်ဖော်ပြပါ ဂါထာတို့ကို အနက်ပေးခဲ့ပါ။
(က) နွေ, မိုး, ဆောင်း သုံးရာသီလုံးဌ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော အကျိုးစီးပွားကို မသိသော လူမိုက်သည် မိမိ၏ အသက်အန္တရာယ်ကို မသိနိုင်ဟု ပြသောဂါထာ။
(ခ) သူတစ်ပါးကို ဒုက္ခဖြစ်စေလျက် မိမိ၏ ချမ်းသာသုခကို အလိုရှိသောပုဂ္ဂိုလ်သည် ရန်အပေါင်းနှင့် ဆက်ဆံပြီး ထိုရန်အပေါင်းမှ မလွတ်မြောက်နိုင်ဟု ပြသောဂါထာ။

၃။ ဇမ္မူရာဇ် ရွှေစင်ကဲ့သို့ ကဲ့ရဲ့ခြင်းငှါ မထိုက်တော့ဘဲ နတ်မြတ်ဗြဟ္မာများပင် ချီးမွမ်းခံရသူ ဖြစ်နိုင်ရန် ပြည့်စုံရမည့် အကြောင်းအင်္ဂါများကို အဋ္ဌကထာဖွင့်ပြသည့်အတိုင်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၄။ နန္ဒိယသူကြွယ်၏ (က) အိမ်သူသက်ထား၏အမည်၊ (ခ) ဆောက်လုပ်လျှုဒါန်းအပ်သော ကျောင်း၏အမည်၊ (ဂ) မသေခင်က ပြသာဒ်ပေါ်ပေါက်သော နတ်ပြည်၏အမည်၊ (ဃ) ယင်းပြသာဒ်၏ အကျယ်အဝန်း၊ (င) အထက်အဆင့်၏ ပမာဏတို့ကို အသီးသီးဖေါ်ပြခဲ့ပါ။

၅။ အိမ်ထောင်ရေး ဖောက်ပြန်သူတို့၏ ဒုက္ခလေးမျိုးကို ရေးပြီးလျှင်၊ မာရဝဏ္ဏလာ အိုမင်းသည့်တိုင်အောင် ချမ်းသာနိုင်သော တရားကိုလည်း ညွှန်ပြခဲ့ပါ။

၆။ ခေမာထေရီလောင်းလျာ မိဖုရားချောလေးကို ဘုရားကျောင်းသို့ သွားချင်အောင် မောင်တော်ဘုရင်၏ လုပ်ဆောင်ချက်ကို ဖော်ပြ၍ မိမိထက် အလှပိုသော နိမ္မိတမိန်းမရုပ်လေးကို တွေ့ရသော ခေမာမိဖုရား၏ သန္ဿာန်၌ ဖြစ်ပေါ်သော စိတ်အကြံကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ အပုတ္တကသေဋ္ဌိသူဋ္ဌေးကြီး၏ အတိတ်ဘဝက ပြုခဲ့သော ကောင်းမှုကံ၊ ထိုကံ၏ အကျိုးတရားများကို ဖော်ပြ၍၊ ထိုသူဋ္ဌေးကြီး၏ အပရစေတနာ ချွတ်ယွင်းခဲ့ခြင်းကြောင့် ရရှိခံစားရသော ပစ္စုပ္ပန်အကျိုးတရားများကိုလည်း ဖော်ပြခဲ့ပါ။

၈။ မိမိ၏ လာဘ်လာဘကို မထီမဲ့မြင်ပြုသောပုဂ္ဂိုလ်၊ မပြုသောပုဂ္ဂိုလ်တို့ကို ခွဲခြားဖြေဆို၍၊ သူတစ်ပါးလာဘ်လာဘကို တောင့်တသောပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို မရနိုင်ပါသနည်း? ဖြေဆိုခဲ့ပါ။

၉။ နဂ်လကုလမထေရ်၏ သစ်ပင်ရင်းသို့သွားကာ မိမိကိုယ်ကို မိမိဆုံးမပုံကို ဆုံးမရခြင်းအကြောင်းနှင့်တကွ ဖြေဆို၍၊ ထိုသို့ မိမိကိုယ်ကို ဆုံးမသည့်အတွက် ရရှိအပ်သော အကျိုးတရားကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။

၁၀။ အရှင်အဿဇိမထေရ်ထံမှ တရားတော်ကို ကြားနာရပြီးနောက် သောတာပန်ဖြစ်သော အချိန်မှစ၍ အရှင်သာရိပုတ္တရာမထေရ်၏ ဆရာအပေါ် ဂရုဂါရဝထားရှိပုံကို ဖော်ပြပြီး၊ ပိလိန္ဒဝစ္ဆဂ္ဂေါတ္တရဝတ္ထုလာ "မြဟ္မဏ" ဟု ခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်ကိုလည်း ဖော်ပြခဲ့ပါ။

၈။ မန္တလေးတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (က) ဂါထာ- ၂၂၂။ (ခ) ဂါထာ- ၂၈၁။

၂။ (က) ဂါထာ- ၂၈၆၊ (ခ) ဂါထာ- ၂၉၁။

၃။ **ပြည့်စုံရမည့် အကြောင်းအင်္ဂါများ**

- မပေါက်မကြားသော သိက္ခာ, အသက်မွေးမှုတို့နှင့် ပြည့်စုံခြင်း၊
- တရားအဆီအနှစ်ဖြစ်သောပညာနှင့် ပြည့်စုံခြင်း၊
- လောကီ, လောကုတ္တရာပညာနှင့် ပြည့်စုံခြင်း၊
- စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်း တို့ ဖြစ်ကြပါသည်။ (ဓမ္မ ၅-၂၊ ၂၁၁)

၄။ (က) ရေဝတီ၊

(ခ) တိုက်ခန်းလေးသွယ်တို့ဖြင့် တန်ဆာဆင်အပ်သော မုခ်လေးခုရှိသောကျောင်း၊

http://www.dhammadownload.com

(ဂ) တာဝတိံသာနတ်ပြည်၊
(ဃ) ၁၂- ယူဇနာ၊
(င) ယူဇနာ တစ်ရာ။ (စမူ ၄-၂၊ ၁၈၉၊ ၁၉၀)

၅။ (ကချင်ပြည်နယ် နံပါတ် ၅- ရှု။)
အိုမင်းသည့်တိုင်အောင် ချမ်းသာနိုင်သောတရားမှာ သီလတရား ဖြစ်ပါသည်။
(ဂါထာ- ၃၃၃)

၆။ **မောင်တော်ဘုရင်၏ လုပ်ဆောင်ချက်**

ဗိမ္မိသာရမင်းသည် ခေမာမိဖုရား၏ အဆင်း၌ မာန်ရစ်သည့်အဖြစ်ကို သိသောကြောင့် ဝေဠုဝန်ကျောင်းတော်၏ ဂုဏ်တို့ကို သီချင်းရေးစေ၍ ကချေသည်မ စသူတို့ကို သီဆိုစေ၏။ ခေမာမိဖုရားသည် သီချင်းသံတို့ကို ကြားသောအခါ ကျောင်းတော်ကို မမြင်ဖူး မကြားဖူးသကဲ့သို့ ဖြစ်ကာ " အဘယ်ဥယျာဉ်ကို ရည်ရွယ်၍ သီချင်းဆိုကုန်သနည်း? ဟုမေးမြန်းရာ ' မိဖုရားကြီးတို့၏ ဥယျာဉ်ကိုသာ ရည်ရွယ်၍ သီချင်းဆိုပါကုန်၏ ' ဟု လျှောက်တင်လေသော် ဥယျာဉ်သို့ သွားလိုစိတ်ဖြစ်ပေါ်လာပါသည်။
(စမူ ၄-၂၊ ၃၃၉)

ခေမာမိဖုရား၏သန္တာန်၌ ဖြစ်ပေါ်လာသော စိတ်အကြံ

ခေမာမိဖုရားသည် " ဘုရားရှင်သည် ရုပ်အဆင်း၏အပြစ်ကို ဟောကြားသည်' ဟု ပြောဆိုကြကုန်၏၊ ဤမိန်းမသည်လည်း ဘုရားရှင်အနီး၌ ယပ်ခတ်လျက်နေ၏၊ ငါသည် ဤမိန်းမ၏အဆင်းကို ထောက်ဆသော် တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှ မမှီနိုင်၊ ငါသည် ဤသို့သဘောရှိသော မိန်းမရုပ်ကို မမြင်စဖူး၊ ဘုရားရှင်ကို မဟုတ်မမှန် စွပ်စွဲကုန်ယောင်တကား ' ဟု ကြံစည်ပါသည်။ (စမူ ၄-၂၊ ၃၃၉)

၇။ (ပဲခူးတိုင်းဒေသကြီး (အရှေ့) နံပါတ် (၁၀) ရှု။)

ရရှိခံစားရသော ပစ္စုပ္ပန်အကျိုးတရားများ

သူဌေးကြီးသည် အပရစေတနာချွတ်ယွင်းခဲ့ခြင်းကြောင့် ကောင်းမြတ်သော ဘောဇဉ်, အဝတ်, ပုဆိုး နှင့် ငါးပါးသောကာမဂုဏ်တို့ကို သုံးဆောင်ခြင်းငှါ စိတ်မညွတ်ပါ။
(စမူ ၄-၂၊ ၃၅၅)

http://www.dhammadownload.com

၈။ အိမ်စဉ်အတိုင်း ဆွမ်းခံမှုကို ရှောင်ကြဉ်လျက် အနေသနတို့ဖြင့် အသက်မွေးမှုပြုသောသူသည် မိမိလာဘ်ကို မထီမဲ့မြင်ပြုသူ ဖြစ်ပါသည်။

လာဘ်လာဘနည်းပါးသော်လည်း အမျိုးမြင့်, အမျိုးနိမ့်တို့၌ အိမ်စဉ်အတိုင်း လှည့်လည်သူသည် မိမိလာဘ်ကို မထီမဲ့မြင် မပြုသူ ဖြစ်ပါသည်။ (ဓမ္မ ၄–၂၊ ၃၆၇)

သူတစ်ပါးလာဘ်လာဘကို တောင်းတသောပုဂ္ဂိုလ်သည် ဥပစာရသမာဓိ, အပ္ပနာသမာဓိကို မရနိုင်ပါ။ (ဓမ္မ ၄–၂၊ ၃၆၇)

၉။ နဂ်လကုလမထေရ်၏ မိမိကိုယ်ကို ဆုံးမပုံ

နဂ်လကုလမထေရ်သည် ဘုရားရှင်တို့၏ လာဘ်ပူဇော်သက္ကာရကို မှီ၍ အသက်မွေးသည်ရှိသော် လူထွက်လိုသောကြောင့် ငြီးငွေ့ခြင်းကို ပယ်ဖျောက်ခြင်းငှါ မတတ်နိုင်ရကား "ယခုသဒ္ဓါတရားဖြင့် လျှဒါန်းသောသင်္ကန်းတို့ကို ဝတ်ရုံ၍ မသွားတော့အံ့" ဟု ကြံကာ ထွန်တုံး, ပုဆိုးတို့ဆွဲထားသော သစ်ပင်ရင်းသို့ သွားပြီး "အရှက်အကြောက်မရှိသောရဟန်း- ဤပုဆိုးနွမ်းပိုင်းကို ဝတ်လျက် လူထွက်ခါ အခစားမှုကိုပြု၍ အသက်မွေးလိုသည် ဖြစ်၏" ဟု မိမိကိုယ်ကို ဆုံးမ၏။

ထိုသို့ မိမိကိုယ်ကို ဆုံးမသောကြောင့် နှစ်ရက်, သုံးရက်ဖြင့်သာ အရဟတ္တဖိုလ်သို့ ရောက်ပါသည်။ (ဓမ္မ ၄–၂၊ ၃၇၉)

၁၀။ ကျေးဇူးတုန့်ပြန် နေထိုင်ပုံ

အရှင်သာရိပုတြာသည် အရှင်အဿဇိမထေရ်အထံမှ တရားကိုနာပြီး သောတာပတ္တိဖိုလ်တည်ပြီးသည်မှစ၍ 'အရှင်အဿဇိမထေရ် နေထိုင်၏' ဟု ကြားသော အရပ်သို့ လက်အုပ်ချီကန်တော့၍ ဦးခေါင်းပြုကာ အိပ်ခြင်းဖြင့် ကျေးဇူးတုန့်ပြန် နေထိုင်ပါသည်။ (ဓမ္မ ၄–၂၊ ၄၀၁)

ဗြာဟ္မဏ- ဟု ခေါ်ဆိုထိုက်ပုံ

နူးညံ့ချိုသာသောစကား, သဘောအမိပ္ပါယ်ပေါ်လွင်သောစကား, မှန်ကန်သော စကားကို ပြောဆို၍ သူတစ်ပါးတို့အား ထိပါးပုတ်ခတ် အမျက်ဒေါသဖြင့် မညှဉ်းဆဲ မပြောဆိုသောပုဂ္ဂိုလ်ကို 'ဗြာဟ္မဏ' ဟု ခေါ်ဆိုထိုက်ပါသည်။ (ဂါထာ– ၄၀၈)

http://www.dhammadownload.com

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မွန်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓမ္မပဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၂၆- ၃-၂၀၁၂) တနလာနေ့

၁။ (က) မလဝဂ်လာ မရှိလေးပါးပြ ဂါထာ။
(ခ) ငြိမ်းအေးမှုကို အလိုရှိသော သာနုသာမဏေအား စိတ်တစ်လုံးထိန်း အားလုံး ငြိမ်းဖြစ်အောင် ဟောကြားသောဂါထာ ပါဠိတို့ကို ရေးပြပါ။

၂။ (က) အတ္တနောပုဗ္ဗကမ္မဝတ္ထုလာ ထောင်မြင် ရာစွန်နည်းပြဂါထာ။
(ခ) ကောကာလိကဝတ္ထုလာ ဓမ္မကထိကများအတွက် လိုက်နာ ကျင့်သုံးနည်းပြ ဂါထာ တို့ကို အနက်ပေးပြပါ။

၃။ ကောဓဝဂ် ရောဟိနီကညာဝတ္ထုလာ ဆင်းရဲဒုက္ခမကျရောက်နိုင်သော နည်းလမ်းများ နှင့်၊ တိဿတ္ထေရဝတ္ထုလာ ပစ္စည်းလေးပါးကို တွယ်တာတပ်မက်မောခြင်းကြောင့် ရနိုင်သော ဆိုးကျိုးဖြစ်ပုံကို ရေးသားဖော်ပြပါ။

၄။ ပဏ္ဏိတောတိ ပဝုစ္စတိ-၌ ပဏ္ဏိတ မည်ခြင်းအကြောင်းကို ဓမ္မဋ္ဌဝဂ် ဆဗ္ဗဂ္ဂိယဝတ္ထုလာ ဂါထာနှင့်အညီ ပြဆို၍၊ သာဓုရှုပ ခေါ်ဆိုထိုက်သူကိုလည်း ဓမ္မဋ္ဌဝဂ် သမ္မဟုလဘိက္ခု ဝတ္ထုကို ရှု၍ သတ်မှတ်ပြခဲ့ပါ။

၅။ နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းများကို ပုဏ္ဏဒါသီဝတ္ထုနှင့်အညီ ထုတ်နုတ်ဖော်ပြ၍၊ နတ်တို့ ချီးမွမ်းခံထိုက်သော ပုဂ္ဂိုလ်ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ပညာဖြစ်ပွါးခြင်း - ပညာဆုတ်ယုတ်ခြင်း အကြောင်းကို ဖော်ပြ၍၊ (က) အကောင်းဆုံး ဆုလာဘ်၊ (ခ) အကောင်းဆုံးဥစ္စာတို့ကို ဖော်ပြပါ။

၇။ ဇိယ္ဆာ ပရမာ ရောဂါ ဒေသနာတော်အရ- ရောဂါအားလုံးတို့တွင် ဆာလောင်မွတ်သိပ်ခြင်း၏ အကြီးဆုံးရောဂါ ဖြစ်ရခြင်းအကြောင်းကို ဖော်ပြ၍၊ ခဏော ဝေါ မာ ဥပစ္စဂါ-၌ ခဏ- အရကိုလည်း ဖော်ပြခဲ့ပါ။

၈။ သစ္စာနံ စတုရော ပဒါ-၌ သစ္စာ-သဂ္ဂါဝ်ကို စုံလင်စွာ ထုတ်ပြ၍၊ လေးလလွန်လျှင် ပရိ

http://www.dhammadownload.com

နိဗ္ဗာန် ပြုတော့မည့် ဘုရားရှင်၏ စကားတော်ကို ကြားရသော တိဿမထေရ်၏ ကြံစည်ပုံ နေထိုင်ပုံတို့ကိုလည်း ဖော်ပြပါ။

၉။ အသက် ၇- နှစ်အရွယ်ဖြင့် အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူသော သာမဏေကျော်တို့၏အမည်တို့ကို ဖော်ပြ၍၊ ဘိက္ခုဝဂ် သမ္မဟုလဘိက္ခုဝတ္ထုလာ သိတ္တာ တေ လဟုမေဿတိ- ၏ အဓိပ္ပါယ်ကို အဋ္ဌကထာနှင့်အညီ ရေးသားဖော်ပြပါ။

၁၀။ သက္ကပဉ္ဉဝတ္ထု-၌ သိကြားမင်းကြီးအား ဘုရားရှင်ဖြေကြားတော်မူသော ဝိသဇ္ဇနာ ၄-မျိုးကိုဖော်ပြ၍၊ စန္ဒာဘမထေရ်မြတ်၏ ရှေးကောင်းမှုနှင့် ရရှိသောအကျိုးတို့ကိုလည်း ဖော်ပြပါ။

၉။ မွန်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၂၅၁။ (ခ) ဂါထာ- ၃၂၆။

၂။ (က) ထင်ရှားပြီ။ (ခ) ထင်ရှားပြီ။

၃။ **ဆင်းရဲဒုက္ခ မကျရောက်နိုင်သော နည်းလမ်းများ**

ပဲခူးတိုင်း အနောက် နံပါတ် (၃) ရွာ။

ပစ္စည်းလေးပါးကို တပ်မက်မောခြင်းကြောင့် ရနိုင်သောဆိုးကျိုးဖြစ်ပုံ

သံချေးသည် သံမှဖြစ်၍ သံကိုပင် စားသကဲ့သို့ ပစ္စည်းလေးပါး၌ ပစ္စဝေက္ခဏာကို ကျော်လွန်၍ ကျင့်သောရဟန်းကို မိမိအမှု အကုသိုလ်တရားတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ခြင်းဟူသော ဆိုးကျိုးကို ရရှိပါသည်။ (ဂါထာ- ၂၄၀)

၄။ **ပဏ္ဏိတ မည်ခြင်းအကြောင်း**

စကားများများ ပြောကာမျှဖြင့် ပဏ္ဏိတ မမည်၊ ဘေးရန်မရှိပဲ ကြောက်ရွံ့မှုကင်းသောကြောင့်သာ 'ပဏ္ဏိတ' မည်ပါသည်။ (ဂါထာ- ၂၅၈)

သာဓုရူပ-ခေါ်ဆိုထိုက်သူ- (ပဲခူးတိုင်း အနောက် နံပါတ် ၄-ရွာ။)

၄။ ဗျာပိကာဓရ- ဇလေသု ခီရံ တိဋ္ဌတိ၊
သြပသိလေသိကာဓရ- ပရိယကေ် ရာဇာ သေတိ၊
ဝေသယိကာဓရ- ဘူမိသု မနုဿာ စရန္တိ၊
သာမိပိကာဓရ- ဝနေ ဟတ္ထိနော စရန္တိ။

(က) ဣဿရေန ကတံ ဣဿရကတံ။
(ခ) ဓူမော ဝိယ ဒိဿတိ အဒုံ ဝနံ တဒိဒံ ဓူမာယိတတ္တံ။

၅။ မနသာ-၌ သာ-သည် သာ အပြုံ မဟုတ်၊ အာ-ပြု၍ သ-လာထားသော အရာသာ ဖြစ်သည်၊ ထို့ကြောင့် သံသာသွေက ဝစနေသု စ-သုတ်ဖြင့် သ-မလာရပါ။
ကာရိယ- ဘော, ဘောန္တ, ဘန္တေ, ဘောန္တော, ဘဒ္ဒေ, ဘောတာ, ဘောတော, ဘဒ္ဒန္တ။

၆။ ကုစ္ဆိတအနက်- ကဒ် ကုဿ၊
အပဿအနက်- ကာပွတ္ထေသု စ၊
ကတ္တုံ- တုံ တုန တဗ္ဗေသု ဝါ-သုတ်ဖြင့် မာတွန် ရ-ကို တ-ပြု။
ကာတုံ- တဝေတုနာဒီသု ကာ- သုတ်ဖြင့် ကရ-ကို ကာ-ပြု။

၇။ (က) ဟေတွတ္ထေ စ-သုတ်ဖြင့်၊
(ခ) ဟိတ်အနက်၌၊
(ဂ) တတိယာဇကဝုစ် နာ-ဝိဘတ် သက်ထားသည်။

သမာသ် မဖြစ်ကြောင်း

ကဏ္ဍာ-သည် သမာသ်စပ်ရမည့် ဒန္တာ-ပုဒ်မှ အခြားသော ဒေဝဒတ္တသ-ပုဒ်ကို ငဲ့နေသောကြောင့် သမာသ် မဖြစ်ပါ။

၈။ သညာသဒ္ဒါဖြစ်သောကြောင့် ရေပူဒ်ကို ပုလ္လိင် မငဲ့ရ၊ ထို့ကြောင့် စန္ဒာဒေဝီပါဠိသာ မှန်သည်။

ယောဂဝိဘာဂအကျိုး

ဏျတ္တာတာ-ဟူသော ယောဂဝိဘာဂသည် ဝီရာနံ ကမ္မံ ဝီရိယံ၊ ကရဏာယေဝ

http://www.dhammadownload.com

ကာရည် စသည်တို့၌ ကမ္မအနက်, သကတ်အနက်တို့၌လည်း ကျ- ပစ္စည်း သက်ရခြင်း အကျိုးရှိသည်။

၉။ (က) ကရဿ ကာ-ဟူသော ယောဂဝိဘာဂဖြင့် အဇ္ဈတ္တနိဝိဘတ် မနောင်းရာ၌လည်း ကရ-ကို ကာ-ပြုရခြင်း အကျိုးရှိသည်၊

(ခ) ကာသတ္တံ-ဟူသော ဘာဝနိဒ္ဒေသဖြင့် ဟောသိ, အဒါသိ-စသော အခြားသော အရာတို့၌လည်း သ-လာရခြင်း အကျိုးရှိသည်။

သင့် / မသင့်

ရဟာဒိတော ကာ- သုတ်အရ ရ-နောင် ကာ-ပြန်ရမည် ဖြစ်သောကြောင့် ရမနီယော မသင့်ပါ။

အနက်များ

ဘဝတာ- အရှင်သည်၊ ကမ်ခံ- အမှုကို၊ ကတ္တုမ်ခံ- ပြုရမည်၊ (ပေသ) ဝါ-ပြုလိုလျှင် ပြုလော၊ (အတိသဂ္ဂ) ဝါ- ပြုချိန်တန်ပြီ။ (ပတ္တကာလ)

၁၀။ (ပုဒ်စစ် ထင်ရှားပြီ။)

၁၈။ ပထမပြန် အထူးအောင် ရွှေးချယ်ရေးစာမေးပွဲ
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ
၁၃၇၄-ခုနှစ်၊ ပထမဝါဆိုလဆန်း (၂)ရက်၊ (၂၀- ၆- ၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ အောက်ပါ အစီအရင်ကို ပြုသောသုတ်တို့ကို ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးခဲ့ပါ။

(က) သမာသ်ကျမ်းလာ ရဿဝိဓိသုတ်၊

(ခ) ကိတ်ကျမ်းလာ ယကာရာဂမဝိဓိသုတ်။

၂။ "တိယေ ဒုတာပိ စ"သုတ်၌ စသဒ္ဒါ၏ အကျိုးပြ ပါဠိကို ကုန်စင်အောင် အနက်ရေး၍၊ အာချာတ်ကျမ်းလာ အသမာတ်၏ ရေ့အ-ကိုသာ ချေသော သုတ်၊ နောက် သ-ကိုသာ ချေသော သုတ်တို့ကိုလည်း သုတ်နက်မျှ ရေးပါ။

၃။ "မာတုလာဒီနမာနတ္တာမီကာရေ"သုတ်၌ အာဒိဝန်အရကို အကြောင်းနှင့်တကွ ထုတ်ပြ၍၊ ပသဝေါ-ကို သုတ်ရင်းတို့ဖြင့်သာ တွက်ရသောနည်းအရ နာမ်ရုပ်ကျဉ်း စီရင်ပြီးလျှင်၊ တော-စသောပစ္စည်းများကို ဝိဘတ်အမည်မှည့်ရခြင်း အကျိုးကိုလည်း ရေးပါ။

http://www.dhammadownload.com

၄။ "သုဝဏ္ဏ ဝိယ တံ မညေ"ပုံစံ၌ သမ္မဒါန်အမည် မရနိုင်ပုံကို ရှင်းပြ၍၊ "ကဒလိသု ဂဇေ ရက္ခန္တိ"၌ ကဒလိသု-ဝယ် အဘယ့်ကြောင့် အဘယ်သုတ်ဖြင့် အဘယ်ကာရက အမည် မှည့်ရသည်ကိုလည်း ဖြေဆိုပါ။

၅။ ကမ္မဓာရည်း, ဒိဂုသမာသ်တို့၏ အမည်ထူးကို သာဓကဖြင့် ထုတ်ပြ၍၊ "ကာလဝဏ္ဏ၊ ကာပုရိသာ"တို့ကို ကာနှစ်ခု၏ ထူးခြားဟန် ပေါ်လွင်အောင် ဝိဂြိုဟ်ပြုပြီးလျှင်၊ အဘယ့်ကြောင့် ယင်းကဲ့သို့ ပြုရသည်ကိုလည်း ရှင်းပြပါ။

၆။ "တမဓိတေ"စသော သုတ်ကို ဝိဘတ္တန္တအားလျော်စွာ ပုဒ်ခွဲဝေပြ၍၊ တန္ဒိတ်ပစ္စည်းတို့၌ ဏအနုဗန် ထည့်ရခြင်းအကျိုးကို သုတ်ထောက်ပြ၍ ဖြေဆိုပြီးလျှင်၊ "သကနာမေဟိ" သုတ်၌ သကနာမအရတို့တွင် နောက်ဆုံး သုံးခုကိုသာ ထုတ်ပြပါ။

၇။ အာချာတ်ကျမ်း၌ ပြဆိုအပ်သော အရာတို့တွင် (က) ရေ၊ (ခ) ငါးနှင့်တူသော၊ အရာများကို မှန်ကန်စွာ ဖော်ပြ၍၊ ဉာဿ ဏဖံနာ"သုတ်၌ ဏ, ဖံ, နာပြုပုံ သတ်မှတ်ချက်ကိုလည်း အကြောင်းနှင့်တကွ ရေးခဲ့ပါ။

၈။ "ဂုဟဒုသာနံ ဒီဃံ"သုတ်ဖြင့် ဒီဃပြုရခြင်းအကျိုးကို ရေး၍၊ ကိတ်ကျမ်းလာ ပြယုဂ်တို့၏ အကြောင်းရင်းဖြစ်သော အရာတို့ကို သာဓကနှင့်တကွ ထုတ်ပြပြီးလျှင်၊ ကိစ္စပစ္စယန္တပုဒ်တို့၏ လိင်ကိုလည်း ညွှန်ပြပါ။

၉။ သခေါ်၊ ယိဒ္ဓော၊ ခေမော-တို့ကို ဓာတု+ ပစ္စယ ခွဲဝေပြ၍၊ "ဂဟသဟု ပဓသေ ဝါ"သုတ်၌ ဥပဓာအရကိုလည်း အထောက်ဖြင့် ဖော်ပြပါ။

၁၀။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ဆိုရိုးကျ ရေးခဲ့ပါ။
(က) ဇကသေသတဒ္ဓိတ်၊ (ခ) ဇကန္တဓာတ်။

၁၈။ အထူးအောင် (အဖြေ)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါဘာသာ

၁။ (က) သရော ရသော နပုံသကော၊
(ခ) ဒဓန္တတော ယော ကွစိ။ (သုတ်ဆိုင်ရာတို့ကို ပါဠိရေးလေ)

http://www.dhammadownload.com

၂။ စဂ္ဂဟဏေန- ဖြင့်၊ ဒွိက္ကတိ- ဒွိဟူသော၊ ဇတသ- ၏၊ ဒိကာရော- ဒိ-ပြုသည်၊ ဟောတိ- ၏၊ ဒိရတ္တံ-နှစ်ညဉ့်၊ ဒိဝုဏ်- နှစ်ထပ်ရှိသော၊ သဃ်ာဋ်- သင်္ကန်းကြီးကို၊ ပါရုပိတွာ- ရုံ၍။

သမ္မတ္ထာ သဿာဒိ လောပေါ စ

သမ္မတ္ထ- အလုံးစုံသော ဝိဘတ်, ပစ္စည်းတို့ကြောင့်၊ အသဿ- အသ-ဓာတ်၏၊ အာဒိလောပေါ စ- အစ အ-၏ ကျေခြင်းသည်လည်း၊ ဝါ- ချို့ ဟောတိ- ၏။

သိမှိ စ

သိမှိ စ- သိဝိဘတ်ကြောင့်လည်း၊ အသဿ- အသ-ဓာတ်၏၊ အန္တလောပေါ- ဓာတွန်၏ ကျေခြင်းသည်၊ ဟောတိ- ၏။

၃။ အာဒိသဒ္ဒါ အတူအနက်ဟောသောကြောင့်-

၁။ ဤ-ပစ္စည်းနောင်းခြင်း၊

၂။ အာန-ပြု၍ ပြီးနိဋ္ဌာန်းခြင်း အားဖြင့် မာတုလသဒ္ဒါနှင့်တူသော အယျက, ဝရုဏ-စသော သဒ္ဒါတို့ကို ယူရမည်။

နာမ်ရုပ်

ပသု-တည်၊ ယော-သက်၊ လ-အမည်မှည့်၊ လတော ဝေါ ကာရော စ-ဖြင့် ယော-ကို ဝေါ-ပြု၊ ဝေဝေါသု လော စ-ဖြင့် လ-မည်သော ပင်ကိုယ်ရဿ ဥ-ကို အ-ပြု၊ ပသဝေါ-ပြီး၏။

ဝိဘတ်အမည် မှည့်ရကျိုး

ဝိဘတ္ယန္တပုဒ်အဖြစ် သိစေခြင်းအကျိုးငှါ တော-စသော ပစ္စည်းတို့ကို ဝိဘတ်အမည် မှည့်ရသည်။

၄။ **သမ္မဒါန် အမည်မရနိုင်ပုံ-** (ရန်ကုန် ၄-ရှ)

ကဒလီသု

စောင့်ရှောက်ခြင်းအနက်ဟော ရက္ခ-ဓာတ်၏ ယှဉ်ရာဖြစ်သောကြောင့် ရက္ခ ဏတ္ထာန မိစ္ဆိတံ-သုတ်ဖြင့် အပါဒါနကာရက အမည်မှည့်ရသည်။

၅။ ဥဘေ တပ္ပုရိသာ-သုတ်ကိုထောက်၍ တပ္ပုရိသ်အမည်။

ထူးခြားဟန် အပ္ပကံ လဝဏံ ကာလဝဏံ၊

http://www.dhammadownload.com

ကာ-၏ မူရင်း ကု-နိပါတ် အပ္ပကာအနက်ဟောသောကြောင့်တည်း။
ကုစ္ဆိတာ ပုရိသာ ကာပုရိသာ။
ကာ-၏ မူရင်း ကု-နိပါတ် ကုစ္ဆိတအနက်ဟောသောကြောင့်တည်း။

၆။ တံ+ အတီတေ+ တေန+ ကတာဒိ သန္နိဓာန နိယောဂ သိပ္ပ ဘက္ကာ ဇီဝိကတ္ထေသု+ စ။
၄-ပုဒ်။

ဝုဒ္ဓါဒိသရဿ ဝါ သံယောဂန္တဿ သဏော စ-သုတ်ကိုထောက်၍ ဝုဒ္ဓိ ပြုရခြင်း အကျိုးငှါ ဏ-အနုဗန်ကို ထည့်ရသည်။
နောက်ဆုံး ၃-ခု ကထာန, မဟာကထာန, အသခ္ခေယျ။

၇။ (က) ဓာတ်၊ (ခ) ဝိကရဏပစ္စည်း, အာဂုံ, ကာလ။
ဏာ, ဏံ, နာ-ပြု သတ်မှတ်ချက်- (မွန် ၈-ရှု)

၈။ **ဒီဃပြုရကျိုး-** (ချင်း ၉-ရှု)
ပြုယုဂ်အကြောင်းရင်း- သာဓန
သာဓက- သာဓနမူလဟိ ပယောဂံ၊ (အာဟု ပယောဂမူလမတ္ထဥ္စ။
အတ္ထေသု ဝိသာရဒမတယော၊ သာသနသုဓရာ ဇိနသာ မတာ။)

ကိစ္စပစ္စည်းတို့သည်

ဘောအနက်၌ နပုလ္လိင်၊ ကံအနက်၌ တိလိင်။

၉။ သခ်ေါ- သံရေ့ရှိသော ခန-ဓာတ်၊ ကွိ-ပစ္စည်း။
ယိဒ္ဓော- ယဇ-ဓာတ်၊ တ-ပစ္စည်း။
ခေမော- ခီ-ဓာတ်၊ မန်-ပစ္စည်း။

ဥပမာအရ

ပရသမညာ ပယောဂေ- သုတ်ကိုထောက်၍ အခြားသော သက္ကတကျမ်း၌ လာသော အဆုံးအကွရာမှ ရှေ့အကွရာ ဖြစ်သည်။

၁၀။ (ပုဒ်စစ် ထင်ရှားပြီ။)

http://www.dhammadownload.com

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၃) ရက်၊ (၄-၄-၂၀၁၂) ဗုဒ္ဓဟူးနေ့

၁။ ဇောအရာတွင် ပါဝင်သော အဟိတ်စိတ်ကို ဝေဒနာ, ဒွါရ, အာရုံ, ဝတ္ထုအားဖြင့် အသီးအသီး ဝေဖန်ပြ၍၊ "ပရမတ္ထ နဝတိ်သာ"ဟူသော စကားအရ ပရမတ်တရားကို ဇကန်အာရုံပြုသော စိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၂။ အောက်ပါ ဝီထိစိတ်တို့၏ သရုပ်ကို မှန်ကန်စွာ ထုတ်ပြခဲ့ပါ။
(က) မာန်စွယ်ပြင်းပြင်း နဂါးမင်း၏ သန္ဓာန်၌ ရနိုင်သော ဝီထိစိတ်၊
(ခ) အပါယ်မစံ သောတာပန်ပုဂ္ဂိုလ်၏ သန္ဓာန်၌ ရနိုင်သော ဝီထိစိတ်၊
(ဂ) ထိပ်ဆုံးဘုံသား နေဝဖြဟ္မာများ၏ သန္ဓာန်၌ ရနိုင်သော ဝီထိစိတ်။

၃။ အမည်သာတူ၍ သဘာဝခြားနားသော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှစ်ယောက်တို့၏ ပဋိသန္ဓေနေပုံအထူးကို ဘုံအားလျော်စွာ ခွဲခြား ဖြေဆိုပြီးလျှင်၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်၏ ပဋိသန္ဓေအကျိုးဝိပါက်, ပဝတ္တိအကျိုးဝိပါက်, အကျိုးပေးရာဘုံတို့ကိုလည်း အသီးအသီး ဖြေဆိုပြခဲ့ပါ။

၄။ ရုပ်တရားကို မဖြစ်စေနိုင်သော ကံနှင့် စိတ်တို့ကို ခွဲခြား ဖော်ပြ၍၊ တာဝတိ်သာ နတ်သမီးလေးတစ်ဦး၏ သန္ဓာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်တရားစုတို့ကိုလည်း တိကျစွာ ရေတွက်ပြခဲ့ပါ။

၅။ ဇကမာ ပုန ရူပဿ၊ ရူပံ နာမဿ စေကမာ-ဟူသော ဂါထာပါဒတို့၏ အကျယ်သရုပ်ပြ သင်္ဂဟစုဏ္ဏိယပါဠိတို့ကို တိကျစွာ ရေးသားပြခဲ့ပါ။

၆။ အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ-ဟူသော ပကိဏ်းပိုင်းလာ သင်္ဂဟစုဏ္ဏိယပါဠိနှင့် သက်ဆိုင်သော ကမ္မဋ္ဌာန်းပိုင်းလာ သင်္ဂဟစုဏ္ဏိယပါဠိတို့ကို ကျန်စွာ အနက်ယောဇနာပြခဲ့ပါ။

၇။ ထိန, မိဒ္ဓနှင့် ဥဒ္ဓစ္စ, ကုက္ကုစ္စ နှစ်ပါးစီကို နီဝရဏတစ်ပါးတည်းပြု၍ ဟောထားရခြင်းအကြောင်းကိုလည်း ဖြေဆိုပြီးလျှင်၊ ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ စသော လေးပါး

http://www.dhammadownload.com

တို့သည် တရားကိုယ်အားဖြင့် ပညာချည်းဖြစ်လျက် အဘယ်အကျိုးငှါ လေးပါးခွဲ၍ ဟောထားရသည်ကိုလည်း ဖြေဆိုပြခဲ့ပါ။

၈။ လောကီဝိပါက်စိတ်တို့၌ အဓိပတိတရားတို့ မဖြစ်နိုင်ရခြင်းအကြောင်းကို ဖြေဆိုပြီးလျှင်၊ ဣန္ဒြေ ၂၂-ပါးရှိပါလျက် တရားကိုယ်အားဖြင့် ၁၆-ပါးသာ ရှိရခြင်းအကြောင်းကိုလည်း ဖြေဆိုပြခဲ့ပါ။

၉။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-၌ "အဝိဇ္ဇာ"ဟူသော အမည်သည် မည်သည့်တရား၏ အမည်ဖြစ်သည်ကို ဖြေဆို၍၊ သင်္ခါရာ-၌ သင်္ခါရသုံးပါးတို့၏ သရုပ်ကိုလည်း သက်ဆိုင်ရာ တရားကိုယ်များနှင့်တကွ အသီးအသီး တွဲစပ်၍ ဖော်ပြခဲ့ပါ။

၁၀။ ဖြဟ္မဝိဟာရတရားလေးပါးတို့၏ လက္ခဏာကို အသီးအသီး ရေးသားဖြေဆိုပြ၍၊ ယင်းလေးပါးတို့ကို အဘယ့်ကြောင့် "ဖြဟ္မဝိဟာရ"ဟု ခေါ်ဆိုရသည်ကိုလည်း ဖြေဆိုပြခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ဟသိတုပ္ပါဒ်စိတ်သည် ဥပေက္ခာဝေဒနာ၊ ၆-ဒွါရ၊ အလုံးစုံသော ကာမဇဝန်အာရုံ၊ ဟဒယဝတ္ထုကို အမြဲ မှီသည်။

နဝတိသ

မနောဒွါရာဝဇ္ဇန်းကြည် အဟိတ်စိတ် ၁၇-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ပေါင်း ၃၉။

၂။ (က) အကုသိုလ်စိတ် ၁၂-ခု၊ ဟသိတုပ္ပါဒ်ကြည်သော အဟိတ်စိတ် ၁၇-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ ပေါင်း ၃၇-ခု။

ဆောင်- အကုသလ၊ ဟသိတကြဉ်၊ အဟိတ် ဝဏ္ဏ၊ ထိုပြင် ကာ-ကု သုံးခုရှိစဉ်၊ ရုပ္ပ ဒွေကတိ အာဟိတ်။

(ခ) ဒိဋ္ဌဂတသမ္မယုတ်, ဝိစိကိစ္ဆာကြည်သော အကုသိုလ်စိတ် ၇-ခု၊ ဟသိတုပ္ပါဒ်ကြည်သော အဟိတ်စိတ် ၁၇-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ သောတာပတ္တိဖိုလ်စိတ် ၁-ခု၊ ပေါင်း ၅၀။ (ဓာန်မရလျှင် မဟဂ္ဂုတ် ကုသိုလ်၌)

http://www.dhammadownload.com

(၈) ဒေါသမူကြွေ့ အကုသိုလ်စိတ် ၁၀-ခု၊ မနောဒွါရာဝဇ္ဇန်း ၁-ခု၊ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ သောတာပတ္တိမဂ်ကြွေ့သော လောကုတ္တရာစိတ် ၇-ခု၊ ပေါင်း ၃၇။

၃။ လူ, စတုမဟာရာဇိဟူသော ကာမသုဂတိဘုံသား သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေသည်။ (သုဂတိဘုံသားလည်းဖြစ်၊ အဟိတ်စိတ်ဖြင့်လည်း ပဋိသန္ဓေနေသောကြောင့် သုဂတိအဟိတ်ဟုဆိုသည်) အသညသတ်ဘုံသား သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ဇီဝိတနဝကကလာပ် ရုပ်ဖြင့် ပဋိသန္ဓေ နေသည်။ (ဗြဟ္မာ့ဘုံဟူသော သုဂတိဘုံသားလည်းဖြစ်၊ အဟိတ်ဖြစ်သော ရုပ်ဖြင့် ပဋိသန္ဓေနေသူလည်း ဖြစ်သောကြောင့် သုဂတိအဟိတ်ဟု ဆိုသည်။)

ပဋိသန္ဓေ အကျိုးဝိပါက်- မဟာဝိပါက် ဉာဏသမ္မယုတ်စိတ် ၄-ခု။

ပဝတ္တိ အကျိုးဝိပါက်- အဟိတ်ကုသလဝိပါက် ၈၊ မဟာဝိပါက် ၈၊ ပေါင်း ၁၆။

အကျိုးပေးရာ ဘုံ- ကာမဘုံ၊ ရူပဘုံ။

၄။ **ကံ-** အရူပကုသိုလ်ကံ ၄၊ လောကုတ္တရာကုသိုလ်ကံ ၄၊ ပေါင်း ၈-ပါး။

စိတ်- အရူပဝိပါက် ၄၊ ဒွေပဉ္စဝိညာဉ် ၁၀၊ ရဟန္တာတို့၏ စုတိ။ (ပဋိသန္ဓေစိတ်)

ပဋိသန္ဓေအခါ ရနိုင်သော ရုပ်တရားစု

အဝိနိဗ္ဘောဂရုပ်-၈၊ ဇီဝိတ-၁၊ ကာယပသာဒ-၁၊ ဣတ္ထိဘာဝ ၁၊ ဟဒယဝတ္ထု ၁၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ပေါင်း ၁၆။

(ကလာပ်အားဖြင့် ကာယ, ဘာဝ, ဝတ္ထု, စက္ခု, သောတ, ဃာန, ဇိဝှါဒသကကလာပ်ဟု ၇-စည်း။)

ဆောင်- *သံသေ, ဥပပါတိ၊ ကာ, ဘာ, ဝတ်၊ နောက်ထပ် စက်, သော, ဃာ, ဇီ-တိုး။*

၅။ **ဇကမာ ပုန ရူပဿ**

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ဝသေနေတိ ဇကမာဝ နာမံ ရူပဿ ပစ္စယော ဟောတိ။

ရူပံ နာမဿ စေကမာ

ဆ ဝတ္ထုနှိ ပဝတ္တိယံ သတ္တာနံ ဝိညာဇာမာတုနံ, ပဋ္ဌာရမ္ဘဇာနိ စ ပဋ္ဌဝိညာဇာဝီထိယာ ပုရေဇာတဝသေနေတိ ဇကမာဝ ရူပံ နာမဿ ပစ္စယော ဟောတိ။

http://www.dhammadownload.com

၆။ (တမေဝ ပထမာရုပ္ပဝိညာဏံ-- ပ --- ဒုတိယာရုပ္ပမပ္ပေတိ။
တတိယာရုပ္ပံ--ပ---စတုတ္ထာရုပ္ပမပ္ပေတိ-တို့ကို အနက်ရေးလေ။)

၇။ ထိနနှင့် မိဒ္ဓသည် စိတ်၏ တွန့်တိုခြင်းသို့ ရောက်ခြင်း ကိစ္စအားဖြင့်လည်း တူသည်၊ ပျင်းရိခြင်း, ကိုယ်တဆန့်ဆန့်ရှိခြင်းဟူသော အကြောင်းအားဖြင့်လည်း တူသည်၊ ဝီရိယ၏ ဆန့်ကျင်ဘက်အားဖြင့်လည်း တူသည်။

ဥဒ္ဓစ္စ ကုက္ကုစ္စသည် စိတ်၏ မငြိမ်သက်ခြင်းကို ပြုခြင်းကိစ္စအားဖြင့်လည်း တူသည်၊ ဆွေမျိုးစည်းစိမ် ပျက်စီးခြင်းစသည်ကို ကြံစည်ခြင်းဟူသော အကြောင်းအားဖြင့်လည်း တူသည်၊ သမထ၏ ဆန့်ကျင်ဘက်အားဖြင့်လည်း တူသည်၊ ထိုသို့ ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်အားဖြင့် တူသောကြောင့် ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ နှစ်ပါးစီကို နီဝရဏ တစ်ပါးတည်း ပြု၍ ဟောထားသည်။

၄-ပါးခွဲ၍ ဟောရပုံ

ဓမ္မသရုပ်ကို ထင်ရှားပြခြင်းငှါ ပညတ်နှေ့ကို ဟောသည်၊
ပုဂ္ဂလဏ္ဍာသယ ကိစ္စအထူးကို ထင်ရှားပြခြင်းငှါ အနညာတညသာမီတိနွေ့-စသော ၃-ပါးကို ဟောသည်။

၈။ လောကီဝိပါက်စိတ်တို့သည် ဆန္ဒစသည်ကို ရှေ့သွားပြု၍ မဖြစ်သောကြောင့် လောကီဝိပါက်စိတ်တို့၌ အဓိပတိတရားတို့ မဖြစ်နိုင်ပါ။

တရားကိုယ် ၁၆-ပါးသာ ရှိရကြောင်း

ဝေဒနိနွေ့ ၅-ပါးကို ဝေဒနာ တစ်ပါးတည်း ယူရခြင်း၊
ပညိန္ဒြေနှင့် လောကုတ္တရာကုသိန္ဒြေ ၃-ပါးတို့ကို ဉာဏ်ပညာ တစ်ပါးတည်း ယူရခြင်း၊
ဇီဝိတိန္ဒြေကို ရုပ်ဇီဝိတ, နာမ်ဇီဝိတ ၂-ပါး ခွဲယူရခြင်းတို့ကြောင့် ကွန္ဒြေ ၂၂-ပါးရှိလျက် တရားကိုယ် ၁၆-ပါးသာ ရှိရသည်။

၉။ သစ္စာ ၄-ပါး၊ ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ်-ဟူသော ၄-ပါး၊ ဤ ၈-ဌာနတို့၌ မသိသော မောဟ၏ အမည်သည်ာ ဖြစ်သည်။

သခ်ါရအပြား

ပုညာဘိသခ်ါရ- ကာမကုသိုလ်စေတနာ ၈၊ ရူပကုသိုလ်စေတနာ ၅၊ ပေါင်း ၁၃။
အပုညာဘိသခ်ါရ- အကုသိုလ်စေတနာ ၁၂။
အာနေဉ္ဇာဘိသခ်ါရ- အရူပကုသိုလ်စေတနာ ၄။

http://www.dhammadownload.com

၁၀။ မေတ္တာ- သတ္တဝါတို့၏ စီးပွါးချမ်းသာကို ကပ်ဆောင်ခြင်း လက္ခဏာရှိသည်။
ကရုဏာ- သူတစ်ပါး ဒုက္ခကို ပယ်ခြင်းငှါ အလိုရှိခြင်း လက္ခဏာရှိသည်။
မုဒိတာ- သူတစ်ပါး စည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာရှိသည်။
ဥပေက္ခာ- ဂ္ဂဟဏရုံ, အနိဋ္ဌာရုံတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိသည်။

ဗြဟ္မဝိဟာရ

မြတ်သော နေခြင်းများ ဖြစ်သောကြောင့်လည်းကောင်း၊ မြင့်မြတ်သူတို့၏ နေခြင်း ဖြစ်သောကြောင့်လည်းကောင်း ဗြဟ္မဝိဟာရ-ဟုခေါ်သည်။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကယားပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၃)ရက်၊ (၄- ၄-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံပြ စုဏ္ဏိယပါဠိကို ရေးပြပါ။

၂။ ပကတူပနိဿယပစ္စည်း၏ သရုပ်ပြဆိုသော စကားရပ်ပြ ပါဠိကို အနက်သမ္မန်ပြခဲ့ပါ။

၃။ ရုပ်ပြစ်ရုစ်ပါးသို့ ရောက်နိုင်သဖြင့် ဗုဒ္ဓဘာသာဝင်တို့ မလိုချင်သော ရူပကုသိုလ်စိတ်ကို ထုတ်ပြ၍၊ ၎င်းစိတ်၌ ယှဉ်နိုင်သော စေတသိက်တို့ကို ဖော်ပြကာ၊ ထိုစိတ်ကိုလည်း ဝေဒနာဒိဆက္ကအားဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ ရုပ်တရားတို့၏ သက်တမ်းသည် ခဏကြီးအားဖြင့် မည်မျှရှည်ပါသနည်း သင်္ဂဟထောက်၍ ဖြေဆိုပြီးလျှင်၊ ယခုခေတ် လူတို့၏ သက်တမ်းသည် ၇၅-နှစ်ရှိ၏ဟူသော စကားကိုလည်း မုချ မှန်သည်ဟု မှတ်ရမည်လော သာဓကပါဠိထောက်၍ ဖြေဆိုပြပါ။

၅။ ရုပ် ၄-ပါးတို့၏ ဖြစ်ပုံကို ဥပမာဆောင်ကာ သာဓကပြ ဖြေဆို၍၊ ကမ္မဇရုပ်အသစ် မဖြစ်ရာ ကာလနှင့် စိတ္တဇရုပ်, အာဟာရဇရုပ် ချုပ်ဆုံးချိန်တို့ကို သင်္ဂဟကျမ်းရင်းနှင့်အညီ တိကျစွာ ဖော်ပြပါ။

၆။ (က) စောင်းသံ၊ (ခ) ဖိုလ်ပုဂ္ဂိုလ်တို့၌ ဖြစ်သင့်သော သဒ္ဒပညတ် အမျိုးအစားကို ရှင်းလင်း ချက်နှင့်တကွ ဖော်ပြပြီးလျှင်၊ ဝိကွိတ္တကကမ္မဋ္ဌာန်း၏ အဓိပ္ပါယ်ကို ကျမ်းရင်းလာအတိုင်း

http://www.dhammadownload.com

ရေး၍၊ မူးယစ်ဆေး သုံးစွဲနေသူ သားမိုက်ကို မြင်ရ၍ နှလုံးရောဂါ ဖြစ်ပေါ်နေသော မိဘများအား ယင်းနှလုံးရောဂါ ပျောက်ကင်းကြောင်း ဆေးနည်းကောင်းများကိုလည်း ဗုဒ္ဓအဘိဓမ္မာ အလိုကျ ဖော်ပြခဲ့ပါ။

၇။ စိတ်တွင် အကုသိုလ်စိတ်, အဟိတ်စိတ်ရှိသကဲသို့ စေတသိက်တွင် အဟိတ်စေတသိက်ဟု သီးခြားမရှိရခြင်း အကြောင်းကိုလည်းကောင်း၊ အာဝဇ္ဇန်းဒွေး၏ ဇောကို စွမတပ်ရခြင်း အကြောင်းကိုလည်းကောင်း ဦးကာအလိုကျ ဖြေဆိုခဲ့ပါ။

၈။ ဒွေ တဒါရမ္မဏပါကာနိ ယထာရဟံ ပဝတ္တန္တိ-၌ ယထာရဟ၏ ဆိုလိုချက်ကို (၌) ဆရာအလိုကျ ရေး၍၊ ဝိထိမုတ်ပိုင်းလာ ဂတိနိမိတ်တို့၏ အပြားကို အာရုံနှင့်တကွ တိကျစွာ ရေးခဲ့ပါ။

၉။ ပဋိစ္စသမုပ္ပါဒ်မည်ပုံနှင့် ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံ အခြင်းအရာအထူးကို ဦးကာအလိုကျ ဖြေဆိုပါ။

၁၀။ ကမ္မဋ္ဌာန်းမှန်သမျှ ရာဂစသည်ကို ပယ်ခွါနိုင်ပါလျက် "အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်းသည် ရာဂစရိုက်ရှိသူအား သင့်လျော်၏" ဟု အနုရုဒ္ဓါဆရာ ဆိုရခြင်း အကြောင်းကို ရှင်းပြ၍၊ နိရောဃေသမာပတ် ဝင်စားခါနီးပုဂ္ဂိုလ်၏ ပုဗ္ဗကိစ္စ ၄-ပါးကိုလည်း ပါဠိလို ရေးပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တထာ ပရိပန္ထဝိမုတ္တာသ-စသော ပါဠိကို ရေးလေ။)

၂။ (ရာဂါဒယော ပန-စသော ပါဠိကို အနက်ရေးလေ။)

၃။ သညာဝိရာဂ ရူပါဝစရပဋိလာဘဈာန်ကုသိုလ်စိတ်။

ယှဉ်နိုင်သော စေတသိက်

ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၀၊ ဝိရတီ, အပ္ပမညာကြဉ် သောဘနစေတသိက် ၂၀၊ ပေါင်း ၃၀။

http://www.dhammadownload.com

ထိုရှုပါဝစရပဉ္စမစျာန်ကုသိုလ်စိတ်သည်- ဥပေက္ခာဝေဒနာ၊ တိဟိတ်၊ ဇောကိစ္စ ၁-ကိစ္စ၊ မနောဒွါရ၊ ပညတ်ကို ဇနေန်အာရုံ၊ ဟဒယဝတ္ထုကို အမြဲမှီ။

၄။ စိတ္တက္ခဏ ၁၇-ချက် သက်တမ်းရှိသည်။

အထောက်- တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ။

၇၅-နှစ် သက်တမ်းရှိ၏ဟူသော စကားသည် မုခ္ဍ မမှန်ပါ။

သာဓက- တေသု စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကာသုရာနဉ္စ အာယုပ္ပမာဏ ဂဏနာယ နိယမော နတ္ထိ။

၅။ ရုပ် ၄-ပါးတို့သည် ဆီမီးလျှံ၊ မြစ်ရေအလျဉ်ပမာ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ် ဖြစ်နေသည်။

သာဓက- စတုသမုဋ္ဌာန ရူပကလာပ သန္တတိ ကာမလောကေ ဒီပဇာလာ ဝိယ, နဒီ သောတော ဝိယ စ ယာဝတာယုကမဇ္ဈောစ္ဆိန္နာ ပဝတ္တတိ။

ကမ္မဇရုပ် မဖြစ်ရာကာလ

စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်၏ ဋ္ဌိကာလမှ စ၍ မဖြစ်တော့။

စိတ္တဇ, အာဟာရဇရုပ် ချုပ်ဆုံးချိန်

စိတ္တဇ, အာဟာရဇရုပ်တို့သည် ကမ္မဇရုပ် ချုပ်ပြီးနောက် ချုပ်ကြသည်၊ (စုတိပြီးနောက် ခဏငယ် ၄၈-ချက်ခန့် အချိန်၌ စိတ္တဇရုပ်များ ချုပ်ကြသည်၊ စုတိပြီးနောက် ခဏငယ် ၅၀-ချက်ခန့် အချိန်၌ အာဟာရဇရုပ်များ ချုပ်ကြသည်။)

၆။ (က) စောင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ အသံသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၊ ထို့ကြောင့် **စောင်းသံ**သည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

(ခ) ဖိုလ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနပညတ်၊ ပုဂ္ဂိုလ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနပညတ်၊ ထို့ကြောင့် **ဖိုလ်ပုဂ္ဂိုလ်** သည် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

ဝိကို့တ္တက- ခွေး, မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် အပိုင်းပိုင်းဖြတ်လျက် ထိုထိုအရပ်၌ ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်။

ဆေးနည်းကောင်းများ

အပွမညာ ၄-ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတကသိုဏ်း ၄-ပါး၊ ပေါင်း ၈-ပါး။

(စတသော အပွမညော နီလာဒီနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိတဿ)

http://www.dhammadownload.com

၇။ အဟိတ်စိတ်၌ယှဉ်သော သီးခြား ယှဉ်သော စေတသိက် မရှိသောကြောင့် အဟိတ်စေတသိက် သီးခြား မရှိပါ။

ဇောကိစ္စ မတပ်ရကြောင်း

အာရုံ၏ အရသာကို ခံစားခြင်း မရှိသောကြောင့် အာဝဇ္ဇန်ဒွေးသည် ဇောကိစ္စ မတပ်ပါ။

၈။ အာရုံ, ဇော, သတ္တဝါအားလျော်စွာ ဖြစ်သည်ကို ယထာရဟံ-ဟု ဆိုသည်။

ဂတိနိမိတ်အပြား

(က) အခြားမဲ့ ဖြစ်လတ္တံ့သောဘဝ၌ တိုက်ရိုက် ရအပ်, ရောက်အပ်သော အမိဝမ်းရေ, ငရဲဘုံ, တော, တောင်, ရေကန်, နတ်ဗိမာန်စသော ဥပလဘိတဗ္ဗအာရုံများ၊

(ခ) ထိုလားရောက်ရမည့် ဘဝ၌ တွေ့ကြုံရမည့် လင်းတ, ခွေး, ကျီး, ငရဲမီးလျှံ, ငရဲထိန်း, နတ်သမီး, နတ်သား, ဥယျာဉ်, ပဒေသာပင်စသော အတွင်းအပ အသုံးအဆောင် ဥပဘောဂအာရုံများ။

ဆောင် - *တိုက်ရိုက် ကပ်၍၊ ရအပ်လေမည့်၊ အမိ ဝမ်းရေ၊ ငရဲပြည်နှင့်၊ တောင်ခြေမြစ်ကမ်း၊နတ်ဘုံနန်းဟု၊ အစုစု ဥပလဘိတဗ်။*
တွင်းပ သုံးဆောင်၊ များများစွာလှ၊ ခွေး လင်းတ ကျီး၊ ငရဲမီးနှင့်၊ နတ်သမီး ဝေဆာ၊ ပဒေသာ-ဟု၊ အစုစု၊ ဥပဘောဂမှတ်။ (အဒ္ဒါပြု)

၉။ အကြောင်းတရားတို့၏ ညီညွတ်ခြင်းသို့ အညီအညွတ် ကပ်ရောက်၍ အကျိုးတရားတို့၏ ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သောကြောင့် အဝိဇ္ဇာစသော အကြောင်းတရားသည် ပဋိစ္စသမုပ္ပါဒ်မည်၏။

ကျေးဇူးပြုပုံ

ဟေတုပစ္စည်းသည် ပဝတ္တိအခါ စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိ, ပဋိသန္ဓေအခါ သဟိတ်စိတ် ၇၁၊ (မောဟမူဒွေ၌ မောဟကြဉ်သော) စေတသိက် ၅၂-ခုတို့အားလည်းကောင်း ကျေးဇူးပြုသည်။

၁၀။ ရာဂနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ပြီး ရာဂစရိုက်ရှိသူနှင့် အလွန်သင့်လျော်သောကြောင့် အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်းသည် ရာဂစရိုက်ရှိသူအား သင့်လျော်၏ ဟု ဆိုပါသည်။

http://www.dhammadownload.com

ပုဗ္ဗကိစ္စ ၄-ပါး

၁။ နာနာဗဒ္ဓ အဝိကောပန၊ ၂။ သံဃပဋိမာနန၊ ၃။ သတ္ထုပက္ကောသန၊ ၄။ အဒ္ဓါနပရိစ္ဆေဒ။

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကရင်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၃) ရက်၊ (၄-၄-၂၀၁၂) ဗုဒ္ဓဟူးနေ့

၁။ နိရောဃေသမာပတ် ဝင်စားပုံအစီအစဉ်ပြ သင်္ဂဟစုဏ္ဏိယပါဠိတို့ကို မှန်ကန်စွာ ရေးသားခဲ့ပါ။

၂။ ပကတူပနိဿယပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန် ကျေးဇူးပြုပုံပြ သင်္ဂဟစုဏ္ဏိယပါဠိကို မှန်ကန်စွာ အနက်ယောဇနာပြပါ။

၃။ သဒ္ဒါ, စေတနာ, အနစ်နာ-စသည်တို့ကို အရင်းခံ၍ ရွှင်လန်းဝမ်းမြောက်စွာဖြင့် မည်သူမျှ မတိုက်တွန်းဘဲ စာသင်သားတို့အား နေ့စဉ်စာဝါများ ပို့ချပေးနေသော စာချဘုန်းကြီး၏ သန္တာန်၌ ဖြစ်ပေါ်သောစိတ်ကို ယှဉ်ရာစေတသိက်နှင့်အတူ ယှဉ်တွဲဖော်ပြ၍၊ ဒွါဒသေကာဒသဒသ-၌ ဇောဒသ-အရှန့် သတ္တ သေသာ ယထာရဟံ-၌ သေသ-အရတို့ကို လည်း တိကျစွာ ကောက်ပြခဲ့ပါ။

၄။ တဏှာအချစ်စိတ်သည် နလုံးသားမှာ အမြဲကိန်းဝပ်နေသည်-ဟူသော စကားသည် မှန်/မမှန် သာဓကထောက် ဆုံးဖြတ်၍၊ ဇောကိစ္စမတပ်ဘဲ ဇောအလုပ်ကို လုပ်သောစိတ်ကို လည်း သာဓကနှင့်တကွ ဖြေဆိုခဲ့ပါ။

၅။ နာမ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်နှင့် ရုပ်, နာမ်နှစ်ပါးစုံဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့ကို ဆိုင်ရာသင်္ဂဟပါဠိနှင့်တကွ ခွဲခြား ဖြေဆိုပြ၍၊ လူတို့ စေခိုင်းသမျှ လုပ်ပေးနေသော ကွန်ပျူတာပစ္စည်း၌ အသက်ရှိ/ မရှိ သာဓကထောက်၍ ဖြေဆိုခဲ့ပါ။

၆။ "ဘုရင်၏သား" ဟူသော စကား၌ မည်သည့် သဒ္ဒပညတ် ဖြစ်သည်ကို အကြောင်းပြကာ ဖြေဆို၍၊ မော်ဒယ်ဂဲလ်ကို စွဲလန်းနေသော ဦးလေးကြီး၏ သန္တာန်၌ သင့်လျော်သော ကမ္မဋ္ဌာန်းများကို ထုတ်ပြပြီးလျှင်၊ အရိယာပုဂ္ဂိုလ်များ မိမိရရှိထားသော အဆင့်အတန်းကို ကိုယ်တိုင် သိနိုင်/ မသိနိုင် သင်္ဂဟအထောက်အထားနှင့်တကွ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ လဟုတာ, မုဒိတာ, ကမ္မညတာ–သုံးခုတို့၏ သဘောကို ဥပမာနှင့်တကွ ရေး၍၊ ဗြဟ္မာပြည်၌ ဘာဝရုပ်နှစ်ပါး မရနိုင်ခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၈။ သုတ္တန်နည်း, အဘိဓမ္မာနည်းအားဖြင့် သံယောဇဉ်တို့သည် ၁၀–ပါးစီ ရှိပါလျက် "နံဝ သံယောဇနာ" ဟု အဘယ်ကြောင့် ဆိုပါသနည်း? ဖြေဆို၍၊ တဏှာ သမုဒယော ဘဝေ–၌ တဏှာအပြားကိုလည်း ရေတွက်ပြခဲ့ပါ။

၉။ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ–၌ ဘဝနှစ်ခုတို့၏ အထူးကို အကြောင်းနှင့်တကွ ဖြေဆို၍၊ ပဋိသန္ဓေအခါ ဆဝတ္ထုတို့သည် ပုရေဇာတပစ္စည်းဖြစ်နိုင်ပါလျက် အဘယ်ကြောင့် "ဆ ဝတ္ထူနိ ပဝတ္တိယံ" ဟု ဆိုပါသနည်း? ဖြေဆိုခဲ့ပါ။

၁၀။ ကမ္မဋ္ဌာန်းအားထုတ်လိုသူ ယောဂီများ အားမထုတ်မီပြုကျင့်ရမည့် ကျင့်ဝတ်တို့ကို ထုတ်ပြ၍၊ တေသွေဝ ပစ္စယဝသေန–၌ ရုပ်၏အကြောင်းတရား, စေတသိက်နာမ်ခန္ဓာတို့၏ အကြောင်းတရားများကိုလည်း ဖော်ပြခဲ့ပါ။

၃။ ကရင်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တတ္ထ ယထာဂ္ဂမံ–စသော ပါဠိကိုရေးလေ။)

၂။ (ရာဂါဒယော ပန–စသော ပါဠိကို အနက်ရေးလေ။)

၃။ သောမနဿသဟဂုတံ ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်။

ယှဉ်ရာ စေတသိက်

အညသမာန်းစေတသိက် ၁၃၊ သောဘနစေတသိက် ၂၅၊ ပေါင်း ၃၈။

မှတ်ချက်–မဟာကုသိုလ်ပထမစိတ် သာမန်ကို ရည်ရွယ်သည်၊ စာဝါ ပို့ချချိန်ကို ရည်ရွယ်လျှင် ဝိရတီ, အပွမညာကြဉ် ၃၃။

ဧကာဒသ–ဝုဋ္ဌေစိတ်၌ ယှဉ်သော ဆန္ဒ, ပီတိကြဉ် အညသမာန်း ၁၁၊
သောမနဿသန္တီရဏ၌ယှဉ်သော ဆန္ဒ, ဝီရိယကြဉ် အညသမာန်း ၁၁။

သေသ– ဆန္ဒကြဉ်သော ပကိဏ်းစေတသိက် ၅။

http://www.dhammadownload.com

၄။ အဝသေသာ ကုသလာကုသလကိရိယာနတ္တာရဝသေန ပန နိဿာယ ဝါ အနိဿာယ ဝါ– ကိုထောက်၍ တဏှာအချစ် ဖြစ်သော လောဘမူစိတ်သည် ဟဒယဝတ္ထုကို ရံခါမှီရံခါမမှီသောကြောင့် နှလုံးသားမှာ အမြဲ ကိန်းဝပ်နေသည်ဟူသောစကား မမှန်ပါ။

ဇောအလုပ် လုပ်သော စိတ်

ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောစိတ်။

သာဓက– တတ္ထ ဇဝနမိဿ အနုပ္ပဇ္ဇိတ္တာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။

၅။ **နာမ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်**– အရူပပုဂ္ဂိုလ်။

ရုပ်, နာမ် နှစ်ပါးဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်– ကာမပုဂ္ဂိုလ်နှင့် အသညသတ်ကြဉ် ရူပပုဂ္ဂိုလ်။

သာဓက– အရူပါ အရူပပဋိသန္ဓိကာ။

သေသာ ရူပါရူပ ပဋိသန္ဓိကာ။

သက်ရှိ မရှိ

အသက်ဟူသော ဇီဝိတရုပ်သည် ကမ္မဇရုပ်သာ ဖြစ်သောကြောင့်လည်းကောင်း၊ ကွန်ပျူတာသည် ကမ္မဇရုပ် မဟုတ်ဘဲ ဥတုဇရုပ် ဖြစ်သောကြောင့်လည်းကောင်း ကွန်ပျူတာပစ္စည်း၌ အသက်မရှိပါ။

သာဓက– တတ္ထ ကုန္ဒြိယရူပါနိ ကမ္မဇာနေဝ။

တတ္ထ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဥ္စေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။

၆။ ဘုရင်နှင့် သား နှစ်မျိုးလုံး ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် ဘုရင့်သား– ဟူသောစကားသည် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် ဖြစ်သည်။

သင့်လျော်သော ကမ္မဋ္ဌာန်းများ

အသုဘ ၁၀– ပါး၊ ကာယဂတာသတိ၊ ပေါင်း ၁၁– ပါး။

ဆောင်– *အသု, ကာယ၊ သင့် ရာဂတည်း၊ လေးဝ ရောင်မှာ၊ ပွမညာ ကား။*
ဒေါသတား၍၊ နှစ်ပါး မော, တက်၊ အာနာ ဖျက်၏။ ခြောက်ချက် ဗုဒ္ဓိ, စ၊
သဒ္ဓါ မျှလျက်၊ ဥပ, မရဏာ၊ ဝ, သညာ၊ သင့်ရာ ဗုဒ္ဓိမှတ်။

သိနိုင်/မသိနိုင်– သိနိုင်ပါသည်။

အထောက်– မဂ္ဂံ ဖလဉ္စ နိဗ္ဗာန်၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။

ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။

http://www.dhammadownload.com

၇။ ရောဂါမရှိသူ၏ မလေးလံခြင်းကဲ့သို့ ထို့အတူ နိပ္ပန္နရုပ်တို့၏ မလေးလံသည်၏ အဖြစ်သည် လဟုတာမည်သည်။

ကောင်းစွာ နယ်အပ်သော သားရေ၏ မခက်ထန်ခြင်းကဲ့သို့ ထို့အတူ နိပ္ပန္နရုပ်တို့၏ မခက်မာကုန်သည်၏ အဖြစ်သည် မုဒုတာမည်သည်။

ကောင်းစွာ မွှတ်လွင့်အပ်ပြီးသော အညစ်အကြေးရှိသော ရွှေ၏ ဝါ-လော်ပြီး ဦးပြီးသော ရွှေ၏ ထိုထိုတန်ဆာ ပြုလုပ်မှုအား လျော်သကဲ့သို့ ထို့အတူ ကိုယ်ဖြင့် ပြုအပ်သော အမှုအရာတို့အား လိုက်လျောသည်၏ အဖြစ်သည် ကမ္မညတာမည်သည်။

ဘာဝရုပ် ၂-ပါး မရကြောင်း

ထူထဲသော ကာမရာဂ၏ မှီရာအကြောင်းဖြစ်သောကြောင့်လည်းကောင်း ဖြတ္စာတို့အား ကာမရာဂ မရှိသောကြောင့်လည်းကောင်း ဖြတ္စာပြည်၌ ဘာဝရုပ် ၂-ပါး မရနိုင်ပါ။

၈။ သုတ္တန်နည်း အဘိမ္မာနည်း သံယောဇဉ်တို့၌ ဟောအပ်ကုန်သော တဏှာသဘော ရှိသော သံယောဇဉ်တို့ကိုလည်းကောင်း၊ ဒိဋ္ဌိသဘောရှိသော သံယောဇဉ်တို့ကိုလည်းကောင်း တစ်ခုခုစီ သိမ်းယူအပ်သောကြောင့် နဝ သံယောဇနာ-ဟု ဆိုသည်။

တဏှာအပြား

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ-အားဖြင့် တဏှာ ၃-ပါး။
ရူပါရုံစသော အာရုံ ၆-ပါး၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် ကာလ ၃-ပါး၊ အဇ္ဈတ္တ ဗဟိဒ္ဓအားဖြင့် သန္တာန် ၂-ပါးတို့ကို အဆင့်ဆင့် ဆက်မြှောက်လျှင် (၃ x ၆= ၁၈ x ၃= ၅၄ x ၂= ၁၀၈) ၁၀၈-ပါး ဖြစ်၏။

ဆောင်- *တဏှာ သုံးစုံ၊ အာရုံ ခြောက်ခု၊ နှစ်စု သန္တာန်၊ သုံးတန် ကာလ၊ ဆက်မြှောက်က၊ တစ်ရာ့ရှစ်ပါး တဏှာပါး။*

၉။ ဥပါဒါနပစ္စယာ ဘဝေါ-၌ ဘဝအရ ကမ္မဘဝ, ဥပပတ္တိဘဝ ၂-မျိုးလုံးကို ယူရမည်။ (နှစ်မျိုးလုံးပင် ဥပါဒါန်၏ အကျိုးဖြစ်သောကြောင့်တည်း။)
ဘဝပစ္စယာ ဇာတိ-၌ ဇာတိ၏ အကြောင်းဖြစ်သောကြောင့် ကမ္မဘဝ တစ်မျိုးကိုသာ ယူရမည်။

ဆ ဝတ္ထုနှိ ပဝတ္တိယံ-ဟု ဆိုရကြောင်း

ပဋိသန္ဓေအခါ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခုစသော ဝတ္ထုတို့ မဖြစ်သင့်သော

http://www.dhammadownload.com

ကြောင့်လည်းကောင်း၊ သံသေဒဇဩပပါတိကပုဂ္ဂိုလ်တို့အား စက္ခုစသည်တို့ ဖြစ်သင့်သော်လည်း စက္ခုအစရှိသော ဝိညာဉ်တို့၏ ပုရေဇာတပစ္စည်းအဖြစ်သို့ မရောက်သော ကြောင့်လည်းကောင်း ဟဒယဝတ္ထုသည် ပဋိသန္ဓေဝိညာဉ်နှင့် အတူတကွသာ ဖြစ်သည်၊ ရှေး၌ ဖြစ်သည် မဟုတ်သောကြောင့်လည်းကောင်း ဆ ဝတ္ထုနှိ ပဝတ္တိယဲ- ဟူသော စကား ကို ဆိုသည်။

၁၀။ စတုပါရိသုဒ္ဓိသီလကို သုတ်သင်ခြင်း၊ ပလိဗောဓ ၁၀- ပါးကို ဖြတ်ခြင်း၊ ဝိယ, ဂရု ဘာဝနီယစသော ဂုဏ်နှင့်ပြည့်စုံသော ကလျာဏမိတ္တသို့ ချဉ်းကပ်ခြင်း၊ မိမိ စရိုက်အား လျော်သောကမ္မဋ္ဌာန်းကို ယူခြင်း၊ မလျောက်ပတ်သော ကျောင်း ၁၈- မျိုးကို ပယ်ခြင်း၊ အင်္ဂါ ၅- ပါးနှင့် ပြည့်စုံသော ကျောင်း၌ နေခြင်း၊ ဆံ, ခြေသည်း, လက်သည်း ပယ်ခြင်းအစ ရှိသော ပလိဗောဓငယ်များကို ဖြတ်တောက်ခြင်းစသည်တို့ကို ပြုကျင့်ရမည်။

ရုပ်၏ အကြောင်း- အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ။

စေတသိက် နာမ်ခန္ဓာတို့၏ အကြောင်း- အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ။

ဆောင်- *အဝိဇ်, တဏှာ၊ ကံ သုံးဖြာနှင့်၊ ရုပ်မှာ အာဟာရ၊ ဖဿ စေတသိက်၊ စိတ်ကား ရုပ်, နာမ်၊ ကြောင်း တန်တန်၊ မှတ်ရန် ပစ္စယ။*

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်၊ (၄-၄-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ ဥပနိဿယော ပန တိဝိဓော ဟောတိ-ဝယ် တိဝိဓော သရုပ်၌ ပကတူပနိဿယပြု စုဏ္ဏိယပါဠိကို ပါဠို ရေးသားပါ။

၂။ အသုဘ ၁၀- ပါးပြ ပါဠိတို့တွင် အစ ၅- ခုတို့ကိုသာ အနက်ရေးသားပါ။

၃။ မဟာကြိယာပထမဒွေး၌ အများဆုံး/တစ်ပြိုင်နက်/အမြဲတမ်းယှဉ်နိုင်သော စေတသိက် တို့ကို သချိုင်္ကမျှ ဖော်ပြ၍၊ နှစ်ကိစ္စ, နှစ်ဌာနတပ်သော စိတ်တို့ကိုလည်း ရေးသားပြပါ။

၄။ ကာမစိတ် ၅၄- ပါးကို ဝီထိစဉ်အားဖြင့် ရေတွက်ပြ၍၊ တဒါရုံကျနိုင်သော အင်္ဂါ ၃- ချက် ကိုလည်း ရေးသား ဖော်ပြပါ။

http://www.dhammadownload.com

၅။ အပါယ်ငရဲသို့ မကျရောက်စေနိုင်သော အကုသိုလ်စေတနာကို အတိုအကျ ရေးသားပြီး လျှင်၊ အသက်အရှည်ဆုံး နတ်/ဗြဟ္မာတို့၏ သက်တမ်းကိုလည်း ၎င်းနတ်/ဗြဟ္မာဘုံ တွက်ကိန်းဖြင့် ရေတွက်ပြပါ။

၆။ ရုပ်ဖြင့်သာ ပဋိသန္ဓေနေရသောပုဂ္ဂိုလ်များကို သာဓကပြ ဖြေဆိုပြီးလျှင်၊ အကြောင်းတစ်ပါး ကြောင့်သာ ဖြစ်သော ရုပ်တို့ကိုလည်း ဖော်ထုတ်ပြပါ။

၇။ စျာန်မရနိုင်သော သမထကမ္မဋ္ဌာန်းများကို သင်္ဂဟသာဓကထောက်ပြလျှက် ရေးသား၍၊ ပထမစျာန်၏ အာရုံကမ္မဋ္ဌာန်းများကိုလည်း ရေတွက်ပြပါ။

၈။ စျာနစသော ဝီထိများချရာတွင် ပါဝင်သော အနုလုံ မည်ခြင်းအကြောင်းတို့ကို ရေးသား၍၊ ပစ္စာသန္န မရဏာသန-၌ အဘယ်မျှလောက်နီးသော ကာလကို ပစ္စာသန္နမရဏကာလ ဟု ခေါ်ဆိုပါသနည်း? ရှင်းလင်းပြပါ။

၉။ အနန္တရပစ္စည်းနှင့် အနန္တရူပနိဿယပစ္စည်းတို့၏ အထူးကို ဖြေဆို၍၊ သဒ္ဒါဒယော-၌ အာဒိ အရ ယူရမည့် တရားများကိုလည်း ပြည့်စုံစွာ ထုတ်ပြပါ။

၁၀။ ဗြဟ္မဝိဟာရတရားလေးပါးတို့တွင် အဆုံးသုံးပါးတို့၏ သဘောလက္ခဏာကို ရေးသား၍၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-၌ မဂ္ဂ, အမဂ္ဂ အရတို့ကိုလည်း စုံလင်အောင် ရေးသားပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ပါဠို ထင်ရှားပြီ။)

၂။ (အနက်ထင်ရှားပြီ။)

၃။ မဟာကြီယာ ပထမဒွေး၌ -

အများဆုံး- ၃၅ -ပါး၊ တပြိုင်နက် - ၃၄ ပါး၊ အမြဲတမ်း - ၃၃ ပါးယှဉ်။

နှစ်ကိစ္စ,နှစ်ဌာနတပ်သောစိတ်များ

သောမနဿသဟဂုတ်သန္တီရဏစိတ် နှင့် မနောဒ္ဓါရာဝဇ္ဇန်း (ဝုဋ္ဌော)စိတ်။

http://www.dhammadownload.com

၄။ **ကာမစိတ်(၅၄)ပါးတို့၏ ဝီထိစဉ်**

ဘဝင်စိတ် ၁၀ ပါး ပဉ္စဒ္ဒါရာဝဇ္ဇန်း ဒွေပဉ္စဝိညာဏ် ၁၀ - ပါး သမ္ပဋိစ္ဆိန်း သန္တီရဏ မနောဒ္ဓါရာဝဇ္ဇန်း(ဝုဋ္ဌော) ကာမဇော ၂၉ - ပါး၊ တဒါရုံ ၁၁ - ပါး။

(ဝီထိစဉ်အားဖြင့် ရနိုင်သမျှ အကုန်ထုတ်ထားသည်။)

တဒါရုံကျနိုင်ကြောင်း အင်္ဂါ ၃ - ပါး

၁။ ကာမဇော စောခြင်း၊ ၂။ ကာမသတ္တဝါဖြစ်ခြင်း၊ ၃။ ကာမအာရုံဖြစ်ခြင်း တို့တည်း။

၅။ **အပါယ်ငရဲသို့ မကျရောက်စေနိုင်သော အကုသိုလ်စေတနာ**

ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ယှဉ်သောစေတနာ။

အသက်အရှည်ဆုံးနတ်- ပရနိမ္မိတဝသဝတ္တီနတ်။

သက်တမ်း- အနှစ် ၁၆၀၀၀(တစ်သောင်းခြောက်ထောင်)

အသက်အရှည်ဆုံးမြဟ္မာ- နေဝသညာနာသညာယတနမြဟ္မာ။

သက်တမ်း- မဟာကပ် ၈၄၀၀၀(ရှစ်သောင်းလေးထောင်)

၆။ **ရုပ်ဖြင့်သာ ပဋိသန္ဓေနေသူများ-** အသညသတ်ပုဂ္ဂိုလ်များ ဖြစ်သည်။

သာဓက- အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ ပဋိသန္ဓိဘာဝေန ပတိဋ္ဌာတိ၊ တသ္မာ တေ ရူပပဋိသန္ဓိကာ နာမ။

အကြောင်းတစ်ပါးကြောင့်သာ ဖြစ်သောရုပ်များ

ကံကြောင့်သာဖြစ်သောရုပ် - ဟဒယဝတ္ထုရုပ် ၁ - ပါး၊

ကာယဋ္ဌိယရုပ် ၈ - ပါး။

စိတ်ကြောင့်သာဖြစ်သောရုပ် - ဝိညတ်ရုပ် ၂ - ပါး။

၇။ **စျာန်မရနိုင်သော သမထကမ္မဋ္ဌာန်းများ**

ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း ၈ - ပါး၊

အာဟာရေပဋိကူလသညာ ၁ - ပါး၊

စတုဓာတုဝဝတ္ထာန် ၁ - ပါး အားဖြင့် ၁၀ - ပါးဖြစ်သည်။

သင်္ဂဟသာဓက- ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသုစာတိ ဒသသု ကမ္မ ဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ဘဇ္ဈတိ၊ နတ္ထိ အပ္ပနာ။

http://www.dhammadownload.com

ပထမစျာန်၏ အာရုံကမ္မဋ္ဌာန်းများ

ကသိုဏ်းပညတ် ၁၀ - ပါး၊ အသုဘပညတ် ၁၀ ပါး၊ အာနာပါနပညတ် ၁ - ပါး၊ ကာယဂတာသတိ ၁ - ပါး၊ မေတ္တာ ကရုဏာ မုဒိတာ ဟူသော အပွမညာကမ္မဋ္ဌာန်း ၃ ပါး အားဖြင့် ၂၅ - ပါးဖြစ်သည်။

၈။ **အနုလုံမည်ခြင်းအကြောင်း**

ရှေးအဖို့၌ ပရိကမ်အားလည်းကောင်း အထက်အဖို့၌ အပွဏာအားလည်းကောင်း လျော်သောကြောင့်လည်းကောင်း အနုလုံမည်။

ပစ္စာသန္နမရဏကာလဟူသည်

ဝီထိတစ်ခု ပမာဏရှိသောကာလ,ထိုကာလထက် ဘဝင်အနည်းငယ်ပိုလွန်သော ကာလ ဖြစ်သည်။

၉။ **အနန္တရပစ္စည်း,အနန္တရူပနိဿယပစ္စည်းအထူး**

မိမိ၏ အခြားမဲ့၌ လျော်သောစိတ်ကို ဖြစ်စေခြင်း၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အနန္တရပစ္စည်း။

အားကြီးသော အကြောင်း၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အနန္တရူပနိဿယ ပစ္စည်းဖြစ်သည်။ ဤသို့ထူးသည်။

သဒ္ဒါဒယော-၌ အာဒိသဒ္ဒါဖြင့်

သီလ,သုတ,စာဂ,ပညာ-တို့ကိုယူ။

၁၀။ ကရုဏာသည် သူတပါး၏ဆင်းရဲဒုက္ခကို ပယ်ရှားလိုသော လက္ခဏာရှိသည်။
မုဒိတာသည် သူတပါး၏ ပြည့်စုံမှုကို ဝမ်းမြောက်ခြင်း လက္ခဏာရှိသည်။
ဥပေက္ခာသည် ကောင်းသောအာရုံ,မကောင်းသောအာရုံတို့၌ အလယ်အလတ်အားဖြင့် တည့်မတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိသည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ - ဝယ်

မဂ္ဂ- အရ ဝိပဿနာ၏ အာရုံလမ်းသို့သွားသော ဝိပဿနာဉာဏ်ကို ရသည်။
အမဂ္ဂ- အရ တဏှာ ဒိဋ္ဌိ မာနတို့၏ တည်ရာဖြစ်သော သြဘာသ ပီတိ စသည်တို့ကိုရသည်။

http://www.dhammadownload.com

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၇) ရက်၊ (၂၉- ၃-၂၀၁၂) ကြာသပတေးနေ့

၁။ ပကတူပနိဿယပစ္စည်းကို ပြသောစကားရပ်ကို ပါဠိရေးခဲ့ပါ။

၂။ ကမ္မဋ္ဌာန်းပိုင်းလာ ဥယျောဇဉ်ဂါထာကို အနက်ပေးခဲ့ပါ။

၃။ ပကိဏ်းစေတသိက် ၆-ပါးလုံးနှင့် မယှဉ်သော စိတ်တို့ကို ဖြေဆို၍၊ ယင်းစိတ်တို့၏ သမ္ပယုတ္တဓမ္မနှင့် ဖြစ်သင့်သော ကိစ္စတို့ကိုလည်း ကွဲပြားအောင် ဖြေဆိုခဲ့ပါ။

၄။ ကာမကုသိုလ်၏၊ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးတို့ကို အကျိုးပေးရာဌာနနှင့်တကွ တွဲစပ်ပြ၍၊ သတ္တဝါတို့ကို ထာဝရဘုရားဖန်ဆင်း၏ ဟူသောဝါဒသည် မှန်ကန်မှု ရှိ/မရှိ အာဂမယုတ္တိပြ၍ တိကျစွာ ဆုံးဖြတ်ပြပါ။

၅။ ရုပ်အဖွဲ့အစည်း၌ မပါဝင်နိုင်သော ရုပ်တို့ကို အကြောင်းပြ ဖြေဆိုပြီး၊ သံသေဒဇ, ဩပ ပါတိကသတ္တဝါတို့၏ ပဋိသန္ဓေအခါရနိုင်သော ရုပ်ကလာပ်တို့ကို ဥက္ကဋ္ဌ, ဩမကအားဖြင့် ခွဲခြားပြပါ။

၆။ ပဗ္ဘတပုဒ်၌ ရနိုင်သော သဒ္ဒပညတ် အတ္ထပညတ်တို့ကို ခွဲခြားပြပြီး၊ ပထမစျာန်ကို ရစေနိုင် သော ကမ္မဋ္ဌာန်း, ပဋိဘာဂနိမိတ်ရသော ကမ္မဋ္ဌာန်းတို့ကို သခ်္ခါမျှ တိကျစွာ ဖြေဆိုပါ။

၇။ အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါး မရခြင်းအကြောင်းကို ဖြေဆိုပြီး၊ အဟောသိကံသည် အကျိုး ပေးရာ ကာလမရှိဘဲ ပါကကာလအစွမ်းဖြင့် ခေါ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၈။ ရုပ်တရားတို့၏ အဟေတုက, သပ္ပစ္စယ အမည်ရခြင်းအကြောင်းတို့ကို ဖြေဆို၍၊ အရူပဘုံ၌ ဘာဝရုပ် မရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၉။ သခ်ၤဂြိ သရုပ်အပြားကို အရကောက်နှင့်တကွ ဖြေဆို၍၊ သောကကို အင်္ဂါအဖြစ်ဖြင့် မရေတွက်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၁၀။ အာကာသဝဏ္ဏိတကသိဏေသု-၌ အာကာသကသိုဏ်းကို ကြဉ်ရခြင်းအကြောင်းနှင့် တတိယာရုပ္ပဝိညာဏ်၏ သန္တ, ပဏီတ ဖြစ်ရခြင်းအကြောင်းတို့ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com

၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ **ပကိဏ်းစေတသိက် (၆) ပါးလုံးနှင့် မယှဉ်သောစိတ်**

ဒွေပဉ္စဝိညာဏ်စိတ် ၁၀ - ပါးဖြစ်သည်။

သမ္မယုတ္တဓမ္မ- သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ -ပါး။

ဖြစ်သင့်သော ကိစ္စ

စက္ခုဝိညာဏ်သည် ဒဿနကိစ္စ၊
သောတဝိညာဏ်သည် သဝနကိစ္စ၊
ဃာနဝိညာဏ်သည် ဃာယနကိစ္စ၊
ဇိဝှါဝိညာဏ်သည် သာယနကိစ္စ၊
ကာယဝိညာဏ်သည် ဖုသနကိစ္စ။

၄။ ကာမကုသိုလ်ကံသည်-

ပဋိသန္ဓေအခါ- အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၁ -ပါး၊ မဟာဝိပါက်စိတ် ၈ -ပါး ဟူသော အကျိုးတို့ကို ကာမ ၁၁ -ဘုံတို့၌ပေးသည်။

ပဝတ္တိအခါ

အဟိတ်ကုသလဝိပါက်စိတ် ၈ -ပါး၊ မဟာဝိပါက်စိတ် ၈-ပါး ဟူသောအကျိုးတို့ကို ကာမ ၁၁ -ဘုံတို့၌၊

အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ် သောတဝိညာဏ် သမ္မဋ္ဌိဗ္ဗိန်း သန္တီရဏ ဟူသော အကျိုးတို့ကို အသည်းသတ် ကြည်သော ရူပ ၁၅ -ဘုံတို့၌ အကျိုးပေးသည်။

မှန်ကန်မှု ရှိ/မရှိ

သတ္တဝါတို့ကို ထာဝရဘုရားဖန်ဆင်း၏ ဟူသောဝါဒ မမှန်။

အာဂမယုတ္တိ- အဝိဇ္ဇာနုသယ ပရိကို့တွေ့နေ တဏှာနုသယမူလကေန ။ပ။ ပတိဋ္ဌာတိ ဘဝန္တရေ။

http://www.dhammadownload.com

၅။ **ရုပ်အဖွဲ့အစည်း၌ မပါဝင်သောရုပ်များ**

ပရိစ္ဆေဒရုပ် (အာကာသဓာတ်) နှင့် လက္ခဏရုပ် လေးပါးတို့ဖြစ်သည်။

အကြောင်း- ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားဖြစ်သောကြောင့်၊ လက္ခဏရုပ်လေးပါးသည် ရုပ်ကလာပ်တို့၏ လက္ခဏာဖြစ်သောကြောင့်။

သံသေဒဇသတ္တဝါ ဩပပါတိကသတ္တဝါတို့အား-

(ဥတ္တာဠအားဖြင့်) စက္ခုဒသကကလာပ် သောတ ဒသကကလာပ် ဃာနဒသကကလာပ် ဇိဝှါဒသကကလာပ် ကာယဒသကကလာပ် ဘာဝဒသကကလာပ် ဝတ္ထုဒသကကလာပ် အားဖြင့် ကလာပ် ၇-စည်းတို့ ရနိုင်သည်။

(ဩမကအားဖြင့်) ဇိဝှါဒသကကလာပ် ကာယဒသကကလာပ် ဘာဝဒသကကလာပ်ဝတ္ထု ဒသကကလာပ်အားဖြင့် ကလာပ် ၄-စည်းတို့ရနိုင်သည်။

၆။ **ပဗ္ဗတပုဒ်သည်-** သဒ္ဒပညတ်အားဖြင့် အဝိဇ္ဇမာနပညတ်၊
အတ္ထပညတ်အားဖြင့် သန္တာနပညတ်။

ပထမစျာန်ကို ရစေနိုင်သောကမ္မဋ္ဌာန်း - ၂၅ - ပါး။

ပဋိဘာဂနိမိတ်ရသောကမ္မဋ္ဌာန်း - ၂၂ - ပါး။

၇။ **အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါး မရခြင်းအကြောင်း**

အရူပဘုံသား ဖြဟ္မာတို့အား ရုပ်ကို စက်ဆုပ်သောဘာဝနာ၏ အစွမ်းကြောင့် ထိုအရူပဘုံ၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရုပ်မဖြစ်သင့်သောကြောင့်။

အဟောသိကံသည် အကျိုးပေးရာကာလမရှိသော်လည်း ထိုသို့အကျိုးပေးရာကာလမရှိခြင်း အကျိုးပေးရာကာလကိုလွန်ခြင်းကိုပင် ပါကကာလ၏အစွမ်းဖြင့် ခေါ်ဆိုရခြင်းဖြစ်သည်။

၈။ ရုပ်တရားတို့သည်-

ယုဂဉ်ဘက်ဖြစ်သော အလောဘစသော ဟိတ်တရားတို့ မရှိသောကြောင့် အဟေတုက မည်သည်။

အကြင်အကြင်မိမိတို့အကြောင်းရှိသောကြောင့် သပ္ပစ္စယ မည်သည်။

အရူပဘုံ၌ ဘာဝရုပ်မရခြင်းအကြောင်း

ဘာဝရုပ်သည် ထူထဲသော ကာမရာဂ၏ အားကြီးသော အကြောင်းဖြစ်သော

http://www.dhammadownload.com

ကြောင့်လည်းကောင်း၊ မြတ္တာတို့အားလည်း ကာမရာဂမရှိသောကြောင့်လည်းကောင်း အရှုပဘုံ၌ ဘာဝရုပ် မရှိပါ။ (ဂုဟ်ပိုင်း ဋီကာ)

၉။ **သခ်ိ ါရသရုပ်နှင့် အရကောက်–** (ကချင် ၉ – ရှ)

မရေတွက်ကြောင်း– သောကစသည်တို့သည် ဇာတိ၏ မုချအကျိုးမဟုတ် အကျိုးဆက် မျှသာ ဖြစ်သောကြောင့် အင်္ဂါအဖြစ်ဖြင့် မရေတွက်။

၁၀။ **အာကာသကသိုက်းကြဉ်ရကြောင်း**

အာကာသကသိုက်းကို ခွါခြင်းငှါ မစွမ်းနိုင်သောကြောင့်။

သန္ဓ, ပဏီတဖြစ်ရခြင်းအကြောင်း

မရှိခြင်းဟူသော နတ္ထိဘောပညတ်လျှင် အာရုံရှိသောကြောင့်။

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်၊ (၄- ၄-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ ကမ္မဋ္ဌာန်းပိုင်းလာ ဝိသုဒ္ဓိ ၇-ပါးတို့တွင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်ပုံကိုပြသော သင်္ဂဟပါဠိနှင့် ဉာဏဒဿနဝိသုဒ္ဓိမည်ပုံကိုပြသော သင်္ဂဟဂါထာတို့ကို ပါဠိသက်သက် ရေးပြပါ။

၂။ သတ္တဝါတို့၏ စိတ်, စေတသိက်ဟူသော နာမ်တရားများက ခန္ဓာကိုယ်တည်းဟူသော ရုပ်တရား**အား** ကျေးဇူးပြုပုံပြ သင်္ဂဟပါဠိရုပ်ကို ပစ္စည်း+ ပစ္စယုပ္ပန်+ ပစ္စယသတ္တိများ ပါဝင် စေလျက် အနက်ယောဇနာပြခဲ့ပါ။

၃။ ယခုခေတ်ကာလ ယောဂီများ "သက်သတ်လွတ်စားသည်"ဟု ပြောနေကြရာ ဝိရတီ ဖြစ်/ မဖြစ် စိစစ် ဖြေဆို၍၊ ထိုဝိရတီစေတသိက်၌ စိတ်မည်မျှယှဉ်သည်ကို ထုတ်ပြပြီးလျှင်၊ သမ္မာအာဇီဝ၏ လက္ခဏာကိုလည်း ရေးသားပြခဲ့ပါ။

၄။ ပညတ်နှင့် ပရမတ်နှစ်မျိုးတွင် ပညတ်ကို ဧကန်အာရုံပြုသောစိတ်ပေါင်း မည်မျှရှိသည်ကို ပါဠိသာဓကထုတ် ရေတွက်ပြပြီးလျှင်၊ ပဋ္ဌာန်ရလာ ဝါရ ၄- ပါးနှင့် ဝိသယ ၄- ပါးကို အစဉ်ကျအောင် တွဲစပ်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ သတ္တလောကကြီးအတွင်း၌ သူခိုးနှင့် လူလိမ်တို့ ပေါများလာခြင်းသည် ပစ္စည်းဥစ္စာ ဆင်းရဲသောကြောင့်ဟု ဆိုနိုင်/မဆိုနိုင် သာဓကခိုင်လုံစွာဖြင့် ရှင်းပြ၍၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်၏ ပေးနိုင်သော ပဋိသန္ဓေအကျိုး+ ပဝတ္တိအကျိုးများကိုလည်း သခ်ၤါရအလိုက် ခွဲခြားဖြေဆိုပါ။

၆။ ကံ, စိတ်, ဥတု, အာဟာရလေးပါးသည် ရုပ်ကို ဖြစ်စေနိုင်သည်ဟုဆိုရာ အိုမင်းရင့်ရော်နေသော အဘိုးအိုအား နပို်္ဂအောင် မဖြစ်စေနိုင်ခြင်းအကြောင်းကို ရေးသားပြ၍၊ နိဗ္ဗာန်၏ သီးခြားရသော ဘွဲ့အမည်များကို ထုတ်ပြကာ အဘယ်ကြောင့် နိဗ္ဗာန်ခေါ်သည်ကိုလည်း အဓိပ္ပါယ် ရေးသားခဲ့ပါ။

၇။ ဣဋ္ဌေ ကုသလဝိပါကာနိ–၌ ဣဋ္ဌအရ အကြောင်းသွင်း ကောက်ပြ၍၊ ပတ္တိဒါနနှင့် ပတ္တာနုမောဒနနှစ်ပါးကို ဒါန၌ သွင်းရခြင်း၏ အကြောင်းကိုလည်း ဖြေဆိုပြပါ။

၈။ ဖောဋ္ဌဗ္ဗာရုံအရတွင် အာပေါဓာတ်ကို အဘယ်ကြောင့် ကြဉ်ရသည်ကို ရှင်းပြကာ အသံတစ်ခု ဖြစ်ပေါ်လာရာအခါကို ထုတ်ပြပြီးလျှင်၊ ဇာတိရုပ်တစ်ခုတည်းကို ဥပစယ, သန္တတိဟု နှစ်ပါးခွဲ၍ ဖွင့်ဆိုခြင်းအကြောင်းကိုလည်း စိစစ်ပြခဲ့ပါ။

၉။ မောဟမူစိတ်နှစ်ပါးသည် ဇောဖြစ်ပါလျှက် အဘယ်ကြောင့် အဓိပတိ မတပ်ပါသနည်း? ဦးကာနှင့်အညီ ရှင်းပြပြီးလျှင်၊ မဂ္ဂင်ရှစ်ပါးကိုလည်း သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးဖြင့် ဝေဖန်ပြခဲ့ပါ။

၁၀။ "တဏှာအစစ် တစ်ရာ့ရှစ်"ဟူရာ၌ တဏှာ ၁၀၈–ပါး ဖြစ်လာပုံကို ဖော်ထုတ်ပြကာ၊ သောကစသည်ကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါအဖြစ်ဖြင့် မသွင်းရခြင်းအကြောင်းကိုလည်း ဦးကာ အာဘော်ကျ ရေးသား ဖြေဆိုပါ။

၆။ တနင်္သာရီတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (အနက်ထင်ရှားပြီ။)

၃။ ဝိရတီသည် ဝီတိက္ကမိတမ္မဝတ္ထုကို အာရုံပြု၍ ဝိရမိတမ္မဝတ္ထုတို့မှ ရှောင်ကြဉ်ခြင်း

http://www.dhammadownload.com

ဖြစ်သည်၊ "သက်သက်လွတ်စားခြင်းသည်" ဝိရမိတဗ္ဗဝတ္ထုတို့မှ ရှောင်ကြဉ်ခြင်းမဟုတ် သောကြောင့် ဝိရတီမဖြစ်။

ထိုဝိရတီစေတသိက်၌

လောကုတ္တရာစိတ် ၈ – ပါး၊
မဟာကုသိုလ်စိတ် ၈ – ပါး အားဖြင့် ၁၆ – ပါးယှဉ်သည်။
သမ္မာအာဇီဝသည် – မိစ္ဆာဇီဝမှရှောင်ကြဉ်ခြင်း လက္ခဏာရှိသည်။

၄။ **ပညတ်ကို ဇောန်အာရုံပြုသောစိတ်**

ရူပါဝစရစိတ် ၁၅– ပါး၊ အာကာသာနဉ္စာယတနစိတ် ၃– ပါး၊ အာကိဉ္စညာယတန စိတ် ၃– ပါး အားဖြင့် ၂၁– ပါး ဖြစ်သည်။

ယိဋ္ဌသာဓက– ဇောဝိသတိ ဝေါဟာရ။

ဝါရ ၄– ပါးနှင့် ဝိသယ ၄– ပါးတွဲစပ်ပုံ

တဒါရမ္မဏဝါရ	အတိမဟန္တာရုံ၊
ဇဝနဝါရ	မဟန္တာရုံ၊
ဝေါဋ္ဌဗ္ဗနဝါရ	ပရိတ္တာရုံ၊
မောဃဝါရ	အတိပရိတ္တာရုံ။

၅။ မဆိုနိုင်၊ အဒိန္နာဒါနသည် လောဘ, ဒေါသတို့ကြောင့် ဖြစ်သည်။

သာဓက– သေသာနိ စတ္တာရိပိ ဒ္ဝိဟိမူလေဟိ ဇာယန္တိ။

တိဟိတ် ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၂ – ပါးသည်

ပဋိသန္ဓေအခါ– မဟာဝိပါက်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၂ – ပါးဟူသောအကျိုးကို၊

ပဝတ္တိအခါ– အဟိတ်ကုသလဝိပါက်စိတ် ၈ – ပါး၊ မဟာဝိပါက် အသင်္ခါရိကစိတ် ၄ – ပါးအားဖြင့် ၁၂ ပါးသော အကျိုးတို့ကိုပေးသည်။

တိဟိတ် ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၂ – ပါးသည်

ပဋိသန္ဓေအခါ– မဟာဝိပါက်ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၂ – ပါးဟူသောအကျိုးကို၊

ပဝတ္တိအခါ– အဟိတ်ကုသလဝိပါက်စိတ် ၈ – ပါး၊ မဟာဝိပါက် သသင်္ခါရိကစိတ် ၄ – ပါးအားဖြင့် ၁၂– ပါးသော အကျိုးတို့ကိုပေးသည်။

၆။ အိုမင်းရင့်ရော်ခြင်းဟူသော ဇရတာသည် ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းလေးပါးတို့ကိုကြောင့် မဖြစ်သောကြောင့် ။

http://www.dhammadownload.com

နိဗ္ဗာန်၏ သီးခြားရသော ဘွဲ့အမည်များ

အစ္စုတအမည်၊ အစ္စန္တအမည်၊ အသခံတအမည်၊ **အနတ္တရအမည်** တို့ဖြစ်သည်။

နိဗ္ဗာန် ဟုခေါ်ခြင်းအကြောင်း

ဝါန ဟုဆိုအပ်သော တဏှာမှ လွတ်မြောက်သောကြောင့် နိဗ္ဗာန်ဟုခေါ်သည်။

၇။ **ကွဋ္ဌ အရ-** ကွဋ္ဌမဖျစ်တွာရုံကိုယူ။
အတိကွဋ္ဌာရုံကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့်။
ဒါနဋ္ဌသွင်းယူရခြင်းအကြောင်း- ဒါနသဘောရှိသောကြောင့်။

၈။ **အာပေါဓာတ်ကြဉ်ရခြင်းအကြောင်း**

အာပေါဓာတ်သည် နူးညံ့သည်ဖြစ်၍ ထိတွေ့ခြင်းငှါ မတတ်ကောင်းသောကြောင့်။

အသံတစ်ခုဖြစ်ပေါ်လာရာအခါ

ကမ္မဇပထဝီ စိတ္တဇပထဝီတို့ ထိခိုက်ရာအခါ ဖြစ်သည်။

ဥပစယ,သန္တတိ ဟု နှစ်ပါးခွဲဟောခြင်းအကြောင်း

ပဌမဖြစ်ခြင်း အထပ်ထပ်ဖြစ်ခြင်းဟူသော ဖြစ်ပုံအခြင်းအရာကွဲပြားသောကြောင့် ဝေနေယျသတ္တဝါတို့၏ အလိုအားဖြင့် နှစ်ပါးခွဲဟောတော်မူသည်။

၉။ **မောဟမူစိတ်နှစ်ပါး အဓိပတိမတပ်ခြင်းအကြောင်း**

မောဟမူစိတ်သည် ဧကဟိတ်စိတ်ဖြစ်သောကြောင့် ဒွိဟိတ်ဇော တိဟိတ်ဇောတို့၌ သာ ဖြစ်နိုင်သော အဓိပတိ မတပ်။

မဂ္ဂင်ရှစ်ပါးတို့တွင်-

သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ တို့သည် ပညာမဂ္ဂင်၊
သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ တို့သည် သီလမဂ္ဂင်၊
သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ တို့သည် သမာဓိမဂ္ဂင်။

၁၀။ **တဏှာ ၁၀၈-ပါး ဖြစ်လာပုံ-** (ကရင် ၈-၍)
မသွင်းရကြောင်း- (စစ်ကိုင်း ၉-၍)

http://www.dhammadownload.com

၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်းဒေသကြီး /အနောက်ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၇) ရက်၊ (၂၉- ၃-၂၀၁၂) ကြာသပတေးနေ့

၁။ ဝိပဿနာစခန်း တက်လှမ်းရာ၌ လမ်းမှန်, လမ်းမှားကို သိမြင် ခွဲခြားတတ်သော ဉာဏ် မည်ပုံပြ သင်ဟပါဠ်ကို ကုန်စင်အောင် ပါဠိရေးခဲ့ပါ။

၂။ ဖော်ပြပါ သင်ဟပါဠိတို့ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။
(က) ကာမမိစ္ဆာ မှားယွင်းကာဖြင့်၊ စေ တနာဇော ယုတ်မာသောအားဖြင့် နားမခံသာ အောင် ပြောဆိုသူတို့၏ မူလအကြောင်းပြပါဠိ။
(ခ) ရုပ်သည် နာမ်အား ကျေးဇူးပြုပုံပြပါဠိ။

၃။ အလုပ်ကိစ္စအများဆုံး ဆောင်ရွက်တတ်သော စိတ်ကို ယှဉ်ဘက်စေတသိကဓမ္မတို့နှင့် ယှဉ်တွဲ ဖော်ပြ၍၊ လောကဥ် အကြောက်တရားကင်းမဲ့သော ပုဂ္ဂိုလ်တို့ကိုလည်း သင်ဟ သာဓကထောက် ကောက်ပြခဲ့ပါ။

၄။ "ဆသဋ္ဌိ ပဉ္စပညာသ၊ ပဉ္စပညာသ ဆသဋ္ဌိ" ဟူသော သင်ဟပါဠိလာ "ပဉ္စပညာသ" နှစ်ခု တို့၏ ထူးခြားဟန်ကို ကောက်ပြ၍၊ ရုပ်သက်သက်ဖြင့် ပဋိသန္ဓေနေကြသောပုဂ္ဂိုလ်ကြီးများ သေလွန်သောအခါ ဖြစ်နိုင်သော ပဋိသန္ဓေနှင့် ရောက်နိုင်သောဘုံကိုလည်း သင်ဟပါဠိ ထောက်၍ ကောက်ပြခဲ့ပါ။

၅။ ကုတ္ထိကိုမြင် အိုကိုရင်၊ သတိနှင့်ယှဉ် အသိပြင်လော- ဟူသော စကားရပ်ဝယ် သတိယှဉ် သော ဗောဓိပက္ခိယဓာနတို့ကို ဖော်ပြ၍၊ ပဋိသန္ဓေ, ပဝတ္တိတို့၏ အစွမ်းဖြင့် ရုပ်ဖြစ်နိုင်သော ဘုံတို့ကိုလည်း သင်ဟထောက် ကောက်ပြခဲ့ပါ။

၆။ စိတ္တဇရုပ်ချင်းတူပါလျှက် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်မထိုက်သော ရုပ်ကို ဖော်ပြ၍၊ ၎င်း ရုပ်ကို ဖြစ်စေတတ်သော အဟိတ်စိတ်တို့ကို ဝေဒနာဒိဆတ္တာတို့ဖြင့် ဝေဘန်ခဲ့ပါ။

၇။ စိတ္တာဝိယုတ္တတရားအပေါင်းကို ကောက်ပြပြီး၊ အပွနာဝိထိတွင် မပါဝင်သော ကာမ ကုသိုလ်စိတ်တို့၏ အာရုံပြုပုံကိုလည်း ဋီကာအလိုက္ခ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၈။ ပုညကိရိယဝတ္ထုလာ ဒါန, ဘာဝနာပုဒ်တို့၏ အဓိပ္ပါယ်ကိုလည်းကောင်း၊ "သေသည်" ဟူသော သဘောတရားကိုလည်းကောင်း ဋီကာနှင့်အညီ ဖြေဆိုခဲ့ပါ။

၉။ အဟိရိကနှင့် အနောတ္တပ္ပတို့၏ ဗိုလ်အမည်ရခြင်းအကြောင်းကိုလည်းကောင်း၊ ဗျာပါဒဟု ခေါ်ဆိုအပ်သော သဘောတရားများကိုလည်းကောင်း ဋီကာအဖွင့်နှင့်အညီ ဖြေဆိုပါ။

၁၀။ အသညသတ်ဖြစ်ကွာများ အာဟာရမရှိပါဘဲလျက် သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ- ဟူ၍ ဟောတော်မူအပ်သည်ကိုလည်းကောင်း၊ ခီဏာသဝပုဂ္ဂိုလ်၏ အဂ္ဂဒက္ခိဏေယျ အမည်ရခြင်းအကြောင်းကိုလည်းကောင်း ဋီကာကျော်နှင့်အညီ ဖြေဆိုပါ။

၇။ ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်ပုံပြပါဦးကိုရေးလေ။)

၂။ (က) (တေသု ပါဏာတိပါတော - စသော ဝီထိမုတ်ပိုင်း (ပိုဒ်- ၅၈- ၅၉)တို့ကိုရေး။)
(ခ) (ဆ ဝတ္ထူနိ ပဝတ္တိယံ- စသော ပါဠိ။)

၃။ **ကိစ္စအများဆုံးဆောင်ရွက်သောစိတ်**- ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂ - ပါး။
ယှဉ်ဘက်စေတသိက်- ဆန္ဒ,ဝိတ်,ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀ - ပါး။

လောကဋ္ဌ အကြောက်တရားကင်းမဲ့သူများ

အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့ဖြစ်သည်။
သင်္ဘသာဓက- အနာဂါမိပုဂ္ဂလာနံ ပန ပဋိယဇဝနာနိ စ န လဗ္ဘန္တိ။
တိဟေတုကေသု စ **ခီဏာသဝါနံ** ကုသလာကုသလဇဝနာနိ န လဗ္ဘန္တိ။

၄။ **"ဆသဋ္ဌိ ပဉ္စပညာသ" ၌ ပဉ္စပညာသအရ**

ဝိစာရစေတသိက် မယှဉ်သော ဒွေပဉ္စဝိညာဏ် ၁၀ - ပါး၊ တတိယစျာန်စိတ် ၁၁ - ပါး၊ စတုတ္ထစျာန်စိတ် ၁၁ - ပါး၊ ပဉ္စမစျာန်စိတ် ၂၃ - ပါး အားဖြင့် ၅၅ - ပါးဖြစ်သည်။

"ပဉ္စပညာသ ဆသဋ္ဌိ"၌ ပဉ္စပညာသ အရ

ဝိတက်စေတသိက်ယှဉ်သော ဒွေပဉ္စဝိညာဏ် ၁၀ - ပါးကြဉ်သော ကာမစိတ် ၄၄ - ပါး၊ ပထမစျာန်စိတ် ၁၁ - ပါး ဖြစ် သည်။ ဤသို့ထူးခြားသည်။

http://www.dhammadownload.com

ပဋိသန္ဓေနှင့် ဘုံ

နောင်းနိုင်သော ပဋိသန္ဓေ- မဟာဝိပါက်စိတ် ၈ -ပါးဟူသော **ကာမပဋိသန္ဓေတို့**နောင်းနိုင်။
ရောက်နိုင်သောဘုံ- ကာမသုဂတိ ၇ -ဘုံ။
သင်္ဂဟသာဓက- ရူပါဝစရစုတိယာ၊ အဟောတုရဟိတာ သိယုံ။

၅။ **ဗောဓိပက္ခိယဒ္ဓာနများ**- သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်,တို့ဖြစ်သည်။
ရှင်ဖြစ်နိုင်သော ဘုံများ- ကာမဘုံ , ရူပဘုံ , အသညသတ်ဘုံ တို့ဖြစ်သည်။
သင်္ဂဟပါဠို- ဣန္ဒြေဝဝံ ကာမရူပသညီသခ်ိဳတေသု တီသု ဌာနေသု ပဋိသန္ဓိ ပဝတ္တိဝသေန ဒုဝိဓာ ရူပပဝတ္တိ ဝေဒိတာဗ္ဗာ။

၆။ **ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်မထိုက်သောရပ်**- ဝိညတ်ရုပ် ၂ -ပါး။
ယင်းကို ဖြစ်စေတတ်သော **အဟိတ်စိတ်တို့တွင်**
မနောဒွါရာဝဇ္ဇန်း (ဝုဋ္ဌော)စိတ်သည်-
ဝေဒနာ- ဥပေက္ခာဝေဒနာ၊ ဟိတ် - အဟိတ်၊
ကိစ္စ- အာဝဇ္ဇနကိစ္စ နှင့် ဝေါဋ္ဌဗ္ဗနကိစ္စ၊ ဒွါရ - ခြောက်ဒွါရ၊
အာရုံ- အလုံးစုံကို အာရုံပြု၊ ဝတ္ထု - ဟဒယဝတ္ထု ကို ရုံခါမှီ/ရုံခါမမှီ။
ဟသိတုပ္ပါဒ်စိတ်သည်-
ဝေဒနာ- သောမနဿဝေဒနာ၊ ဟိတ် - အဟိတ်၊
ကိစ္စ - ဇောကိစ္စ၊ ဒွါရ - ခြောက်ဒွါရ၊
အာရုံ - ကာမကို အာရုံပြု၊ ဝတ္ထု - ဟဒယဝတ္ထုကို အမြဲမှီ။

၇။ **စိတ္တဘဝယုတ္တတရားများ**

အညသမာန်းစေတသိက် ၁၃ -ပါး၊ အကုသိုလ်စေတသိက် ၁၄ -ပါး၊
သောဘနစေတသိက် ၂၅ -ပါး အားဖြင့် စေတသိက် ၅၂ -ပါးဖြစ်သည်။
အပွနာဝီထိတွင် မပါဝင်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ -ပါးတို့သည်
သေက္ခ,ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ -
မရှိမသေ ပေးလှူရာအခါ, ဆင်ခြင်ရာအခါ,တရားနာရာအခါတို့၌ ကာမတရားကို အာရုံပြု။
အလွန်လေ့လာအပ်ပြီးသောစျာန်ကို ဆင်ခြင်ရာအခါ၌ မဟဂ္ဂုတ်တရားကို အာရုံပြု။
ကသိုဏ်းနိမိတ်စသည်တို့၌ ပရိကမ်ပြုရာစသည်အခါဝယ် ပညတ်တရားကို အာရုံပြု။

http://www.dhammadownload.com

၈။ **ဒါနဟူသည်**– အနုသယနှင့်တကွဖြစ်သော သေက္ခ,ပုထုဇဉ်တို့၏သန္တာန်ဝယ် သူတပါးတို့အား ပူဇော်လို,ချီးမြှောက်လိုသည်ဖြစ်၍ မိမိအထံ၌ ထင်ရှားရှိသော ပစ္စည်းဝတ္ထုကို စွန့်လွှတ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော စေတနာ ဖြစ်သည်။

ဘာဝနာဟူသည်– ကမ္မဋ္ဌာန်းလေးဆယ်တို့၌လည်းကောင်း ခန္ဓာစသောတရားတို့၌လည်းကောင်း ပရိကမ်ပြုခြင်း, သုံးသပ်ခြင်းတို့၏အစွမ်းဖြင့်ဖြစ်သော အပွနာသို့မရောက်သော ဂေါတြဘုအဆုံးရှိသော စေတနာ ဖြစ်သည်။

သေသည် ဟူသည်– ကမ္မဇရုပ်ပြတ်စဲရာအခါ ဖြစ်သည်။

(ရုပ်,နာမ်ဇီဝိတ ဟူသော အသက်၊ ကမ္မဇတေဇောဟူသော ကိုယ်ငွေ့ ဝိပါက်ဝိညာဏ် တို့ခန္ဓာကိုယ်ကို စွန့်ခွါသွားရာ အခါဖြစ်သည်။)

၉။ အဟိရိက နှင့် အနောတ္တပ္ပ တို့သည် သမ္မယုတ်တရားတို့၌ ခိုင်မြဲသောကြောင့် ဗိုလ်မည်။

ဗျာပါဒ ဟု ခေါ်ဆို အပ်သောတရား

စိတ်၏ ဖောက်ပြန်ပျက်စီးကြောင်းဖြစ်သော "အနတ္ထံ မေ အစရိ" အစရှိသည်ဖြင့်ဖြစ်သော ကိုးပါးအပြားရှိသော၊ (တနည်း) အဋ္ဌာနကောပ နှင့် တကွ ဆယ်ပါးအပြားရှိသော ဒေါသ ဖြစ်သည်။

၁၀။ အသညသတ်ဖြဟ္မာတို့အား အာဟာရမရှိသော်လည်း သမ္မေ သတ္တာ အာဟာရဋ္ဌိတိကာ ဟု ဟောတော်မူခြင်းမှာ–

မနောသဉ္စေတနာဟာရ၏ အစွမ်းဖြင့်ဖြစ်သော ရှေးကံ (တနည်း) ထိုရှေးကံနှင့်တကွဖြစ်သော ကြွင်းသော ဖဿာဟာရ,ဝိညာဏာဟာရတို့၏ ကမ္မပစ္စည်း ဥပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်ဟူသော ပရိယာယ်ကို ယူ၍ သမ္မေ သတ္တာ အာဟာရဋ္ဌိတိကာ–ဟုဟောတော်မူခြင်းဖြစ်သည်။

ခီဏာသဝပုဂ္ဂိုလ်၏ အဂ္ဂဒက္ခိဏေယျ မည်ခြင်းအကြောင်း

အလျှုံခံပုဂ္ဂိုလ်တို့တွဲ့ဝင် အမြတ်ဆုံးဖြစ်သောကြောင့်။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်းဒေသကြီး /အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၇)ရက်၊ (၂၉- ၄-၂၀၁၂) ကြာသပတေးနေ့။

၁။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ပစ္စုပ္ပန်ကာလ၌ဖြစ်သော ပစ္စည်းများမှ အလယ်တည့်တည့်

http://www.dhammadownload.com

ပစ္စည်း၏ ပစ္စည်း+ ပစ္စယုပ္ပန်ပြ ပါဠိနှင့် စာဖြေရှင်များ ဘုရားဂုဏ်ကို အာရုံပြု၍ "အရဟံ, အရဟံ" ဟု ပွါးများသော် အမြင့်ဆုံး ရနိုင်သော ဘာဝနာကိုပြဆိုသော သင်္ဂီဟစုတ္ထိယကို ပါဠိရေးသား ဖြေဆိုပါ။

၂။ မဂ်သည် ဝိပဿနာဂမန၏ အစွမ်းဖြင့် အမည်သုံးမျိုး ရပုံကို ပြသော စုတ္ထိယပါဠိတို့ကို အနက်ပေးပြပါ။

၃။ ခေါင်းဆောင်တစ်ဦးမှ ခေါင်းဆောင်တစ်ဦးသို့ ချောချောမွေ့မွေ့ ကူးပြောင်းရာ၌ ကျေးဇူးပြုသော ပစ္စည်း၏ အမည်ကို တိတိကျကျ ဖော်ပြ၍၊ ၎င်းပစ္စည်း၏ ပစ္စယုပ္ပန်သာ ဖြစ်သော တရားကို ဝေဒနာဒိဆက္ကဖြင့် ဝေဖန်ပြပါ။

၄။ (က) "မလွိကာမိဖုရားကြီး သေခါနီး၌ ဖြစ်, ပျက် မမြင်၍ အပါယ်ကျသည်" ဟု ဟောနေကြရာ ဖြစ်,ပျက် မမြင်သော အဟိတ်, ဒွိဟိတ်ပုထုဇဉ်များ အပါယ်စခန်းမှ လွတ်လမ်းရှိ/မရှိ၊

(ခ) လာဘ်မျှော်၍သာ မွေးနေ့ ကျင်းပသောသူ ရမည့် ပဋိသန္ဓေတို့ကို အာဂမယုတ္တိနှင့် ညှိ၍ ဖြေပါ။

၅။ သမာပတ္တိဝီထိ၌ အပွနာဇော အကြိမ်များစွာဖြစ်ပုံကို သင်္ဂီဟကျမ်းအရ သာဓကပြရေးသား ဖြေဆိုကာ၊ စျာန်ရသော သကဒါဂါမ်ပုဂ္ဂိုလ်သန္တာန်၌ ရနိုင်သော ဝီထိစိတ်များကိုလည်း ကောက်ပြပါ။

၆။ ပုထုဇဉ်တို့သန္တာန်၌ တစ်ဘဝမှာ တစ်ခါသာ ဖြစ်ခွင့်ရှိသော စိတ်များကို ထုတ်ပြ၍၊ အနာဂါမ်ပုဂ္ဂိုလ်အား ယခုဘဝ၌ ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိစိတ်ဖြစ်သကဲ့သို့ နောက်ဘဝ၌ အဘယ်စိတ်များ ဖြစ်ပါသနည်း သင်္ဂီဟပါဠိထောက်၍ ဖြေဆိုပါ။

၇။ အဘယ့်ကြောင့် "ဝိစက္ခဏ" ဟုခေါ်သည်ကို ရှင်းပြ၍၊ မဟဂ္ဂုတ်စိတ်၌ ဝိရတီစေတသိက်တို့ ကြဉ်ရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

၈။ နိမ္မာန်သည် အဘယ့်ကြောင့် ကာလဝိမုတ် ဖြစ်သည်ကို ဖြေဆို၍၊ စက္ခုဝိညာဉ်ဒွေသည် ရူပါရုံကို မြင်သော စိတ်ဖြစ်သောကြောင့် ရုပ်ကို ဖြစ်စေနိုင်ပါသလော? အကြောင်းပြဖြေဆိုပါ။

http://www.dhammadownload.com

၉။ ကွန်ဒြေ ၂၂- ပါးတို့တွင် လောကုတ္တရာ ကွန်ဒြေသုံးပါးကို အဘယ့်ကြောင့် နောက်ဆုံးထား၍ ဟောရသည်ကို ဖြေဆို၍၊ ဝိညာဏ်စသော ၈- ပါးသော တရားတို့သည် အဘယ်ကာလ၌ ဖြစ်သည်ကို အကြောင်းပြ ဖြေဆိုပါ။

၁၀။ မနောဒွါရာဝဇ္ဇန်းစိတ်သည် အဘယ့်ကြောင့် အာသေဝန ပစ္စည်းမတပ်ရသည်ကို ဖြေဆို၍၊ နာမ်,ရုပ် (သတ္တဝါ)ကို ဖန်ဆင်း၍ ရ/မရ ဋီကာဆရာအလိုကျ ပဝတ္တိအခါ သာမညအားဖြင့် ရှင်းပြပါ။

၈။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ကမ္မပစ္စည်းပြ သင်္ဂဟ ပါဠိ နှင့် ဗုဒ္ဓါနုဿတိ အာဒီသု အဋ္ဌသု - စသော ပါဠို။)

၂။ (တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနီဝိပဿနာ - စသည်။)

၃။ အနန္တရပစ္စည်း, သမနန္တရပစ္စည်း။

ပစ္စယုပ္ပန်သာ ဖြစ်သောတရား

ရဟန္တာတို့၏ စုတိ ဖြစ်သည်။

ဝေဒနာ- သောမနဿစုတိသည် သောမနဿဝေဒနာ၊
ဥပေက္ခာစုတိသည် ဥပေက္ခာဝေဒနာ၊

ဟိတ်- တိဟိတ်၊

ကိစ္စ- စုတိကိစ္စ၊

ဒွါရ- ဒွါရဝိမုတ်၊

အာရုံ- ကာမတိဟိတ်စုတိသည် ကာမဇဝနိကန်အာရုံ၊ ရူပစုတိနှင့် အာကာ, အာကိဉ်စုတိသည် ပညတ်ကမ္မနိမိတ်အာရုံ၊ ဝိညာ, နေဝါစုတိသည် မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံ။

ဝတ္ထု- ကာမ, ရူပစုတိသည် ဟဒယဝတ္ထုကို အမြဲမှီ၊ အရူပစုတိသည် မည်သည့် ဝတ္ထုကို မမှီ။

၄။ (က) အပါယ်လမ်းမှ လွတ်လမ်းရှိ။

အာဂမယုတ္တိ- ကာမာဝစရကုသလမှိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဇနေတိ။

http://www.dhammadownload.com

(ခ) ရနိုင်မည့် ပဋိသန္ဓေ- အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်။
အာဂမယုတ္တိ- ဒွိဟေတုကမောမက် ပန ကုသလဲ အဟေတုကမေဝ ပဋိသန္ဓိ ဒေတိ၊

၅။ သမာပတ္တိဝီထိ၌ အပွနာဇောတို့သည် ဘဝင်အယျဉ်ကဲ့သို့ ဝီထိကို မှတ်ခြင်းမရှိသောကြောင့် အပွနာဇောတို့ အကြိမ်များစွာဖြစ်ကြသည်။
သာဓက- သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသောတော ဝိယ ဝီထိနိယမော နတ္ထီတိ ကတွာ ဗဟူနိပိ လဗ္ဘန္တိ။

စျာန်ရ သကဒါဂါမ် ရသောဝီထိစိတ်

လောဘမူဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဉဒ္ဓစ္စသဟဂုတ်စိတ် ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ်ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊ သကဒါဂါမိဖိုလ်စိတ် ၁-ပါး အားဖြင့် ၅၀-ဖြစ်သည်။

၆။ **ဖြစ်ခွင့်ရှိသောစိတ်-** ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့ဖြစ်သည်။
အနာဂါမ်ပုဂ္ဂိုလ်အား ယခုဘဝ ပဋိသန္ဓေ,ဘဝင်,ဝီထိ, စုတိစိတ်များဖြစ်ကြသကဲ့သို့ နောက်ဘဝ၌လည်း ပဋိသန္ဓေ,ဘဝင်,စုတိစိတ်များဖြစ်ကြသည်။
သင်္ဂဟပါဠိ- ပဋိသန္ဓိဘဝင်္ဂဝီထိယော၊ စုတိစေဟ တထာ ဘဝန္တရေ။
ပုန သန္ဓိဘဝင်္ဂမိစ္စယံ၊ ပရိဝတ္တတိ စိတ္တသန္တတိ။

၇။ အထူးအားဖြင့် အနက်ကို ပြတက်သောကြောင့် ဝိစက္ခဏ - ဟုခေါ်သည်။

မဟဂ္ဂုတ်စိတ်တို့၌ ဝိရတီကြဉ်ရခြင်းအကြောင်း

သီလဝိသုဒ္ဓိ၏ အစွမ်းဖြင့် ကောင်းစွာသုခ်သင်အပ်ပြီးသော ကာယက် ဝစီက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်အား စိတ်ကို ကောင်းစွာထားခြင်းမျှဖြင့် မဟဂ္ဂုတ်စျာန်တို့ဖြစ်ကြကုန်၍ ကာယက် ဝစီက်တို့ကို သုခ်သင်ခြင်း၏ အစွမ်းဖြင့် မဖြစ်သောကြောင့်လည်းကောင်း၊ ဒုစရိုက် ဒုရာဇိဝတို့ကို ပယ်သတ်ခြင်း ငြိမ်းစေခြင်း၏အစွမ်းဖြင့် ဖြစ်သည်မဟုတ်သောကြောင့်လည်းကောင်း။

၈။ **နိဗ္ဗာန်ကို ကာလဝိမုတ်ခေါ်ရခြင်းအကြောင်း**

ပျက်စီးခြင်းသဘောမရှိ၍ အတိုက်စသော ကာလတို့၏အစွမ်းဖြင့် မဆိုထိုက်သောကြောင့်။

http://www.dhammadownload.com

စက္ခုဝိညာဏ်ဒွေသည် ရုပ်ကို မဖြစ်စေနိုင်။

အကြောင်း- ရုပ်ကို ဖြစ်စေခြင်း၌ ထူးသောအကြောင်းဖြစ်ကုန်သော စျာနင်တို့နှင့် မယှဉ်သောကြောင့်။

၉။ **နောက်ဆုံးထားဟောရခြင်းအကြောင်း**

စုဆောင်းအပ်ပြီးသော ဖြူစင်ခြင်း၏အကြောင်းအဆောက်အဦးရှိသူတို့သည် ဤကုန်ဖြစ်တို့ကြောင့် စင်ကြယ်ဆဲဖြစ်ခြင်း, စင်ကြယ်မှုသို့ရောက်ကုန်ခြင်း, ပြီးပြီးသောကိစ္စရှိခြင်းဖြစ်ကြသည်ဟူသော အနက်အဓိပ္ပါယ်ကို ပြလိုသောကြောင့်။

ဝိညာဏ်စသော တရား ၈-ပါးတို့ကို ပစ္ဆာပွန်ကာလ၌ သွင်း။

အကြောင်း- အတိတ်အကြောင်းတရားတို့ကြောင့် ပစ္ဆာပွန်ဘဝ၌ ဖြစ်သောအကျိုးဖြစ်သောကြောင့်လည်းကောင်း၊ အနာဂတ်ဘဝအကျိုးတရား၏ ပစ္ဆာပွန်ဘဝ အကြောင်းတရားဖြစ်သောကြောင့်လည်းကောင်း။

၁၀။ **မနောဒွါရာဝဇ္ဇန်း၏ အာသေဝနပစ္စည်းမတပ်ခြင်းအကြောင်း**

" န မဂ္ဂပစ္စယာ အာသေဝနေ ဇကံ" ဟူ၍ ဟောတော်မူသောကြောင့်လည်းကောင်း၊ အဟိတ်ကြိယာတို့တွင် ဟသိတုပ္ပါဒ်စိတ်ကိုသာ အာသေဝနပစ္စည်းအဖြစ်ယုတ်ဆိုသောကြောင့်လည်းကောင်း။

ဖန်ဆင်း၍ ရ/မရ

သတ္တဝါကို ဖန်ဆင်း၍ မရ။

ပဝတ္တိအခါ၌ ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်းတို့ကြောင့်ဖြစ်သောကြောင့်လည်းကောင်း၊ နာမ်တရားသည် စက္ခုပသာဒ ရူပါရုံစသော နိဿယပစ္စည်း, အာရမ္မဏပစ္စည်းစသောအကြောင်းတို့ကြောင့် ဖြစ်သောကြောင့်လည်းကောင်း။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မကွေးတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၇)ရက်၊ (၂၉-၄-၂၀၁၂) ကြာသပတေးနေ့။

၁။ လူလောကသဘာဝအရ အရိယာ ပုထုဇဉ် နှစ်မျိုးရှိရာ အရိယာတို့၏ ဝုဏ်ရည်ပြပါဠိတို့တွင် လူပြည်သို့ ပဋိသန္ဓေအားဖြင့် ပြန်လာခွင့်မရှိသော အရိယာတို့၏ ဝုဏ်ရည်ပြပါဠိတို့ကိုသာ ပါဠိရေးခဲ့ပါ။

http://www.dhammadownload.com

၂။ သက်ရှိ သက်မဲ့ လောကနှစ်ဌာနတို့ကို ပဋ္ဌာန်းဆက်အနေဖြင့် ကျေးဇူးပြုပုံကိုပြသော ပဋ္ဌာန်း ၂၄-ပစ္စည်းတို့ကို အတိတ်စသော ကာလတို့ဖြင့် ဝေဖန်ပြသော ဂါထာကို အနက်ပေးခဲ့ပါ။

၃။ တစ်ကြိမ်သာ စောသောဇောတို့ကို တိကျစွာ ရေတွက်ပြ၍ အရှုပဗြဟ္မာကြီးများ၌ ဖြစ်နိုင်သော ကုသိုလ်စိတ်တို့ကိုလည်း ရေးပြပါ။

၄။ ပဋိသန္ဓေအကျိုး မဖွဲ့ဖြိုး၍ မျက်မမြင် နားမကြား ဖြစ်လာခဲ့ရသော ပုဂ္ဂိုလ်သည် အကုသိုလ်ကံကြောင့်ဟု သတ်မှတ်ရပါမည်လော အဘိဓမ္မာသာဓကနှင့်တကွ ဖြေဆိုပြီးလျှင်၊ ရှုပစုတ္ထစျာန် ကုသိုလ်ကံ၏ အကျိုးပေးရာ ဘုံဌာနတို့ကိုလည်း ကြောင်းကျိုးဆီလျော်စွာ ဖြေဆိုခဲ့ပါ။

၅။ နာမ်အကြောင်းတရားကြောင့်ဖြစ်သော ရုပ်တို့၏ စဖြစ်ရာကာလ, နောက်ဆုံးချုပ်ရာကာလတို့ကို ဖော်ပြ၍၊ "ပညာ" စေတသိက်၏ ဗောဓိပက္ခိယ အမည်ထူးတို့ကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

၆။ စတုတ္ထာရုပ္ပစျာန်ရအောင် မည်သည့်ကမ္မဋ္ဌာန်းကို မည်သို့သော အခြင်းအရာအားဖြင့် ပွါးများရမည်ကို ဖော်ပြ၍၊ ရုပ်နာမ်ဓမ္မတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု အဖန်ဖန် ရှုမှတ်ခြင်းကြောင့် ပယ်စွန့်နိုင်သော တရားတို့ကိုလည်း အသီးသီး ဖော်ပြခဲ့ပါ။

၇။ အရှုပဝိပါက်လေးခု၏ ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်းကို ရေး၍၊ လဟုတာစသော ရုပ်တို့ကမ္မဇရုပ်မဖြစ်ခြင်း အကြောင်းကိုလည်း ရေးပြပါ။

၈။ ပညာစေတသိက် တစ်ခုတည်းဖြစ်ပါလျက် ဣန္ဒြေလေးမျိုးခွဲခြား ဟောရခြင်းအကြောင်းကို ရေး၍၊ အဓိပတိ ဇကောဝ လဗ္ဘတိ-၌ အဓိပတိတရား တစ်ခုတည်းကိုသာ ရထိုက်ခြင်းအကြောင်းကိုလည်း ရေးပြပါ။

၉။ ဟေတုပစ္စယော-၌ ဟေတုနှင့် ပစ္စယတို့၏ ထူးခြားဟန်ကို ရေး၍၊ ပုရိမာနိ ဇဝနာနိ-၌ ယူသင့်/ မယူသင့်သော ဇောတို့ကိုလည်း အကြောင်းပြကာ ဖြေဆိုခဲ့ပါ။

၁၀။ ဗြဟ္မဝိဟာရတရားလေးပါးတို့၏ သဘောလက္ခဏာတို့ကို ဋီကာဆရာ အလိုကျ ရေးပြပါ။

http://www.dhammadownload.com

၉။ မကွေးတိုင်းဒေသကြီး (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (အနာဂါမိမဂ်ဝီထိတွင် ဘဝင်ဂေတွာ - စသောပါဠိနှင့် အရဟတ္တမဂ်ဝီထိတွင် ဘဝင်ဂေတွာ - စသောပါဠို။)

၂။ (အနက်ထင်ရှားပြီ။)

၃။ **တစ်ကြိမ်သာ စောသောဇောများ**

အာဒိကမ္မိကစျာန်ဇော,အဘိညာဉ်ဇော,မဂ်ဇော,နိရောဓသမာပတ်မှထသော အခါ အနာဂါ မိဖိုလ် အရဟတ္တဖိုလ်ဇောများ,။

ဖြစ်နိုင်သောကုသိုလ်စိတ်

မဟာကုသိုလ်စိတ် ၈- ပါး၊ အရူပကုသိုလ်စိတ် ၄-ပါး၊ အထက်မဂ်စိတ် ၃-ပါး။

၄။ အကုသိုလ်ကံကြောင့်ဟု သတ်မှတ်မရ။

ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏ် ပန ကာမသုဂတိယံ မနုဿာနဉ္စေဝ ဇစ္စန္ဓာဒီနံ ဘုမ္မသိတာနဉ္စ ဝိနိပါတိကအသုရာနံ ပဋိသန္ဓိ ဘဝင် စုတိဝသေန ပဝတ္တတိ - ဒွိဟေတုကမောမကံ ပန ကုသလံ အဟောသိ ကမေဝ ပဋိသန္ဓိ ဒေတိ - ဟူသော အဘိဓမ္မာသာဓက တို့ကိုထောက်။

အကျိုးပေးရာ ဘုံဌာန

ရူပစုတ္တဏ်ာန် ကုသိုလ်ကံသည် ပရိတ္တသုဘာ စသော တတိယစျာန်ဘုံတို့၌ အကျိုးပေး။

ရူပစုတ္တဏ်ာန်ကုသိုလ်ကို ပရိတ္တဖြစ်အောင် ပွါးများလျှင် ပရိတ္တသုဘာဘုံ၌ ဖြစ်သည်၊ မဇ္ဈိမဖြစ်အောင် ပွါးများလျှင် အပ္ပမာဏသုဘာဘုံ၌ဖြစ်သည်၊ ပဏီတဖြစ်အောင် ပွါးများလျှင် သုဘကိဏ္ဏာဘုံ၌ ဖြစ်သည်။ (လဏ်ဆောင်- ၁၃၄)

၅။ နာမ်အကြောင်းတရားကြောင့်ဖြစ်သောရုပ်တို့တွင်-

ကမ္မဇရုပ်တို့သည်- ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ စ၍ဖြစ်၊ စုတိစိတ်၏ ဘင်ခဏ၌ ပြိုနောက်ဆုံးချုပ်။

စိတ္တဇရုပ်တို့သည်- ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ခဏ၌ စ၍ဖြစ်၊ စုတိစိတ် [illegible] ခဏတွယ် ငါး [illegible] ချက်ခန့်ကာလ၌နောက်ဆုံးချုပ်။

http://www.dhammadownload.com

ဗောဓိပက္ခိယ အမည်ထူး

ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသော ဗောဓိပက္ခိယ အမည်တို့ရသည်။

၆။ စတုတ္ထဈာန်ပွဘ်ကို ရအောင် တတိယာရုပ္ပဈာန်ကမ္မဋ္ဌာန်းကို "ဤတတိယာရုပ္ပဈာန်သည် ငြိမ်သက်လှပေ၏။ ဤတတိယာရုပ္ပဈာန်သည် မွန်မြတ်လှပေ၏– ဟူသောအခြင်းအရာအားဖြင့် ပွါးများရမည်။

ပယ်စွန့်နိုင်သော တရားများ

အနိစ္စ ဟုရှုမှတ်ခြင်းကြောင့် ဝိပလ္လာသနိမိတ်ကို ပယ်စွန့်နိုင်သည်၊
ဒုက္ခ ဟုရှုမှတ်ခြင်းကြောင့် တဏှာပဏိဓိကို ပယ်စွန့်နိုင်သည်၊
အနတ္တ ဟုရှုမှတ်ခြင်းကြောင့် အတ္တာဘိနိဝေသကို ပယ်စွန့်နိုင်သည်။

၇။ **အရှုပဝိပါက်စိတ် ၄–ပါး ရုပ်ကို မဖြစ်စေခြင်းအကြောင်း**

အရှုပဝိပါက်သည် ရုပ်ကို စက်ဆုပ်သော အရှုပဈာန်ဟူသောဘာဝနာကြောင့် ဖြစ်ရသည့်အတွက် အကြောင်းဈာန်သည် ရုပ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း၊ အရှုပဝိပါက်စိတ်ဖြစ်ရာအရှုပဘုံသည် ရုပ်ဖြစ်ရာအရပ်မဟုတ်သောကြောင့်လည်းကောင်း အရှုပဝိပါက် ၄–ခုသည် ရုပ်ကို မဖြစ်စေနိုင်ပါ။

ကမ္မဇရုပ်မဖြစ်ခြင်းအကြောင်း

လဟုတာ စသောရုပ်တို့သည် ပစ္စုပ္ပန်အကြောင်းကို ငဲ့ခြင်းရှိသည်၏အဖြစ်ကြောင့်။

၈။ **ကုန္တေ ၄–ပါး ခွဲရကြောင်း–** (ကချင် ၇–ရှ)

တစ်ခုတည်း ရထိုက်ကြောင်း–

နှစ်ပါး သုံးပါး အဓိပတိတပ်လျှင် အဓိပတိအဖြစ် မရထိုက်သောကြောင့်။

၉။ အခြေအမြစ်ဟူသော အနက်ကြောင့် ဟေတု မည်သည်။
ကျေးဇူးပြုတတ်သော အနက်ကြောင့် ပစ္စယ မည်သည်။

ယူသင့်/မယူသင့်သော ဇော

ယူသင့်သောဇော– အကုသိလဇော ၁၂–ပါး၊ လောကီကုသိလဇော ၁၇–ပါး၊ ကြိယာဇော ၁၈–ပါး–တို့ဖြစ်သည်။
မယူသင့်သောဇော– မဂ်ဇော ၄–ပါး၊ ဖိုလ်ဇော ၄–ပါး။

http://www.dhammadownload.com

အကြောင်း- လောကုတ္တရာဇောတို့ကို အာသေဝနပစ္စည်းအဖြစ်ဖြင့် မထုတ်ဆောင်အပ်သောကြောင့်။

၁၀။ **သဘောလက္ခဏာ-** (ကချင် ၁၀-ရှ)

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မန္တလေးတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၇)ရက်၊ (၂၉-၄-၂၀၁၂) ကြာသပတေးနေ့။

၁။ တိမ်တိုက်မှ ထွက်ပေါ်လာသော လဗိမာန်ကဲ့သို့ ဥဂ္ဂဟနိမိတ်ကို ဖောက်ခွဲ၍ ဥဂ္ဂဟနိမိတ်ထက် သာလွန်သော ပဋိဘာဂနိမိတ် ဖြစ်ပုံကို ပြဆိုသော သင်္ဂဟစုဏ္ဏိယပါဠိကို ရေးခဲ့ပါ။

၂။ အသံမစဲမဟာပဒ္ဓာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပနေကြရာ ပဒ္ဓာန်းတရားတော်ကို အနှစ်ချုပ်တရားကိုယ် ထုတ်လိုက်ပါလျှင် သုံးမျိုးသာရှိကြောင်းကို ပြဆိုသည့် သင်္ဂဟဂါထာကို အနက်ရေးခဲ့ပါ။

၃။ အလုံးစုံကို အာရုံပြုလျက် နှစ်ကိစ္စတပ်သော အသောဘနစိတ်ကို ဖော်ပြ၍၊ ၎င်းနှင့်ယှဉ်သော စေတသိက်, လုပ်ဆောင်ချက်ကိစ္စ, ဝင်ထွက်သွားလာရာ တံခါးပေါက်ဒွါရ, မှီရာဝတ္ထု တို့ကိုလည်း အကြောင်းပြ၍ ကောက်ပြခဲ့ပါ။

၄။ သဗ္ဗေ ဘာယန္တိ မစ္စုနော စာရင်းတွင် မပါဝင်သောပုဂ္ဂိုလ်တို့ကို သင်္ဂဟအထောက်ပြ ဖြေဆိုပြီးလျှင်၊ ဒိဋ္ဌဂတသမ္မယုတ္တ ဝိစိကိစ္ဆာ ဇဝနာနိ စ သေက္ခာနံ-၌ "သေက္ခ"အရ ယူရမည့် ပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းပြ၍ ကောက်ပြခဲ့ပါ။

၅။ သေသဋ္ဌာနေသု လဇ္ဇာန္တိ၊ အရိယာ နရိယာပိ စ-၌ သေသအပါဒါနိန်အရ သေသအရုတို့ကို ကောက်ပြ၍၊ ဝိညတ္တိ ဒွယံ စိတ္တဇမေဝ-၌ စိတ္တအရုကိုလည်း သာဓကထောက်၍ ဖြေဆိုခဲ့ပါ။

၆။ မြတ်စွာဘုရား ဟောကြားသည့် ပဋိစ္စသမုပ္ပါဒ်နည်း အနှစ်ချုပ်ကို သင်္ဂဟထောက်၍ ရှင်းပြပြီးလျှင်၊ စာဖြေဆိုစဉ် ဟိုတွေးဒီတွေး ကြဲမှိုင်ငေးသော အရှင်တို့အတွက် သင့်တော်သည့် ကမ္မဋ္ဌာန်းကိုလည်း သာဓကထောက်၍ ရေးသားခဲ့ပါ။

http://www.dhammadownload.com

၇။ အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ် မဖြစ်ရခြင်းအကြောင်းကိုရေး၍၊ ဇတ္ထာကုသလကမ္မမုဒ္ဒစ္စ ရဟိတံ-ဝယ် ဥဒ္ဒစ္စအရနှင့် သမ္မဒုဗ္ဗလစိတ်ကိုလည်း ဖော်ပြခဲ့ပါ။

၈။ ဝါန-ဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုရာ၌ အဘယ့်ကြောင့် တဏှာကို ဝါနဟု ဆိုရပါသနည်း? ဖြေဆိုပြီးလျှင်၊ ဒုက္ခဖြစ်ကြောင်းများစွာ ရှိပါလျက် တဏှာကိုသာ သမုဒယသစ္စာ ဖွဲ့ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၉။ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ-တို့၌ ဘဝနှစ်ခုအထူးကို ရေးသား၍၊ ကမ္မဇ ရုပ်တရားများကို ဝိပါကဟု ခေါ်နိုင်/မခေါ်နိုင် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၁၀။ ဝိသုဒ္ဓိခြောက်ပါးကို မူလဝိသုဒ္ဓိ, သရီရဝိသုဒ္ဓိအားဖြင့် ခွဲခြားပြ၍၊ နိရောဓသမာပတ် မဝင်စားမီ ရှေးအဖို၌ ပြုလုပ်ဆောင်ရွက်ရမည့် ပုဗ္ဗကိစ္စလေးပါးကိုလည်း ရေးသားခဲ့ပါ။

၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ပါဠိထင်ရှားပြီ။)

၂။ (အနက်ထင်ရှားပြီ။)

၃။ အသောဘနစိတ်- မနောဒွါရာဝဇ္ဇန်း(ဝုဋ္ဌော)စိတ်။
ယှဉ်ဘက်စေတသိက်- ဆန္ဒ,ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁ -ပါး။

လုပ်ဆောင်ချက် ကိစ္စ-စသည်

ကိစ္စ- အာဝဇ္ဇနကိစ္စ,ဝေါဋ္ဌဗ္ဗနကိစ္စ၊
ဒွါရ- ခြောက်ဒွါရ၊
ဝတ္ထု- ဟဒယဝတ္ထု ရုံခါမှီ, ရုံခါမမှီ။

၄။ မပါဝင်သော ပုဂ္ဂိုလ်- အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့ဖြစ်သည်။
သင်္ဂဟသာဓက- တိဟေတုကေသု စ ဒီဏာသဝါနံ ကုသလာကုသလဇဝနာနိ နှ လဗ္ဘန္တိ။
အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ နှ လဗ္ဘန္တိ။
ယူရမည့် သေက္ခပုဂ္ဂိုလ်- သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်, သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။

http://www.dhammadownload.com

အကြောင်း- မဂ်သည် စိတ္တက္ခဏ တစ်ချက်သာဖြစ်၍ မဂ္ဂင်္ဂန်ပုဂ္ဂိုလ်မရသောကြောင့် လည်းကောင်း၊ အနာဂါမ်ပုဂ္ဂိုလ်ကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့်လည်းကောင်း။

၅။ **သေသ အပါဒါန် အရ-** သုဒ္ဓါဝါသ ၅ - ဘုံ၊ အသညသတ် ၁ - ဘုံ၊ အပါယ် ၄ - ဘုံ။
သေသအရ- ကာမသုဂတိ ၇ - ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ၁၀ - ဘုံ၊ အရူပ ၄ - ဘုံ။

ဝိညတ္တိ ဒွယံ စိတ္တဇမေဝ- ၌ စိတ္တ အရ

မနောဒွါရာဝဇ္ဇန်းစိတ် ၁ - ပါး၊ ကာမဇော ၂၉ - ပါး၊ အဘိညာဉ် ၂ - ပါး တို့ဖြစ်သည်။
သာဓက- ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနအဘိညာ ပန ဝိညတ္တိမို့ သမုဋ္ဌာပေန်။

၆။ **ပဋိစ္စသမုပ္ပါဒ်နည်းအနှစ်ချုပ်**

မပြတ်လည်လျက် အစမရှိသော တေဘူမကဝဋ်တရား။
သင်္ဂဟ- ဝဋ်ဆာဇန္ဓမိစ္စေဝံ၊ တေဘူမကမနာဒိကံ၊
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။
သင့်တော်သည့် ကမ္မဋ္ဌာန်း- အာနာပါနကမ္မဋ္ဌာန်း။
သာဓက- အာနာပါနံ မောဟစရိတဿ စ ဝိတက္ကစရိတဿ စ။
(သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္မိ သပ္ပါယာနိ - ပါဠိကိုထောက်လျှင် ပထဝီကသိုဏ်းစသော ကသိုဏ်းခြောက်ပါးတို့နှင့် အာရုပ္ပလေးပါးတို့ပါရနိုင်သည်။)

၇။ **ဝိထိစိတ်မဖြစ်ခြင်းအကြောင်း-** ဝုဋ္ဌာနစိတ်ကြိမ် မဖြစ်လောက်သောကြောင့်။
ဥဒ္ဓစ္စ အရ- ဥဒ္ဓစ္စသဟဂုတ်စိတ်ရှိ စေတနာ ကိုရသည်။
သမ္ဗဒ္ဓဗ္ဗလစိတ်- ဝိစိကိစ္ဆာသဟဂုတ်စိတ်ဖြစ်သည်။

၈။ **တဏှာကို ဝါနဟုဆိုခြင်းအကြောင်း**

ခန္ဓာအစရှိသော တေဘူမကတရားတို့ကို အောက်အထက်ပြန်လှန်ခြင်း၏အစွမ်းဖြင့် ချုပ်စပ်တတ်သောကြောင့်။
သမုဒယသစ္စာဆိုကြောင်း- ပြဋ္ဌာန်းသော (ပဓာန)ဖြစ်သောကြောင့်။

၉။ **ဘဝနှစ်ခု အထူး-** (ကရင် ၉ - ရှ)

http://www.dhammadownload.com

ဝိပါကဟု ခေါ်နိုင်/ မခေါ်နိုင်

ကမ္မဇရုပ်များကို "ဝိပါက" ဟု မခေါ်ဆိုနိုင်။

အကြောင်း- ဝိပါကသဒ္ဒါသည် နာမ်တရားအဖြစ်ဖြင့်လည်းကောင်း,အာရုံကို ယူတတ်သည်၏ အဖြစ်ဖြင့်လည်းကောင်း ကံနှင့်တူသော နာမ်တရားတို့၌သာထင်သော ရုဋ္ဌသဒ္ဒါ ဖြစ်သောကြောင့်။

၁၀။ **မူလဝိသုဒ္ဓိ-** သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ။

သရီရဝိသုဒ္ဓိ- ဒိဋ္ဌဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ,မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ,ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ။

ပုဗ္ဗကိစ္စ ၄ -ပါး

၁။ ခန္ဓာကိုယ်နှင့်ကင်းကွာနေကုန်သော ကျောင်း,သပိတ်စသော ပရိက္ခရာများ မပျက်စီးစေရန် အဓိဋ္ဌာန်ရခြင်း၊

၂။ သံဃာတော်က အလိုရှိတော်မူသောအခါ နိရောဓသမာပတ်မှထစေရန် အဓိဋ္ဌာန်ရခြင်း၊

၃။ ဘုရားရှင်ခေါ်တော်မူသောအခါ နိရောဓသမာပတ်မှ ထစေရန် အဓိဋ္ဌာန်ရခြင်း၊

၄။ နိရောဓသမာပတ်ဝင်စားရာ ကာလအတွင်း၌ ဇီဝိတိန္ဒြေပျက်စီးမှုရှိ/မရှိကြည့်ရှု ရခြင်း။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မွန်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၇)ရက်၊ (၂၉-၄-၂၀၁၂) ကြာသပတေးနေ့။

၁။ အရိယာဘဝသို့ ရောက်ခါနီး ပုထုဇဉ်ဘဝ၏ နောက်ဆုံးဖြစ်သောစိတ်ကို ပြဆိုသော သင်္ဂဟပါဠိနှင့် နိရောဓသမာပတ် ဝင်စားပုံအစီအစဉ်ကို ပြဆိုသော သင်္ဂဟပါဠိတို့ကို မှန်ကန်စွာ ရေးပြပါ။

၂။ သတ္တဝါများသေဆုံး ကွယ်လွန်သွားပြီး နောက်ဘဝ၌ ဘဝသစ်တည်ဆောက်ပုံပြ သင်္ဂဟ ပါဠိကို အနက်ပေးပြပါ။

၃။ အာရုံတစ်မျိုးတည်းကိုသာ အာရုံပြုသော စိတ်တို့ကို ဆိုင်ရာ အာရုံများနှင့်တွဲစပ် ဖြေဆို

http://www.dhammadownload.com

ပြီးလျှင်၊ "ရှုပေ စတုဗ္ဗိဓာ တိဝတ္ထုံ" ၌ ရှုပ- အရာ စတုဗ္ဗိဓာ- အရာ တိဝတ္ထုံ- အရာ တို့ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

၄။ ကာမဇောနောင် ဝေဒနာ/ပုဂ္ဂိုလ်တို့ အားလျော်စွာ အပွနာဇောများ စောပုံကို သင်္ဂီဟလာ အတိုင်း ဖြေဆိုပြီးလျှင်၊ "ကာမေသွေဝ ပနေတရာ" ပါဠို- ၌ သင်္ဂီဟဆရာ သိစေလိုသော အဓိပ္ပါယ်ကိုလည်း သရုပ်များပေါ်လွင်စေလျက် ရှင်းလင်း ဖြေဆိုခဲ့ပါ။

၅။ ဇလာဗုဇသတ္တဝါတို့အား ပဋိသန္ဓေအခါ ရနိုင်သောရုပ်ကလာပ်နှင့် ရုပ်တို့ကို အယုတ်/အလွန် အားဖြင့် ခွဲခြားဖြေဆိုပြီးလျှင်၊ စျာနင်မထိုက်သော ဥပေက္ခာနှင့် စျာနင်ထိုက်သော ဥပေက္ခာတို့ကိုလည်း ကွဲပြားခြားနားအောင် ဖော်ပြခဲ့ပါ။

၆။ လူဘဝကို ရလာခြင်းသည် ဝဋ်သုံးပါးတို့တွင် မည်သည့်ဝဋ်၌ အကျုံးဝင်ပါသနည်း? အကြောင်းပြချက်နှင့်ဝါကျ ဖော်ပြပြီးလျှင် (က) ဝိပဿနာ၏ အာရုံဖြစ်သောတရား၊ (ခ) ဝိပဿနာပရိပါကအဓိပ္ပါယ်၊ (ဂ) ဝုဋ္ဌာနဂါမိနီဝိပဿနာ အဓိပ္ပါယ်တို့ကိုလည်း သင်္ဂီဟလာ အတိုင်း ဖြေဆိုခဲ့ပါ။

၇။ ဗောဇ္ဈင်၏ အဓိပ္ပါယ်နှစ်မျိုးကို ဋီကာလာသည့်အတိုင်း ဖြေဆိုပြီးလျှင်၊ တဿဝဘာဝီနှင့် တဿဝဘာဝီဘာဝတို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ သတ္တဝါများကို တိရစ္ဆာန်, လူ, နတ်, ဗြဟ္မာဟူ၍ ဘဝအဆင့်အတန်း အသီးသီး ကွဲပြားခြားနားအောင် မည်သည့်အရာများက စီမံဆောင်ရွက်ပေးနေပါသနည်း? ဋီကာအာဘော်ကျ အကျယ်တဝင့် ရှင်းလင်းဖြေဆိုခဲ့ပါ။

၉။ ဇောတို့သည်သာ အဘယ့်ကြောင့် အာသေဝနပစ္စည်းအဖြစ်သို့ ရောက်ကြပါသနည်း? ရှင်းလင်း ဖြေဆို၍၊ နာမကမ္မနှင့် အဘိလာပတို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ မုချအပွနာနှင့် ဥပစာအပွနာအရတို့ကို အကြောင်းပြချက်နှင့်တကွ ခွဲခြားပြပြီးလျှင်၊ အသုဘဘာဝနာကို ရှုမှတ်ပါက ပထမစျာန်မှအပ မည်သည့်စျာန်တို့ကိုမျှ မရနိုင်ခြင်း အကြောင်းကို ဥပမာသွင်း၍ ဋီကာလာအတိုင်း ရှင်းလင်းဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြိမ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္မိတ္တာ – စသည် နှင့်
တတ္ထ ယထာက္ကမံ ပဋမဇ္ဈာနာဒိ မဟဂ္ဂတသမာပတ္တိ – စသည်။)

၂။ (အနက် ထင်ရှားပြီ။)

၃။ အာရုံတစ်မျိုးတည်းကိုသာ အာရုံပြုသောစိတ်များနှင့် အာရုံ
စက္ခုဝိညာဏ်ဒွေသည် ရူပါရုံ၊ သောတဝိညာဏ်ဒွေသည် သဒ္ဒါရုံ၊
ဃာနဝိညာဏ်ဒွေသည် ဂန္ဓာရုံ၊ ဇိဝှါဝိညာဏ်ဒွေသည် ရသာရုံ၊
ကာယဝိညာဏ်ဒွေသည် ဖောဋ္ဌဗ္ဗာရုံ၊ လောကုတ္တရာစိတ် ၈ – ပါးသည် နိဗ္ဗာန်အာရုံ။
(အာရုံတစ်မျိုးတည်းဟူရာ၌ ကာမအာရုံတစ်မျိုးတည်း စသည်ဖြင့် ဇောန်အာရုံပြုသည်
ကို ယူလိုလျှင် ပဋ္ဌဝီသ ပရိတ္တမှိ – စသော ဂါထာအတိုင်းဖြေ။)

ရူပ အရ– အသညသတ်ကြဉ်သော ရူပ ၁၅ – ဘုံ၊

စတုဗ္ဗိဓာအရ

စက္ခုဝိညာဏာဓာတ်၊ သောတဝိညာဏာဓာတ်၊ မနောဓာတ်၊ မနောဝိညာဏာဓာတ်၊

တိဝတ္ထု အရ– စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု။

၄။ **ကာမဇောနောင် ဝေဒနာအားလျော်စွာ အပွနာဇောစေပုံ–**

သောမနဿဝေဒနာ ကာမဇောနောင် သောမနဿဝေဒနာ အပွနာဇောစေသည်။
ဥပေက္ခာဝေဒနာ ကာမဇောနောင် ဥပေက္ခာဝေဒနာ အပွနာဇောစေသည်။

ပုဂ္ဂိုလ်အားလျော်စွာ အပွနာဇောစေပုံ–

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောနောင် ကုသိုလ်
အပွနာဇောနှင့် အောက်ဖိုလ် အပွနာဇောတို့စေကြသည်။

ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာဉာဏသမ္ပယုတ်ဇောနောင် အရဟတ္တဖိုလ်အပွနာ
ဇောတို့ စေကြသည်။

သီစေလိုသော အဓိပ္ပါယ်

ကာမသွေဝ ပနေတရာ ဖြင့် –
အဟိတ်စုတိဖြစ်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂ – ပါး၊

http://www.dhammadownload.com

ဒွိဟိတ်စုတိဖြစ်သော မဟာဝိပါက်ဉာဏဝိပွယုတ်စိတ် ၄ - ပါး နှောင်
အဟိတ်ပဋိသန္ဓေဖြစ်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂ - ပါး
မဟာဝိပါက်ပဋိသန္ဓေစိတ် ၈ - ပါး အားဖြင့် ကာမပဋိသန္ဓေ ၁၀ - ပါးနှောင်းနိုင်သည်ကို သိစေပါသည်။

၅။ ဇလာဗုဇသတ္တဝါတို့အား ပဋိသန္ဓေအခါ -

အယုတ်အားဖြင့်

ကာယဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်အားဖြင့် ကလာပ် ၂- စည်း၊
အဝိနိဗ္ဘောဂရုပ် ၈ - ပါး၊ ကာယပသာဒရုပ် ၁ - ပါး၊ ဇီဝိတရုပ် ၁ - ပါး၊ ဝတ္ထုရုပ် ၁ - ပါး၊
အာကာသဓာတ် ၁ - ပါး၊ ဥပစယ, သန္ဟတိရုပ် ၂ - ပါးတို့အားဖြင့် ၁၄ - ပါး ရသည်။

အလွန်အားဖြင့်

ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊
အဝိနိဗ္ဘောဂရုပ် ၈ - ပါး၊ ကာယပသာဒရုပ် ၁ - ပါး၊ ဇီဝိတရုပ် ၁ - ပါး၊ ဝတ္ထုရုပ် ၁ - ပါး၊
ဘာဝရုပ် ၂ - ပါး၊ အာကာသဓာတ် ၁ - ပါး၊ ဥပစယ,သန္ဟတိ ၂ - ပါးအားဖြင့် ၁၆ - ပါးရ။
ဈာနင်မထိုက်သော ဥပေက္ခာ- စက္ခု,သောတ,ဃာန,ဇိဝှါဝိညာဏ်တို့၌ရှိသော ဥပေက္ခာ။
ဈာနင်ထိုက်သော ဥပေက္ခာ- ကြွင်းသောဥပေက္ခာသဟဂုတ်စိတ် ၄၇ - ပါးရှိ ဥပေက္ခာ။

၆။ လူဘဝကို ရခြင်းသည် ဝိပါကဝဋ်၌ အကျုံးဝင်။
အကြောင်း- ကမ္မဘဝကို ကမ္မဝဋ်၌သွင်းယူ၍ ဥပပတ္တိဘဝကို ဝိပါကဝဋ်၌ သွင်းယူအပ်သောကြောင့်။

(က) ဝိပဿနာ၏ အာရုံဖြစ်သောတရား
တေဘူမကသင်္ခါရတရားများ ဖြစ်သည်။

(ခ) ဝိပဿနာပရိပါကဟူသည် -
အကြိမ်ဖန်များစွာဖြစ်ခြင်းအားဖြင့် ရင့်ကျက်ခြင်းသဘောဖြစ်သော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ခြင်း ဖြစ်သည်။

(ဂ) ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူသည် -
ထိုက်သည်အားလျော်စွာ အပါယ်စသည်မှလည်း ကောင်း,သင်္ခါရနိမိတ်စသည်မှလည်းကောင်း ထမြောက်တက်သောကြောင့် ဝုဋ္ဌာနဟုဆိုအပ်သော မဂ်သို့

http://www.dhammadownload.com

သွားရောက်တက်သော အနုလောမဉာဏ်နှင့်တကွဖြစ်သော သခ်ါရုပေက္ခာဉာဏ် ဖြစ်သည်။

၇။ **ဗောဇ္ဈင်၏ အဓိပ္ပါယ်နှစ်မျိုး**

သစ္စာလေးပါးတရားတို့ကို သိတတ်သော ယောဂါဝစရပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် ဗောဇ္ဈင်မည်သည်။

(တနည်း) သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောဓမ္မသာမဂ္ဂီ၏ အကြောင်းဖြစ်သောကြောင့် ဗောဇ္ဈင်မည်သည်။

တမ္ဘာဝဘာဝီ ဟူသည်– အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်ခြင်းသဘောရှိသော သခ်ါရစသောအကျိုးတရားများဖြစ်သည်။

တမ္ဘာဝဘာဝီဘာဝ ဟူသည်– ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်ခြင်း သဘောရှိသော သခ်ါရစသော အကျိုးတရားတို့၏ ဖြစ်ခြင်းသဘောတရားဖြစ်သည်။

၈။ သတ္တဝါများ ဘဝအဆင့်အတန်းအသီးသီးကွဲပြားခြားနားအောင်
ပုညာဘိသခ်ါရ ဟူသော မဟာကုသိုလ်စိတ် ရူပကုသိုလ်စိတ်တို့၌ရှိ စေတနာ၊
အပုညာဘိသခ်ါရ ဟူသော အကုသိုလ်စိတ်၌ရှိသော စေတနာ၊
အာနေဉ္ဇာဘိသခ်ါရ ဟူသော အရူပကုသိုလ်စိတ်၌ရှိသော စေတနာ ဟူသောသခ်ါရတရားတို့က စီမံဆောင်ရွက်သည်။

၉။ **အာသေဝနပစ္စည်းတပ်ကြောင်း**

ဝိပါက်ဟူသော အဗျာကတသည် ကံကြောင့်ဝိပါက်အဖြစ်သို့ရောက်သည်ဖြစ်၍ ကံ၏အဟုန်သည် ပစ်ချအပ်သည်ဖြစ်၍ကျရောက်သကဲ့သို့ဖြစ်ရကား မိမိ၏ သဘောကိုယူစေ၍ အခြားစိတ်ကို မဖြစ်စေနိုင်သောကြောင့်လည်းကောင်း၊

မိမိသည်လည်း ရှေးဝိပါက်၏အာနုဘော်ကို ယူ၍ မဖြစ်သောကြောင့်လည်းကောင်း ဖြစ်သည်။

နာမကမ္မနှင့် အဘိသင်္ခါရ

နာမကမ္မဟူသည် အနက်၌ညွတ်သည်ဖြစ်၍ ပြုအပ်သည်၏အဖြစ်ဟူသော အမည်ပင် ဖြစ်သည်။

http://www.dhammadownload.com

အဘိလာပဟူသည် ရှေးရှုခေါ်ဝေါ်အပ်သော အသံအဖြစ်သို့ရောက်သော အက္ခရာအပေါင်း၏ အစဉ်ဖြစ်သည်။

၁၀။ **မုချအပ္ပနာ**– ဝိတက်၊
အကြောင်း– ယှဉ်ဘက်တရားတို့ကို အာရုံသို့ သွင်းတတ်သကဲ့သို့ဖြစ်သောကြောင့်။
ဥပစာအပ္ပနာ– မဟဂ္ဂုတ်,လောကုတ္တရာစျာန်တရားများ။
အကြောင်း– အပ္ပနာမည်သော ဝိတက်ဟူသော အဦးအစရှိသောကြောင့်။

ဒုတိယစျာန်စသည် မရနိုင်ခြင်းအကြောင်း

ဥပမာအားဖြင့် ကြမ်းတမ်းသော ရေအယဉ်ရှိသောမြစ်ပြင်၌ ထိုးဝါး၏အစွမ်းကြောင့်သာ လှေသည်တည်နိုင်သကဲ့သို့ အသုဘဘာဝနာသည် စက်ဆုပ်ဖွယ်အာရုံရှိသောကြောင့် ထိုစက်ဆုပ်ဖွယ်အာရုံ၌ ဝိတက်၏အစွမ်းဖြင့်သာလျှင် စိတ်ဖြစ်နိုင်သောကြောင့်။

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရခိုင်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်၊ (၄- ၄-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ မဂ္ဂင်္ဂဝိထိအတွင်း၌ပါရှိသော ကာမဇောတို့ပြုသော အာရုံတို့ကို ပြဆိုသည့် စုကျိုယပါဠိတို့ကို ပါဠိရေးသား ဖြေဆိုခဲ့ပါ။

၂။ နာမ်သည်နာမ်ရုပ်အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံပြ ပါဠိရပ်တို့ကို ပစ္စည်း+ ပစ္စယုပ္ပန်ပစ္စယသတ္တိပေါ်လွင်စေလျက် အနက်ယောဇနာပြခဲ့ပါ။

၃။ စိတ္တေန သမမုဒ္ဒိသေ– ဟူသောစကားနှင့်အညီ မာနစေတသိက်၏ယှဉ်ရာ စေတသိကဓမ္မများကို ကောက်ပြပြီးလျှင်၊ ထိတ်လန့်ဖွယ်ရာအသံကို ကြားရသောအခါ ဖြစ်ပေါ်လာနိုင်သော ဝီထိစိတ်အစဉ်ကို ဖြေဆိုလျက်၊ ရှုပ,အရှုပဘုံတို့၌ အဘယ်ပသာဒများ မရှိသောကြောင့် အဘယ်ဝီထိစိတ်တို့ မရထိုက်ပါသနည်း ခွဲခြားဖြေဆိုပါ။

၄။ စုတိ၏ အနန္တရပစ္စယုပ္ပန်ဖြစ်သောတရားကို ဖြစ်စေတတ်သောတရား, ၄င်းအနန္တရပစ္စယုပ္ပန္နဓမ္မနှင့် သမ္ပယုတ်ဖြစ်သောတရားတို့ကို ကောက်ပြပြီးလျှင်၊ (က) စကားပြောရယ်မောသံ၊ (ခ) တီးမှုတ်သံတို့သည် မည်သည့် ရုပ်ဖြစ်ကြောင်းတရားကြောင့် ဖြစ်ပါသနည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၅။ လောကီကုသိုလ်, အကုသိုလ်၌ရှိသော စေတနာကို အရကောက်ရသည့် သခ်ါရနှင့်ကမ္မ ဘဝအထူးကို သင်ဟကျမ်းနှင့်အညီ ဖြေဆို၍၊ လောက၌ အလွန်အကျူးအထူးသိတတ် သောသူကို အကြားအမြင်ရသူဟု ပြောကြရာ အဘယ်တရားထူးတို့ကို ရရှိသောကြောင့် အကြားအမြင်ရပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း ဖြေဆိုပြီးလျှင်၊ ၎င်းအကြားအမြင်ထူးတရားများ ကိုလည်း ဖြေဆိုခဲ့ပါ။

၆။ တရားအားထုတ်လျက်ရှိသောယောဂီအား တရားရင့်ကျက်လာသည့်အခါ ဖြစ်ပေါ်လာ သော ဥပစာရဘဝနာမျှသာ ရရှိနိုင်သောကမ္မဋ္ဌာန်းများကို ဖော်ပြပြီးလျှင်၊ ပဋ္ဌမဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းတို့ကိုလည်း သင်ဟထောက် ကောက်ပြခဲ့ပါ။

၇။ ကာမစ္ဆန္နီဝရဏ–၌ ကာမအရ၊ အညတာဝိန္ဒြိယ်–၌ အညာတာဝီအရတို့ကို ဋီကာလာ အတိုင်း ကောက်ပြ၍၊ ဝိညာဏာဟာရ၏ ဆောင်အပ်သောတရားတို့ကိုလည်း ရေးသား ခဲ့ပါ။

၈။ သတိပဋ္ဌာန်တရားတို့သည် အဘယ်တရားတို့၌ အဘယ်သညာဝိပလ္လာသကို ပယ်ပါ သနည်း ဖြေဆို၍၊ အဝိဇ္ဇာကြောင့် သခ်ါရဖြစ်သည်ဟု ဆိုရခြင်းအကြောင်းကိုလည်း ဋီကာ အလိုက္ခ ရေးခဲ့ပါ။

၉။ ပစ္စာဏတပစ္စည်း၏ သဘောကို ဥပမာနှင့်တကွ ရေးသား၍၊ မဂ်ဏော၏ အာသေဝနပစ္စည်း မတပ်ရခြင်းအကြောင်းကိုလည်း ဋီကာလာအတိုင်း ဖြေဆိုပါ။

၁၀။ ဝိတက်ကို အပွနာဟု ခေါ်ရခြင်းအကြောင်းကို ရေး၍၊ အနုလောမဉာဏ်–၌ အနုလောမ လျော်၏ဟူသည် အဘယ်တရားတို့အား လျော်ပါသနည်း ဋီကာလာအတိုင်း ဖြေဆိုပါ။

၁၂။ ရခိုင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်ဟဘာသာ

၁။ (ကမ္မဋ္ဌာန်းပိုင်း စာပိုဒ် (၅၅ – ၅၇)တို့ကို ရေး။
(ပကိဏ်းပိုင်း ၅၈ – ၅၉)တို့လည်းရ။)

၂။ (အနက်ထင်ရှားပြီ။)

http://www.dhammadownload.com

၃။ **မာနစေတသိက် ယှဉ်ရာစေတသိက်များ**

အညသမာန်းစေတသိက် ၁၃ – ပါး၊ အကုသလသာမာရဏာစေတသိက် ၄ – ပါး၊ လောဘ ထိန မိဒ္ဓ ၃ – ပါးအားဖြင့် စေတသိက် ၂၀ – ပါးယှဉ်။

ထိတ်လန့်ဖွယ် အသံကို ကြားရာအခါဖြစ်နိုင်သော စိတ်အစဉ်

အတီတဘဝင် ဘဝင်္ဂစလန ဘဝဂုံပစ္ဆေဒ ပဥ္စဒ္ဒါရာဝဇ္ဇန်း အကုသလဝိပါက် သောတဝိညာဏ် သမ္ပဋိစ္ဆိန်း သန္တီရဏ ဝုဋ္ဌော ဒေါသမူဏော ခုနစ်ကြိမ် တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးလျှင် ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

ရူပဘုံ၌– ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ တို့မရှိသောကြောင့် ဃာန ဒွါရိကဝီထိစိတ် ဇိဝှါဒွါရိကဝီထိစိတ် ကာယဒွါရိကဝီထိစိတ်တို့ မရထိုက်။

အရူပဘုံ၌– ပသာဒရုပ်နှင့်တကွ ရုပ်အားလုံး မရသောကြောင့် အလုံးစုံသော ပဥ္စဒွါရိကဝီထိ စိတ်တို့ မရထိုက်။

၄။ စုတိ၏ အနန္တရပစ္စယုပ္ပန်ဖြစ်သော ပဋိသန္ဓေစိတ်ကို ဖြစ်စေတတ်သော တရားကား – လောကီကုသိုလ်စိတ် ၁၇ – ပါး, အကုသိုလ်စိတ် ၁၂ – ပါးရှိ စေတနာဖြစ်သည်။

ပဋိသန္ဓေနှင့် သမ္ပယုတ်ဖြစ်သောတရား

ပဋိသန္ဓေစိတ် ၁၉ – ပါးတို့၌ အညသမာန်းစေတသိက် ၁၃ – ပါး၊ ဝိရတီ,အပ္ပမညာ ကြဉ်သော သောဘနစေတသိက် ၂၀ – ပါးတို့ ရထိုက်သည်အားလျော်စွာ ယှဉ်ကြသည်။

(က) စိတ်ကြောင့်ဖြစ်သည်။

(ခ) ဥတုကြောင့်ဖြစ်သည်။

၅။ **သခ်ါရနှင့် ကမ္မဘဝအထူး**

အတိတ်စေတနာသည် သခ်ါရ၊ ပစ္စုပ္ပန်စေတနာသည် ကမ္မဘဝ။

အကြားအမြင်ရပုဂ္ဂိုလ်ဟု ခေါ်ကြောင်း

အဘိညာဉ်၏ အစွမ်းဖြင့်ဖြစ်သော ရူပါဝစရပဉ္စမစျာန်ကို ရရှိသောကြောင့်။

အဘိညာဉ်တရားများ

ဣဒ္ဓိဝိဓအဘိညာဉ် ဒိဗ္ဗသောတအဘိညာဉ် ပရစိတ္တဝိဇာနနအဘိညာဉ် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ် တို့ဖြစ်သည်။

http://www.dhammadownload.com

၆။ **ရနိုင်သောကမ္မဋ္ဌာန်းများ**

ဗုဒ္ဓါနုဿတိ စသော အနုဿတိ ၈ – ပါး၊ အာဟာရေပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန်အားဖြင့် ၁၀ – ပါးဖြစ်သည်။

ပဉ္စမစျာန် ရစေနိုင်သော ကမ္မဋ္ဌာန်းများ–

ကသိုဏ်းပညတ် ၁၀ – ပါး၊ အာနာပါနပညတ် ၁ – ပါး၊ ဥပေက္ခာ၏ အာရုံဖြစ်သော သတ္တဝါ ပညတ် ၁ – ပါး အားဖြင့် ၁၂ – ပါးဖြစ်သည်။

သင်္ဂဟ– တတ္ထာပိ ဒသကသိဏာနိ အာနာပါနဉ္စ ပဉ္စကဈာနိကာနိ။

ဥပေက္ခာ ပဉ္စမဈာနိကာ။

၇။ **ကာမအရ**–ကာမဂုဏ် ၅–ပါးတို့၌ လွန်ကဲသောရာဂဟူသော ကိလေသာကာမကို ရသည်။

အညာတာဝိအရ – သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိပြီးသော ရဟန္တာပုဂ္ဂိုလ် ကိုရသည်။

ဝိညာဏာဟာရသည်– သဟဇာတ်ဖြစ်သော နာမ်,ရုပ်တရားတို့ကို ဆောင်သည်။

၈။ သတိပဋ္ဌာန်တရားတို့သည် ကာယ,ဝေဒနာ,စိတ္တ,ဓမ္မတို့၌ သုဘ, သုခ, နိစ္စ, အတ္တ သညာဝိပလ္လာသတို့ကို အစဉ်အတိုင်း ပယ်သည်။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည် ဟုဆိုခြင်းအကြောင်း

အဝိဇ္ဇာနုသယကိန်းသော သေက္ခ,ပုထုဇဉ်တို့၏သန္တာန်၌ သင်္ခါရတရားသည် အကျိုး ကိုဖြစ်စေခြင်းသဘောတရားအဖြစ်ဖြင့် ဖြစ်သောကြောင့်။

၉။ **ပစ္စာဇာတပစ္စည်းဟူသည်**

ပစ္ဆာဇာတပစ္စည်းဟူသော အကြောင်းတရားမရှိလသော် အစဉ်သန္တာန်တည်ခြင်း၏ အကြောင်းအဖြစ်သို့ မရောက်သော ရုပ်အပေါင်းကို ထောက်ပံ့ပေးသည်အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသဘောရှိသည်။

ဥပမာအားဖြင့် လင်းတငယ်တို့၏ ခန္ဓာကိုယ်အား ကျေးဇူးပြုတတ်သော အာဟာရ ၌ တွယ်တာသော စေတနာနှင့်တူသည်။

အာသေဝနပစ္စည်း မတပ်ရကြောင်း

မင်းဇောသည် ဇာတ်ကွဲသော ဖိုလ်ဇောတရား၏ ရှေ့သွား ဖြစ်သဖြင့် ဖိုလ်ဇောကို အာသေဝနဂုဏ် မယူစေနိုင်သောကြောင့် အာသေဝနပစ္စည်း မတပ်ပါ။

http://www.dhammadownload.com

၁၀။ **ဝိတက်ကို အပွနာ ဟုခေါ်ကြောင်း**

ယှဉ်ဘက်တရားတို့ကို အာရုံသို့သွင်းတက်သကဲ့သို့သဘောရှိသောကြောင့် ဖြစ်သည်။

လျော်၏ – ဟူသည်

ရှေးဖြစ်သော ကိုးပါးသောဉာဏ်တို့၏ ကိစ္စပြီးခြင်းအားလည်းကောင်း, အထက်ဖြစ်သော မဂ်ခဏ၌ ၃၇ – ပါးသော ဗောဓိပက္ခိယတရားတို့အားလည်းကောင်း လျော်သည်။

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၇)ရက်၊ (၂၉-၃-၂၀၁၂) ကြာသပတေးနေ့။

၁။ ကမ္မပစ္စည်း နှစ်မျိုးတို့၏ ကျေးဇူးပြုပုံပြ သင်္ဂဟပါဠိစကားရပ်ကို ပစ္စည်း+ ပစ္စယုပ္ပန် ပေါ်လွင်ထင်ရှားစေလျက် နိဿည်းကျကျ အနက်ပေးပြပါ။

၂။ ဝိပဿနာနှင့် စပ်၍ မဂ်၏ သုညတဝိမောက္ခစသော အမည်သုံးမျိုး ရပုံနှင့် မဂ်, ဝိပဿနာတို့နှင့်စပ်၍ ဖိုလ်၏ သုညတဝိမောက္ခစသော အမည်သုံးမျိုးစီရပုံကို ပြဆိုသည့် သင်္ဂဟပါဠိရပ်တို့ကို ကုန်စင်အောင် ပါဠိရေးပြပါ။

၃။ အရှုပဗြဟ္မာကြီး၏ သန္တာန်၌ ရနိုင်သော အဟိတ်စိတ်ကို ယှဉ်ရာသမ္ပယုတ္တဓမ္မနှင့် ဖော်ပြ၍၊ ၎င်းစိတ်ကိုလည်း ပကိဏ်းပိုင်းလာ ဝေဒနာဒိဆက္ကဖြင့် ဝေဖန်ပြပါ။

၄။ မဂ်စိတ်နှင့်ဖြစ်ရာ အကြိမ်အရေအတွက်တူသော တရားတို့ကို ဖော်ပြ၍၊ ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇောနောင် နှောင်းနိုင်သော အပွနာဇောတို့ကို ဖြေဆိုပြီးလျှင်၊ ပဋိဃဇဝနတဒါရမ္မဏဝဇ္ဇိတာနိ – ၌ ဝဇ္ဇိတတဒါရမ္မဏ, အဝဇ္ဇိတတဒါရမ္မဏတို့ကိုလည်း ဖော်ပြပါ။

၅။ သန္တသိတနတ်သား၏ သက်တမ်းကို လူတို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြ၍၊ တဏှာနုသယမူလကေန သခ်ါရေန ဇနိယမာနံ – ဝယ် သခ်ါရအရတွင် မပါဝင်သော သခ်ါရကို ပါဠိသာဓကထောက်ကာ ကောက်ပြီးလျှင်၊ ရုပ်ခန္ဓာကိုယ်ကြီးအား (က) မဖြစ်စေနိုင်သော ကံတရားများ၊ (ခ) မဖြစ်စေနိုင်သော စိတ်များကိုလည်း ဖော်ပြပါ။

၆။ သံယောဇဉ်မမည်သော ကိလေသာများနှင့် လောကီ, လောကုတ္တရာတရား ကိုယ်နှစ်မျိုးပါ

http://www.dhammadownload.com

ဝင်သော ကွန်ရှေ့တို့ကို ဖော်ပြ၍၊ (က) ဓမ္မာရမ္မဏ၊ (ခ) ဓမ္မာနုပဿနာ၊ (ဂ) ဓမ္မာယတန် တို့တွင် ပါဝင်သော ဓမ္မအရတို့ကိုလည်း တိကျစွာ ကောက်ပြပါ။

၇။ မာန စသော တရားတို့လည်း ဘဝင်နှင့် ဂေါတြဘူတိုင်အောင် ဖြစ်ကြကုန်လျက် လောဘ, ဒိဋ္ဌိ, မောဟတို့ကိုသာ အာသဝ-ဟု ခေါ်ရခြင်း၏အကြောင်းကို ဖြေဆို၍၊ အဖွဲ့တို့ကာယ တန ချင်းတူသောကြောင့် ကာယိန္ဒြေ၏ အခြားမဲ့၌ မနိန္ဒြေကို ဟောသင့်လျက် အဘယ် အကျိုးငှါ ဇီဝိတိန္ဒြေ၏ အခြားမဲ့၌ ဟောပါသနည်း? ဦးကာကျော်အလိုကျ ဖြေဆိုပါ။

၈။ သစ္စဝိမုတ်တရားတို့ကို အကြောင်းပြကာ သစ္စာလေးပါး၌ သွင်းပြ၍၊ ဇာတိ, ဇရာ, မရဏ-တို့၏၊ သဘောအဓိပ္ပါယ်ကိုလည်း ဦးကာကျော် အလိုကျအောင် ဖြေဆိုပါ။

၉။ အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏၊ အထူးကို ရေး၍၊ ပုရိမာနိ ဇဝနာနိ-၌ ယူသင့်သော ဇော, မယူသင့်သောဇောတို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၁၀။ အပုနာဘာဝနာ၌ အပုနာအရကို အကြောင်းပြကာ မုချ, ဥပစာအားဖြင့် ခွဲခြားကောက်ပြ၍၊ ဒိဋ္ဌဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၏ ထူးခြားဟန်ကိုလည်း သစ္စာအားဖြင့် ခွဲခြား ဖြေဆိုပါ။

၁၃။ ရန်ကုန်တိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (အနက်ထင်ရှားပြီ။)

၂။ (ပါဠိထင်ရှားပြီ။)

၃။ အရှုပမြဟ္မာကြီး ရနိုင်သော အဟိတ်စိတ်- မနောဒွါရာဝဇ္ဇန်းစိတ်၊

ယှဉ်ရာသမ္ပယုတ္တဓမ္မ

ဆန္ဒ,ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁ - ပါး။

ဝေဒနာ- ဥပေက္ခာဝေဒနာ၊ ဟိတ်- အဟိတ်၊

ကိစ္စ- အာဝဇ္ဇနကိစ္စ,ဝေါဋ္ဌပ္ပနကိစ္စ၊ ဒွါရ- ခြောက်ဒွါရ၊

အာရုံ- အလုံးစုံကိုအာရုံပြု၊ ဝတ္ထု- ဟဒယဝတ္ထုကို ရံခါမှီ/ရံခါမမှီ။

http://www.dhammadownload.com

၄။ **အကြိမ်အရေအတွက်တူသောတရား**

အာဒိကမ္မိကစျာန်ဈော,အဘိညာဉ်ဈော,နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်ဈောများ ဖြစ်ကြသည်။

မဟာကြီယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်နောင် နှောင်းနိုင်သော အပုနာ- ရှုပကြိယာ သောမနဿစျာန်ဈော ၄ -ပါး၊ အရဟတ္တဖိုလ် သောမနဿစျာန်ဈော ၄ -ပါး အားဖြင့် ၈ -ပါးနှောင်းနိုင်။

ဝဇ္ဇိတ တဒါရမ္မဏ- မဟာဝိပါက်တဒါရုံ ၈ -ပါး၊

အဝဇ္ဇိတ တဒါရမ္မဏ- သန္တီရဏ တဒါရုံ ၃ -ပါး။

၅။ လူတို့၏ နှစ်အရေအတွက်အားဖြင့် - ၅၇ -ကုဋေ အနှစ် ၆ -သန်း။

မပါဝင်သော သခ်ၤါရ- မဂ်စိတ် ၄ -ပါးရှိ စေတနာ ။

ပါဠိသာဓက- အဝိဇ္ဇာနုသယပရိကိ္ခတ္တေန တဏှာနုသယမူလကေန သခ်ၤါရေန။

(က) (ခ)- (ကချင် ၄-ရွာ)

၆။ **သံယောဇဉ်မမည်သော ကိလေသာ-** ထိန,အဟိရိက,အနောတ္တပ္ပ။

တရားကိုယ်ပါဝင်သော ဏ္ဍန်ဒြေများ

ဇီဝိတိန္ဒြေ, မနိန္ဒြေ, သောမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့ဖြစ်သည်။ (အချို့က ပညိန္ဒြေကို လောကီတိဟိတ်ရှိ ပညာဟု ကောက်လိုကြ၏)

(က) ပသာဒရုပ် ၅- ပါး၊ သုခုမရုပ် ၁၆- ပါး၊ စိတ် ၈၉- ပါး၊ စေတသိက် ၅၂- ပါး၊ နိဗ္ဗာန်၊ ပညတ်။

(ခ) သညာက္ခန္ဓာ, သခ်ၤါရက္ခန္ဓာ။

(ဂ) စေတသိက် ၅၂- ပါး၊ သုခုမရုပ် ၁၆- ပါး၊ နိဗ္ဗာန်။

၇။ ငါ, ငါ့ဥစ္စာဟုယူခြင်း၏အစွမ်းဖြင့် အလွန်ပျံနှံ့တတ်သောကြောင့်လည်းကောင်း၊ မူးယစ်အောင့် ပြုတတ်သောကြောင့်လည်းကောင်း လောဘ ဒိဋ္ဌိ မောဟတို့ကိုသာ အာသဝ ဟုခေါ်သည်။

ဇီဝိတိန္ဒြေ၏ အခြားမဲ့၌ ဟောကြောင်း

အခြားသော နာမ်ဏ္ဍန်ဒြေတို့နှင့် အတူတကွ တပေါင်းတည်းပြခြင်း အကျိုးငှါ ဇီဝိတိန္ဒြေ၏ အခြားမဲ့၌ ဟောတော်မူသည်။

http://www.dhammadownload.com

၈။ မဂ္ဂင် မဂ္ဂပရိယာပန္နံ- ဟုဟောတော်မူသောကြောင့် ဖိုလ်စိတ်လေးပါးရှိ မဂ္ဂင်တရားကိုယ် ၈-ပါးတို့ကို မဂ္ဂသစ္စာ၌ သွင်း။

ကြွင်းသော မဂ်စိတ္တုပ္ပါတ် ၂၉-ပါး, ဖိုလ်စိတ္တုပ္ပါဒ် ၂၉-ပါးတို့ကို သခ်ၤါရဒုက္ခ အဖြစ်ဖြင့် တူသောကြောင့် ဒုက္ခသစ္စာ၌ သွင်း။

ဇာတိ- ထိုထိုသတ္တဝါတို့၏ ထိုထိုဂတိစသည်တို့၌ အတ္တဘောကို ရခြင်းသဘောသည် ဇာတိ မည်၏။

ဇရာ- ထိုအခြင်းအရာအားဖြင့် ဖြစ်ပြီးသော အတ္တဘော၏ ဟောင်းနွမ်းသည်၏ အဖြစ်သည် ဇရာ မည်၏။

မရဏ- ဘဝတစ်ခုဖြင့် ပိုင်းခြားအပ်သော ဤအတ္တဘော၏ အဆုံးသည် မရဏ မည်၏။

၉။ **အတ္ထိပစ္စည်း အဝိဂတပစ္စည်းအထူး**

မိမိ၏ ပရမတ္ထအထည်ကိုယ် ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည် အတ္ထိပစ္စည်း၊

ချုပ်ခြင်းသို့ မရောက်ခြင်း၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည် အဝိဂတပစ္စည်း၊ ဤသို့ထူးသည်။

ယူသင့်သော ဇော, မယူသင့်သော ဇော- (မကွေး ၉-ရှ)

၁၀။ **မုချ, ဥပစာ ခွဲခြားကောက်-** (မွန် ၁၀-ရှ)

ထူးခြားဟန်

ဒိဋ္ဌဝိသုဒ္ဓိသည် ဒုက္ခသစ္စာဖြစ်သော ရုပ် နာမ်တို့ကို ပိုင်းခြားသိ။

ကခ်ၤိဝိတရဏဝိသုဒ္ဓိသည် ရုပ် နာမ်၏အကြောင်းဖြစ်သော သမုဒယသစ္စာကို ပိုင်းခြားသိ။ ဤသို့ထူးသည်။

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/ တောင်ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၃)ရက်၊ (၄-၄-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ အတူတကွ မဖြစ်ကြသော်လည်း ကျေးဇူးပြုနိုင်ပုံပြု စုဏ္ဏိယပါဠိနှင့် ကာမရာဂစိတ် မကုန်သေးသော အရိယာပုဂ္ဂိုလ်များကို ပြသော စုဏ္ဏိယပါဠိတို့ကို ပါဠိရေးပြခဲ့ပါ။

http://www.dhammadownload.com

၂။ အိုနာသေဘေးမှ လွတ်မြောက်ရေးကို မျှော်ကာတွေး၍ ဝိပဿနာတရား ကြိုးစားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဉာဏ်စဉ်ကိုးပါး ဖြစ်ပေါ်လာပုံကို ပြဆိုသော စုဏ္ဏိယပါဠိကို ကျွန်စွာ အနက်ပေးပြခဲ့ပါ။

၃။ စိတ်ပုံ့လွှင့်နေသော ပုဂ္ဂိုလ်အား ဖြစ်နိုင်သော စေတသိက်ကို သမ္မယုတ်ဖြစ်သောစိတ်နှင့်တကွ ဖော်ပြ၍၊ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်၏ ကိစ္စ, အာရုံ, ဝတ္ထုတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ စျာန်, မဂ်, ဖိုလ်တရားများကို အစဆုံးအားထုတ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာနိုင်သော ဇောများနှင့် အကြိမ်တို့ကို ဖော်ပြ၍၊ ရူပဖြဟ္မာတို့၏ ပဋိသန္ဓေစိတ်ကိုလည်း သက်ဆိုင်ရာဘုံအလိုက် တွဲစပ်ပြခဲ့ပါ။

၅။ အကန်ဋ္ဌဘုံ၌ ဉာဏ်ထက်မြက်သော တိဟိတ်ပုထုဇဉ်များ ရှိနိုင်/ မရှိနိုင် သင်္ဂဟသာဓကပြကာ ဖြေဆိုပြီး၍၊ စကားပြောဆိုမှုကို ဖြစ်စေတတ်သော စိတ်များကိုလည်း ဖော်ပြခဲ့ပါ။

၆။ မိခင်ဝမ်းတွင်း၌ ရှိသော ကလေးငယ်တစ်ဦး၏ သန္တာန်၌ မရနိုင်သော ရုပ်များကို ဖော်ပြ၍၊ "စိတ်ထောင်းတော့ ကိုယ်ကျေ စိတ်ပျိုတော့ကိုယ်နှ" ဟူသော စကား၌ စိတ်ကို နုပျိုစေတတ်သော တရားကို ဆိုင်ရာတရားကိုယ်နှင့် တကွ ဖော်ပြပြီးလျှင်၊ နာမ်အချင်းချင်း ကျေးဇူးပြုကြသော ပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။

၇။ သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် ကုသိုလ်ကောင်းမှုပြုသော ပုဂ္ဂိုလ်အား သင့်လျော်သောကမ္မဋ္ဌာန်းကို ဖော်ပြ၍၊ ဝိပဿနာစိတ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်/ မပြုနိုင် သင်္ဂဟသာဓကပြကာ ဖြေဆိုပြခဲ့ပါ။

၈။ တမေဝ ရူပံ ပဿန္တော-၌ အဆင်းရူပါရုံကို စက္ခုပသာဒက မြင်ပါသလော? စက္ခုဝိညာဏ်က မြင်ပါသလောအကြောင်းနှင့်တကွ ဋီကာအတိုင်း ရှင်းပြ၍၊ သခ်ၤါရေန ဇနိယမာနံ-၌ သခ်ၤါရ သရုပ်ကို တရားကိုယ်များနှင့်တကွ ဖော်ပြပြီးလျှင်၊ ကလလရေကြည်၌ ပါဝင်သော ပရမတ္ထဓမ္မတို့ကိုလည်း ဖော်ပြခဲ့ပါ။

၉။ နိဗ္ဗာန်ကို မျက်မှောက်ပြုခွင့်ရသော ပုဂ္ဂိုလ်များကို မျက်မှောက်ပြုပုံ အခြင်းအရာများနှင့်တကွ ဖော်ပြ၍၊ သုတ္တန်နည်း, အဘိဓမ္မာနည်းအားဖြင့် သံယောဇဉ် ၁၀- ပါးစီ ရှိပါလျက် အဘယ်ကြောင့် "နဝသံယောဇနာ" ဟု ဆိုရပါသနည်း? ဋီကာရှင် အမြင်ဖြင့် ရှင်းပြခဲ့ပါ။

http://www.dhammadownload.com

၁၀။ ကမ္မဋ္ဌာန်းလေးဆယ်နှင့် ဘာဝနာသုံးပါးကို တွဲစပ်ပြ၍၊ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ-၌ ယထာရဟ, ပရိယာယ-တို့၏ အဓိပ္ပါယ်ကို ဖြေဆိုပြီးလျှင်၊ ဒိဋ္ဌဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ နှစ်ပါးတို့၏ အထူးကိုလည်း ဋီကာအလိုက္ခ ဖြေဆိုပြခဲ့ပါ။

၁၄။ ရှမ်းပြည်နယ်/ တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ နာနာက္ခဏိကာ စေတနာ ကမ္မဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန။
ဇော္ဍ ပန သောတာပတ္တိမဂ္ဂံ စသည်နှင့် သကဒါဂါမိမဂ္ဂံ ဘာဝေတွာ စသည်။

၂။ (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်ပုံကို ရေး။)

၃။ ဥဒ္ဒစ္စစေတသိက်၊
သမွယုတ်စိတ်- အကုသိုလ်စိတ် ၁၂ -ပါး။
ပဉ္စဒ္ဓါရာဝဇ္ဇန်းစိတ်၏-
ကိစ္စ- အာဝဇ္ဇနကိစ္စ၊ အာရုံ- ပဉ္စာရုံကို အာရုံပြု၊ ဝတ္ထု- ဟဒယဝတ္ထုကို အမြဲမှီ။

၄။ **စျာန်ဖော-** မဟဂ္ဂုတ်ကုသိုလ်စျာန် ၉ -ပါး၊ ကြိယာစျာန် ၉ -ပါးတို့သည် ၁ -ကြိမ်။
မဂ်ဖော- (အကျဉ်း) မဂ်ဖော ၄ -ပါး၊ (အကျယ်) မဂ်ဖော ၂၀ -ပါး၊ ၁ - ကြိမ်။
ဖိုလ်ဖော- (အကျဉ်း) ဖိုလ်ဖော ၄ -ပါး၊ (အကျယ်) ဖိုလ်ဖော ၂၀ -ပါး၊
အကြိမ်- နှစ်ကြိမ်, (သို့မဟုတ်) သုံးကြိမ်။

ရူပဗြဟ္မာများ၏ ပဋိသန္ဓေစိတ်

ပထမစျာန် သုံးဘုံ- ပထမစျာန် ဝိပါက်ပဋိသန္ဓေ၊
ဒုတိယစျာန် သုံးဘုံ- ဒုတိယစျာန်ဝိပါက်ပဋိသန္ဓေ၊ တတိယစျာန် ဝိပါက်ပဋိသန္ဓေ၊
တတိယစျာန် သုံးဘုံ- စတုတ္ထစျာန် ဝိပါက်ပဋိသန္ဓေ၊
ဝေဟပ္ဖိုလ်ဘုံ, သုဒ္ဓါဝါသ ၅-ဘုံ -ပဉ္စမစျာန် ဝိပါက်ပဋိသန္ဓေ။

၅။ မရှိနိုင်။
သင်္ဂီဟသာဓက- ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သမ္ဘဝတော။
စိတ်များ- မနောဒ္ဓါရာဝဇ္ဇန်း (ဝုဋ္ဌော) ကာမဖော ၂၉ -ပါး၊ အဘိညာဉ် ၂ -ပါး။

http://www.dhammadownload.com

၆။ **မရနိုင်သော ရုပ်**

သဒ္ဒရုပ် ၁ – ပါး၊ ဝိကာရရုပ် ၅ – ပါး၊ ဇရတာရုပ် ၁ – ပါး၊ အနိစ္စတာရုပ် ၁ – ပါး ။

(**မှတ်ချက်**– အဓိပ္ပါယ်တွင်းဆိုသော်လည်း ပဋိသန္ဓေအခါကို ရည်ရွယ်၍ ဖြေသည်။)

စိတ်ကို နုပျို့စေတတ်သော တရား

စိတ္တာနုပဿနာသတိပဋ္ဌာန်၊ (တစ်နည်း) သတိပဋ္ဌာန်းတရား ၄– ပါး။

ငင်းဏိ တရားကိုယ်

မဟာကုသိုလ်, မဟာကြိယာအပွနာဇောဆဗ္ဗီသင်္ခါရိသော သတိ စေတသိက်။

(တစ်နည်း) စိတ်ကို နုပျို့စေတတ်သော တရား– သောမနဿိန္ဒြေ ဖြစ်သည်။

ငင်းဏိ တရားကိုယ်– သောမနဿသဟဂုတ် ၆၂– ခုဠိရှိသော သောမနဿဝေဒနာ။

မှတ်ချက်– ဒေါမနဿဖြစ်လျှင် စိတ်မပျို့နိုင်၊ သောမနဿဖြစ်မှ စိတ်ပျို့နိုင်သည်။

နာမ်အချင်းချင်း ကျေးဇူးပြုသော ပစ္စည်းများ

အနန္တရ, သမနန္တရ, အာသေဝန, သမ္မယုတ္တ, နတ္ထိ, ဝိဂတအားဖြင့် ၆– ပစ္စည်း။

၇။ **သင့်လျော်သော ကမ္မဋ္ဌာန်း**

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းအားဖြင့် ၆ – ပါး။

နိဗ္ဗာန်ကို အာရုံပြုနိုင်/ မပြုနိုင်

ဝိပဿနာစိတ်တို့သည်–

ပရိကံ ဥပစာ အနုလုံ ကိစ္စတပ်သောအခိုက် နိဗ္ဗာန်ကို အာရုံ မပြုနိုင်၊

ဂေါတြဘု ကိစ္စတပ်သောအခိုက် နိဗ္ဗာန်ကို အာရုံပြုနိုင်။

သင်္ဂဟ သာဓက

တသ္မေဝံ ပဋိပန္နန္တသ္မ ပန ဝိပဿနာပရိပါကမာဂမ္မ "ကုဒါနိ အပွနာ ဥပ္ပဇ္ဇိဿတီ"တိ ဘဝင်္ဂ ဝေါစ္ဆိန္နဿိတ္တာ ဥပ္ပန္နမနောဒ္ဓါဂဗ္ဘနာနန္တရံ ဒွေ တီဏိ ဝိပဿနာစိတ္တာနိ ယံ ကိဉ္စိ အနိစ္စာ ဒိ လက္ခဏမာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ။

တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတ္တာ ပုထုဇ္ဇနဂေါတြမဘိဘဝန်္တ အရိယဂေါတြမဘိ သမ္ပာန္တ်ာ ပဝတ္တာတိ။

၈။ စက္ခုဝိညာဏ်က မြင်သည်။

http://www.dhammadownload.com

အကြောင်း- စက္ခုပသာဒဟူသောရုပ်သည် ကန်းသည်ဖြစ်၍ ရုပ်ကို မြင်ခြင်း၌ မစွမ်းနိုင်သောကြောင့်။

သခ်ၤါရသရုပ် နှင့် အရ

ကုသိုလ်ကံ အကုသိုလ်ကံဟူသော စေတနာကိုလည်းကောင်း၊ ကံနှင့်တကွဖြစ်သော ဖဿစသောတရားအပေါင်းကိုလည်းကောင်း၊ မရဏာသန္နဇောနှင့်တကွဖြစ်သော ကံကိုလည်းကောင်း၊ ထိုကံနှင့်တကွဖြစ်သော တရားအပေါင်းကိုလည်းကောင်း ရဏ်။ (ဤကား ဦးကာကျော် အဖွင့်အလိုတည်း၊ သာမန် သခ်ၤါရအသုံးအတိုင်းဆိုလျှင် (စစ်ကိုင်းနံပါတ် ၉- အဖြေကို ရှုလေ။)

ကလလရေကြည်၌ ပါဝင်သော ပရမတ္ထဓမ္မ

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ကာယပသာဒရုပ် ၁-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဝတ္ထုရုပ် ၁-ပါး၊ အာကာသရုပ် ၁-ပါး၊ ဥပစယ, သန္တတိအားဖြင့် လက္ခဏရုပ် ၂-ပါး ဤသို့ အားဖြင့် ပရမတ္ထ ၁၆ -ပါး ပါဝင်သည်။

၉။ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့သည် ပစ္စက္ခအားဖြင့် မျက်မှောက်ပြု။
ကလျာဏပုထုဇဉ်တို့သည် အနုမာနအားဖြင့် မျက်မှောက်ပြု။
နဝ သံယောဇနာ-ဟုဆိုကြောင်း- (ကရင် ၈-ရွှ)

၁၀။ **ကမ္မဋ္ဌာန်း လေးဆယ်နှင့် ဘာဝနာ သုံးပါးတွဲပုံ**

ပရိကမ္မဘာဝနာ- ကမ္မဋ္ဌာန်း လေးဆယ်ရ၊
ဥပစာရဘာဝနာ- ကမ္မဋ္ဌာန်း လေးဆယ်ရ၊
အပ္ပနာဘာဝနာ- ကသိုဏ်း ၁၀ -ပါး၊ အသုဘ ၁၀ -ပါး၊ အာနာပါန ၁ -ပါး၊ ကာယဂတာသတိ ၁ -ပါး၊ အပ္ပမညာ ၄ -ပါး၊ အာရုပ္ပ ၄ -ပါး အားဖြင့် ကမ္မဋ္ဌာန်း ၃၀ -ပါးရသည်။
ယထာရဟ ဟူသည် - ထိုထို အာရုံအားလျော်စွာရခြင်း ဖြစ်ခြင်း ဖြစ်သည်။
ပရိယာယ ဟူသည်- အချို့သော ဗုဒ္ဓါနုဿတိ စသောကမ္မဋ္ဌာန်းအာရုံတို့၏ မထင်ရှားသောအားဖြင့် ဖြစ်ခြင်းကြောင့် မုချအားဖြင့်ရခြင်းမဟုတ် ပရိယာယ်အားဖြင့် ရခြင်း ဖြစ်သည်။
ဒိဋ္ဌဝိသုဒ္ဓိနှင့် ကခ်ၤါဝိတရဏဝိသုဒ္ဓိ အထူး- (ရန်ကုန် ၁၀-ရွှ)

http://www.dhammadownload.com

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/ မြောက်ပိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်၊ (၄-၄-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ "သမ္မတ"ဟူသော စကားဌ ဖြစ်သင့်သော သဒ္ဒပညတ်ကို ပြဆိုသည့် စုဏ္ဏိယပါဠိနှင့် ကောင်းဆိုးနှစ်တန် ဇောအဖန်ဖန်မဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ရည်ကို ပြဆိုသည့် သင်္ဂီဟစုဏ္ဏိယပါဠိတို့ကို မှန်ကန်အောင် ရေးပြပါ။

၂။ ကမ္မဋ္ဌာန်းပိုင်းလာအဘိညာဉ်ဖြစ်ပုံပြသင်္ဂီဟစုဏ္ဏိယပါဠိကို မှန်ကန်စွာ အနက်ယောဇနာပါ။

၃။ မဟာကုသိုလ် တတိယဒွေးဌ ယှဉ်နိုင်သော စေတသိက်များကို ပါဠိထောက်၍ ကောက်ပြ ပြီးလျှင်၊ အဟိတ်စိတ် ၁၈-ပါးကို ဝိထိစဉ်အားဖြင့် စနစ်တကျ ရေတွက်ပြပါ။

၄။ တရုတ်ပြည်မှ ကြွချီတော်မူလာသော ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ခွင့်ရရှိသည့် ပုထုဇဉ် ပုဂ္ဂိုလ်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်သည့် စိတ်အစဉ်ကို ဝိထိပိုင်းအမြင်ဖြင့် သုံးသပ်တင်ပြပါ။

၅။ လေကောင်းလေသန့်သည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်နိုင်ပုံကို အဘိဓမ္မာ ရှုထောင့်မှ အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ စကားပြောကောင်းသူ၌ ရထိုက်သော ရုပ် ကလာပ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ရနိုင်သော ဣန္ဒြေတို့ကို အကြောင်းပြ ကောက်ပြပြီးလျှင်၊ ဒုက္ခသစ္စာတွင် မပါဝင်သော တေဘူမကတရားကိုလည်း ပါဠိထောက်၍ ကောက်ပြပါ။

၇။ (က) ဆဋ္ဌဘိညော၊ (ခ) ရာဇပုတ္တော-တို့သည် အဘယ်ပညတ်များ ဖြစ်ကြသည်ကို စိစစ် ပြ၍၊ အချစ်ရောဂါ စွဲကပ်နေသူများအတွက် မှီဝဲသုံးဆောင်ရမည့် ဆေးစွမ်းကောင်းများ ကိုလည်း သာဓကထုတ်ကာ ကောက်ပြပါ။

၈။ "ကံသာ အမိ, ကံသာ အဘ"ဟူသော စကားနှင့်အညီ လူတို့အား အဘယ်ကြောင့် ကံသာ လျှင် လိုရင်းပမာဏ ဖြစ်ရပါသနည်း။ ဦးကာကျော်နှင့် လျော်ညီစွာ ရှင်းလင်း ဖြေဆိုပြီးလျှင်၊ အာဟာရရုပ်က ထောက်ပံ့နိုင်သောအရာ, မထောက်ပံ့နိုင်သော အရာတို့ကိုလည်း ခွဲခြား ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၉။ ဘဝဂ်နှင့် ဂေါတြဘုတိုင်အောင် ယိုစီးတတ် ဖြစ်တတ်သည့် မာနအစရှိသော အခြားအကုသိုလ်တရားများ ရှိကြပါလျက် အဘယ်ကြောင့် လောဘ, ဒိဋ္ဌိ, မောဟတို့ကိုသာ အာသဝဟု ဆိုရပါသနည်း? ရှင်းလင်း ဖြေဆိုပြီးလျှင်၊ သခ်ါရပစ္စယာ ဝိညာဏ်-၌ ဝိညာဏ်အရ ကိုလည်း ဦးကာဆရာအာဘော်ကျအောင် ကောက်ပြခဲ့ပါ။

၁၀။ ဗုဒ္ဓါနုဿတိဟု ဆိုရာ၌ ဘုရားရှင်ကို အဖန်ဖန်အထပ်ထပ် အမှတ်ရနေခြင်းကို ဗုဒ္ဓါနုဿတိ-ဟု ဆိုလိုပါသလော? ဦးကာဆရာ မိန့်မှာသည့်အတိုင်း ရေးသားပြီးလျှင်၊ ရဟန္တာအရှင်မြတ်ကို အဘယ်ကြောင့် အဂ္ဂဒက္ခိဏေယျ-ဟု ခေါ်ဆိုပါသနည်း ရှင်းလင်း ဖြေဆိုခဲ့ပါ။

၁၄။ ရှမ်းပြည်နယ်/ မြောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ယဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနံ-စသည်နှင့် အရဟတ္တမဂ္ဂံ ဘာဝေတွာ-စသည်။)

၂။ (အနက်ထင်ရှားပြီ။)

၃။ ပီတိကြည်သော အညသမာန်းစေတသိက် ၁၂-ပါး၊ သောဘနစေတသိက် ၂၅-ပါးအားဖြင့် စေတသိက် ၃၇-ပါးယှဉ်သည်။
သင်္ဂဟပါဠိ- တတိယဒ္ဓယေ ဉာဏသမ္ပယုတ္တာ ပီတိဝဇ္ဇိတာ။
အဟိတ်စိတ် ၁၈-ပါးဝီထိစဉ်အားဖြင့်
ဝီထိစဉ်အားဖြင့် ရေတွက်ပုံ
ပဉ္စဒ္ဒါရာဝဇ္ဇန်း ဒွေပဉ္စဝိညာဏ် သမ္ပဋိစ္ဆိန်း သန္တီရဏ ဝုဋ္ဌော ဟသိတုပ္ပါဒ် ။

၄။ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, ကုသလဝိပါက် စက္ခု ဝိညာဏ်, သမ္ပဋိစ္ဆိန်း, သောမနဿသန္တီရဏ, ဝုဋ္ဌော, မဟာကုသိုလ်ဇော ခုနစ်ကြိမ်, သောမနဿတဒါရုံနှစ်ကြိမ် ဖြစ်ပြီးလျှင် ထိုနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ကြလေသည်။

၅။ ဗဟိဒ္ဓဥတုဟူသော လေကောင်းလေသန့်သည် အဇ္ဈတ္တဥတုအား ဖြစ်စေတက်သောကြောင့် လေကောင်းလေသန့်သည် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်သည်။

http://www.dhammadownload.com

ရထိုက်သော ရုပ်ကလာပ်

ဝစီဝိညတ္တိဒသကကလာပ်၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ်တို့ ရနိုင်သည်။

(စကား - ဟူသောအသုံးအနှုန်းကို ကြည့်၍ ကောက်သည်၊ စကားပြောကောင်းသူ၌ကား ပုဂ္ဂိုလ်ဖြစ်သည့်အတွက် ရုပ်ကလာပ်များစွာ ရနိုင်သည်သာ။)

၆။ **အရိယာပုဂ္ဂိုလ်တို့သန္တာန်၌သာ ရနိုင်သော ဣန္ဒြေများ**

အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ - တို့ဖြစ်သည်။

အကြောင်း- အနညာတညဿာမီတိန္ဒြေ အရ သောတာပတ္တိမဂ်ဉာဏ်၊ အညိန္ဒြေအရ အလယ်မဂ် ဖိုလ်ဉာဏ် ခြောက်ပါး၊ အညာတာဝိန္ဒြေ အရ အရဟတ္တဖိုလ်ဉာဏ်တို့ကို အရ ကောက်ရသောကြောင့်။

တေဘူမကတရား- တဏှာဟူသော လောဘစေတသိက်ဖြစ်သည်။

ပါဠို- တဏှာ သမုဒယော ဘဝေ။

၇။ (က) ဆဋ္ဌဘိညော- ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

(ခ) ရာဇပုတ္တော- အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

ဆေးစွမ်းကောင်း- (ကရင် ၆-ရှု)

ပါဠို- စရိတာသု ပန ဒသအသုဘာ ကာယဂတာသတိသင်္ခါတာ ကောဋ္ဌာသဘာဝနာ စ ရာဂစရိတဿ သပ္ပါယာ။

၈။ လူတို့သည် သက်တမ်းပမာဏသည် တခါတရံ အသင်္ချေယျကပ်တိုင်အောင်၊ တခါတရံ ဆယ်နှစ်သက်တမ်း သာ အသက်ရှိသောကြောင့်။

ထောက်ပံ့နိုင်သော အရာ /မထောက်ပံ့နိုင်သောအရာ

ဇီဝိတိန္ဒြေနှင့်တကွဖြစ်သော ခန္ဓာကိုယ်ကို ထောက်ပံ့နိုင်သည်။

ဇီဝိတိန္ဒြေမရှိတော့သော ခန္ဓာကိုယ်ကို မထောက်ပံ့နိုင်။

၉။ **အာသဝဟု ဆိုရခြင်း-** (ရန်ကုန် ၇-ရှု)

ဝိညာဏ - အရ

ပဋိသန္ဓေအခါ- ပဋိသန္ဓေကိစ္စတပ်သော ဝိပါက် ၁၉ - ပါး ရ၏။

ပဝတ္တိအခါ- လောကီဝိပါက်စိတ် ၃၂ - ပါးရ၏။

http://www.dhammadownload.com

၁၀။ ဗုဒ္ဓါနုဿတိ ဟူရာဌ် ဘုရားရှင်ကို အဖန်ဖန်အထပ်ထပ် အမှတ်ရနေခြင်းကို မဆိုလို၊ အရဟံအစရှိသော ဘုရားရှင်၏ ဂုဏ်တော်တို့ကို အောက်မေ့အမှတ်ရနေခြင်းကို ဆိုလိုသည်။

အဂ္ဂဒက္ခိဏေယျ

ရဟန္တာအရှင်မြတ်သည် အလျှုခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သောကြောင့် အဂ္ဂဒက္ခိဏေယျ – ဟုခေါ်ဆိုသည်။

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/ အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၃)ရက်၊ (၄-၄-၂၀၁၂) ဗုဒ္ဓဟူးနေ့။

၁။ မြတ်ဗုဒ္ဓ၏ ခြောက်သွယ်သော ရောင်ခြည်တော်ကို ကွန့်မြူးစေတတ်သော ပဌာန်း (၂၄) ပစ္စည်းတို့တွင် ဝိပွယုတ္တပစ္စည်း ၃-မျိုးပြ ပါဠိနှင့် နိရောဓသမာပတ်ထရကာလမှ ပစ္စဝေက္ခဏာဉာဏ် ဖြစ်သည်အတိ စိတ်အစဉ်ဖြစ်နေပုံပြ သင်္ဂဟပါဠိတို့ကို ရေးသားပြပါ။

၂။ နိမိတ်သုံးပါးတို့တွင် ပဋိဘာဂနိမိတ်ဖြစ်ပုံပြ သင်္ဂဟပါဠိကို အနက်ပေးပြပါ။

၃။ ကိုယ်တိုင် ကြိုးစားအားထုတ်မှုမရှိဘဲ စာမေးပွဲအောင်ချင်နေသူ၏ သန္တာန်၌ ဖြစ်ပေါ်သော စိတ်များကို ဖော်ပြ၍၊ ယင်းစိတ်တို့ ပြုလုပ်နေကျ ကိစ္စရပ်များကိုလည်း စိတ်နှင့်အတူ တွဲစပ်ဖော်ပြခဲ့ပါ။

၄။ ရဟန္တာတို့၏ စုတိစိတ်ကို ရေတွက်ပြ၍၊ အနာဂါမ်မှန်သမျှ သုဒ္ဓါဝါသဘုံသို့ ရောက်နိုင်, မရောက်နိုင် သင်္ဂဟသာဓကဖြင့် ဆုံးဖြတ်ပြပါ။

၅။ သတ္တဝါများကို သံသရာလည်စေတတ်သော အဓိကလက်သည်တရား၁ခုနှင့် "အဝိဇ္ဇာ" ဖြစ်ခြင်း အကြောင်းရင်းတို့ကို သင်္ဂဟပါဠိထောက် ဖြေဆိုပါ။

၆။ မေတ္တာပွါးများနေသောသူ၏ သန္တာန်၌ ရနိုင်သော စျာန်များကို သာဓကထောက်၍ ဖြေဆိုပြီးလျှင်၊ ကမ္မဋ္ဌာန်း အားထုတ်သူတို့ ပြုလုပ်ရမည့် ကျင့်ဝတ်လေးမျိုးကိုလည်း ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ "ဥပစ္ဆေဒကမရဏ"ဖြင့် မသေနိုင်သော ပုဂ္ဂိုလ်များကို ထုတ်ပြပြီးလျှင် "အဘိဏှံ ပဝတ္တာတိ ဗာဟုလ္လေန"၌ "ဗာဟုလ္လ" သဒ္ဒါထည့်ဆိုရခြင်းအကြောင်းကိုလည်း ဋီကာကျော်လာ အတိုင်း ဖြေဆိုခဲ့ပါ။

၈။ "ဖြတ္ဘာမင်း၏ ဦးခေါင်းသည် နတ်သမီးလက်သို့ ပြောင်းသည်" ဟူသော သင်္ကြန်စကား သည်အဘိဓမ္မာရှုထောင့်အရ မှန်, မမှန် အကြောင်းပြ စိစစ်၍၊ (က) စျာန်တရားများ ရနိုင်ရန်၊ (ခ) ဗိုလ်ဖြစ်နိုင်ရန်၊ (ဂ) မဂ္ဂင်ဖြစ်နိုင်ရန် အဓိကကျသော တရားတို့ကိုလည်း အသီးသီး ဖော်ထုတ်ပါ။

၉။ "ခန္ဓာ"နှင့် "ဥပါဒါနက္ခန္ဓာ"တို့၏ အထူးကို ဋီကာလာအတိုင်း ဖြေဆို၍၊ "ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝနဝသေန"၌ "ဇဝနာနိ" အရ ယူရမည့် "ဇော" တို့ကိုလည်း အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

၁၀။ အဘယ့်ကြောင့် "စိတ္တဝိသုဒ္ဓိ" မည်ပါသနည်း? ရှင်းပြ၍၊ "ယာ သိခါပတ္တာ သာ သာန လောမာသခ်ါရုပေက္ခာ ဝုဋ္ဌာ[illegible]ဂါမိနီ"ဟူသော စကားရပ်ဝယ် (က) "ဝုဋ္ဌာန"၊ (ခ)"ဂါမိနီ" မည်ခြင်း အကြောင်းတို့ကိုလည်း ဋီကာနှင့်အညီ ဖြေဆိုပါ။

၁၆။ ရှမ်းပြည်နယ်/ အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ပါဠိထင်ရှားပြီ။)

၂။ (အနက်ထင်ရှားပြီ။)

၃ လောဘမူ သသခ်ါရိကစိတ် ၄ – ပါး ဖြစ်နိုင်သည်။
ကိစ္စ– ဇောကိစ္စ။

၄။ **ရဟန္တာတို့၏ စုတိစိတ်များ**

စုတိကိစ္စတပ်သော မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ – ပါး၊ ရူပဝိပါက်စိတ် ၅ – ပါး၊ အရူပဝိပါက်စိတ် ၄ – ပါး အားဖြင့် ၁၃ – ပါး။

ရောက်နိုင်/ မရောက်နိုင်– အနာဂါမ် မှန်သမျှ သုဒ္ဓါဝါသဘုံသို့ မရောက်နိုင်။

http://www.dhammadownload.com

သင်္ဂီဟသာဓက- အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပပဇ္ဇန္တိ။
သေသဋ္ဌာနေသု လဗ္ဘန္တိ၊ အရိယာနရိယာပိစ။

၅။ အဝိဇ္ဇာနင့်တဏှာ။
သင်္ဂီဟ- အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတမ္ဗာနိ။
အာသဇဝါတရား ၄ - ပါး။
သင်္ဂီဟ- တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။
ဇရာမရဏမုစ္ဆာယ၊ ပိဠိတာနမဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ။ အဝိဇ္ဇာ စ ပဝတ္တတိ။

၆။ **ရနိင်သော စျာန်-** ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်။
သင်္ဂီဟသာဓက- မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။

ကျင့်ဝတ်လေးမျိုး

ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိ သုဒ္ဓိသီလ၊
ပစ္စသန္နိဿိတသီလ- ဟူသော ၄- မျိုးသော စတုပါရိသုဒ္ဓိသီလဖြစ်သည်။
(**မှတ်ချက်-** ပုဆ္ဆာအနေအထားကို ကြည့်လျှင် ကမ္မဋ္ဌာန်းနောက်ပိုင်း ကျမ်းရင်းပုစ္ဆာမေးလို ဟန်တူသည်၊ ထို့ကြောင့် စတုပါရိသုဒ္ဓိသီလ ၄- မျိုးကို ဖြေရခြင်း ဖြစ်သည်။)

၇။ **မသေနိင်သောပုဂ္ဂိုလ်များ**

ငရဲသားများ, မြောက်ကျွန်းသူ မြောက်ကျွန်းသားများ,အချို့သော ဘုမ္မဒိုးနတ်မှ တပါးသော နတ်များ။

ဗာဟုလ္လသဒ္ဒါထည့်ဆိုခြင်း အကြောင်း

အသညသတ်ဘုံမှ စုတေသောသူတို့အား စုတေခါနီးကာလ အာရုံနိမိတ်မထင်နိုင်သည် ဖြစ်၍ ယင်းအသညသတ်ဘုံမှ စုတေခါနီးသော ပုဂ္ဂိုလ်များကို ကြဉ်၍ယူစေလိုသောကြောင့် ဖြစ်သည်။

(တစ်နည်း) အဆောတလျင် စုတေသောပုဂ္ဂိုလ်တို့အား ဖြေးဖြေးစုတေသော ပုဂ္ဂိုလ်များကဲ့သို့ အမြဲမပြတ် အာရုံမထင်နိုင်သည်ကို သိစေလိုသောကြောင့် ဖြစ်သည်။

၈။ မမှန်။

http://www.dhammadownload.com

အလုံးစုံသော တိသမုဒ္ဒာနရုပ်တရားတို့ ဖြဟ္မာတို့ စုတေသောအခါ သေး ..သည်နှင့် တပြိုင်နက် ချုပ်ပျောက်သွားသောကြောင့်။

(က) ဝိတက်၊ (ခ) ဝီရိယ၊ (ဂ) ဟိတ် ၆ - ပါး။

၉။ **ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူး**

ခန္ဓာသည် အလုံးစုံသော ဘဘောတူတရားများကို သိမ်းယူခြင်းအကျိုးငှါ ဟောတော်မူအပ်သော အာသဝ၏ အာရုံဖြစ်သောလောကီတရား, အာသဝ၏ အာရုံမဟုတ်သော လောကုတ္တရာတရား အားလုံးတို့၏ အပေါင်းဖြစ်သည်။

ဥပါဒါနက္ခန္ဓာသည် ဝိပဿနာဉာဏ်၏ အာရုံဖြစ်သောတရားများကို ပြခြင်းအကျိုးငှါ ဟောတော်မူအပ်သော အာသဝ၏ အာရုံဖြစ်သော လောကီတရားအပေါင်းဖြစ်သည်။ ဤသို့ထူးသည်။

ယူရမည့် ဇော- (မကွေး ၉-ရှ)

၁၀။ စိတ်ကို နိဝရဏမရှိသည်၏ အဖြစ်သို့ရောက်စေခြင်း၏ အစွမ်းဖြင့် သုခံသင်ရှင်းလင်းတတ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။

(က) ထိုက်သည်အားလျော်စွာ အပါယ်စသည်မှလည်းကောင်း, သခ်ါရနိမိတ်မှ လည်းကောင်း ထတတ်သောကြောင့် မဂ်သည် ဝုဋ္ဌာနမည်သည်။

(ခ) ဝုဋ္ဌာန ဟုဆိုအပ်သော မဂ်သို့သွားရောက်တတ်သောကြောင့် သခ်ါရပေကွာဉာဏ်သည် ဂါမိနီ မည်သည်။

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက်၊ (၂၉- ၃-၂၀၁၂) ကြာသပတေးနေ့။

၁။ မဂ်လေးပါးတို့ ပယ်အပ်သောတရားတို့ကို ပြဆိုသော သင်္ဂဟပါဠိကို ရေးသားခဲ့ပါ။

၂။ အဓွန့်သုံးပါးကို ပြဆိုသော သင်္ဂဟပါဠိနှင့် ပညတ်နှစ်မျိုးကို ပြဆိုသော သင်္ဂဟပါဠိတို့ကို အနက်မှန်မှန် ရေးခဲ့ပါ။

၃။ ပဋ္ဌိဉာဏ်တို့တွင် ချမ်းသာဆင်းရဲနှင့် အတူတကွ ဖြစ်သောစိတ်တို့၏ (က) ယှဉ်ဘက်စေတသိက်၊ (ခ) ဆောင်ရွက်သောကိစ္စ၊ (ဂ) လိုက်စားသောအာရုံတို့ကို ဖော်ပြ၍ "မဂ်

http://www.dhammadownload.com

စိတ် ပေါ်ပြား တဖွားဖွား" ဟူသော စကား မှန်/မမှန် သင်ဟသာဓကနှင့်တကွ ဆုံးဖြတ်ခဲ့ပါ။

၄။ "ဒွေ စတ္တာလီသ လဒ္ဓရေ"၌ သချ်ာသရုပ်ကို ထုတ်ပြ၍၊ ဝိသမလောဘသမားတို့ လွန်ကျူးလေ့ရှိသော ဒုစရိုက်တရားများကို ဖော်ပြပြီးလျှင်၊ နတ်တို့သေဉ်နင်း သောတာပန်သိကြားမင်းကြီး၏ (က) ပဋိသန္ဓေစိတ်၊ (ခ) အသက်တမ်းတို့ကိုလည်း ဖြေဆိုပါ။

၅။ သပ္ပစ္ဆယံ- အရ ပါဝင်ခွင့်မရှိသော ရုပ်တို့ကို သာဓကနှင့်တကွ ညွှန်ပြ၍၊ ကလာပ် ၂၁- စည်းလုံး၌ ပါဝင်သောရုပ်တို့ကို တစ်ခုစီရေတွက်ပြပြီးလျှင်၊ ဣန္ဒြေ ၂၂- ပါးတို့တွင် (က) ရုပ်ဣန္ဒြေ၊ (ခ) နာမ်ဣန္ဒြေတို့ကိုလည်း အစဉ်တကျ ခွဲခြားတင်ပြခဲ့ပါ။

၆။ ဝိသတာကာရ တိသန္ဓိ စတုသခ်ံပါ စ ဘဝင်္ဂိ- ၌ တိသန္ဓိ, စတုသခ်ံပ- အရတို့ကို တိကျစွာ ညွှန်ပြ၍၊ ရာဂစရိုက်ရှိသူ၏ သဘောကို အားထုတ်ရမည့် ကမ္မဋ္ဌာန်းများနှင့်တကွ တင်ပြပြီးလျှင်၊ မိန်းမယောကျ်ား မခွဲခြားဘဲ အားလုံးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းများကိုလည်း ဖော်ပြခဲ့ပါ။

၇။ အာဝဇ္ဇန်းဌေး၏ ဇောကိစ္စမတပ်ရခြင်းအကြောင်းကိုလည်းကောင်း၊ အရှုပါဝစရ စိတ်ချင်းတူပါလျက်နှင့် မဟဂ္ဂုတ်, ပညတ်အာရုံအားဖြင့် ကွဲပြားရခြင်း အကြောင်းကိုလည်းကောင်း ဦးကာကျော်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၈။ "အဝသေသာနိ လဒ္ဓန္တိ ဇဝနာနိ ဗဟူနိပိ" ပါဠိ၌ စျာန်ဇော, ဖိုလ်ဇောတို့ကို အဘယ့်ကြောင့် အကြိမ်များစွာ ရအပ်ကုန်၏ဟု သင်ဟဆရာ ဆိုရခြင်းအကြောင်းကိုလည်းကောင်း၊ သုဒ္ဓါဝါသငါးဘုံ ပြားရခြင်းအကြောင်းကိုလည်းကောင်း ဦးကာကျော်အလိုကျ ဖြေဆိုခဲ့ပါ။

၉။ (က) သဘာဝရုပ်၊ (ခ) သလက္ခဏရုပ်၊ (ဂ) သမ္မသနရုပ်တို့၏ အဓိပ္ပါယ်ကို ဦးကာကျော်လာသည့်အတိုင်း ဖြေဆို၍၊ ခန္ဓာငါးပါးရှိပါလျက် အဘယ့်ကြောင့် ဥပါဒါနက္ခန္ဓာငါးပါးကို ထပ်၍ ဟောရပါသနည်း? ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၁၀။ ဂေါတြဘူ, ဝေါဒါန်တို့သည် ဘုံ, အာရုံ စသည် ကွဲပြားသောမဂ်အား အဘယ့်ကြောင့် အာသေဝနပစ္စည်း တပ်ရသည်ကို ဦးကာအမြင်ဖြင့် အဖြေတင်ပြပြီး၊ ယထာ ကမ္မူပဂ အဘိညာဏ်၏ အာရုံကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၁၇။ ဧရာဝတီတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဇတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ – စသော ပါဠိရပ်များ။)

၂။ (အနက်ထင်ရှားပြီ။)

၃။ ကာယဝိညာဏ်စိတ် ၂ – ပါးတို့၏
(က) ယှဉ်ဘက်စေတသိက် – သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ – ပါး၊
(ခ) ဖုသနကိစ္စ၊
(ဂ) ဖောဋ္ဌဗ္ဗာရုံ၊

မှန်/ မမှန်

မဂ်စိတ်ပေါ်ငြား၊ တဖွားဖွား – ဟူသော စကား မမှန်။
သင်္ဂဟသာဓက– စတ္တာရော ပန မဂ္ဂပ္ပါဒါ ဇကိစ္စာကွဏိကာ။

၄။ ဒွေစတ္တာလီသ လဗ္ဘရေ– ၌ သခ္ခေါ်ယျသရုပ် (အရှုပဘုံ၌ ရနိုင်သောစိတ်သရုပ်)
လောဘမူစိတ် ၈–ပါး၊ မောဟမူစိတ် ၂–ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ မဟာကြိယာစိတ် ၈–ပါး၊ အရှုပကုသိုလ်စိတ် ၄ – ပါး၊ အရှုကြိယာစိတ် ၄ – ပါး၊ အထက်မဂ် ၃ – ပါး၊ ဖိုလ်စိတ် ၄ – ပါး အားဖြင့် ၄၂ – ပါးဖြစ်သည်။

လွန်ကျူးလေ့ရှိသော ဒုစရိုက်များ

လောဘမူလကြောင့် ဖြစ်သော ကာမေသုမိစ္ဆာစာရ,အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ တို့နှင့်
လောဘ ဒေါသမူလနှစ်ပါးကြောင့်ဖြစ်သော မုသာဝါဒ,ပိသုဏဝါစာ,ဖရုသဝါစာ,သမ္ဖပ္ပလာပ တို့ဖြစ်သည်။
(က) ပဋိသန္ဓေကိစ္စတပ်သော မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄–ပါးတို့တွင်တပါးပါး။
(ခ) တာဝတိံသာနတ်သက်အားဖြင့် နှစ် – ၁၀၀၀ (တစ်ထောင်)။
လူသက်အားဖြင့် နှစ် – ၃၆၀၀၀၀၀၀ (သုံးကုဋေအနှစ်ခြောက်သန်း)

၅။ **သပ္ပစ္စယ် အရ မပါဝင်သောရုပ်–** လက္ခဏရုပ် ၄ – ပါး။
သာဓက– လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိ။

http://www.dhammadownload.com

ကလာပ် ၂၁-စည်းလုံးဦ့ ပါဝင်သော ရုပ်များ

ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရ(သြဇာ)ရုပ်၊ ပထဝီဓာတ် အာပေါဓာတ် တေဇော ဓာတ် ဝါယောဓာတ် တို့ဖြစ်သည်။

(က) စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ၊

(ခ) မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ,သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ။

၆။ **တိသန္ဓိ အရ**

သခ်ၤါရနှင့် ဝိညာဏ်တို့၏ အကြားတစ်စပ်၊ ဝေဒနာနှင့် တဏှာတို့၏ အကြားတစ်စပ်၊ ဘဝနှင့် ဇာတိတို့၏ အကြားတစ်စပ်။

စတုသခ်ၤပ အရ

၁။ အဝိဇ္ဇာ သခ်ၤါရ တဏှာ ဥပါဒါန် ကမ္မဘဝ အားဖြင့် အတိတ်အကြောင်း တစ်လွှာ၊

၂။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာအားဖြင့် ပစ္စုပ္ပန်အကျိုး တစ်လွှာ၊

၃။ တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သခ်ၤါရအားဖြင့် ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊

၄။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာအားဖြင့် အနာဂတ်အကျိုးတစ်လွှာ။

အားထုတ်ရမည့် ကမ္မဋ္ဌာန်း

ရာဂစရိုက်ရှိသူဟူသည်-

ရာဂအဖြစ်များခြင်း ရာဂမပြတ်ဖြစ်ခြင်းသဘောရှိသည်။

အသုဘကမ္မဋ္ဌာန်း ၁၀-ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်း ၁-ပါးတို့ သင့်လျော်သည်။

အားလုံးနှင့် သင့်လျော်သောကမ္မဋ္ဌာန်းများ

ပထဝီကသိုဏ်း အာပေါကသိုဏ်း တေဇောကသိုဏ်း ဝါယောကသိုဏ်း အာကာသ ကသိုဏ်း အာလောကကသိုဏ်း အာရုပ္ပကသိုဏ်း ၄-ပါးအားဖြင့် ၁၀-ပါးဖြစ်သည်။

၇။ **အာဝဇ္ဇန်းဒွေး ဇောကိစ္စမတပ်ခြင်းအကြောင်း**

အာဝဇ္ဇန်းဒွေးသည် အာရုံအရသာကို ခံစားခြင်းသဘောမရှိသောကြောင့် ။

အရူပစိတ်တို့ အာရုံကွဲခြင်း အကြောင်း

ဝိညာဏဉ္စာယတနစိတ် နေဝသညာနာသညာယတနစိတ်တို့သည် ပဌမအရူပဖြစ်သော အာကာသာနဉ္စာယတန, တတိယအရူပဖြစ်သော အာကိဉ္စညာယတနဟူသော

http://www.dhammadownload.com

မဟာဂျုတ် အရှုပစိတ်တို့ကို အစဉ်အတိုင်း အာရုံပြုသောကြောင့် မဟာဂျုတ်,ပညတ်အားဖြင့် ကွဲပြားရသည်။

၈။ သမာပတ္တိဝီထိ၌ စျာန်ဇော ဖိုလ်ဇောတို့သည် နေ့, ည၌ပတ်လုံးဖြစ်နိုင်သောကြောင့် အကြိမ်များစွာ ရနိုင်သည် ဟု သင်္ဂဟဆရာဆိုသည်။

သုဒ္ဓါဝါသ ငါးဘုံပြားရခြင်းအကြောင်း-

သဒ္ဓါစသော ဣန္ဒြေတို့ နခြင်း ရင့်ခြင်းကွဲပြားသောကြောင့်။

၉။ (က) ကာမဥ-စသော မိမိတို့၏ သဘောအားဖြင့် ရထိုက်သောကြောင့် သဘာဝရပ်။

(ခ) ဥပါဒ်စသောလက္ခဏာ, အနိစ္စတာ စသောလက္ခဏာတို့နှင့် တကွဖြစ်သောကြောင့် သလက္ခဏရပ်။

(ဂ) ပရိစ္ဆေဒစသော အပိုင်းအခြားကို ကျော်လွန်၍ သဘောအားဖြင့် ရထိုက်သည့် အတွက် လက္ခဏာယာဉ်သုံးပါးသို့ တင်၍ သုံးသပ်ထိုက်သောကြောင့် သမ္မသနရပ်။

ထပ်ဟောကြောင်း- ဝိပဿနာဉာဏ်၏ အာရုံကို ပြလိုသောကြောင့်။

၁၀။ ဘုံစသည်တို့၏ အစွမ်းဖြင့် ဇာတ်မတူသည်၏ အဖြစ်ကို အလိုမရှိသောကြောင့် ဂေါတြဘူ, ဝေါဒါန်တို့သည် မဂ်အား အာသေဝနပစ္စည်းတပ်သည်။

ယထာကမ္မူပဂအဘိညာဉ်သည်

ယထာကမ္မူပဂအဘိညာဉ်သည် အတိတ်ဖြစ်သောလောကီကုသိုလ် အကုသိုလ် စေတနာတို့ကို အာရုံပြုသည်။

(တနည်း) အကိတ်ဖြစ်သော နာမ်ခန္ဓာလေးပါးတို့ကို အာရုံပြုသည်။

၁၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ (အထူးအောင်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၄-ခုနှစ်၊ ပထမဝါဆိုလဆန်း (၃)ရက်၊ (၂၁- ၆- ၂၀၁၂) ကြာသပတေးနေ့။

၁။ ဉာဏဒဿနဝိသုဒ္ဓိဟုဆိုအပ်သော မဂ်ဖြစ်စဉ်ကို ပြရာဝယ် ရှေးဦးစွာ ပရိကံ, ဥပစာ, အနုလုံဖြစ်ပုံပြ သင်္ဂဟပါဠိကိုသာ တိကျ မှန်ကန်စွာ ရေးခဲ့ပါ။

http://www.dhammadownload.com

၂။ အာရမ္မဏာဓိပတိသရုပ်ပြ သင်္ဂဟပါဠိကို ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိများ ထင်ရှား ပေါ်လွင်စေလျက် အနက်ပေးခဲ့ပါ။

၃။ မာနစေတသိက်၏ (က) ဒိဋ္ဌဂတသမ္မယုတ်စိတ်၌ မယှဉ်နိုင်ခြင်းအကြောင်း၊ (ခ) လောဘမူမှ တစ်ပါးသော စိတ်တို့၌ မယှဉ်နိုင်ခြင်းအကြောင်းတို့ကို ရေးခဲ့ပါ။

၄။ ဝိတက်မယှဉ်သော စိတ်တို့ကို သဘာဝအဝိတက္ကစိတ်, ဘာဝနာဗလအဝိတက္ကစိတ် အားဖြင့် ခွဲခြား ရေတွက်ပြပြီးလျှင်၊ မစ္ဆရိယစေတသိက်၏ ဒေါသမူဒွေးဒွဲသာ ယှဉ်ရခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

၅။ မဟာဝိပါက်စိတ်တို့၏ ဆဒ္ဒါရိကဖြစ်ပုံ ဒွါရဝိမုတ္တဖြစ်ပုံတို့ကို သိသာရုံမျှ ဖော်ပြပြီးလျှင်၊ နိဗ္ဗာန်နှင့် ပညတ်တို့၏ ကာလဝိမုတ်ဖြစ်ရခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။

၆။ အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ် မဖြစ်နိုင်ပုံကို အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်၊ "ဘဝင် စလနမေဝ ဟောတိ၊ နတ္ထိ ဘဝင်္ဂုပစ္ဆေဒေါ"ဟု မဆိုမူ၍ "နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ"ဟူ၍သာ ဆိုထားခြင်း၏ အဓိပ္ပါယ်ကို ဋီကာအလိုကျ ရေးသားခဲ့ပါ။

၇။ "တိရစ္ဆာနယောနိ"ဟူရာ၌ ယောနိအရ (သရုပ်)ကို ဋီကာအလိုကျ ကောက်ပြပြီးလျှင်၊ ယင်းတိရစ္ဆာန်တို့၏ တစ်ဘဝ်၌ တူမြဲတရားဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့ကိုလည်း သင်္ဂဟပါဠိအထောက်ဖြင့် ဖော်ပြခဲ့ပါ။

၈။ အသေးဆုံး ရုပ်မှုန်တစ်ခု၌ ပါဝင်နိုင်သော ရုပ်စုတို့ကို သင်္ဂဟပါဠိအထောက်ဖြင့် ဖော်ပြပြီးလျှင်၊ ထိုရုပ်တို့ကို ကလာပ်စည်းဖွဲ့ရာဝယ် အဖျဲတို့က, ဗဟိဒ္ဓ နှစ်ပါးစုံရကောင်းသော ကလာပ်စည်း၏ အမည်ကိုလည်း ဖော်ပြခဲ့ပါ။

၉။ "ဆဓာ နာမံ တု နာမဿ"၌ နာမ်သည် နာမ်အား ခြောက်ပစ္စည်းတပ်ပုံကို သင်္ဂဟပါဠိသာဓကနှင့်တကွ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိအားလျော်စွာ ခွဲခြား ဖော်ပြခဲ့ပါ။

၁၀။ "ပုန ဘဝင်" ဝေါစ္ဆိန္နိတွာ ပစ္စဝေက္ခဏာဉာဏာနိ ပဝတ္တာန်-၌ ပစ္စဝေက္ခဏာဘူမိအရကို သင်္ဂဟပါဠိထောက်လျက် ကောက်ပြပြီးလျှင်၊ ပစ္စဝေက္ခဏာဉာဏ် ဆယ့်ကိုးတန်ကိုလည်း ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com

၁၈။ အထူးအောင် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တသေ့ဝံ ပဋိပဇ္ဇန္တသ - စသည်။)

၂။ (အနက်ထင်ရှားပြီ။)

၃။ (က) မာနသည်လည်း ငါ ဟူသောမာန၏ အစွမ်းဖြင့်ဖြစ်သည့်အတွက် ဒိဋ္ဌိနှင့် ဖြစ်ခြင်း သဘောအားဖြင့်တူသောကြောင့် ဒိဋ္ဌိဂတသမ္မယုတ်စိတ်၌ မယှဉ်။

(ခ) မိမိ၌ ချစ်ခြင်းဟူသော ကောင်းစွာဖြစ်ရာမှီရာရှိသည့်အတွက် ဇကန်လောဘ ဟူသော နီးသော အကြောင်းတရားရှိသောကြောင့် လောဘမူမှတပါးသောစိတ် တို့၌ မယှဉ်။

၄။ **သဘာဝအဝိတက္ကစိတ်**- ဒွေပဉ္စဝိညာဉ်စိတ် ၁၀ - ပါး။

ဘာဝနာမယအဝိတက္ကစိတ်- ဒုတိယဈာန်စိတ် ၁၁ - ပါး၊ တတိယဈာန်စိတ် ၁၁ - ပါး၊ စတုတ္ထဈာန်စိတ် ၁၁ - ပါး၊ ပဉ္စမဈာန်စိတ် ၂၃ - ပါး။

ယှဉ်ရကြောင်း

မိမိ၏ စည်းစိမ်ကို သူတပါးတို့နှင့် ဆက်ဆံသည်ကို အလိုမရှိသောသူအား ထိုထိုအာရုံ၌ ထိခိုက်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ဒေါသမူစိတ်၌သာယှဉ်။

၅။ မဟာဝိပါက်စိတ်တို့သည် တဒါရုံ၏ အစွမ်းဖြင့်ဖြစ်လျှင် ဆဒ္ဒါရိကဖြစ်သည်။ ပဋိသန္ဓေ,ဘဝင်,စုတိ တို့၏အစွမ်းဖြင့်ဖြစ်လျှင် ဒွါရဝိမုတ္တဖြစ်သည်။

ကာလဝိမုတ် ဖြစ်ရကြောင်း

နိဗ္ဗာန်နှင့်ပညတ်တို့သည် ပျက်စီးခြင်းမရှိသည့်အတွက် အတိတ်စသည်တို့၏ အစွမ်းဖြင့် မခေါ်ဝေါ်ထိုက်သောကြောင့် ကာလဝိမုတ်ဖြစ်ကြသည်။

၆။ **အတိပရိတ္တာရုံဝိထိ၌ ဝီထိစိတ်မဖြစ်ခြင်းအကြောင်း**

အလွန်ဆုံးအားဖြင့် စိတ္တက္ခဏ ခုနစ်ချက် အသက်ရှိသော အတိပရိတ္တာရုံဝိထိ၌ လည်း ဝုဋ္ဌာနစိတ်ကြိမ်မဖြစ်လောက်သောကြောင့် အတိပရိတ္တာရုံဝိထိ၌ ဝီထိစိတ်မဖြစ်။

http://www.dhammadownload.com

အဓိပ္ပါယ်

ဘဝဂုံပစ္စေဒ မဖြစ်ခြင်းသည် ဝိထိစိတ်မဖြစ်ကြောင်းဖြစ်သော နတ္ထိ ဝိထိစိတ္တုပ္ပါဒေါ ဖြင့်ပင် ပြီးသောကြောင့် (သိနိုင်သောကြောင့်)။

၇ **ယောနိ အရ-** ခန္ဓာတို့၏ ဖြစ်ပုံအထူးရသည်။(လောကီခန္ဓာ ငါးပါး ဖြစ်သည်။)

တူမြဲဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်အရ

အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ဖြစ်သည်။

သင်္ဂဟသာဓက- တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ အပါယဘူမိယံ သြက္ကန္တိကွဏေ ပဋိသန္ဓိ ဟုတွာ တတော ပရံ ဘဝင်္ဂ ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ၊ အယမေကာပါယပဋိသန္ဓိ နာမ။

၈။ **ပါဝင်နိုင်သော ရုပ်စု**

ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရရုပ်၊ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူသော အဝိနိဗ္ဘောဂရုပ် ၈ - ပါး၊

သင်္ဂဟပါဠိ- ဝဏ္ဏော ဂန္ဓော ရသော သြဇာ ဘူတစတုက္ကဉ္စေတိ အဒ္ဒဝိဓမ္မိ အဝိနိဗ္ဘောရူပံ၊ ဣတရံ ဝိနိဗ္ဘောဂရူပံ။

(ပုစ္ဆကဆရာ မေးလိုရင်းကိုကြည့်၍ ဖြေဆိုသည်၊ ယင်းရုပ်တရားတို့ ရပါက လက္ခဏရုပ်တို့လည်း ရဖွယ်ရှိသည်။)

ကလာပ်စည်း၏ အမည်- ဥတုသမုဋ္ဌာနဖြစ်သော သုဒ္ဓဋ္ဌကကလာပ်ဖြစ်သည်။

၉။ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ-စသော အနက်ရလျှင် လွယ်ပြီ။

၁၀။ **ပစ္စဝေက္ခဏာဘူမိ အရ**

မင်,ဖိုလ်, နိဗ္ဗာန်, ပယ်ပြီးသောကိလေသာ, ကြွင်းကျန်သောကိလေသာတို့ကိုရသည်။

သင်္ဂဟပါဠိ- မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဟီနတော။

ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။

ပစ္စဝေက္ခဏာဉာဏ် ၁၉ -တန်

သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့အား -

၁။ မင်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်

၂။ ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်

http://www.dhammadownload.com

၃။ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်

၄။ ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်

၅။ ကြွင်းကျန်သော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် တို့ရနိုင် ကြ၍ ပစ္စဝေက္ခဏာဉာဏ် ၁၅ - တန်ဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်အား ကြွင်းကျန်သော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် မဖြစ်တော့၍ ရှေး ၄- ပါးရသည်၊ ဤသို့အားဖြင့် ပစ္စဝေက္ခဏာဉာဏ် ၁၉- တန် ဖြစ်သည်။

၁။ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ
၁၃၇၃- ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက်၊ (၅- ၄- ၂၀၁၂) ကြာသပတေးနေ့။

၁။ အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဝေါဟာရတစ်ခုစီဖြင့် ဖလှယ်ပြခဲ့ပါ။
(က) သတေရတာ၊ (ခ) ကတ္ထနာ၊ (ဂ) စိတ္တပီဠာ၊ (ဃ) ဝေဒိကာ၊ (င) ပတိသုညာ၊ (စ) လာဇာ၊ (ဆ) မဏ္ဍူသာ၊ (ဇ) ပိစ္ဆိလာ၊ (ဈ) ယူထိကာ၊ (ည) ဥပစ္ဆကာ။

၂။ အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရတစ်ခုစီဖြင့် ဖလှယ်ပြခဲ့ပါ။
(က) မီးပွါး၊ (ခ) လပြည့်နေ့၊ (ဂ) တပေါင်းလ၊ (ဃ) ခရီးရှည်၊ (င) မင်းသမီး၊ (စ) ဦးထုပ်၊ (ဆ) ဗေဒင်ဆရာ၊ (ဇ) စွယ်တော်၊ (ဈ) ခရေ၊ (ည) ကြက်ဟင်းခါး။

၃။ တစ်လံနှင့် တစ်သူ (တလံနှင့် တသူ)ဟူသော စကားရပ်တို့၏ အဓိပ္ပါယ်ကို ရေးသား ဖြေဆို၍၊ တစ်တာ, တစ်ဥသဘ, တစ်ဂါဝုတ်, တစ်ယူဇနာတို့၏ ပမာဏကိုလည်း အဘိဓာန် ကျမ်းနှင့်အညီ တိုင်းတာပြခဲ့ပါ။

၄။ "မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ" ဟု အဆိုရှိရာ မြစ်ကြီးငါးသွယ်၏ အမည်တို့ကို တိကျစွာ ဖော်ပြ၍၊ သသဒ္ဒါ၏ ဟောနက်များကိုလည်း လိင်အားလျော်စွာ မြန်မာဘာသာဖြင့် ဖြေဆို ပြခဲ့ပါ။

၅။ အက္ခရာတစ်ပါး မခြားရဘဲ လေးပါဒအကုန် အက္ခရာအစုံ ရှိနေပုံကို ပြဆိုသော အဗျပေတ ယမကဂါထာနှင့် ဝိဘတ်အနက် အစဉ်ပျက်၍ ဒေါသသင့်ပုံ ဥဒါဟရဏ်ပြ ဂါထာတို့ကို ပါဠိသက်သက် ရေးသားပြခဲ့ပါ။

http://www.dhammadownload.com

၆။ ထက်မြက်သိမြင် ပညာရှင်တို့၏ လွန်ကဲလုံလ ဥဿာဟကြောင့်သာ ဖြစ်ပေါ်လာနိုင်သော ဂုဏ်၏ ဥဒါဟရဏ်ပြ ဂါထာကို ကျနစွာ အနက်ပေးပြခဲ့ပါ။

၇။ အောက်ပါတို့တွင် (က)၌ သင့်ရောက်သောဒေါသ၊ (ခ)၌ လွန်မြောက်သောဒေါသ၊ (ဂ)၌ ရောက်ရှိသောဂုဏ်တို့ကို အသီးအသီး အကြောင်းပြ၍ ဖြေဆိုပြခဲ့ပါ။

(က) ယောကျ်ားတို့ဘုန်း ဆံထုံး၊ မိန်းမတို့ဘုန်း လက်ရုံး။

(ခ) ကျေးဇူးဥပ – နိဿယကြောင့်။

(ဂ) မေတ္တာ ရေချမ်း၊ ကိုယ်စီဖြန်း ငြိမ်းချမ်းနိုင်ပါစေ။

၈။ အတိသယဂုတ္တိအလင်္ကာနှင့် ဥပမာအလင်္ကာတို့၏ အဓိပ္ပါယ်ကို ရေးသား ဖြေဆို၍၊ ရသ အမျိုးအစား ကိုးပါးတို့တွင် အနိဋ္ဌရသလေးပါးတို့ကိုသာ တိကျစွာ ဖော်ပြခဲ့ပါ။

၉။ ဂါထာဖွဲ့စီရာတွင် တစ်ပါဒလျှင် အက္ခရာမည်မျှ ဖွဲ့စီရမည်ဟု ပြဆိုသော ဂါထာကို ပါဠိသက် သက်ရေး၍၊ ဂရုချည်းသက်သက် ဖွဲ့စီထားသော ဂါထာကိုလည်း အနက်ယောဇနာပြခဲ့ပါ။

၁၀။ သမဝုတ္တိနိဒ္ဒေသလာ ဝိဂ်ားအမည်နှစ်မျိုးဖြင့် ဖွဲ့စီရသော ဂါထာတို့ကို အမည်မျှသာ ဖော်ပြ၍၊ စပလာဝတ္တဂါထာအမျိုးအစားကို ဖွဲ့စီလိုလျှင် ပြည့်စုံရမည့်လက္ခဏာတို့ကိုလည်း တစ်ခုချင်းစီ ဖြေဆိုပြခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ

၁။ (က) လျှပ်စစ်၊ (ခ) ချီးမွမ်းခြင်း၊ (ဂ) တွေဝေခြင်း၊ (ဃ) ဝရံတာ၊ (င) မုဆိုးမ၊ (စ) ပေါက်ပေါက်၊ (ဆ) သေတ္တာ၊ (ဇ) လက်ပံ၊ (ဈ) ဇွန်၊ (ည) တောင်ခြေ။

၂။ (က) ဝိပ္ပလိဂ်၊ (ခ) ပုဏ္ဏမာသီ၊ (ဂ) ဖဂ္ဂုဏ၊ (ဃ) အဒ္ဓါန၊ (င) ခတ္တိယာနီ၊ (စ) နာလိပဋ္ဌ၊ (ဆ) ဂဏက၊ (ဇ) ကောဝိဒါရ၊ (ဈ) ဝကုလ၊ (ည) ကာရဝေလ္လ။

၃။ **တလံနှင့် တသူ အဓိပ္ပါယ်**

နံပါးနှစ်ဘက်သို့ ဖြန့်အပ်ကုန်သော လက်နှင့်တကွကုန်သော လက်မောင်းနှစ်ခု တို့သည် (ဗျာမ) တလံမည်၏။

http://www.dhammadownload.com

အထက်၌ ဆန့်တန်းအပ်သော လက်ရှိသော လူတို့၏ အတိုင်း အရှည်သည် (ပေါရိုသ) တသူမည်၏။

(ပမာဏ)

၇-တောင်သည် တစ်တာ၊ ၂၀-တာသည် တစ် ဥသဘ၊ ၈၀-ဥသဘသည် တစ်ဂါဝုတ်၊ ၄-ဂါဝုတ်သည် တစ်ယူဇနာ၊

၄။ **မြစ်ကြီးငါးသွယ်**

၁။ ဂင်္ဂါမြစ်၊ ၂။ အစိရဝတီမြစ်၊ ၃။ ယမုနာမြစ်၊ ၄။ သရဘူမြစ်၊ ၅။ မဟီမြစ်။

သ-သဒ္ဒါ၏ ဟောနက်

၁။ ပုံလိင် သ-သဒ္ဒါသည် အဆွေခင်ပွန်း၌ဖြစ်၏။

၂။ နပုံလိင် သံ -သဒ္ဒါသည် မိမိ၌ဖြစ်၏။

၃။ ပုံလိင် နပုံလိင် သ-သဒ္ဒါသည် ဥစ္စာ၌ဖြစ်၏။

၄။ ပုံလိင် သာ-သဒ္ဒါကို ခွေး၌ဆိုအပ်၏။

၅။ လိင် ၃-ပါးနှင့် ယှဉ်သော သ-သဒ္ဒါသည် မိမိဥစ္စာ၌ဖြစ်၏။

၅။ (ဂါထာနံပါတ် ၃၀-နှင့် ၆၃-တို့ကို ပါဠိရေးလေ။)

၆။ (အလင်္ကာဂါထာနံပါတ် ၁၂၅-ဂါထာကို အနက်ရေးလေ။)

၇။ (က) လောကသားအားလုံးတို့ လက်ခံထားသည်နှင့် ဆန့်ကျင်သောကြောင့် လောကဝိရောဓိဒေါသ သင့်ပါသည်။

(ခ) ဥပနိဿယ ဟူသော ၅-လုံးရှိသောပုဒ်ကို ရှေ့ပါဒ၌ ၂-လုံး၊ နောက်ပါဒ၌ ၃ လုံး ဖြတ်လျက် (များသောအက္ခရာရှိသောပုဒ်၏ အလယ်၌ဖြစ်သောကြောင့်) စီသောကြောင့် ယတိဟီနဒေါသမှ လွန်မြောက်ပါသည်။

(ဂ) အရည်ရှိသော ဝတ္ထုတို့၌သာ ရကောင်းသော သဘောကို အရည်မရှိသော မေတ္တာ၌ လောကအပိုင်းအခြားကို မဆန့်ကျင်သောအားဖြင့် တင်စားအပ်သောကြောင့် အဒြဝေဒြဝယုတ္တသမာဓိဂုဏ်မြောက်ပါသည်။

၈။ **အတိသယဝုတ္တိအလင်္ကာ**

ဇာတိစသား ဝတ္ထုများ၏ သူတစ်ပါးထက် ထူးခြားကဲလွန်သော ဂုဏ်ကို ပြဆိုခြင်းသည် အတိသယဝုတ္တိအလင်္ကာမည်။

http://www.dhammadownload.com

ဥပမာအလင်္ကာ

ဥပမာန ဥပမေယျတို့ တူမျှသော သဘောရှိသည်၏အဖြစ်ကို ပြဆိုခြင်းသည် ဥပမာအလင်္ကာမည်၏။

အနိဋ္ဌရသ ၄-ပါး

၁။ ကရုဏာရသ၊ ၂။ ရုဒ္ဓရသ၊ ၃။ ဘယာနကရသ၊ ၄။ ဗီဘစ္ဆရသ။

၉။ (ဆန်းဂါထာ နံပါတ် ၁၃-ကို ပါဠိရေး၍၊ ဂါထာနံပါတ် ၄၉-ကို အနက်ရေးလေ။)

၁၀။ **ဂိုဏ်းအမည် နှစ်မျိုးဖြင့် ဖွဲ့စီရသောဂါထာများ**

တနုမဇ္ဈာဂါထာ၊ ဘုဇဂ သုသုသဒ္ဓရာ ဂါထာ၊ ကုသုမဝိစိတ္တာဂါထာ၊ ပမိတက္ခရာဂါထာ၊ ဝေဿဒေဝီဂါထာ၊ ကမလာဂါထာ တို့ဖြစ်သည်။

စပလာဝတ္တဂါထာ၏ လက္ခဏာ။

၁။ ပါဒတိုင်း အက္ခရာ ၈-လုံးစီရှိခြင်း။

၂။ ပါဒတိုင်း အစတစ်လုံးနောင် သ,ဂိုဏ်း နှ,ဂိုဏ်း မရှိရခြင်း။

၃။ သမပါဒ အစလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်း။

၄။ ဝိသမပါဒ အစလေးလုံးနောင် န-ဂိုဏ်းရှိခြင်း။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၄)ရက်၊ (၅-၄-၂၀၁၂) ကြာသပတေးနေ့။

၁။ အောက်ပါ ပါဠိဝေါဟာရများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါ။
(က) ဒရီ၊ (ခ) ဓာတကီ၊ (ဂ) ဟရိတကီ၊ (ဃ) ပါရေဝတ၊ (င) ရာဇုလ၊
(စ) သိဂ္ဂါ၊ (ဆ) ဟီဠိတ၊ (ဇ) ဏလိတ၊ (ဈ) ဗလာက၊ (ည) ဝုန္ဒာ။

၂။ အောက်ပါ မြန်မာဝေါဟာရတို့ကို ပါဠိဘာသာသို့ ပြန်ဆိုပါ။
(က) ညီ၊ (ခ) လေးညှင်း၊ (ဂ) ကြုတ်၊ (ဃ) အညောက်၊ (င) ကျောက်ပန်း၊
(စ) ကြာဝတ်ဆံ၊ (ဆ) ကျဲသည် ပါးသည်၊ (ဇ) အကာ၊ (ဈ) ကြီးပွါးခြင်း၊
(ည) အမှာစကား။

၃။ ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသူဌေးကြီး၏ (က) သိဂိမိုးသိမ်းဆည်းထားသော ဥစ္စာ၊

http://www.dhammadownload.com

(ခ) နေ့စဉ် သုံးစွဲအပ်သော ဥစ္စာတို့၏ ပမာဏကို အသီးသီး ဖော်ပြပြီးလျှင်၊ လောကဌ အသိပညာရှင်, အတတ်ပညာရှင်ဟူ၍ ရှိရာ အတတ်ပညာရှင်၊ အတတ်သည်မျိုး ၅-ပါး ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ် ဖြေဆိုခဲ့ပါ။

၄။ (က) ဥဿုက၊ (ခ) စပလ သဒ္ဒါတို့၏ အဓိပ္ပါယ်ဆိုလိုရင်းကို ရေး၍၊ အဂ္ဂသဒ္ဒါ ဟောနိုင်သော အနက်များကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာ တွဲစပ်လျက် ရေးခဲ့ပါ။

၅။ လောကဝိရောဓိဒေါသနှင့် ကမစ္ဆုတဒေါသတို့၏ အဖြေ ဥဒါဟရဏ်ပြ ဂါထာတို့ကို ပါဠိ မှန်ကန်စွာ ရေးသားခဲ့ပါ။

၆။ ရူပဓမ္မသမာဓိဝုဏ်မြောက်ပုံပြ ဥဒါဟရဏ်ဂါထာကို အနက်မှန်မှန် သမ္မန်ပြခဲ့ပါ။

၇။ အောက်ပါ (က)၌ သင့်ရောက်နိုင်သော ဒေါသ၊ (ခ) ၌ လွတ်မြောက်နိုင်သော ဒေါသတို့ကို အကြောင်းပြ ဖြေဆိုပြီးလျှင်၊ "ထက္ကြ, သိမ်းဆဲ(ဆည်း), မျှသုံးစွဲ၊ ပေါင်းမြဲ မိတ်ဆွေကောင်း"ဟူသော ကဗျာ၌ မည်သည့် အတ္ထဩဝုဏ် မြောက်သည်ကိုလည်း ဖြေဆိုပါ။

(က) ဘုရား, တရား, ပြဒါး, သံဃာ၊ ဤလေးဖြာကို၊ မကွာနိစ္စ၊ ဓာရဏာဖြင့်၊ အတ္ထအနက်၊ လွန်သိခက်၏။

(ခ) ယခုဘဝ၊ ပြုလုပ်ရသည့်၊ ဒါန, သီလာ၊ ဘာဝနာတို့၊ ဥစ္စာစည်းစိမ်၊ ရိပ်ငြိမ်နတ်ဘုံ၊ ရွှေဘုံနိမ္မာန်၊ ရအောင်ဖန်၏။

၈။ "ရတိဌာယီဘာဝ"၏ အဓိပ္ပါယ်ကို ပါဠိထောက်၍ ရှင်းပြပြီးလျှင်၊ အောက်ပါ ဂါထာကို ရွှတ်ဘာဝ, ဝိဘာဝ, အနုဘာဝအားဖြင့် ပြည့်စုံအောင် ထုတ်ပြခဲ့ပါ။

ပဿန္တော ရူပဝိဘဝံ၊ သုဏန္တော မဓုရံ ဂိရံ။
စရန္တိ သာရူ သမ္မဒွေ-ကာလေ ကေဠိပရမ္မုခါ။

၉။ ဆန်းကျမ်းလာ ဂရုဖြစ်ပါလျက် လဟုယူရသော ပုံစံဥဒါဟရဏ်ဂါထာကို ပါဠိရေး၍၊ လေးပါဒလုံး သ-ဂိုဏ်း သက်သက်ဖွဲ့စီသော ဂါထာကိုလည်း အနက်ရေးပါ။

၁၀။ သမဝုတ္တိမျိုး၌ ပါဒမဇ္ဈယတိနှစ်ချက် ပြတ်သော ဂါထာအမည်တို့ကို ရေးပြ၍၊ ဝတ္တမျိုး၌ "အစတစ်လုံးနောင်၊ သ, န ရှောင်"ဟူသော စကားသည် မုချ ဟုတ်/မဟုတ် ပုံစံ တစ်ခုစီ ထုတ်၍ ရှင်းပြပါ။

http://www.dhammadownload.com

၂။ ကယားပြည်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ

၁။ (က) ချောက်၊ (ခ) ပတ္တကျီ (ပိတ်တကျည်) (ဂ) ဖန်ခါး၊ (ဃ) ခို၊ (င) ရေမြွေ၊
(စ) ဒန့်သလွန်၊ (ဆ) ရုက်ခြင်းရှိသည်၊ (ဇ) ပိုက်ကွန်သမား။ (တံငါ)၊
(ဈ) မျိုင်းအောက်၊ (ည) နွားမြေရင်းကြီး။

၂။ (က) ကနိဋ္ဌ၊ (ခ) လဝဏ်၊ (ဂ) ကရဏ္ဍ၊ (ဃ) ကဋ္ဌရ၊ (င) သေလေယျ။
(စ) ကေသရ၊ (ဆ) ဝိရဋ္ဌ၊ (ဇ) အသာရ၊ (ဈ) ဝုဏ်၊ (ည) ဝါစိက။

၃။ (က) သိုမှီးသိမ်းဆည်းထားသော ဥစ္စာ – ကုဋ္ဌေရှစ်ဆယ်။
(ခ) နေ့စဉ်သုံးစွဲအပ်သော ဥစ္စာ – ကျပ်ဒဂိုး ဆယ်တင်း။

အတတ်သည်မျိုး ၅-ပါး

၁။ တစ္ဆက-လက်သမား၊ ၂။ တန္တဝါယ- ယက်ကန်းသည်၊ ၃။ ရဇက-ခဝါသည်၊
၄။ နဟာပိတ-ဆတ္တာသည်၊ ၅။ စမ္မကာရ-ဖိနပ်ချုပ်သမား။

၄။ (က) အလိုရှိအပ်သောအကျိုးဌ အားထုတ်သောသူသည် ဥဿုကမည်၏။
(ခ) မစူစမ်းမဆင်ခြင်မူ၍ သတ်ခြင်းနှောင်ဖွဲခြင်းစသော ကိစ္စကို ပြုကျင့်သောယောကျ်ား
သည် မဆုံးဖြတ်အပ်သောအမှုကို ပြုလေ့ရှိသောကြောင့် စပလမည်၏။

အဝွ-သဒ္ဒါဟောနက်

၁။ အာဒိ-အစ၊ ၂။ ကောဋ္ဌာသ-အဖို့အစု၊ ၃။ ကောဋ္ဌ-အစွန်အဖျား၊
၄။ ပုရ-ရှေ့ဟူသောအနက်၊ ၅။ စရ-မြတ်သောအနက်။

၅။ (ဂါထာနံပါတ် ၇၈-နှင့် ၉၄-တို့ကို ပါဠိရေးလေ။)

၆။ (ဂါထာနံပါတ် ၁၅၄-ကို အနက်ရေးလေ။)

၇။ (က) နီးကပ်စွာ ထားသင့်သော ရတနာသုံးပါးကို အစဉ်အတိုင်း နီးကပ်စွာ မထားဘဲ
နေရာအထားမှား၍ ရှုပ်ထွေးခြင်းကြောင့် ဗျာကိဏ္ဏဒေါသသင့်ပါသည်။
(တစ်နည်း) ဘုရား, တရား, သံဃာဟူသော လောကပြောရိုးဆိုစဉ် ပျက်ခြင်း
ကြောင့် ကမစ္စုတဒေါသသင့်၏။

http://www.dhammadownload.com

(ခ) ဒါန သီလ ဘာဝနာ ဟူသော အကြောင်းတရားနှင့် ဥစ္စာစည်းစိမ်,နတ်ဘုံ,နိဗ္ဗာန် ဟူသော အကျိုးတရားတို့၏ အစဉ်ကျသောကြောင့် ဝါကျတွ အပက္ကမဒေါသမှ လွတ်၏။

ဂုဏ်မြောက်ပုံ

ထ, ကြွ, သိမ်း,ဆည်း ဟူသော ကဗျာသည် မြတ်စွာဘုရား အကျယ်ဟောတော်မူခဲ့သော သမ္မဒါလေးပါးကို အကျဉ်းချုံး၍ အနက်အဓိပ္ပါယ် မပျက်စီးအောင် ဖွဲ့ဆိုထားသောကြောင့် သမာသအတ္ထသြဇဂုဏ်မြောက်ပါသည်။

၈။ မွေ့လျော်ဖွယ်ကောင်းသော ဥယျာဉ်စသော အရပ်ဒေသ၊ မွေ့လျော်ဖွယ်ကောင်းသော ကခြင်း သီခြင်းစသော ကလာ၊ မွေ့လျော်ဖွယ်ကောင်းသော သရဒစသော ဥတု၊ ဆည်းဆာ စသော ကာလ၊ မွေ့လျော်ဖွယ်ကောင်းသော နံ့သာလိမ်းခြင်း အသွင်အပြင် စသည်ကို မှီဝဲရခြင်း ကြောင့် အချင်းချင်း တပ်မက်ကြကုန်သော မိန်းမပျို ယောကျ်ားပျို တို့၏ ရွှင်လန်းဝမ်းမြောက်ခြင်းသည် ရတိဌာယီဘာဝမည်ပါသည်။

ပါဠိထောက်- ဂါထာ ၃၅၆။

ဘာဝ ဝိဘာဝ အနုဘာဝ

သူတော်ကောင်းတို့၏ သန္တာန်၌ သဒ္ဓါ ဝီရိယ စသည်ပြဌာန်းသော မဟာကုသိုလ် ကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ ဓမ္မသိဒ်ဂါရရသ။

မြတ်စွာဘုရားရှင်၏ တင့်တယ်သော အဆင်းတော်သည်၎င်း ချို့မြိန်သော တရားတော်သံသည်၎င်း အာရမ္မဏ ဝိဘာဝ။

ဘုရားရှင်ကို ဖူးမြင်လိုခြင်း တရားနာလိုခြင်းကို ဖြစ်ပေါ်စေတတ်သော ယောနိသော မနသိကာရ စသည်သည် ဥဒ္ဒိပနဝိဘာဝ။

ဘုရားကိုဖူးမြင်ရခြင်း တရားတော်ကိုနာရခြင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ ကောင်းကျိုး အမျိုးမျိုးကို ခံစားရခြင်း တမလွန်ဘဝ၌ ကောင်းကျိုးကို ခံစားရခြင်းမှစ၍ နိဗ္ဗာန်တိုင် အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝ။

၉။ (ဂါထာ နံပါတ် ၉-ကို ပါဠိရေး၍၊ ၇၆-ကို အနက်ရေးလေ။)

၁၀။ **ယတိ နှစ်ချက်ပြတ်သော ဂါထာများ**

၁။ ဟရိဂီ၊ ၂။ မန္ဒက္ကန္တာ ၃။ ကုသုမိတလတာ ဝေလ္လိတာ၊ ၄။ မေယျဝိပ္ပဖြိတာ ၅။ သဒ္ဓရာ ဂါထာတို့ဖြစ်သည်။

http://www.dhammadownload.com

မုချ မဟုတ်

ကိ်သု အဓိပတိရာဇာ စသော ပါဠိတော်ဂါထားများ၌ အစတစ်လုံးနောင် န-ဂိုဏ်း မရှောင်ခြင်း။

ပုဗ္ဗဝိဒေဟော စာပရ စသောဂါထာများ၌ အစတစ်လုံးနောင် သ-ဂိုဏ်း မရှောင်ခြင်းတို့ကို ထောက်၍ ဝတ္တမျိုး၌ "အစတစ်လုံးနောင် သ,န ရှောင်" ဟူသော စကားသည် မုချ မဟုတ်ပါ။

၃ ။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကရင်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၄) ရက်၊ (၅-၄-၂၀၁၂) ကြာသပတေးနေ့

၁။ အောက်ပါ ပါဠိဝေါဟာရများကို မြန်မာဝေါဟာရဖြင့် ပြန်ဆိုပါ။
(က) အဃ၊ (ခ) သိလာဃာ၊ (ဂ) ဂီတိကာ၊ (ဃ) ပပါ၊ (င) ဝယဋ္ဌ၊
(စ) နိတမ္ဗ၊ (ဆ) ကာဠိယ၊ (ဇ) ပါမ၊ (ဈ) ကလ္လ၊ (ည) အာလာန။

၂။ အောက်ပါမြန်မာဝေါဟာရများကို ပါဠိဝေါဟာရတစ်ခုစီဖြင့် ပြန်ဆိုပါ။
(က) ခွန်း၊ (ခ) ရိက္ခာ၊ (ဂ) မင်းမျိုးမင်းနွယ်ကို ချိုးကျူးသူ၊ (ဃ) အောင်နိုင်ခြင်း၊
(င) သူသေကောင်၊ (စ) တောစိုးသစ်ပင်၊ (ဆ) သစ်ငုတ်၊ (ဇ) ချုံ၊ (ဈ) လိမ္မော်
(ည) ခရေ။

၃။ ဟင်းရွက်မျိုး ၁၀-ပါးကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖြေဆိုပါ။

၄။ ဟသ်ာမျိုး ၃-ပါးမည်ပုံကို အဘိဓာန်ကျမ်းလာအတိုင်း ရေးသား၍၊ ဗောဓိသဒ္ဒါဟောနက်များကိုလည်း ဂါထာနေကတ္ထဝဂ်လာသည့်အတိုင်း ဖြေဆိုပါ။

၅။ ဝါကျတ္ထဘဂ္ဂရီတီဒေါသ၏ အဖြေဥဒါဟရဏ်ဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၆။ ဗျာသအတ္ထသြေဇဂုဏ်၏ ဥဒါဟရဏ်ဂါထာကို အနက်မှန်မှန် ရေးခဲ့ပါ။

၇။ ဝိနာ ဂရုပဒေသံ တံ၊ ဗာလော လင်္ကတ္တုမိစ္ဆတိ-၌ ဗာလ-အရကို ကောက်ပြ၍၊ (က) ကို မည်သည့်ဒေါသသင့်၊ (ခ) ကို မည်သည့်ဒေါသမှလွတ်၊ (ဂ) ကို မည်သည့်ဂုဏ်မြောက်

http://www.dhammadownload.com

သည်ကို အကြောင်းသွင်း၍ ရှင်းပြခဲ့ပါ။
(က) ကုမုဒြာကြာသည် နေ့အခါမှာ ပွင့်၏။
(ခ) အစကောင်းမှ အနောင်းသေချာသည်၊
(ဂ) သုံးပါးဝိဇ္ဇာ၊ ပု, ဒိ, အာကို၊ မြတ်စွာကိုယ်တိုင်၊ သိမြင်နိုင်၏။

၈။ အတ္ထာလင်္ကာရသရုပ်ကို ထုတ်ပြ၍၊ နမော တဿဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿကိုလည်း ဘာဝ, ဝိဘာဝ, အနုဘာဝ- ထုတ်ဆောင်ခဲ့ပါ။

၉။ ဝေတာလီဂါထာ၏ လက္ခဏာကို ရေး၍၊ "အစလဓိတိ" ဂါထာ၏ အဆုံး၌ လဟုနှစ်လုံးကို တစ်လုံးတည်းပြ၍ ဖွဲ့စီလျှင် ဖြစ်လာနိုင်သော ဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၁၀။ တိဋ္ဌဘာဆန်းလာ မတြာအများဆုံးဂါထာကို အနက်ရေး၍၊ အောက်ဖော်ပြပါ ဂါထာ ကိုလည်း ဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည် ပေးပြခဲ့ပါ။
ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ၊ ဝိနာ ဝဏ္ဏာ ဂရူဟိ တု။
ဝိနာ လဟူဟိ ဂရဝေါ၊ ဒလေ ပထျာဒိနော မတာ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ

၁။ (က) ဆင်းရဲခြင်း၊ (ခ) ချီးမွမ်းခြင်း၊ (ဂ) သီချင်းသံ၊ (ဃ) ရေအိုးစင်၊ (င) လှလင်ပို့၊
(စ) တင်ပါး၊ (ဆ) ကရမက်၊ (ဇ) ယားနာ၊ (ဈ) ကျန်းမာသူ၊ (ည) ဆင်ချည်တိုင်။

၂။ (က) အကုံသ၊ (ခ) ပါထေယျ၊ (ဂ) ဓာဂဓ၊ (ဃ) ဇယ၊ (င) ကုဏပ၊
(စ) ဝနပ္ပတိ၊ (ဆ) ခါဏု၊ (ဇ) ဂုမ္ဗ၊ (ဈ) ဧရာဝတ၊ (ည) ဝံကုလ။

၃။ ၁။ မူလ- အမြစ်၊ ၂။ ပတ္တ- အရွက်၊ ၃။ ကဋိရ- အညောက်၊ ၄။ အဂ္ဂ- အညွှန့်၊
၅။ ကန္ဒ- အဖု(အဥ)၊ ၆။ မိဠ္ဟ- အနှစ်(အဆံ)၊ ၇။ ဖလ- အသီး၊ ၈။ တစ- အခွံအခေါက်၊
၉။ ပပ္ပ- အပွင့်၊ ၁၀။ ဆတ္တ- မှို။

၄။ **ဟင်္သာမျိုး ၃- ပါး**

နီကုန်သောခြေ, နှုတ်သီးတို့ဖြင့် တင့်တယ်တောက်ပကုန်လျက် ကိုယ်**အဆင်း** ဖြူသော ဟင်္သာသည် ရာဇဟံသာမည်၏။

http://www.dhammadownload.com

စိမ်းညစ်ကုန်သော ခြေ,နှုတ်သီးတို့ဖြင့် တင့်တယ်တောက်ပကုန်လျက် ကိုယ်အဆင်းဖြူသော ဟင်္သာသည် မလှိုကာဟင်္သာမည်၏။

မည်းနက်ကုန်သော ခြေ,နှုတ်သီးတို့ဖြင့် တင့်တယ်တောက်ပကုန်လျက် ကိုယ်အဆင်းဖြူသော ဟင်္သာသည် ဓတရဋ္ဌဟင်္သာမည်၏။

မောဓိ - သဒ္ဒါဟောနက်

ကုတ္ထိလိင် မောဓိသဒ္ဒါသည် သဗ္ဗညုတဉာဏ်၌ဌင်း၊ အရိယာမဂ်၌ဌင်း ဖြစ်၏။
ပုလ္လိင် မောဓိသဒ္ဒါသည် မောဓိမင်းသားဟူသော နာမပညတ်၌ ဖြစ်၏။
ပုလ္လိင် ကုတ္ထိလိင် မောဓိသဒ္ဒါသည် ညောင်ဗုဒ္ဓဟေပင်၌ ဖြစ်၏။

၅။ (ဂါထာနံပါတ် ၁၀၈၊ ၁၀၉- တို့ကို ပါဠိရေးလေ။)

၆။ (ဂါထာနံပါတ် ၁၂၅- ကို အနက်ရေးလေ။)

၇။ ဗာလ အရ မျက်နှာတန်ဆာဆင်နည်း လူတို့တပ်ဆင်အပ်သော ဝတ်ဆင်နည်းတို့ကို မတတ်သောသူ၊ အဖွဲ့ဗန္ဓနကို တန်ဆာဆင်နည်း မတတ်သောသူတို့ကို ယူရမည်။

(က) အချိန်ကာလအားဖြင့် ဆန့်ကျင်သောကြောင့် ကာလဝိရောဓိဒေါသသင့်ပါသည်။

(ခ) ရှေ့,နောက်နှစ်ရပ် အသင့်ယုတ္တိရှိသောကြောင့် သြစိတျဟီနဒေါသမှ လွတ်ပါသည်။

(ဂ) ဝိဇ္ဇာသုံးပါးကို အကျဉ်းချုံး၍ ဆိုထားသောကြောင့် သမာသအတ္ထသြဇ ဂုဏ်မြောက်ပါသည်။

၈။ **အတ္ထာလင်္ကာရ သရုပ်**

၁။ သဘာဝဂုတ္တိအလင်္ကာ။ ၂။ ဝင်္ကဂုတ္တိအလင်္ကာ။

ဘာဝ, ဝိဘာဝ, အနုဘာဝ

ရှိခိုးသောပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ကာယ,ဝစီ,မနောပဏ္ဍာမနှင့် တကွဖြစ်သော ဝိတိစေတသိက်သည် ဓမ္မရတိဌာယီဘာဝ+ ဓမ္မသိဒ်ဂါရရသ။

မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ။

အရဟံ စသောဂုဏ်တော်အပေါင်းသည် ဥဒ္ဒီပနဝိဘာဝ။

မြတ်စွာဘုရားကို ရှိခိုးခြင်းကြောင့် ဒိဋ္ဌမင်္ဂိကအကျိုး သမ္ပရာယိကအကျိုးမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝ။

http://www.dhammadownload.com

၉။ **ဝေတာလီဂါထာလက္ခဏာ**

၁။ ဝိသမပါဒဟုဆိုအပ်သော ပထမ,တတိယပါဒ အစဉ် ၆-မတြာရှိခြင်း။

၂။ ထိုမတြာမှ အထက်၌ ရ-ဂိုဏ်း,လဟု,ဂရှိခြင်း။

၃။ သမဟုဆိုအပ်သော ဒုတိယ စတုတ္ထပါဒအစဉ် ၈-မတြာရှိခြင်း။

၄။ ထို၈-မတြာမှ အထက်၌ ရ-ဂိုဏ်းလဟု,ဂရှိခြင်း။

၅။ သမပါဒ၌ လဟု ၆-ခုတစ်ဆက်တည်း မရှိရခြင်း။

ဂါထာပါဠိ- (ဂါထာနံပါတ် ၉၃၊ ၉၄ တို့ကို ပါဠိရေး။)

၁၀။ (ဂါထာနံပါတ် ၆၈-ကို အနက်ရေးလေ။)

ဆန်းစစ်, ဂါထာအမည်, ဆန်းအမည်

၁။ ပါဒတိုင်း အက္ခရာ ၈-လုံးစီရှိရခြင်း။

၂။ ပါဒတိုင်း အစတစ်လုံးနောင် သ-ဂိုဏ်း နှ-ဂိုဏ်းမရှိခြင်း။

၃။ ပထမပါဒ အစလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်း။

၄။ ဒုတိယ, စတုတ္ထပါဒ အစလေးလုံးနောင် ဇ-ဂိုဏ်းရှိခြင်း။

၅။ တတိယပါဒ အစလေးလုံးနောင် န-ဂိုဏ်းရှိခြင်းတို့ကြောင့် တတိယ နာ-ကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘဆန်းမည်၏။

၄ ။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက်၊ (၅-၄-၂၀၁၂) ကြာသပတေးနေ့။

၁။ ပါဠိထင်နက်မြင် ပညာရှင်များ ဖြစ်ရေးအတွက် အောက်ပါ ပါဠိဝေါဟာရတို့ကို မြန်မာဘာသာသို့ ပြန်ဆိုပါ။

(က) ကံ၊ (ခ) ကု၊ (ဂ) ခံ၊ (ဃ) ထီ၊ (င) ဓီ၊

(စ) ဘံ၊ (ဆ) ဘာ၊ (ဇ) ဘူ၊ (ဈ) မာ၊ (ည) သာ။

၂။ နက်မြင်ပါဠိသို့ ပညာရှိများ ဖြစ်ရေးအတွက် အောက်ပါ မြန်မာဘာသာများကို ပါဠိဝေါဟာရသို့ ပြန်ဆိုပါ။

(က) ပြာပူ၊ (ခ) မီးကျီးခဲ၊ (ဂ) အသုရာ၏ အမိ၊ (ဃ) လွန်သော ဝီရိယ၊

http://www.dhammadownload.com

(ဂ) သခ်ိမ်းကျောင်း၊ (စ) မြင်းဟီသံ၊ (ဆ) နွားပခုံး၊ (ဇ) တောစိုးသစ်ပင်၊
(စျ) အညွှန့်၊ (ည) လက်ထုပ်သီး။

၃။ မိန်းမတို့၏ အမူအရာ ၆-မျိုးကို အဘိဓာန်လာသည့်အတိုင်း ရေးသား၍၊ ဥပဝါသ- ဥပုသ်သုံးခြင်း အဓိပ္ပါယ်ကိုလည်း အဘိဓာန်လာသည့်အတိုင်း ရေးသားပြပါ။

၄။ "အလှူဒါန ပြုကြမှ ဘဝသံသရာကောင်း"ဟု ဆိုနေကြရာဝယ် အလှူဒါနပြုရာ၌ ပါဝင်သော ဒါနဝတ္ထု ၁၀-မျိုးကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ဖော်ပြပါ။

၅။ အောက်ပါတို့ကို အကြောင်းပြ၍ ဒေါသသင့်ပုံပြဆိုပြီးလျှင်၊ ဝါကျတွဒေါသများကိုလည်း ဖော်ပြပါ။
(က) နွားမ၏သား ထိုနွားလား မြက်ကိုစား၍ ရေသောက်ပြီ၊
(ခ) ခွေးနှင့် ဆိတ်တို့သည် မြက်နှင့်အမဲကို ဆောင်ကုန်၏။

၆။ ပြင်ဆင်ပုံပြင်ဆင်နည်း မတတ်ပါက ဘယ်လောက်ပြင်ပြင် မလှနိုင်ပါ-ဟု ပြောဆိုနေသော အလင်္ကာ ပထမပိုင်းလာဂါထာကို ပါဠိရေးသားပါ။

၇။ ချယ်ရီတွေ ငိုနေပြီ နန်းရယ်. ဟုဆိုသော စကား၏ ဂုဏ်ရောက်ပုံပြဂါထာကို အနက်ရေးပါ။

၈။ သမ္မသမ္မဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏ္ဌတ္တမံ။
အဘိဝါဒိယ ဘာသိသံ၊ အဘိဓမ္မတ္ထသင်္ဂဟံ-ဟူသော ဂါထာဝယ် အဘိဝါဒိယပုဒ်ကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝစုံလင်စွာဖြင့် ထုတ်ပြပါ။

၉။ ဆန်းကျမ်း၌လာသော ပတ္တာရဖြန့်နည်းပြဂါထာကို ပါဠိရေးသားပြပါ။

၁၀။ ၈-နံပါတ်ပါ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်/ ဆန်းအမည် ပေးပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ

၁။ (က) ရေ၊ (ခ) မြေ၊ (ဂ) ကောင်းကင်၊ (ဃ) မိန်းမ၊ (င) ပညာ၊
(စ) နက္ခတ်၊ (ဆ) အရောင်၊ (ဇ) မြေ၊ (စျ) လ၊ (ည) ခွေး။

http://www.dhammadownload.com

၂။ (က) ကုက္ကုဋ္ဌ၊ (ခ) အင်္ဂါရ၊ (ဂ) ဒန၊ (ဃ) ဥဿောဏ္ဍီ၊ (င) အဿမ၊
(စ) ဟေသာ၊ (ဆ) ဝဟ၊ (ဇ) ဝနပ္ပတိ၊ (ဈ) အင်္ကုရ၊ (ည) ကုန္ဓယဝ။

၃။ **မိန်းမတို့၏ အမူအရာ ၆-မျိုး**

ဝိလာသ၊ လလိတ၊ လီလ၊ ဟာဝ၊ ဟေဋ္ဌာ၊ ဝိဗ္ဗော၊

(ဝိလာသ- ချစ်သူအနီးသို့ သွားသောအခါ အကြည့်အရှု အသွားအလာတို့၏ ဖေါက်ပြန်ခြင်းအမှု။

လလိတ- အလွန်နူးညံ့သော အစီအရင်ဖြင့် မျက်ခုံးမျက်လုံးစသည်၏ အမူအရာနှင့် တကွ လက်,ခြေ အင်္ဂါတို့ကို ကောင်းစွာထားခြင်းအမှု။

လီလ- ချစ်အပ်သူ၏ အတု ဟန်ပန် မူခြင်း အမှု။

ဟာဝ- မွေ့လျော်ပျော်ပါးလိုခြင်းကို ပြတတ်သော မသိသာ မထင်ရှားသော အမူအရာ။

ဟေဋ္ဌာ- မွေ့လျော်ပျော်ပါးလိုခြင်းကို ပြတတ်သော သိသာထင်ရှားသော အမူအရာ။

ဝိဗ္ဗော- ယစ်မူးတတ်စွန်း ရွှင်လန်းခြင်းကြောင့် လုပ်မိ လုပ်ရာ ယောင်မှား ချွတ်ယွင်းတန်ဆာဆင်ခြင်းအမှု။

ဥပဝါသ အဓိပ္ပါယ်

ဥပဝါသ- မကောင်းမှုတို့မှ ကင်းသော အလုံးစုံသော စည်းစိမ်တို့ကို ကြဉ်သည်ဖြစ်၍ သီလ စသော ဂုဏ်တို့နှင့် တကွ နေခြင်းသည် ဥပဝါသမည်၏။

၄။ **ဒါန၀တ္ထု ၁၀-ပါး**

အန္နော- ထမင်း၊ ပါန- အဖျော်၊ ဃရ- ကျောင်း,ဇရပ်၊ ၀တ္ထ- အ၀တ်သင်္ကန်း၊
ယာန- ယာဉ်, ဖိနပ်၊ မာလာ- ပန်း၊ ဝိလေပန- နံ့သာပျော်ငး နံ့သာရည် (ဝါ) ဆေးဒါန်းမြင်း သီလာ စသော အလိမ်းအကျံ့၊ သေယျာ- ညောင်စောင်း အင်းပျဉ် အိပ်ယာ နေရာ၊
ဂန္ဓ- နံ့သာခဲ နံ့သာတုံး၊ ပဒီပေယျ- ဆီမီးထွန်းရန် ဆီ, ဆီမီးခွက် စသည်။

၅။ (က) နွားမ၏သား ထိုနွားလား မြက်ကိုစား၍ ရေသောက်ပြီဟု ဆိုခြင်းသည် နွားဟူကနွားမ၏သားဖြစ်ပြီး မြက်ကို စားမြဲ ရေကို သောက်မြဲဖြစ်၍ အပေါင်းအားဖြင့် သိအပ်သော တစ်စုံတစ်ခုသော အနက်ထူးမှ ကင်းသောကြောင့် အပေတတ္ထဒေါသသင့်ပါသည်။

http://www.dhammadownload.com

(ခ) ဤပုံစံ၌ ခွေးနှင့်မြက်၊ ဆိတ်နှင့် အမဲ ကို ဆောင်ကုန်၏ဟု ဆိုခြင်းသည် ဆိုရိုးအစဉ်မှ ကင်းသောကြောင့် အပတ္တမဒေါသသင့်ပါသည်။

ဝါကျထွဒေါသများမှာ

အပတ္တမဒေါသ၊ ဩစိတျဟီနဒေါသ၊ ဝါကျထွဘဂ္ဂရီတိဒေါသ၊ သသံသယဒေါသ၊ ဝါကျထွဂါမွဒေါသ၊ ဒုဋ္ဌာလင်္ကာရဏဒေါသတို့ဖြစ်ပါသည်။

၆။ (ဂါထာနံပါတ် ၁၁-ကို ပါဠိရေးပါ။)

၇၊ (ဂါထာနံပါတ် ၁၅၃-ကိုအနက်ရေးပါ။)

၈။ **ဘာဝ, ဝိဘာဝ, အနုဘာဝ**

အဘိဝါဒိယ- အရ ရှိခိုးသောသူ၏သန္တာန်၌ ကြည်ညိုသော အခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဓါ စေတနာပြဋ္ဌာန်းသောစိတ္တာပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ ဓမ္မသိင်္ဂါရရသ။
မြတ်စွာဘုရားသည် အာရမ္မဏာဝိဘာဝ။
အတုလဂုဏ်တော်၊ သဿဒ္ဓမ္မဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။
အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်းစသော နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက် သည် အနုဘာဝ။
မှတ်ချက်- ဘာသိသံ၊ အဘိဓမ္မတ္ထသင်္ဂဟံ အတွက် ဥဿာဟဌာယီဘာဝထုတ်နိုင်သည်။

၉။ (ဂါထာနံပါတ် ၁၂၉-ကို ပါဠိရေးလေ)

၁၀။ ၁။ ပါဒတိုင်း အက္ခရာ ၈-လုံးစီရှိရခြင်း။
၂။ ပါဒတိုင်း အစတစ်လုံးနောင် သ-ဂိုဏ်း, န-ဂိုဏ်းမရှိခြင်း။
၃။ ပထမပါဒ အစလေးလုံးနောင် န-ဂိုဏ်းရှိခြင်း။
၄။ ဒုတိယ, စတုတ္ထပါဒ အစလေးလုံးနောင် ဇ-ဂိုဏ်းရှိခြင်း။
၅။ တတိယပါဒ အစလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်းတို့ကြောင့် ပထမ န-ကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘဆန်းမည်၏။

http://www.dhammadownload.com

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၃၀-၃-၂၀၁၂) သောကြာနေ့

၁။ အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဝေါဟာရတစ်ခုစီ ပြန်ဆိုရေးသားခဲ့ပါ-
(က) နိဒါဃ၊ (ခ) ကိစ္ဆ၊ (ဂ) ဂိရာ၊ (ဃ) ရသနာ၊ (င) သောပ္ပ၊
(စ) ဘုဝန၊ (ဆ) ဝဏ္ဏ၊ (ဇ) ပါကာရ၊ (ဈ) သြဝရက၊ (ည) ကစဝရ။

၂။ အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရတစ်ခုစီ ပြန်ဆိုရေးသားပါ-
(က) လက်ညှိုး၊ (ခ) ကျောက်ကုန်း၊ (ဂ) ကိုယ်အင်္ဂါ၊ (ဃ) နဖူးစည်းတန်းဆာ၊
(င) ကရမက်၊ (စ) ဆီမီး၊ (ဆ) အဆုတ်နာ (ဇ) ချွန်း၊ (ဈ) လှံရှည်၊ (ည) ထောင်။

၃။ ဒါနဝတ္ထု ၁၀-မျိုးတို့တွင် နောက် ၃-သုံးမျိုးကိုသာ ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် ဖြေဆို၍ "ဓမ္မ" သဒ္ဒါ၏ လိင်ကိုလည်း သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

၄။ "ဥပေါသထ" သဒ္ဒါ ဟောနိုင်သောအနက်တို့ကို ပြဆိုသည့်ဂါထာကို ပါဠိရေး၍၊ အဘယ်လက်နက်မျိုးကို "မုတ္တာမုတ္တလက်နက်" ဟု ခေါ်ဆိုပါသနည်း? ဖြေဆိုပါ။

၅။ ကေဝလမုဒုသမတာဂုဏ်၊ ကေဝလဖုဋ္ဌသမတာဂုဏ်တို့၏ ဥဒါဟရုဏ်ပြဂါထာတို့ကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၆။ "ဆရာတော်ခေါ်၊ မောင်ရင်ကျော်သည်၊ သက်တော် ဆယ်နှစ်မျှသာတည်း" ဟူသော စကားရပ်၌ သင့်သော ဒေါသကို ညွှန်ပြ၍၊ ယင်းဒေါသ၏ အဖြေဥဒါဟရုဏ်ပြ ဂါထာကိုလည်း အနက်ရေးခဲ့ပါ။

၇။ အတိဝုတ္တဒေါသနှင့် ဩစိတျဟီနဒေါသတို့၏ အထူးကို ဖြေဆို၍၊ "သံသရာဝဲ၊ သြဃထဲ၊ အမြဲကျင်လည်ကုန်" ဟူသော ကဗျာသည် မည်သည့်ဂုဏ်မြောက်ပါသနည်း? အကြောင်းပြ ဖြေဆိုပါ။

၈။ ကောဓော အတ္ထံ နဿတိ ဟူသော စကားရပ်၌ ကြိယာပုဒ်ကို ရှု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com

၉။ ပိဋကတ်သုံးပုံ၌ တွေ့ကြုံသမျှ ဂါထာများကို သာမညအားဖြင့် ဂါထာဟု ခေါ်ဆိုရကြောင်း ပြဂါထာနှင့် ဆန်းဂိုဏ်းတို့နှင့် မညီညွတ်သော ဘုရားဟောဂါထာများကို သာမညဂါထာဟု ခေါ်ဆိုရကြောင်းပြ ဂါထာတို့ကို ပါဠိရေးခဲ့ပါ။

၁၀။ အပရဝတ္ထုဂါထာ၏ ဝိသမပါဒကို လေးပါဒလုံးစီကုံးလျှင် ဖြစ်နိုင်သောဂါထာကို အမည်မျှ ဖော်ပြ၍ မတ္တာဝဏ္ဏဝိဘေဒနံ-ဝယ် မတ္တာအရ, ဝဏ္ဏအရ ယူရမည့်ဂါထာတို့ကို ကောက်ပြ ကာ၊ စမွကမာလာဂါထာ မည်ပုံကိုလည်း ဖြေဆိုပါ။

၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁။ (က) နွေဥတု၊ (ခ) ဆင်းရဲခြင်း၊ (ဂ) စကား၊ (ဃ) လျှာ၊ (င) အိပ်ခြင်း၊
(စ) လောက၊ (ဆ) နွားခြံ၊ (ဇ) မြို့ရိုးတံတိုင်း၊ (ဈ) တိုက်ခန်း၊ (ည) အမှိုက်။

၂။ (က) တဇ္ဇနီ၊ (ခ) ပိဋ္ဌိ၊ (ဂ) အင်္ဂီ၊ (ဃ) ဥန္ဒုရ၊ (င) ကာဠာနုသာရီ၊
(စ) ဒီပ၊ (ဆ) သောသ၊ (ဇ) အင်္ဂီသ၊ (ဈ) ကုန္တ၊ (ည) ကာရာ။

၃။ **ဒါန ဝတ္ထု ၁၀-ပါး နောက်ဆုံးသုံးပါး**

သေယျာ- ညောင်စောင်း အင်းပျဉ်၊ အိပ်ယာ နေရာ။

ဂန္ဓ- နံ့သာခဲ၊ နံ့သာတုံး။

ပဒီပေယျ- ဆီမီးထွန်းရန် ဆီ၊ ဆီမီးခွက် စသည်။

ဓမ္မ-သဒ္ဒါ၏ လိင်

ပုညံ ဓမ္မမနိတ္ထိယံ (ဂါထာနံပါတ်- ၈၅)ကို ထောက်၍ ပုံလိင်, နပုံလိင် ဖြစ်ပါသည်။

၄။ (ဂါထာနံပါတ် ၇၈၀-ကို ပါဠိရေးပါ။)

မုတ္တာမုတ္တလက်နက်

လက်မှ လွှတ်လိုလျှင် လွှတ်ရ မလွှတ်လိုလျှင် မလွှတ်ရသော တုတ် တင်းပုတ် စသော လက်နက်မျိုးကို မုတ္တာမုတ္တလက်နက်ဟုခေါ်သည်။

၅။ (အလင်္ကာဂါထာနံပါတ် ၁၃၂၊ ၁၃၃-တို့ကို ပါဠိရေးလေ။)

၆။ အဓျတ္တဒေါသ ဖြစ်ပါသည်။ ဂါထာနံပါတ် ၇၂-ကို အနက်ရေးလေ။

http://www.dhammadownload.com

၇။ **အတိဝုတ္တဒေါသနှင့် ဩစိတျဟီနဒေါသ အထူး**

အတိဝုတ္တဒေါသသည်- သူတစ်ပါးအတွက် အလွန်ပြောခြင်း(ကြွားခြင်း) ဖြစ်သည်။
ဩစိတျဟီနဒေါသသည်- မိမိဂုဏ်ကိုချီးမွမ်းခြင်း(ကြွားခြင်း)ဖြစ်၏။ ဤသို့ထူးပါသည်။

ဂုဏ်မြောက်ပုံ

အဆင်းသဏ္ဌာန်ပုံဟန်ရှိသော ဝဲကို အဆင်းသဏ္ဌာန် ပုံဟန်မရှိသော သံသရာတည်းဟူသော ဂုဏ်၌တင်စား၍ဆိုထားသောကြောင့် နိရူပေရူပယုတ္တသမာဓိဂုဏ်မြောက်ပါသည်။

၈။ (က) အမျက်ထွက်သောပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဌာယိဘာဝ+ရုဒ္ဓရသ။
(ခ) အနက်အဓိပ္ပါယ်(အကျိုးစီးပွား)သည် အာရမ္မဏဝိဘာဝ။
(ဂ) ကောဓကိုတိုးပွားစေတတ်သော အယောနိသောမနသိကာရ စသည်တို့သည် ဥဒ္ဓိပနဝိဘာ။
(ဃ) မျက်လုံးနီခြင်း မျက်မှောင်ကုတ်ခြင်း စသည်တို့သည် အနုဘာဝ။

၉။ (ဂါထာနံပါတ် ၁၅၊ ၁၂၈- တို့ကို ပါဠိရေးလေ။)

၁၀။ **ဖြစ်နိုင်သောဂါထာ-** ဘဒ္ဒိကာ ဂါထာ။
မတ္တာဝဏ္ဏဝိဘေဒနံဝယ်-
မတ္တာ အရ- ဒုတိယပိုင်းလာ အရိယာ စသော မတ္တာဝုတ္တိဂါထာတို့ကိုယူ။
ဝဏ္ဏအရ- တတိယပိုင်း, စတုတ္ထပိုင်း, ပဉ္စမပိုင်းလာ ဝဏ္ဏဝုတ္တိဂါထာများကိုယူ။
စမွကမာလာဂါထာမည်ပုံ- ရွှေစကားဝါ ပန်းကုံးနှင့်တူသောကြောင့် စမွကမာလာဂါထာမည်သည်။

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓာန်, အလင်္ကာ, ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၁၄) ရက်၊ (၅-၄-၂၀၁၂) ကြာသပတေးနေ့

၁။ ဖော်ပြပါ ပါဠိဝေါဟာရများကို မြန်မာဝေါဟာရတစ်ခုစီ ပြန်ဆိုပါ။
(က) ဝါသဝ၊ (ခ) အတိသယ၊ (ဂ) သတာရံသိ၊ (ဃ) ဟာယန၊ (င) တမ္မ၊
(စ) အဂ္ဂါ၊ (ဆ) တန၊ (ဇ) ဘူ၊ (စျ) ဃရဏီ၊ (ည) ပသဝ။

http://www.dhammadownload.com

၂။ ဖော်ပြပါ မြန်မာဝေါဟာရများကို ပါဠိဝေါဟာရတစ်ခုစီ ပြန်ဆိုပါ-
(က) ထက်စည်၊ (ခ) အဖန်၊ (ဂ) ဆားဆပ်ပြာမြေ၊ (ဃ) ပစ်စင်(ပြအိုး)
(င) သူတော်ကောင်းမ၊ (စ) လည်ချောင်း၊ (ဆ) ပန်းဥ၊ (ဇ) မြားရွက်၊
(ဈ) တူးရွင်း၊ (ည) ဆန်ကွဲ။

၃။ ယောက်ျားတို့ သဘောကျအောင် ပြုလုပ်တတ်သော မိန်းမတို့၏ အမူအရာ (၆) မျိုးကို အဘိဓာန်ကျမ်းလာအတိုင်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ၍၊ အဘယ်သို့ နေခြင်းမျိုးကို **ဥပုသ်သုံးခြင်း**-ဟု ခေါ်သည်ကိုလည်း အဘိဓာန်ကျမ်းလာအတိုင်း ဖြေဆိုပါ။

၄။ ဗောဓိအနက်လေးပါးကို ပြသောဂါထာကို ပါဠိရေး၍၊ "မပြတ်" အနက်ဟောသဒ္ဒါများကို လည်း အဘိဓာန်ကျမ်း အဗျယဝဂ်လာအတိုင်း ဖော်ထုတ်ရေးသားခဲ့ပါ။

၅။ လဋ္ဌ ယုန်ငယ်, ပိတုန်းနှယ်သို့, ငါဝယ်ထင်ရောင်, ထင်မှားတည်း- ဟူသော ကဗျာဋ္ဌ သင့်ရောက်သောဒေါသကို ပြဆိုသောဂါထာအား ပါဠိမှန်ကန်စွာ ရေးခဲ့ပါ။

၆။ အောက်ပါ (က) (ခ) (ဂ) တို့၌ ဒေါသ၊ (ဃ) ၌ ဂုဏ်၊ (င) ၌ ဖြစ်သင့်သော အလင်္ကာတို့ကို အမည်မျှ အသီးအသီး ဖော်ပြပါ-
(က) ထားဝယ်ညှင်းကို, နတ်မင်းတို့ဝယ်, ရှင်းရှင်းပယ်၏။
(ခ) ကြောင်ကဲ့သို့ ကျင့်လေ, ညောင်ကဲ့သို့ ကျင့်လေ၊
(ဂ) မွေးသဖခင်, ပိတာရင်ကို, ဘဝင်အထိ, ချစ်ဘိ၏။
(ဃ) ခင်ခင်မွတ်မွတ်, လိုက်လံတတ်သား, ထူးပွတ်မဆိုင်း, စိတ်ဆင်ရိုင်းကို၊
(င) လောကဖာတ်ခုံ, ကောင်းဆိုးစုံ, ကခုန်ငိုရယ်ကာ။

၇။ ပရိက္ခရာ, ဥစ္စာအိမ်ထောင်, ကုန်အောင်ခြွေရွေ့၊ စွန့်ခဲ့ပေ၍, မနေလူရပ်, တောသို့ကပ် လည်း- ဟူသော အလင်္ကာ၏ ဂုဏ်ရောက်ပုံပြ ပြယုဂ်ဂါထာကို အနက်ယောဇနာခဲ့ပါ။

၈။ ရတိဌာယီဘာဝမှ ဖောက်ပြန်၍ ဗျဘိစာရီဘာဝဖြစ်ပုံကို နန္ဒမင်းသားဝတ္ထုသွားဖြင့် ဖြေဆို၍၊ "ရိုးကြေရေခန်း, ကြိုးအားပန်း, မင်္ဂလေးဖိုလ်ပေါက်ရာ" ဟူသော အလင်္ကာကို ရွှ၍ ဘာဝ, ဝိဘာဝ, အနုဘာဝထုတ်ပြပါ။

http://www.dhammadownload.com

၉။ ဂါထာအပြားကို အဓိပ္ပာယ်နှင့်တကွ ရေးပြ၍၊ ပုဗ္ဗဒ္ဒဋ္ဌ စပလဂါထာ၏ လက္ခဏာ, အပရဒ္ဒဋ္ဌ ပထျာဂါထာ၏ လက္ခဏာရှိသောဂါထာကို ပါဠိသက်သက်ရေးပြပါ။

၁၀။ လေးပါဒလုံး မ-ဂိုဏ်း တ-ဂိုဏ်းရှိခြင်း, တ-ဂိုဏ်း, ဂရုနှစ်ခုရှိခြင်း, လေးလုံးမြောက် ခုနစ်လုံးမြောက်တို့၌ ယတိတို့နှင့် ယှဉ်သောဂါထာကို (က) ဂါထာအမည်၊ (ခ) ဆန်း အမည် ပေးပြ၍၊

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။

နိဗ္ဗနသစ္ဆိကိရိယာ စ၊ ဧတေ မင်္ဂလမုတ္တမံ- ဟူသော ဂါထာကိုလည်း ဆန်းစစ်၍ ဂါထာ အမည်ပေးခဲ့ပါ။

၆။ တနသ်ာရီတိုင်းဒေသကြီး (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓာန်, အလင်္ကာ, ဆန်းဘာသာ

၁။ (က) သိကြားနတ်မင်း၊ (ခ)အလွန်အကဲအပြင်းအထန်၊ (ဂ) နေ၊ (ဃ) နှစ်၊ (င) အနီ၊ (စ) အမည်၊ (ဆ) ကိုယ်၊ (ဇ) မြေ၊ (စျ) မယား၊ (ည) ပန်း။

၂။ (က) အာလမ္ဗရ၊ (ခ) ကသာဝ၊ (ဂ) ဦသ၊ (ဃ) အင္ဂ၊ (င) ပတိဗ္ဗတာ၊ (စ) ဂလ၊ (ဆ) ကုဋ္ဌ၊ (ဇ) ပက္ခ၊ (စျ) ခဏိတ္တိ၊ (ည) ကဏ္ဏ။

၃။ (ချင်း ၃-၅)

၄။ (ဂါထာနံပါတ် ၈၀၅-ကို ပါဠိရေးပါ။)
မပြတ်အနက်ဟော သဒ္ဒါများ- ပုနပ္ပုနံ၊ အဘိဏှံ၊ အသကိဉ္စ၊ အဘိက္ခဏံ၊ မုဟုံ။

၅။ (အလင်္ကာဂါထာနံပါတ် ၁၁၄-ကိုပါဠိရေးပါ။)

၆။ (က) ကိလိဋ္ဌဒေါသ။
(ခ) နေယျဒေါသ။
(ဂ) သဒ္ဒဧကတ္ထဒေါသ။
(ဃ) မိဿသမတာဝုဏ်။
(င) ရူပကအလင်္ကာ။

http://www.dhammadownload.com

၇။ (အလင်္ကာ ဂါထာနံပါတ် ၁၂၀-ကို အနက်ရေးလေ။)

၈။ နန္ဒမင်းသားသည် ဇနပဒကလျာဏီနှင့် မပေါင်းဆုံရသေးသော ချစ်ကြိုက်ခြင်းဟူသော ရတိဌာယီဘာဝမှ ဘုရားနောက်သို့ သပိတ်ထမ်း၍ နန္ဒမင်းသားလိုက်သွားသော အခါ လမ်းခွဲပြီး ဝမ်းနည်းရ၍ ဖောက်ပြန်ပြောင်းလဲခြင်းတည်းဟူသောဗျဘိစာရီဘာဝသို့ ဖြစ်ပေါ်ခဲ့ပါသည်။

ဘာဝ, ဝိဘာဝ, အနုဘာဝ

မင်္ဂလမ်း,ဖိုလ်ပေါက် အားထုတ်ခြင်းသည် ဥဿာဟဌာယီဘာဝ+ ဝီရရသ။
မင်္ဂ, ဖိုလ်, နိဗ္ဗာန်သည်ငင်း၊ ကမ္မဋ္ဌာန်းအာရုံသည်ငင်း အာရမ္မဏဝိဘာဝ။
စိမ်းစိုသော တောတောင်ချောက်ကမ်းပါးရံ ကျောင်းသခိမ်းတို့သည် ဥဒ္ဒိပနဝိဘာဝ။
သွေးသားစသည်တို့ခြောက်သွေ့ခြင်း မင်္ဂ,ဖိုလ်တို့ကိုရခြင်းစသည်တို့သည် အနုဘာဝ။

၉။ **ဂါထာ အပြား**

၁။ လေးပါဒလုံးတို့၌ ဂိုဏ်း, ဂရု, လဟု(ယတိ)လက္ခဏာ အက္ခရာလုံးရေ အရေအတွက် ခြင်း တူညီသောဂါထာသည် သမဂါထာမည်၏။

၂။ လေးပါဒရှိသောဂါထာ၌ ပထမပါဒနှင့် တတိယပါဒသည်ငင်း၊ ဒုတိယပါဒနှင့် စတုတ္ထ ပါဒသည်ငင်း ဂိုဏ်း, ဂရု, လဟု အက္ခရာ(ယတိ)လက္ခဏာချင်းအားဖြင့် စုံပါချင်း ထက်ဝက်စီ တူညီသော ဂါထာသည် အဒ္ဓသမဂါထာမည်၏။

တစ်နည်း- ဝိသမနှစ်ပါဒချင်း သမနှစ်ပါဒချင်း လက္ခဏာ အားလုံးတူညီသော ဂါထာမျိုးသည် အဒ္ဓသမဂါထာမည်၏။

၃။ လေးပါဒလုံး ဂိုဏ်း, ဂရု, လဟု အက္ခရာ(ယတိ) လက္ခဏာချင်း မတူကွဲပြား ခြားနား သော ဂါထာမျိုးသည် ဝိသမဂါထာမည်၏။

ဂါထာပါဠိ- (ဂါထာနံပါတ် ၂၃-ကို ပါဠိရေးပါ။)

၁၀။ (က) သာလိနီဂါထာ။ (ခ) တိဋ္ဌဘာဆန်း။

ဆန်းစစ်, ဂါထာအမည်

၁။ ပါဒတိုင်း အက္ခရာရှစ်လုံးစီရှိခြင်း။

၂။ ပါဒတိုင်း အစတစ်လုံးနောင် သ,န ဂိုဏ်းမှရှိခြင်း။

၃။ ဝိသမပါဒ အစ လေးလုံးနောင် ယ ဂိုဏ်းရှိခြင်း။

http://www.dhammadownload.com

၄။ သမပါဒ အစလေးလုံးနောင် ဇ ဂိုဏ်းရှိခြင်း။
ထိုကြောင့် ပထျာဝတ္တဂါထာဖြစ်ပါသည်။
မှတ်ချက် – ပထမပါဒ၌ စရိ၊ ဒုတိယပါဒ၌ အရိ၊ တတိယပါဒ၌ ကိရ တို့ကို ပေါင်းစ်သည်။

၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်းဒေသကြီး / အနောက်ပိုင်း)
ပထမကြိုးတန်း ။ ။ ပါဠိအဘိဓာန်နှင့် အလင်္ကာဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၃၀- ၃-၂၀၁၂) သောကြာနေ့။

၁။ အောက်ပါတို့ကို မြန်မာဘာသာ ပြန်ဆိုပါ။
(က) နရဝါဟန၊ (ခ) သံဝရီ၊ (ဂ) နာဒ၊ (ဃ) ဒုဂ္ဂမ၊ (င) ဇာရ၊
(စ) သောဏီ၊ (ဆ) လိပိကာရ၊ (ဇ) နေတ္တိ်သ၊ (ဈ) သမိတိ၊ (ည) တရလ။

၂။ အောက်ပါတို့ကို ပါဠိဘာသာ ပြန်ဆိုပါ။
(က) ပြာပူ၊ (ခ) နတ်တို့၏အမိ၊ (ဂ) ကိုယ်ဟန်ပြမှု၊ (ဃ) လွန်ကဲသောတဏှာ၊
(င) မြစ်ရေဝင်အရပ်၊ (စ) ဘုရင့် သီခြားခန်း၊ (ဆ) မတ်, ခဲအို၊ (ဇ) နို့သီး၊
(ဈ) နားထိုင်းသူ၊ (ည) သက်တော်စောင့်။

၃။ "မတရားပြောခြင်း"ဟူသော အဓိပ္ပါယ်ကို ဖြေဆိုရ၍ "ဂေါရသငါးမျိုး"တို့ကို အဘိဓာန်လာအတိုင်း မြန်မာဘာသာဖြင့် အစဉ်မပျက် ရေတွက်ပြပါ။

၄။ ဒွါဒသာယတနာနိ-ဟူသောပါဠိ၌ "အာယတန"သဒ္ဒါ၏အနက်၊ ဗောဓိပက္ခိယ သင်္ဂဟ-ဟူသောပါဠိ၌ "ဗောဓိ"သဒ္ဒါ၏အနက်တို့ကို မြန်မာဘာသာဖြင့် အဘိဓာန်လာအတိုင်း အစဉ်မပျက် ရေးသားပါ။

၅။ ဌာယီဘာဝ (၉)ပါးတို့တွင် ရှေးဦးစွာသော ဌာယီဘာဝ၏ သဘောအဓိပ္ပါယ်နှင့်၊ ၎င်းဌာယီဘာဝ၏ အာလမ္ဗဏဝိဘာဝ, ဥဒ္ဒီပနဝိဘာဝ-တို့ကို ဖော်ပြသော ဂါထာကို အနက်ရေးပါ။

၆။ စာဖြေရှင်ဖြေဆိုနေသော အဘိဓာန်, အလင်္ကာ, ဆန်းကျမ်းတို့ကို ကြိုးစားသင်ယူရန် ဝင်္ကပုတ္တိနည်းအားဖြင့် တိုက်တွန်းထားသော ဂါထာကို ပါဠိရေးပါ။

၇။ "ပထမပြန်စာမေးပွဲ ကျင်းပရာဝယ် ကြိုးကြပ်ရေးဆရာတော်များက ကြိုးကြပ်ပြီး, အခန်းစောင့်ဆရာတော်များက အခန်းစောင့်ကာ, စာဖြေသံယာများက စာဖြေကြ၏"ဟူသော

http://www.dhammadownload.com

စကားရပ်၌ သင့်ရောက်သော အပြစ်ဒေါသကို အကြောင်းပြ ဖြေဆိုပြီး၊ ၎င်းစကားရပ်ကို အပြစ်ဒေါသမှ ကင်းလွတ်အောင် အဘယ်သို့ ယူဆရမည်ကိုလည်း ဖြေဆိုပါ။

၈။ "ကရုဏာသန္နိစင်-ရေအယဉ်ဝယ်"ဟူသော စကားရပ်၊ "ခြုံစိမ့်ရသာ-ဒေသနာကို"ဟူသော စကားရပ်တို့၌ အဘယ်ဂုဏ်မြောက်သည်ကို အကြောင်းနှင့်တကွ တိကျစွာ ဖြေပါ။

၉။ အရိယာပထျာစသော ဂါထာ၏ ဂရု, လဟု, အက္ခရာအရေအတွက်တို့ကို အလွယ်တကူ သိနိုင်ရန် နယူပဒေသပြု ဂါထာကို အနက်ရေးခဲ့ပါ။

၁၀။ ပဘဒ္ဒကဂါထာ၏ အဆုံး၌ ဂရုတစ်လုံးတိုး၍ စီကုံးခဲ့သော် ဖြစ်နိုင်သော ဂါထာအမည်, ဆန်းအမည်ကို ပါဠိထောက်၍ ဖြေဆိုခဲ့ပါ။

၇။ ပဲခူးတိုင်းဒေသကြီး/အနောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ပါဠိအဘိဓာန်နှင့် အလင်္ကာဆန်းဘာသာ

၁။ (က) ဝေဿဝဏ်နတ်မင်း၊ (ခ) ညဉ့်၊ (ဂ) အသံ၊ (ဃ) သွားလာနိုင်ခဲသောခရီး၊ (င) သယောက်လင်၊ (စ) တင်ပါး၊ (ဆ) စာရေး၊ (ဇ) သန်လျက်၊ (ဈ) သဘင်၊ (ည) ရက်မန်း၊ (ဆန်ပြုတ်)

၂။ (က) ကုက္ကုဋ္ဌ၊ (ခ) အဒိတိ၊ (ဂ) အဘိနယ၊ (ဃ) လာလသာ၊ (င) နဒီမာတိက၊ (စ) ကစ္ဆန္နရ၊ (ဆ) ဒေဝရ၊ (ဇ) စူစုက၊ (ဈ) ဗဓိရ၊ (ည) အနိကဋ္ဌ။

၃။ **မတရားပြောခြင်း အဓိပ္ပါယ်**

ရှစ်ပါးသော အနရိယ ဝေါဟာရတို့၏ အစွမ်းဖြင့်ဖြစ်သော ကျူးလွန်ခြင်းကို ပြတတ်သောစကားသည် အဘိဝါကျ (မတရားပြောခြင်းမည်၏)

ဂေါရသ ၅-မျိုး

၁။ နို့ရည်၊ ၂။ ဒိန်၊ (နို့ချဉ်) ၃။ ထောပတ်၊ ၄။ ရက်တက်၊ ၅။ ဆီဥ။

၄။ **အာယတန အနက်**

ဖြစ်ရာအရပ်၌ဌင်း၊ အကြောင်း၌ဌင်း၊ နေရာအရပ်၌ဌင်း၊ တည်ရာ အရပ်၌ဌင်း၊ စုဝေးရာ အရပ်၌ဌင်း၊ ပုဒ်ပြည့်ကာမျှ၌ဌင်း ဖြစ်၏။

http://www.dhammadownload.com

ဗောဓိအနက်

ကုတ္ထိလိင် ဗောဓိသဒ္ဒါသည် သဗ္ဗညုတဉာဏ်၌ဝင်း၊ အရိယာမဂ်၌ဝင်း ဖြစ်၏။
ပုလ္လိင် ဗောဓိ သဒ္ဒါသည် ဗောဓိမင်းသားဟူသော အနက်၌ဖြစ်၏။
ပုလ္လိင် ကုတ္ထိလိင် ဗောဓိသဒ္ဒါသည် ညောင်ဗုဒ္ဓဟေပင်၌ဖြစ်၏။

၅။ **ရတိဌာယီဘာဝ အဓိပ္ပါယ်**

ပျော်ရွှင်ဖွယ်ကောင်းသော အရပ်၊ သီဆို တီးမှုတ်ခြင်း စသော ကလာ၊ မိုးဥတု စသော ကာလ၊ ပန်းပန်ခြင်း နံ့သာလိမ်းခြင်း စသောအပြင်အဆင်၊ တင့်တယ်သောအပြုအမူ စသော နှစ်သက်ဖွယ်ရာ အမူအရာ အစရှိသည်ကို အဖန်တလဲလဲ မှီဝဲခြင်းကြောင့် အချင်းချင်း ချစ်ကြိုက်ကြကုန်သော လူလင်ပျိုမိန်းမပျိုတို့၏ ဝမ်းမြောက်ကြည်နူး ပျော်ရွှင်ခြင်းကို ကာမရတိဌာယီဘာဝဟုခေါ်ပါသည်။

အနက်ပေး- (ဂါထာနံပါတ် ၃၄၈-ကို အနက်ရေးလေ။)

၆။ (အလင်္ကာ ဂါထာနံပါတ် ၁၆၃-ကို အနက်ရေးလေ။)

၇။ ပထမပြန်စာမေးပွဲကျင်းပရာဝယ် ကြီးကြပ်ရေး ဆရာတော်များက ကြီးကြပ်ပြီး၊ အခန်းစောင့်ဆရာတော်များက အခန်းစောင့်ကာ၊ စာဖြေသံယာများက စာဖြေကြ၏-ဟူသောစကား၌ ရှေး၌ ကြီးကြပ်ရေးဆရာတော် အခန့်စောင့်ဆရာတော်ဟု အစဉ်ကျကာ နောက်၌ စာဖြေသံယာ ဟု ပုဒ်အစဉ်ကျိုးပျက်သောကြောင့် ဝါကျဘဂ္ဂရီတိဒေါသ သင့်ရောက်ပါသည်။

ပထမပြန်စာမေးပွဲကျင်းပရာဝယ် ကြီးကြပ်ရေး ဆရာတော်များက ကြီးကြပ်ပြီး၊ အခန်းစောင့်ဆရာတော်များက အခန်းစောင့်ကာ၊ စာဖြေဆရာတော်များက စာဖြေကြ၏-ဟု **ဆရာတော်**ဟူသော ပုဒ်အစဉ်ကျအောင် ရေးသားလျှင် ဝါကျဘဂ္ဂရီတိ အပြစ်ဒေါသမှ ကင်းလွတ်ပါသည်။

၈။ စီးဆင်းခြင်း သဘောရှိသော ရေ၌သာရကောင်းသော "အရည်" သဘောကို စီးဆင်းခြင်း သဘောမရှိသော ကရုဏာ၌ လောကအပိုင်းအခြားကို မလွန်သောအားဖြင့် တင်စားအပ်သည်၏ အဖြစ်ကြောင့် နိရုပေရူပယုတ္တသမာဓိဂုဏ် မြောက်ပါသည်။

ဂုဏ်မြောက်ပုံ

ပျားရည် ထန်းလျက် စသည်တို့၌သာရကောင်းသော ချိုဆိမ့်သော အရသာကို

http://www.dhammadownload.com

ချီဆိမ့်သော သဘောမရှိသော ဒေသနာ၌ လောကအပိုင်းအခြားကို မလွန်သောအားဖြင့် တင်စား၍ ဆိုသောကြောင့် နိရသေ သရသ သမာဓိဂုဏ်မြောက်ပါသည်။

၉။ (ဂါထာနံပါတ် ၄၅-ကို အနက်ရေးလေ။)

၁၀။ နဇာဇရာ သဒါ ဘဝတိ ဝါဂိနီ ဂယုတ္တာ။ အဋ္ဌ-တို့ကိုထောက်၍ ဝါဂိနီဂါထာ၊ အဋ္ဌဆန်း။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး/အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓာန်, အလင်္ကာ, ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၃၀-၃-၂၀၁၂) သောကြာနေ့။

၁။ (က) ဗျမ္ဘ၊ (ခ) ဇာလိနီ၊ (ဂ) ပဏ္ဍိ၊ (ဃ) အဂဒ၊ (င) အဒ္ဓဂူ-ဟူသော ပါဠိပုဒ်တို့ကို မြန်မာဘာသာ ပြန်ဆို၍၊ (စ) ကုသိ-ပုဒ်ကို မည်သည့်နည်းဖြင့် မည်သည့် လိင်ဟု ဆုံးဖြတ်ရမည်ကို ဖြေဆိုပါ။

၂။ (က) မိုးအုံ့သောနေ့၊ (ခ) ပန်းရောင်အဆင်း၊ (ဂ) သားရင်း၊ (ဃ) မျက်ထောင့်၊ (င) တစ်ဘက်ကန်း-ဟူသော မြန်မာဘာသာတို့ကို ပါဠိဘာသာပြန်၍၊ (စ) တဝါဟ ၌ အာဠက (ပြည်) မာနိက (တင်း) ပေါင်း မည်မျှရှိသနည်း ဖြေဆိုပါ။

၃။ (က) ယာတြာ၊ (ခ) ပါဟုနာ၊ (ဂ) ပေဿ၊ (ဃ) ဝိဠဘီ၊ (င) ဝန္ဒာကာ-ဟူသော ပါဠိပုဒ်တို့ကို မြန်မာ ပြန်ဆို၍၊ (စ) ဥဂ္ဂမျိုး, သူတမျိုးတို့၏ ရောနှော စပ်ယှဉ်ပုံတို့ကို အသီးသီး ရှင်းလင်း ဖြေဆိုပါ။

၄။ (က) အဖိုးအခ ဟောနိုင်သော ပါဠိပုဒ်တို့ကို ထုတ်နုတ် ဖြေဆိုပြီး၊ (ခ) ဝိသယသဒ္ဒါ ဟောနိုင်သော မြန်မာအနက်တို့ကိုလည်း ဖော်ပြပါ။

၅။ (က) အဖွဲ့ဗန္ဓတို့၌ ကတ္တာပုဒ်, ကံပုဒ် တစ်ခုခုလိုနေခြင်းကြောင့် အဓိပ္ပါယ် မပြည့်စုံလျှင် အပြစ်သင့် ရောက်နိုင်ပုံပြ ဂါထာကို ပါဠိရေး၍၊ (ခ) ပဒမဇ္ဈယတိ၏ ကို ဥဒါဟရဏ်ပြ စကားရပ်ကို အနက်ပေးပြပါ။

၆။ "စကြာဝတေးမင်းထက်၊ အာဏာစက်၊ ထက်မြက်လွန်းစွာ၊ မင်းအနော်ရထာ"ဟူသော

http://www.dhammadownload.com

စကားရပ်၌ (က) သင့်ရောက်နိုင်သော ဒေါသကို အကြောင်းပြု၍ ဖြေဆိုပြီး၊ (ခ) ၎င်း စကားရပ်၌ သင့်ရောက်သော ဒေါသမှ လွတ်မြောက်နိုင်ပုံပြ ဂါထာကို ပါဠိရေးပါ။

၇။ မမလေးတို့၊ ပျို့ဦးရင်၊ အဝင်မှာ၊ သာစေကြောင်း၊ ဗောဓိရွှေကျောင်း" ဟူသော ဖော်ပြပါ စာသားတို့ ပါဝင်သော သီချင်းကို ယခုခေတ်ဂီတပညာရှင်တို့ ရေးစပ်သီဆိုလျှင် ဖော်ပြပါ စာသားတို့တွင်-

(က) မည်သည့်စာသား၌ မည်သည့်အပြစ် သင့်နိုင်ပါသနည်း အကြောင်းပြု၍ ဖြေဆိုပြီး၊

(ခ) ၎င်းအပြစ်မှ လွတ်မြောက်အောင် ရေးစပ်နိုင်ခဲ့လျှင် ရနိုင်သော ဝုဏ်၏ ဥဒါဟရဏ်ပြ စကားရပ်တို့တွင် ဥပမေယျ စကားရပ်တို့ကိုသာ အနက်မှန်မှန် ပေးပါ။

၈။ (က) ဝါကျဘဂ္ဂရီတိဒေါသနှင့် ဝါကျတ္ထဘဂ္ဂရီတိဒေါသတို့၏ ကွဲပြားခြားနားချက်တို့ကို ရေးပြပြီး၊ (ခ) ဝိဘာဝနာအလင်္ကာ၏ သဘောကိုလည်း ရှင်းလင်း ဖြေဆိုပါ။

၉။ (က) အဘိဓာန်ကျမ်းအစ ဗုဒ္ဓပွဏ္ဏာမ ဂါထာကို ဂါထာအမည်, ဆန်းအမည် ပေးပြပြီး၊

(ခ) ဆန်းကျမ်းလာ အမုသမဂါထာ၏ သဘောကို ပြသော ပါဠိကိုသာ အနက်မှန်မှန် ပေးပါ။

၁၀။ (က) ဘုဇဂသုသု ဂါထာ၏ အဆုံး၌ ယ-ဂိုဏ်းတိုးလျှင် ဖြစ်နိုင်သောဂါထာ၊ ဘဒ္ဒိကာဂါထာ၏ အစအဆုံးဂိုဏ်းကို ရ-ဂိုဏ်းပြောင်းလျှင် ဖြစ်နိုင်သော ဂါထာတို့ကို ပါဠိ ရေးပြီး၊

(ခ) သမဂုတ္တိနိဒ္ဒေသလာ ပါဒမဇ္ဈယတိ နှစ်ချက်ပြတ်သော ဂါထာတို့၏ အမည်တို့ကို လည်း ဖော်ပြပါ။

၈။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓာန်, အလင်္ကာ, ဆန်းဘာသာ

၁။ (က) ဗိမာန်၊ (ခ) တဏှာ၊ (ဂ) ဖနောင့် (ဃ) ဆေး၊ (င) ခရီးသွား၊

(စ) ကုသိ ပုဒ်သည် သာဟစရိယနည်းအားဖြင့် ပုလ္လိင်ဖြစ်ပါသည်။

၂။ (က) ဒုဒ္ဒိန၊ (ခ) ပါဠလ၊ (ဂ) သြရသ၊ (ဃ) အပါဂ်၊ (င) ကာဏ၊

(စ) တဝါဟ ၌ အာဠက (ပြည်) ပေါင်း- ၁၂၈၀ ပြည်၊ မာနိကာ (တင်း) ပေါင်း- ၈၀- တင်းရှိပါသည်။

http://www.dhammadownload.com

၃။ (က) စစ်ထွက်ခြင်း (ရှင်ဘုရင်ထွက်တော်မူခြင်း)၊ (ခ) ဧည့်သည်၊ (ဂ) ကျေးကျွန်၊ (ဃ) သစ်ခွ၊ (င) ကျီးပေါင်း၊

(စ) **ဥဋ္ဌ**– သုဒ္ဓမျိုး မိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားသော သားသည် ဥဋ္ဌမျိုးမည်၏။ **သူတ**– ဗြာဟ္မဏမျိုး မိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားသောသားသည် သူတမျိုးမည်၏။

၄။ (က) မူလ၊ ပါဘတ။

(ခ) ၁။ နိစ္စသေဝိတ ဝံသယာဓာရဌ်ဌင်း၊ ၂။ ရူပါရုံ စသည်ဌ်ဌင်း၊ ၃။ ဇနပုဒ်ဌ်ဌင်း၊ ၄။ အရပ်ဌ်ဌင်း၊ ၅။ ကျက်စားရာ စားကျက်ဌ်ဌင်း ဖြစ်ပါသည်။

၅။ (က) (အလင်္ကာဂါထာ နံပါတ် ၃၇– ကိုပါဠိရေးပါ။)

(ခ) အလင်္ကာဂါထာ ၄၉– ဌ်

သကလာပိ ဒိသာ သိဋ္ဌ– တိဝ သောဏ္ဏရသေဟိ ယော– ကို အနက်ရေးပါ။

၆။ (က) ဤပုံစံဌ်" စကြာဝတေးမင်းထက်၊ အာဏာစက်၊ ထက်မြက်လွန်းစွာ" ဟူသော ဝိသေသနသည် "မင်းအနော်ရထာ"ဟူသော ဝိသေသျနှင့် မထိုက်တန်သောကြောင့် အဓျတ္ထဒေါသသင်ပါသည်။

(ခ) အလင်္ကာဂါထာ နံပါတ် ၇၂– ကို ပါဠိရေး။

၇။ (က) (ခ) မူလကဗျာဌ်–

မမလေးတို့ ပျို့ဦးရင်၊

အဝင်သာပေတောင်၊

ဗောဓိရွှေကျောင်း– ဟု လာရှိသည်။

၈။ (က) ဝါကျ တစ်ခုစီ တစ်ခုစီဌ် သဒ္ဒါ၏ အစဉ်ပျက်ခြင်းသည် ဝါကျဘဂ္ဂရီတိဒေါသ။ ဝါကျအများကို တစ်ပေါင်းတည်းဆိုရာဌ် အနက်အဓိပ္ပါယ် အစဉ်ပျက်ခြင်းသည် ဝါကျတ္ထဘဂ္ဂရီတိဒေါသ၊ ဤသို့ ခြားနားပါသည်။

(ခ) လောကဌ်ထင်ရှားရှိသော သဘောကို ပယ်ရှားတားမြစ်၍ မထင်ရှားသော တခြားအကြောင်းကို ထင်စွာပြရာ အလင်္ကာသည်ဌင်း၊ သူ့သဘာဝအတိုင်း ပြီးစီးသော အကျိုးဂုဏ်ကို ထင်စွာပြရာ အလင်္ကာသည်ဌင်း ဝိဘာဝနာ အလင်္ကာမည်၏။

http://www.dhammadownload.com

၉။ (က) ဝံသဋ္ဌဂါထာ၊ ဇဂတီဆန်း ဖြစ်ပါသည်။

(ခ) ယသ ဝုတ္တသ- အကြင်ဂါထာ၏။ အန္တိမေန- အဆုံးဖြစ်သော စတုတ္ထပါဒနှင့်၊ ဒုတိယော- ဒုတိယပါဒသည်၊ သမော- တူ၏။ တတိယေန- တတိယပါဒနှင့်၊ အာဒိမော- ပထမပါဒသည်၊ သမော- တူ၏။ တံ ဝုတ္တံ- ထိုဂါထာသည်၊ အနုသမံ- အနုသမဂါထာမည်၏။

၁၀။ (က) ပုဋ္ဌဂါထာ၊ ရထောဒ္ဓတာ ဂါထာတို့ကို ပါဠိရေးပါ။

(ခ) ဟရိဏီဂါထာ၊ မန္ဒက္ကန္တာဂါထာ၊ ကုသုမိတလတာဝလ္လိတာဂါထာ၊ မေယျဝိပ္ဖုဇ္ဇိတာဂါထာ၊ သဒ္ဒရာဂါထာ၊ ပေါင်း ၅- ဂါထာဖြစ်ပါသည်။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး) ပထမကြိုးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၃၀-၃-၂၀၁၂) သောကြာနေ့

၁။ "ပါဠိမြင်နက်ထင်၊ ပညာရှင်" ဟူသည်နှင့်အညီ အောက်ပါ ပါဠိဝေါဟာရများကို မြန်မာဘာသာ ပြန်ဆိုပါ။

(က) ရက္ခသ၊ (ခ) ရယ၊ (ဂ) ရသိတ၊ (ဃ) ရာဟု၊ (င) ရဝိ၊
(စ) ရံသိ၊ (ဆ) ရဇနီ၊ (ဇ) ရမ္ဘက၊ (ဈ) ရာဒ္ဓ၊ (ည) ရာဝ။

၂။ "နက်မြင်ပါဠိသိ၊ ပညာရှိ" ဟူသည်နှင့်အညီ အောက်ပါ မြန်မာဝေါဟာရများကို ပါဠိဘာသာ ပြန်ဆိုပါ။

(က) မီးကျီးခဲ၊ (ခ) တိမ်ဝါရောင်အဆင်း၊ (ဂ) ဥဒေါင်းတွန်သံ၊ (ဃ) ကြင်နာစကား၊
(င) စည်လက်ခတ်၊ (စ) ခရီးရှည်၊ (ဆ) လွန်ကဲသောတဏှာ၊ (ဇ) မြို့လက်၊
(ဈ) လမ်းတို၊ (ည) တံစက်မြိတ်။

၃။ လေအထူးခြောက်ပါးကို မြန်မာလို ဖော်ပြ၍၊ ဂန္ဓကုဋီ နှင့် အဿမ တို့၏ သဘောသွားကို လည်း အဘိဓာန်ကျမ်းလာအတိုင်း ရှင်းလင်းဖြေဆိုပါ။

၄။ "ပါဠိတစ်ချက်၊ အနက်ဆယ်ထွေ" ဟူသည်နှင့်အညီ "နေကမ္မ" သဒ္ဒါ၊ "အဘိက္ကန္တ" သဒ္ဒါ ဟောစမ်းနိုင်သော အနက်တို့ကို ပြည့်စုံစွာ ဖော်ပြပါ။

http://www.dhammadownload.com

၅။ သဒ္ဒါတူ၊ အနက်တူ ပုဒ်နှစ်ခုကို ထပ်ဆိုထားခြင်းကြောင့် ဧကတ္ထဒေါသ သင့်ပုံပြ ဂါထာတို့ကို ပါဠိရေးခဲ့ပါ။

၆။ လေးပါဒလုံး၌ ဗျာန်တူ သိထိလအက္ခရာ ပါရှိသောကြောင့် ကေဝလမုဒုသမတာဂုဏ် ရောက်ပုံပြဂါထာကို ကျွန်စွာ အနက်ရေးခဲ့ပါ။

၇။ အောက်ပါ (က၊ ခ၊ ဂ) တို့၌ ဒေါသ၊ (ဃ) ၌ ဂုဏ်၊ (င) ၌ ဖြစ်သင့်သော အလင်္ကာတို့ကို အသီးသီး ဖော်ပြပါ။

(က) ဒါနသီလ၊ ပြုလုပ်မှုနှလည်း၊ နိဗ္ဗာန်မရ၊ မွဲရုံမျှ၊
(ခ) ဘယ်တောင် ဘယ်ကမ်း၊ သည်စခန်းသို့၊ ရည်မှန်းကာဝင်၊
(ဂ) ဘုရားသံဃာ၊ ရတနာနှင့်၊ ကိုးဖြာဂုဏ်ထိုက်၊ တရားမြိုက်ကို၊
(ဃ) ဗေဒါပျံ၊ အံကိုခဲ၊ ပန်းပန်လျက်ပဲ၊
(င) အဆွေ၌မှာ၊ သက်တစ်ရာလျှင်၊ မနာမဖျား၊ မြင်လိုငြား၏။

၈။ အောက်ပါစကားရပ်တို့၌ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ စုံလင်စွာ ထုတ်ပြခဲ့ပါ။
"သမ္ဗုလမင်းသမီးသည် သောတ္ထိသေနမင်းကို မမြင်ရသဖြင့် တောထဲ၌ တစ်ယောက်တည်း ငိုကြွေးရှာ၏"

၉။ သုမုခီဂါထာနှင့် သာလိနီဂါထာတို့၏ သဘောလက္ခဏာကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၁၀။ ဝေတာလီဂါထာ၏ လက္ခဏာ, လက္ခဏ ပြဆိုသည့်ဂါထာကို မှန်ကန်စွာ ပါဠိ, အနက် ရေးခဲ့ပါ။

၉။ မကွေးတိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁။ (က) ရက္ခိုသ်နတ်မျိုး၊ (ခ) အဟုန်၊ (ဂ) မိုးချုန်းသံ၊ (ဃ) ရာဟုအသုရိန်၊ (င) နေ၊ (စ) အရောင်၊ (ဆ) ညဉ့်၊ (ဇ) တန်ခူးလ၊ (ဈ) ကြမ်းကြုတ်ခြင်း၊ (ည) အသံ။

၂။ (က) အင်္ဂါရ၊ (ခ) သာဝ၊ (ဂ) ကေကာ၊ (ဃ) ဟဒယင်္ဂမ၊ (မနည်) (င) ကောဏ၊ (စ) အဒ္ဓါန၊ (ဆ) လာလသာ၊ (ဇ) သာခါနဂရ၊ (ဈ) ဗျူဟာ၊ (ည) နိဗ္ဗ။

http://www.dhammadownload.com

၃။ **လေအထူး ၆**

၁။ အထက်သို့ဆန်သောလေ၊ ၂။ အောက်သို့စုန်သောလေ၊
၃။ ဝမ်းဠိတည်သောလေ၊ ၄။ အအူဠိတည်သောလေ၊
၅။ ထွက်သက် ဝင်သက်လေ၊ ၆။ အင်္ဂါကြီးငယ်ကို လျှောက်သောလေ။

ဂန္ဓကုဋိ– မြတ်စွာဘုရား၏ တည်ရာကျောင်းတော်သည် ဂန္ဓကုဋိမည်၏။

အဿမ– ရသေ့ ရဟန်းတို့၏ နေရာအရပ်သည် အဿမမည်။

၄။ **နေကွမ္မ ဟောနက်**

၁။ ပထမစျာန်ဠိဂင်း၊ ၂။ ရဟန်းအဖြစ်ဠိဂင်း၊ ၃။ နိဗ္ဗာန်ဠိဂင်း၊ ၄။ ဝိပဿနာဠိဂင်း၊
၅။ အကြွင်းမရှိသောကုသိုလ်ဠိဂင်း။

အဘိက္ကန္တ ဟောနက်

၁။ ကောင်းသည်ဠိဂင်း၊ ၂။ ရှေ့သို့တက်ခြင်းဠိဂင်း၊ ၃။ လွန်သောအဆင်းဠိဂင်း၊
၄။ ကုန်ခြင်းပျက်စီးခြင်းဠိဂင်း၊ ၅။ ဝမ်းမြောက်ခြင်းဠိဂင်း။

၅။ (အလင်္ကာဂါထာ နံပါတ် ၄၀၊ ၄၁ တို့ကို ပါဠိရေးလေ။)

၆။ (အလင်္ကာဂါထာနံပါတ် ၁၃၂ – ကို အနက်ရေးလေ။)

၇။ (က) အာဂမဝိရောဓိဒေါသ။
(ခ) ဘဂ္ဂရီတိဒေါသ။
(ဂ) ကမစ္ဆုတဒေါသ။
(ဃ) အပါဂေ ပါဏိဓမ္မ သမာဓိဂုဏ်။
(င) ပရိယာယ အလင်္ကာ။

၈။ သမ္မာလာမင်းသမီး၏ သန္တာန်ဠိ ဖြစ်ပေါ်သော ဒေါမနဿဝေဒနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် သောကဗျာယီဘာဝ+ ကရုဏာရသ။
သောတ္ထိသေနမင်းသည် အာရမ္မဏာဝိဘာဝ။
တောတောင်ဠိ တစ်ယောက်တည်းနေရခြင်း မင်းကို မမြင်ရခြင်း စသော အကြောင်းများသည် ဥဒ္ဒိပနဝိဘာဝ။
ငိုကြွေးခြင်း စသည်သည် အနုဘာဝ။

http://www.dhammadownload.com

၉။ **သုမုခီဂါထာ၏ လက္ခဏာ-**

ပါဒတိုင်း ပါဒတိုင်း နှ ဂိုဏ်း ၈ ဂိုဏ်း နှစ်ခု လဟု ဂရုရှိခြင်းဖြစ်ပါသည်။

သာလိနီဂါထာ၏ လက္ခဏာ-

၁။ ပါဒတိုင်း ပါဒတိုင်း မ ဂိုဏ်း၊ တဂိုဏ်း နှစ်ခု၊ ဂရု နှစ်ခုရှိခြင်း။

၂။ လေးလုံးမြောက် ခုနစ်လုံးမြောက် ယတိရှိခြင်း ဖြစ်ပါသည်။

၁၀။ (ဆန်းဂါထာ ၂၉-ကို ရေးလေ)

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မန္တလေးတိုင်းဒေသကြီး)
ပထမကြီးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၃၀-၃-၂၀၁၂) သောကြာနေ့

၁။ "ပါဠိကိုမြင် အနက်ထင် မှတ်လျှင်ပညာရှင်" ဟူသည်နှင့်အညီ အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဘာသာ ပြန်ဆိုပါ။
(က) ဥပညာသ၊ (ခ) အဗဒ္ဓ၊ (ဂ) ဂါန၊ (ဃ) ဝလ္လကီ၊ (င) ပဋဟ၊
(စ) နေတ္တ၊ (ဆ) မနက္ကာရ၊ (ဇ) သိဒ္ဓန္တ၊ (ဈ) ဒွေဠ္ဆက၊ (ည) ရောမဉ္စ။

၂။ "အနက်မြင်က ပါဠိရ မှတ်ကြပလ္လိတ" ဟူသည်နှင့်အညီ အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဘာသာ ပြန်ဆိုပါ။
(က) နေအိမ်အဝန်း၊ (ခ) ဝါသောအဆင်း၊ (ဂ) သတင်းစကား၊ (ဃ) မိန်းမောတွေဝေခြင်း၊
(င) ဘုံဆိုင်၊ (စ) သူငယ်၏အဖြစ်၊ (ဆ) ဦးစွန်းဖုတ်၊ (ဇ) မျက်နှာဝန်း၊
(ဈ) တင့်တယ်သောအသွင်အပြင်၊ (ည) ချပ်ဝတ်သင်တိုင်း။

၃။ "ပညာလို အိုသည်မရှိ" ဆိုရာ ထူးခြားသောပညာများကို ဖြေဆိုရှု၊ မိုရာအကျင့်တရားရှိသူ အဿမပုဂ္ဂိုလ်များကို ဖော်ပြပြီးလျှင်၊ အာဘိသမာစာရိကသီလနှင့် အာဒိဗြဟ္မစရိယသီလတို့၏ ထူးခြားဟန်ကိုလည်း ဖော်ပြခဲ့ပါ။

၄။ မြတ်သောအကျင့်ဟုဆိုအပ်သော "ဗြဟ္မစရိယ" သဒ္ဒါ ဟောနိုင်သောအနက်များနှင့် တည်ကြည်ခြင်း "သမာဓိ" သဒ္ဒါဟောနိုင်သော အနက်များကို မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၅။ မြတ်စွာဘုရား၏ တရားတော်သံကို နာကြားရ၍ အပျော်အရွှင်ပွဲသဘင်ကို မျက်နှာလွှဲကြသော သူတော်ကောင်းတို့-ဟု ပြဆိုသောဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။

၆။ ပညာဉာဏ်ထက်မြက်သူတို့မှာ လုံးလဝိရိယလွန်ကဲခြင်းကြောင့် သြဇဝုဏ်ဖြစ်၏-ဟု ပြဆိုသော ဂါထာပါဠိကို အနက်ယောဇနာခဲ့ပါ။

၇။ အောက်ပါ (က)၌ သင့်သောဒေါသ (ခ)၌ လွတ်မြောက်သောဒေါသ (ဂ)၌ မြောက်သော ဝုဏ်တို့ကိုလည်း အကြောင်းသွင်း ရှင်းခဲ့ပါ။

(က) ဂေါ ပဒဿန ပီဏိတော။

(ခ) ကျမ်းဂန်များကို ကျက်ဆိုကြအများ သို့မှသာ စာမေးခန်းမှာ အောင်ပန်းနှင့်ငြား။

(ဂ) စာဖြေအရှင် သင်စာမေးပွဲခန်းမှာ ခဏခဏ မကြာမကြာ ထထရေသောက် နေတာလား။

၈။ ပါဒသုသူသာ-၌ "သုသူသာ"အရ, ဗာလောလက်တွာ့ မိစ္ဆတိ-၌ "ဗာလ"အရတို့ကို ဖော်ပြ၍၊ အထက်ပါပုစ္ဆာနံပါတ် ၅-အဖြေကိုရှု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ ပြည့်စုံအောင် ထုတ်ပြပါ။

၉။ "ယတိ"၏ အဓိပ္ပါယ်ကို ရေး၍၊ ဝါတောမ္မိသာ ယတိသာ-၌ "ယတိ"အရ ဖော်ပြပြီးလျှင်၊ မတ္တာဂါထာ၏ မ-ဝိုဏ်း, ဘ-ဝိုဏ်းကို ရှေ့နောက်ပြန်၍ စီကုံးလျှင် မည်သည့်ဂါထာ ဖြစ်နိုင်ပါသနည်း? ၎င်းဖြစ်နိုင်သော ဂါထာ၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၁၀။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ-ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည် ပေးခဲ့ပါ။

၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁။ (က) စကားဦး စကားစ၊ (ခ) မစပ်စကား၊ (ဂ) သီချင်းသံ၊ (ဃ) စောင်း၊ (င) ဖားစည်၊ (စ) မျက်စိ၊ (ဆ) နှလုံးသွင်းခြင်း၊ (ဇ) အယူ၊ (ဈ) ယုံမှားတွေးတောခြင်း၊ (ည) ကြက်သီးမွေးညင်းထခြင်း။

http://www.dhammadownload.com

၂။ (က) ပရိဓိ၊ (ခ) ပီတ၊ (ဂ) ဝုတ္တန္တ၊ (ဃ) စိတ္တပီဠာ၊ (င) သောဏ္ဍာ၊ (စ) ဗာလတ္တ၊ (ဆ) စူဠာ၊ (ဇ) နေတ္တတာရာ၊ (စျ) အာကပ္ပ၊ (ည) ကဋ္ဌကာ။

၃။ **ထူးခြားသော ပညာများ-** ဝိပဿနာပညာ၊ သမ္မဒဒ္ဒိပညာ တို့ဖြစ်ပါသည်။

အဿမပုဗ္ဗိလ် ၄-ဦး

၁။ ဗေဒကို သရဇ္ဈာယ်လျက် မြတ်သောအကျင့်ရှိသူ။

၂။ ခမ္မ, အတ္ထ, ကာမတို့၌တည်လျက် ယဇ်ပူဇော်သူ။

၃။ တောဏ်အစိတ် လူသူဆိတ်ရာ၌ နေလျက်ကျင့်သူ။

၄။ ဖန်ရည်ဆိုး အဝတ် ဝတ်လျက် ဆွမ်းခံခြင်း စျာန်ဝင်စားခြင်း အကျင့်ရှိသူ။

အထူး

ခုဒ္ဒက အနုခုဒ္ဒကဖြစ်သော စာရိတ္တသီလသည် အာဘိသမာစာရိက သီလမည်၏။ ထို ခုဒ္ဒက အနုခုဒ္ဒကမှ တပါး သိက္ခာပဒသီလသည် အာဒိဗြဟ္မစရိယသီလမည်၏။ ဤသို့ထူးပါသည်။

၄။ **ဗြဟ္မစရိယ သဒ္ဒါဟောနက်** (၇၈၃-ဂါထာ၏ အနက်များကို ရှု။)

သမာဓိ အနက်-၂

၁။ ဤသည်ပင်လျှင် တည်းဟု ဆုံးဖြတ်ခြင်း အနက်။

၂။ စိတ်၏ တည်ကြည်ခြင်း အနက်။

၅။ (အလင်္ကာဂါထာနံပါတ် ၉၉-ကို ပါဠိရေးလေ။)

၆။ (အလင်္ကာ ဂါထာနံပါတ် ၁၂၆-ကို အနက်ရေးလေ။)

၇။ (က) ဂေါ ပဒဿန ပီဏိတော -၌ ဂေါ သဒ္ဒါသည် "အရောင်"ဟူသော အနက်၊ "နွား" ဟူသောအနက်ကိုဟော၏။ ထိုတွင် "နွား"ဟူသောအနက်သည် ထင်ရှား၍၊ "အရောင်" ဟူသောအနက်၌ မထင်ရှားရကား ဂေါ သဒ္ဒါသည် "နွား"ဟူသော အနက်ကို ဟောလေသလောဟု ယုံမှားဖွယ်ရှိသောကြောင့် သဿဿယဒေါသ သင့်ပါသည်။

(ခ) ကျမ်းဂန်များကို၊ ကျက်ဆိုကြအများ၊ သို့မှသာ စာမေးခန်းမှာ၊ အောင်ပန်းနှင့်ငြား-၌ ခန်း, ပန်း ဟု ချသံနှင့်စပ်ဆို၍ ဒွေးချိုးအင်္ဂါနှင့် ညီညွတ်သောကြောင့် ဝါကျ ဘင္ဂရီတဒေါသမှ လွတ်ပါသည်။

http://www.dhammadownload.com

(ဂ) ဤပုံစံ၌ ခ နှစ်လုံး၊ ဏ နှစ်လုံး၊ မ နှစ်လုံး၊ ကြာ နှစ်လုံး၊ ထ နှစ်လုံးပါရှိ၏။ ထိုသို့ အက္ခရာတူကို ထပ်၍ဆိုသောကြောင့် အနုပ္ပါဒမဓုရတာဂုဏ်မြောက်ပါသည်။

၈။ **သဿုသာ- အရ**

သင်ကြားလိုသော ဆန္ဒ၊ ထိုသင်ကြားလိုခြင်းကိုမှီ၍ ခြေရင်း၌ ဆည်းကပ်လုပ်ကျွေးခြင်းကို ယူရပါမည်။

ဗာလ- အရ

လူတို့ဝတ်ဆင်အပ်သော ဝတ်ဆင်နည်းကို မတတ်သောသူ၊ အဖွဲ့မန္ဒကို တန်ဆာဆင်နည်း မတတ်သောသူများကို ယူရမည်။

ဘာဝ, ဝိဘာဝ, အနုဘာဝ- (ကယ်ား ၈- ရှ)

၉။ **ယတိအဓိပ္ပါယ်**

ရွတ်ဆိုသည့်အခါ ပုဒ်တို့ကိုဖြတ်ခြင်း၊ မရွတ်ဆိုပဲ ရပ်နားထားခြင်းသည် ယတိမည်၏။

ဝါတောမ္မီသာ ယတိသာ-၌ ယတိ အရ ပါဒမဇ္ဈယတိ ဖြစ်ပါသည်။

ဖြစ်နိုင်သည့် ဂါထာ- ရှမ္ဘဝတီဂါထာ ဖြစ်ပါသည်။

လက္ခဏာကား- ပါဒတိုင်း ပါဒတိုင်း ဘ-ဂိုဏ်း, မ-ဂိုဏ်း, သ-ဂိုဏ်း ဂရု ရှိခြင်း။

၁၀။ ပါဒတိုင်း ပါဒတိုင်း အက္ခရာရှစ်လုံးစီရှိခြင်း။
ပါဒတိုင်း ပါဒတိုင်း အစတစ်လုံးနောင် သ,န ဂိုဏ်း မရှိခြင်း။
ဝိသမပါဒ အစလေးလုံးနောင် ယ ဂိုဏ်းရှိခြင်း။
သမပါဒ အစလေးလုံးနောင် ဇ ဂိုဏ်းရှိခြင်း
ထိုကြောင့် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘဆန်းဖြစ်ပါသည်။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မွန်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ
၁၃၇၃-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၃၀-၃-၂၀၁၂) သောကြာနေ့

၁။ "ပါဠိမြင် နက်ထင် ပညာရှင်" ဟူသည်နှင့်အညီ အောက်ဖော်ပြပါ- ပါဠိတို့ကို မြန်မာဘာသာ ပြန်ဆိုပါ။

(က) အစ္စုတ၊ (ခ) ဒုဒ္ဒိန၊ (ဂ) ပဟုတ္တ၊ (ဃ) ဝလ္လူရ၊ (င) မရီစိ၊
(စ) ဧသိကာ၊ (ဆ) ကေကရ၊ (ဇ) ဒဝထု၊ (ဈ) ယောဓ၊ (ည) ဆဝ။

http://www.dhammadownload.com

၂။ "နက်မြင် ပါဠိသိ ပညာရှိ" ဟူသော်ဆိုစကားအရ အောက်ပါ မြန်မာစကားလုံးများကို ပါဠိဘာသာ တစ်ခုစီ ပြန်ဆိုပါ။

(က) ကြင်နာစကား၊ (ခ) လမ်းတို၊ (ဂ) အဖြေ၊ (ဃ) သင်းကျစ်၊ (င) လေးညှင်း၊
(စ) တံစက်မြိတ်၊ (ဆ) မိမိအလိုအတိုင်း လက်ထပ်သောမိန်းမ၊ (ဇ) ဝရံတာ၊
(ဈ) အာဏာနည်မြင်း (ညှ) လွှ။

၃။ "ဂါမေအသိ နှင့် စာပေအရှိ" တို့သည် နေရာတိုင်း ကွဲလွဲမှုရှိတတ်ကြရာ စာပေအရှိအတိုင်း သိရှိနိုင်ရန် အိမ်တစ်ဆောင် ဆောက်လုပ်ရာ၌ ပြည့်စုံရမည့်အင်္ဂါများနှင့် တိုင်းပြည်တစ်ပြည် တည်ဆောက်ရာ၌ ပြည့်စုံရမည့်အင်္ဂါများကို ဖော်ပြ၍ အောက်ပါတို့ကို လည်း ဆွေမျိုးစပ်ပြပါ။

(က) လင်ဖ၏နှမ၊ (ခ) အမိဖ၏မောင်၊ (ဂ) သမီးဖ၏လင်။

၄။ ပါဠိစာပေလောကာ၌ ပါဠိတစ်မျိုး အနက်အထွေထွေ ရှိခဲ့ကြရာ– သုတ–သဒ္ဒါ ဟောနိုင်သော အနက်တို့ကို လိုင်အားလျော်စွာ ဖော်ပြ၍ ဥဒ္ဒါရ၏ အနက် ၃–မျိုးကိုလည်း ရှာဖွေပြခဲ့ပါ။

၅။ စာပေရေးသားရာ၌ ဂုဏ်မြောက်ဖို့ထက် အပြစ်လွတ်ဖို့က အရေးပါအရာရောက်ကြောင်းကို ပြဆိုသော ဂါထာပါဠိကို ရေးခဲ့ပါ။

၆။ သဒ္ဒါ, အဘိဓာန်, အလင်္ကာ, ဆန်း– ဟူသောကျမ်းများကို လိမ္မာကျွမ်းကျင် တတ်မြောက်ထားလျှင် လောက၌ ကျမ်း မပြုသော်လည်း စာဆိုပညာရှင်ပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်ကြောင်း အလင်္ကာဆရာ ပြဆိုသော ဂါထာကို အနက်ပေးပြပါ။

၇။ အောက်ဖော်ပြပါ ကဗျာတို့တွင် ဖြစ်သင့်သော (က) (ခ) တို့၌ ဒေါသ (ဂ) ၌ ဂုဏ် (ဃ) ၌ အလင်္ကာတို့ကို အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

(က) ဆောင်းမှာခရေ၊ နွေမှာ သဇင်၊ မိုးတွင်ပန်းပိတောက်၊ ပွင့်ပေါ်ပေါက်၏။
(ခ) လဘ်ယုန်ငယ်၊ ပိတုန်းနှယ်သို့၊ ငါဝယ်ထင်ယောင်ထင်မှားတည်း။
(ဂ) နွေဦးလေဟုန်၊ စီးကာစုန်သည်၊ ကခုန်သည့်လား၊ ရွက်ဝါများ။
(ဃ) စံပယ်ကလည်း မင်းလိုမွှေးတယ်၊ မင်းကလည်း စံပယ်လိုမွှေးတယ်။

http://www.dhammadownload.com

၈။ အာမေဍိတ်နှင့် ဝိစ္ဆာ (၂) ပါးတို့၏ အထူးကို ပုံစံထုတ်ကာ ရှင်းပြ၍၊ "ဘုရားကိုးကွယ်တန်ခိုးကြွယ် အပါယ်မကျ-နိဗ္ဗာန်ရ" ဟူသောစကားရပ်ကို ရှု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ ထုတ်ပြခဲ့ပါ။

၉။ ဇဃနစပလာ-အမည်ရသောဂါထာကို ပါဠိရေး၍၊ ဆန်းကျမ်းနိဂုံး (၃) ဂါထာတို့တွင် ဒုတိယမြောက်ဂါထာကိုလည်း အနက်ပေးခဲ့ပါ။

၁၀။ သမုဝုတ္ထိနိဒ္ဒေသ- တတိယပရိစ္ဆေဒ-လာ ဂိုဏ်းဂရုမကြာတူပါသော်လည်း အမည်မတူသော ဂါထာ အမည်တို့ကို ဖော်ပြ၍၊ စပလာဝတ္တဂါထာ၏ လက္ခဏာများကိုလည်း ရေးသားခဲ့ပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁။ (က) နိဗ္ဗာန်၊ (ခ) မိုးအံ့သောနေ့၊ (ဂ) မြေး၊ (ဃ) အသားခြောက်၊ (င) အရောင်တံလျှပ်၊ (စ) တံခါးတိုင်၊ (ဆ) မျက်စိစွေသူ၊ (ဇ) ကိုယ်ပူနာ၊ (ဈ) သူရဲ၊ စစ်သား၊ (ည) သူသေကောင်။

၂။ (က) ဟဒယင်္ဂမ၊ (ခ) ဗျူဟာ၊ (ဂ) ပဋိဝါကျ၊ (ဃ) ဥက္ကိသ၊ (င) လဝင်္ဂ၊ (စ) နိဗ္ဗိ၊ (ဆ) ပတိမ္ဗရာ၊ (ဇ) ဝေဒိကာ၊ (ဈ) အာဇာနိယ၊ (ည) ကတစ။

၃။ **ပြည့်စုံရမည့် အင်္ဂါများ**

၁။ လျောက် (ယောက်၊ ယောက်ပတ်)

၂။ ခေါင်ချုပ်၊ ခေါင်အုပ်။

၃။ ထုတ်၊ ရက်မ၊ (ခေါင်လျှောက်)

တိုင်းပြည်တည်ထောင်ရာ၌ ပြည့်စုံရမည့် အင်္ဂါများ

၁။ ပြည့်ရှင်မင်း။ ၂။ မှူးမတ်။ ၃။ မဟာမိတ်မင်း။ ၄။ ဘဏ္ဍာကျိုးကြွေး။ ၅။ ခံတပ်ကတုပ်။ ၆။ နိုင်ငံနယ်ပယ်။ ၇။ စစ်သည်ဗိုလ်ပါ၊ (တိုင်းသူပြည်သား)

(က) ယောက်မ၊ (ခ) ဦးကြီး, ဦးလေး၊ (ဂ) သားမက်။

http://www.dhammadownload.com

၄။ **သုတ သဒ္ဒါဟောနက်များ**

အဘိဓေယျသို့လိုက်သော လိင်ရှိသော သုတ သဒ္ဒါသည် သွားခြင်း၌ခင်း၊ ကျော်ဇော်ထင်ရှားခြင်း၌ခင်း၊ မှတ်နာအပ်သည် ဆည်းပူးအပ်သည်တို့၌ခင်း၊ မေးစိစစ်ခြင်း၌ခင်း၊ စိုစွပ်သည်၌ခင်း ဖြစ်ပါသည်။

နပုလ္လိင် သုတသဒ္ဒါသည်-

သောတဝိညာဏ်သည် သိအပ်သော သဒ္ဒါရုံ, ကျမ်းဂန်တို့၌ ဖြစ်ပါသည်။

ပုလ္လိင် သုတ သဒ္ဒါသည်- သား၌ဖြစ်ပါသည်။

ဥဒ္ဒာရ သဒ္ဒါ ဟောနက်များ

ပြန့်ပြောသည်၌ခင်း၊ မြတ်သည်၌ခင်း၊ ချီးမြှင့်ကောင်းမွန်သည်၌ခင်း ဖြစ်၏။

၅။ (အလင်္ကာဂါထာနံပါတ် ၁၅- ကို ပါဠိရေးလေ။)

